http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# မဟာသမယသုတ်

## တရားတော်

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၈


(တတိယအကြိမ်)

http://www.dhammadownload.com

ချစ်ဖွယ်လောဘ၊ ထိုနှစ်ဝ၊ ဆန္ဒလိုချင်မှုကြောင့်ပင်။
လူ့ဏ်မှီရာ၊ အကျိုးမှာ၊ အာသာပြီးကြောင်းပင်။
သာယာစဖွယ်၊ ရှုံမှန်းဖွယ်၊ မှီတွယ်ဆန္ဒ ဖြစ်ပေါ်သည်။
ရုပ်ဝတ္ထုတွင်၊ ဖြစ်ပျက်မြင်၊ လိုချင်စွဲမှတ် ဆုံးဖြတ်သည်။
သာယာ မှန်းဖွယ်၊ ထိုနှစ်သွယ်၊ ဖြစ်တယ် ဖဿကြောင့်
ပေတည်း။
တည်မြဲ၊ ပြတ်စဲ၊ ယူအစွဲ၊ ဒါလဲ ဖဿကြောင့်ပေတည်း။
ရုပ်နာမ်နှစ်ခု၊ စွဲမှီပြု၊ တွေ့မှု ဖဿဖြစ်ပေါ်သည်။
လိုချင်တဏှာ၊ စွဲမှီကာ၊ ငါ့ဟာဟူ၍ သိမ်းပိုက်သည်။
လိုချင်ကင်းလျှင်၊ ငါ့ဟာပင်၊ ထင်မြင်သိမ်းပိုက်ကင်းလေသည်။
ရုပ်နာမ်မရှိပြား၊ ဖဿငါး၊ ထိပါးမရှိ ကင်းလေသည်။
အယူမှားဆုံးဖြတ်၊ အရပ်ရပ်၊ ပယ်လတ်အားလုံး ကင်းစေသည်။
သို့ဖြစ်သူဟာ၊ လောကမှာ၊ ငြင်းတာမရှိ ကင်းသန့်စင်။
မြင် ကြား တွေ့ရ၊ ကြံသိရ၊ ဓမ္မ အားလုံးမှာ။
သေမင်းစစ်သည်၊ ကင်းလေပြီ၊ မုနီ ရဟန္တာ။
ဝန်ထုပ်ကင်းပ၊ ကိလေမှ၊ လွတ်ရ ကင်းရှင်းစွာ။
ကြံစည် တောင့်တ၊ ပျော်မှုမှ၊ လုံးဝ ကင်းရှင်းပါ။

ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်၊
ရုပ်နာမ် နှစ်မျိုး ကြောင်းကျိုးသိမြင်၊
မမြဲ ဆင်းရဲ ဉာဏ်ထဲပေါ်လွှင်၊
အနတ္တ သိရ ဒိဋ္ဌိစင်။

http://www.dhammadownload.com



အနန္တ ကျေးဇူးတော်ရှင် ဆဋ္ဌသင်္ဂီတိပုစ္ဆက, အဂ္ဂမဟာပဏ္ဍိတ

မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# မဟာသမယသုံးသုတ်

တရားတော်

သာသနာ - ၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် ၃၂၀၃၁၁၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက် ၃၂၀၃၃၄၀၇၀၈

တတိယအကြိမ်

အုပ်ရေ - ၃၀၀၀

၂၀၀၈၊ ဩဂုတ်လ

**ထုတ်ဝေသူ**

ဦးတင်ဝမ်း(၀၂၄၀)

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

မဟာစည်သာသနာ့ရိပ်သာ

အမှတ် (၁၆)၊ သာသနာ့ရိပ်သာလမ်း

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ကွန်ပျူတာစာစီ-ကိုအေးချမ်း (မဟာစည်)**

**ပုံနှိပ်သူ**

ဦးဌေးလှိုင် (မြဲ - ၀၂၄၅၃)

ခရီးဖော်ပုံနှိပ်တိုက် အမှတ် (၇၅) ကမ္ဘာအေးစေတီလမ်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၆၆၁၄၆၅

http://www.dhammadownload.com

ချစ်ဖွယ်လောဘ၊ ထိုနှစ်ဝ၊ ဆန္ဒလိုချင်မှုကြောင့်ပင်။
လူ၏မိုရာ၊ အကျိုးမှာ၊ အာသာပြီးကြောင်း ၎င်းပင်။
သာယာစဖွယ်၊ ရှုံမုန်းဘွယ်၊ မှီတွယ်ဆန္ဒ ဖြစ်ပေါ်သည်။
ရုပ်ဝတ္ထုတွင်၊ ဖြစ်ပျက်မြင်၊ လိုချင်စွဲမှတ် ဆုံးဖြတ်သည်။
သာယာမုန်းဖွယ်၊ ထိုနှစ်သွယ် ဖြစ်တယ် ဖဿကြောင့်ပေတည်း။
တည့်မြဲ၊ ပြတ်စဲ၊ ယူအစွဲ ဒါလဲ ဖဿကြောင့်ပေတည်း။
ရုပ်နာမ်နှစ်ခု၊ စွဲမှီပြု၊ တွေ့မှု ဖဿဖြစ်ပေါ်သည်။
လိုချင်တဏှာ၊စွဲမှီကာ၊ ငါ့ဟာဟူ၍ သိမ်းပိုက်သည်။
လိုချင်ကင်းလျှင်၊ ငါ့ဟာပင်၊ထင်မြင်သိမ်းပိုက်ကင်းလေသည်။
ရုပ်နာမ်မရှိကြား၊ ဖဿငါး၊ထိပါးမရှိ ကင်းလေသည်။
အယူမှားဆုံးဖြတ်၊ အရပ်ရပ်၊ ပယ်လတ်အားလုံးကင်းစေလျှင်၊
သို့ဖြစ်သူဟာ၊ လောကမှာ၊ ငြင်းတာမရှိ၊ ကင်းသန့်စင်။
မြင် ကြား တွေ့ရ၊ ကြံသိရ၊ ဓမ္မအားလုံးမှာ။
သေမင်းစစ်သည်၊ ကင်းလေပြီ၊ မုနိရဟန္တာ။
ဝန်ထုပ်ကင်းပ၊ ကိလေမှ၊ လွတ်ရကင်းရှင်းစွာ။
ကြံစည်တောင့်တ၊ ပျော်မှုမှ၊ လုံးဝကင်းရှင်းပါ။
**ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်၊**
**ရုပ်နာမ်နှစ်မျိုး၊ ကြောင်းကျိုးသိမြင်၊**
**မပြဲဆင်းရဲ ဉာဏ်ထဲပေါ်လွင်၊**
**အနတ္တ သိရဒိဋ္ဌိစင်။**

http://www.dhammadownload.com

# အမှာစကား

## မဟာသမယသုံးသုတ်အကြောင်း

မဟာသမယသုံးသုတ်ဆိုတာ မဟာစည်တရားစာအုပ် အဖြစ်ဖြင့် မထုတ်ဝေရသေးသော (၁) ကလဟဝိဝါဒသုတ်၊ (၂) စူဠ ဗျူဟသုတ်၊ (၃) မဟာဗျူဟသုတ်ဆိုတဲ့ သုံးသုတ်ပင် ဖြစ်ပါသည်။ ယင်းသုံးသုတ်ကို တရားစာအုပ်အဖြစ် စီမံထုတ်ဝေရခြင်း၏ အကြောင်းကို တုဝဋ္ဋကသုတ် စာမျက်နှာ ၂-၃ တို့၌ ပြဆိုထားသော စကားများနှင့် ဆက်စပ်၍ သိမှတ်နိုင်ပါသည်။ ယင်းပြဆိုထားသော စကားမှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

### တုဝဋ္ဋကသုတ်တရားတော်၌ ပြဆိုချက်

"ဒီ(တုဝဋ္ဋက)သုတ်ကို ဟောရခြင်း၏ အကြောင်းကတော့ ၁၃၂၂-ခုနှစ်က မဟာသမယ ၆-သုတ်ကို ဟောခဲ့တယ်၊ အဲဒီတုန်းက အထူးမှတ်သားဖွယ်ကောင်းတဲ့ ပုရာဘေဒသုတ်ကို တိပ်ရကော်ဒါဖြင့် အသံဖမ်းယူထားခဲ့တယ်၊ အဲဒီတရားတိပ်ခွေကို ရွှေဘို ဆိပ်ခွန်သို့ ပို့လိုက်တော့ အဲဒီမှာ နာကြားရသူအများက အဲဒီပုရာဘေဒသုတ်တရားကို အလွန်သဘောကျကြတယ်၊ တရားကို စိတ်မဝင်စားဘူးတဲ့ သူတွေကတောင် သဘောကျကြနေတယ်၊ အဲဒီတရားကို တရားစာအုပ်ဖြစ်အောင် ဆောင်ရွက်ဖို့လည်း တိုက်တွန်းကြတယ်၊ ဒါကြောင့် အဲဒီတရားကို တိပ်ခွေမှထုတ်ပြီး ၁၃၂၈-ခုနှစ်က စာအုပ်အဖြစ်ဖြင့် ထုတ်ဝေခဲ့တယ်။

အဲဒီတရားစာအုပ်ကိုလဲ ကြည့်ရှုရသူအများက

http://www.dhammadownload.com



သဘောကျကြတယ်၊ အထူးအားဖြင့် ဗုဒ္ဓစရိုက်သူ ဉာဏ်ထက်သူတို့အတွက် ဟောတဲ့တရားဖြစ်သောကြောင့် ဉာဏ်ထက်သူတွေက ပိုပြီးသဘောကျကြတယ်၊ ပထမအကြိမ်ရိုက် အုပ်ရေ ၅၀၀၀ - ကုန်သွားတဲ့အတွက် ၁၃၃၆ - ခုနှစ်က ဒုတိယအကြိမ် ထပ်ပြီးရိုက်နိုပ် ဖြန့်ဝေရပါ တယ်၊ အဲဒီလို နှစ်သက်သဘောကျသူတွေထဲမှာ ကမ္ဘာ အေး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဖြစ်တဲ့ ဒါယကာကြီး ဦးလှမောင်လည်း တစ်ဦးအပါအဝင် ဖြစ်ပါတယ်၊ ဦးလှမောင်ကတော့ အခြား မဟာသမယသုတ် များကိုလည်း စာအုပ်အဖြစ် ဖြန့်ဝေနိုင်လျှင် အလွန်အကျိုး များလိမ့်မယ်လို့ မျှော်မြင်မိတဲ့အတွက် အဲဒီ (မဟာသမယ ၆ - သုတ်ထဲက)အခြားသုတ် ၅ - ခုကိုလည်း စာအုပ်အဖြစ် ရေးသားစီရင်ဖို့ရာ ဘုန်းကြီးထံ လျှောက်ထားတောင်းပန်ပါ တယ်၊ လွန်ခဲ့တဲ့ ၃ - နှစ်လောက်ကစပြီး တောင်းပန်တာ သုံး လေးကြိမ်မက ရှိပါပြီ၊ ဘုန်းကြီးကလည်း အကြောင်းညီညွတ် တဲ့အခါ တရားဟောပြီးမှ ဟောတဲ့တရားအနေနဲ့ ပြုစုပေးဖို့ ဝန်ခံပြောကြားခဲ့ပါတယ်။ အဲဒီဝန်ခံချက်အရ ယနေ့ တုဝဋ္ဋက အရ ယနေ့တုဝဋ္ဋကသုတ်ကို စပြီးဟောဖို့ စီစဉ်ထား ရတာပဲ။

## မဟာသမယသုတ် ၆သုတ်ဟောတော်မူခဲ့ပုံ

မြတ်စွာဘုရားဟာ တစ်ချိန်က (မိမိ၏ ငါးဝါမြောက် ဝါဆိုဦး နယုန်လပြည့်နေ့တွင်) သာကီဝင်မင်းသားများ

http://www.dhammadownload.com



ဖြစ်ကြသော ရဟန္တာရဟန်းတော်ငါးရာနှင့်တကွ ကပိလဝတ်မြို့နယ် မဟာဝုန်တောအရပ်မှာ စုဝေးမိနေခိုက်၌ တစ်သောင်းသောစကြာဝဠာတိုက်တို့မှ နတ်ပြဟ္မာတွေ လာရောက်ဖူးမြော်ကြပါတယ်၊ အဲဒီနတ်ပြဟ္မာတွေ လာရောက်ဖူးမြော်ကြရာ မဟာသမယခေါ်တဲ့ အစည်းအဝေးကြီးမှာ မြတ်စွာဘုရားက လာရောက်ကြတဲ့ နတ်ပြဟ္မာတွေကို ကျေညာတော်မူပြီးတဲ့နောက် အဲဒီနတ်ပြဟ္မာတွေ မဂ်ဖိုလ်တရားထူးရရေးအတွက် သူတို့နှင့် သင့်လျော်တဲ့ တရား ၆–သုတ်ကို ဟောကြားတော်မူပါတယ်။

(၁) ရာဂစရိုက်ရှိသူ– ရာဂအဖြစ်များသူတို့အတွက် သမ္မာပရိဗ္ဗာဇနီယသုတ်ကို ဟောတော်မူပါတယ်။

(၂) ဒေါသစရိုက်ရှိသူ ဒေါသအဖြစ်များသူတို့အတွက် ကလဟဝိဝါဒသုတ်ကို ဟောတော်မူပါတယ်။

(၃) မောဟစရိုက်ရှိသူ မောဟအဖြစ်များသူတို့အတွက် မဟာဗျူဟသုတ်ကို ဟောတော်မူပါတယ်။

(၄) ဝိတက်စရိုက်ရှိသူ ဝိတက်အဖြစ်များသူတို့အတွက် စူဠဗျူဟသုတ်ကို ဟောတော်မူပါတယ်။

(၅) သဒ္ဓါတရားရှိသူ သဒ္ဓါအဖြစ်များသူတို့အတွက် တုဝဋ္ဋကသုတ်ကို ဟောတော်မူပါတယ်။

(၆) ဗုဒ္ဓိစရိုက်ရှိသူ–ပညာအဖြစ်များသူတို့အတွက် ပုရာဘေဒသုတ်ကို ဟောတော်မူပါတယ်။

အဲဒီသုတ်များကို ကြားနာနေရတဲ့အတွက် တစ်သုတ်တစ်သုတ်မှာ နတ်ပြဟ္မာပေါင်း ကုဋေတစ်သိန်းစီ ရဟန္တာ

http://www.dhammadownload.com



ဖြစ်ကြတယ်။ အနာဂါမ် သကဒါဂါမ် သောတာပန်ဖြစ်ကြ
တာတွေကတော့ တစ်သုတ်တစ်သုတ်မှာပင် မရေတွက်
နိုင်အောင်များတယ်လို့ ဆိုပါတယ်။''

အထက်ပါ ဖော်ပြခဲ့သော စကားရပ်များသည် တုဝဋ္ဋကသုတ်၌ ပြဆိုထားသော စကားရပ်များဖြစ်သည်၊ ယင်းစကားရပ်များဖြင့် မဟာသမယသုတ် ၆-သုတ်ရှိကြောင်း၊ ယင်း ၆-သုတ်ထဲမှ ပုရာဘေဒသုတ်မှတစ်ပါးသော ရှေး ၅-သုတ်ကို တရားစာအုပ်အဖြစ်ပြုစုရန် ယခင်က ကမ္ဘာအေး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖြစ်ခဲ့သော ဒါယကာကြီး ဦးလှမောင်၏ လျှောက်ထားတောင်းပန်ချက်အရဖြင့် ယင်းသုတ်တရားတော် ၅-ခုကို သင့်လျော်သောအခါတိုင်း ဖွင့်ပြဟောကြား၍ တရားစာအုပ်အဖြစ် ထုတ်ဝေစေခဲ့ကြောင်းများ အသိအမှတ်ပြုရန်ဖြစ်ပါသည်၊

ယင်းမဟာသမယ ၅-သုတ်ထဲက တုဝဋ္ဋကသုတ်ကို ၁၃၃၇-ခုနှစ်က ဟောခဲ့၍ ၁၃၃၈-ခုနှစ်၌ တရားစာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့သည်။ သမ္မာပရိဗ္ဗာဇနီယသုတ်ကို ၁၃၃၈-ခုနှစ်က ဟောခဲ့၍ ၁၃၃၉-ခုနှစ်၌ တရားစာအုပ်အဖြစ်ထုတ်ဝေခဲ့သည်။

ကျန်သော သုံးသုတ်ထဲက ကလဟဝိဝါဒသုတ်သည် ခိုက်ရန်ဖြစ်ခြင်းစသည်၏ အကြောင်းများကို မေး၍ဖြေရှင်းဟောကြားထားသော သုတ်ဖြစ်သည်၊ နက်နဲသည် သာမာန်ပုဂ္ဂိုလ်များ သိနားလည်ရန် ခက်ခဲလှပေသည်၊ သို့ဖြစ်၍ တစ်နာရီခွဲနှစ်နာရီစသည်ဖြင့် ကြာမြင့်စွာ ဟောပြောနေလျှင် နာယူသူများမှာ စိတ်အားထက်သန်စွာနှင့် နာယူရန် လွယ်လှမည်မဟုတ်ပေ၊ ထိုထက် စူဠဗျူဟသုတ်,မဟာဗျူဟသုတ်များမှာ မိစ္ဆာအယူရှိသူများ ငြင်းခုံပြောဆိုနေကြပုံများနှင့်စပ်၍ ဟောပြော

http://www.dhammadownload.com



ထားသဖြင့် သာ၍ပင် နက်နဲခက်ခဲလှပေသည်။

သို့ဖြစ်ပါ၍ ယင်းမဟာသမယသုတ် ၃–ခုကို သိနားလည်နိုင်ရုံ အကျဉ်းမျှသာ ဟောကြား၍ ယင်းတရားတော် ၃–ခုကို မဟာသမယ သုတ် သုံးသုတ်တရားတော်ဟူသောအမည်ဖြင့် တစ်အုပ်တည်းထုတ် ဝေရန် ဆင်ခြင်ဆုံးဖြတ်မိခဲ့ပါသည်၊ ထိုဆင်ခြင်ဆုံးဖြတ်ချက်အတိုင်း ဖြစ်စေရန် ၁၃၃၉–ခုနှစ် ဝါခေါင်လဆန်း (၈)ရက်နေ့မှစ၍ အခွင့် သင့်သော သီတင်းနေ့တိုင်း ရှစ်ပါးသီလပေးပြီးသောအခါ မိနစ် ၃၀– ခန့် ၄၀–ခန့် ရည်မှန်း၍ ဖွင့်ပြဟောကြားလာခဲ့ပါသည်။ တခါတရံမှာ တစ်နာရီခန့်လည်း ကြာသွားခဲ့ပါသည်။

ဟောပြီးတရားကိုလည်း ဟောသည့်နေ့မှစ၍ လက်နှိပ် စက်ဖြင့်ရိုက်နှိပ်၍ စာမူအဖြစ်ဖြင့် ပြုလုပ်ထားခဲ့ပါသည်၊ ၁၃၃၉–ခုနှစ် တပို့တွဲလဆုတ် (၈)ရက်နေ့တွင် ယင်းသုံးသုတ်တရားတော်များကို ဖွင့်ပြဟောကြား၍ ပြီးသည့်ပြင် တရားစာမူအဖြစ်ဖြင့်လည်း လက်နှိပ် စက်ဖြင့် ရိုက်နှိပ်၍ အပြီးသတ်ခဲ့ရပါသည်။

ထိုတရားတော်များ၌ ဘုရားအလိုတော်ကို သိနားလည်ကြ စေရန် ရှေးခေတ်က အခြေအနေများကိုလည်းကောင်း၊ ယခုခေတ် အခြေအနေများကိုလည်းကောင်း မိမိဉာဏ်မိသမျှ ဖော်ပြဟောကြား ထားပါသည်၊ ဗုဒ္ဓသာသနာအပြင်အပက အကြောင်းအရာများကိုသာ မဟုတ်ဘဲ ဗုဒ္ဓသာသနာတော်အတွင်းဆိုင်ရာ အယူဝါဒအကွဲအပြား အရှုပ်အထွေးများကိုလည်း အဂတိမလိုက်ဘဲ ဖော်ပြသင့်သမျှကို ဖော်ပြ ထားပါသည်၊ အချို့အရာများကိုမူ ဖော်ပြသင့်သော်လည်း ခေတ်ကာလ အခြေအနေအရ မလိုလားသူတို့က အပြစ်မြင်ဖွယ်ရှိမည် ဖြစ်သော ကြောင့် မဖော်ပြပဲ ခြွင်းချန်ထားရပါသည်။

ဤသုတ်တရားတော် သုံးရပ်ဖြင့် မြတ်စွာဘုရား၏ အလိုတော်

http://www.dhammadownload.com



မှာ အငြင်းအခုံစသည် မဖြစ်ရအောင် ကျင့်သုံးရန်၊ ကိုယ့်အယူမှားကို အထင်ကြီးပြီး သူတစ်ပါးတို့ကို နှိပ်ချလျက်ပြောဆို ငြင်းခုံခြင်းမပြုရန်၊ ငြင်းခုံမှု လုံးဝကင်းသော ရဟန္တာအ...စ်သို့ ရောက်အောင် အပြည့်အစုံ ကျင့်သုံးကြရန် ဖြစ်ပါသည်။

သို့ဖြစ်၍ ယင်းဘုရားအလိုတော်နှင့်အညီ တင်းတင်းရင်းရင်း ပြည့်ပြည့်ဝဝ ကျင့်သုံးကြ၍ အရိယာမဂ်ဖိုလ် တရားမြတ်များကို လျင်မြန်စွာ ရကြပါစေဟူ၍ ဆုတောင်းမေတ္တာ ပို့သရင်း ဤအမှာစကားရပ်ကို အပြီးသတ်လိုက်ရပါတော့သည်။

အရှင်သောဘန
အဂ္ဂမဟာပဏ္ဍိတ
ဆဋ္ဌသင်္ဂီတိပုစ္ဆက
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ ရန်ကုန်

၁၃၄၀–ခုနှစ် ဦးတန်ခူးလဆုတ်(၉)ရက်
(၁–၅–၁၉၇၈)

http://www.dhammadownload.com

# မာတိကာ

## [၁]ကလဟဝိဝါဒသုတ် မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ပထမပိုင်း** | |
| တရားပလ္လင်ခံ | ၁ |
| နိမ္မိတဘုရား၏ အမေးဂါထာ (၁) | ၂ |
| ရန်ဖြစ်ခြင်း ငြင်းခုံခြင်းစသည်တို့၏ အကြောင်းကိုမေးသည် | ၃ |
| မြတ်စွာဘုရား၏ အဖြေဂါထာ(၂) | ၅ |
| ရန်ဖြစ်မှုစသည်တို့သည် ချစ်ဖွယ်ကြောင့်ဖြစ်သည် | ၅ |
| ဝန်တိုခြင်း ငါးပါးဖော်ပြချက် | ၇ |
| ငြင်းခုံမှု ရန်ဖြစ်မှုတို့သည် ဝန်တိုမှုကြောင့်လည်း ဖြစ်ကြသည် | ၈ |
| ငြင်းခုံလျှင် ကုန်းတိုက်မှုလည်း ဖြစ်တတ်ကြောင်း | ၉ |
| ငြင်းခုံမှုစသည်နှင့်စပ်၍ကျင့်နည်း | ၁၀ |
| **ဒုတိယပိုင်း** | |
| တရားအနုသန္ဓေ | ၁၃ |
| နိမ္မိတဘုရား၏ အမေးဂါထာ(၃) | ၁၃ |
| ချစ်ဖွယ်၏ အကြောင်းကို မေးသည် | ၁၄ |
| လောက၌ ပျော်မွေ့မှု လောဘ၏အကြောင်းကိုလည်း မေးသည် | ၁၄ |
| တောင့်တမှု–အာသာနှင့် ပြီးစီးမှု–နိဋ္ဌာ၏အကြောင်း ကိုလည်းမေးသည် | ၁၅ |

http://www.dhammadownload.com



# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မြတ်စွာဘုရား၏အဖြေဂါထာ(၄) | ၁၅ |
| ချစ်ဖွယ်လောဘစသည်တို့ဟာ ဆန္ဒကြောင့်ဖြစ်ကြောင်း | ၁၆ |
| ဆန္ဒငါးပါးဖော်ပြခြင်း | ၁၇ |
| ချစ်ဖွယ်ထင်မှု ပျော်မှုတို့ကို ပယ်နိုင်အောင်ကျင့်ပုံ | ၁၈ |
| လိုချင်တောင့်တမှုစသည်ကို ပယ်နိုင်အောင်ကျင့်ပုံ | ၁၉ |
| **ဒေသကိုးပိုင်း** | |
| တရားအနုသန္ဓေ | ၂၂ |
| နိမ္မိတဘုရား၏အမေးဂါထာ(၅) | ၂၂ |
| ဆန္ဒစသည်တို့၏ အကြောင်းကို မေးသည် | ၂၃ |
| မြတ်စွာဘုရား၏ အဖြေဂါထာ(၆) | ၂၄ |
| အစစွာလိုချင်မှုဆန္ဒသည် သာယာဖွယ်မသာယာဖွယ် ကြောင့်ဖြစ်ကြောင်း | ၂၅ |
| ဖြစ်ပွားခြင်း ပျက်စီးခြင်းကြောင့် ဆုံးဖြတ်ခြင်း ဖြစ်ကြောင်း | ၂၆ |
| စီးပွားပျက်မှုနှင့်စပ်ပြီး ဆင်ခြင်ပုံများ | ၂၆ |
| လိုချင်မှု ဆုံးဖြတ်မှုတို့နှင့် စပ်ပြီးကျင့်ပုံ | ၂၇ |
| မြတ်စွာဘုရား၏အဖြေဂါထာ(၇) | ၂၈ |
| အမျက်ထွက်မှု လိမ်မှု ယုံမှားမှုတို့ဟာ သာယာဖွယ် မသာယာဖွယ်တို့ကြောင့် ဖြစ်ကြောင်း | ၂၉ |
| အမျက်ထွက်မှုစသည်ကို ပယ်နိုင်အောင်ကျင့်ပုံ | ၂၉ |
| ယုံမှားမှုကို ပယ်နိုင်အောင် ကျင့်ပုံ | ၃၀ |

http://www.dhammadownload.com



# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


ဒေဝဒူတဝဂ်

တရားအနုသန္ဓေ ၃၂
နိမ္မိတဘုရား၏အမေးဂါထာ(၈) ၃၂
သာယာဖွယ် မသာယာဖွယ်တည်မြဲအယူပြတ်စဲအယူ
တို့၏ အကြောင်းကို မေးသည် ၃၃
တည်မြဲအယူ ပြတ်စဲအယူတို့ကို ဖွင့်ပြချက် ၄၃
မြတ်စွာဘုရား၏ အဖြေဂါထာ(၉) ၃၄
သာယာဖွယ်စသည်တို့ ဖဿကြောင့်ဖြစ်ကြောင်း ၃၄
ဥပေက္ခာကို သာယာဖွယ် မသာယာဖွယ်တို့ဖြင့်
ဝေဖန်ပြချက် ၃၅
ဒုက္ခကို ဣရိယာပုတ်ဖြင့် ဖုံးလွှမ်းပုံ ၃၇
ဘဝဒိဋ္ဌိနှင့် ဝိဘဝဒိဋ္ဌိတို့ ဖဿကြောင့်ဖြစ်ပုံ
ရှင်းပြချက် ၃၉
အမှတ်(၉)ဂါထာအရ ရှုကျင့်ပုံ ၃၉

ပဉ္စမဝဂ်

တရားအနုသန္ဓေ ၄၁
နိမ္မိတဘုရား၏အမေးဂါထာ(၁၀) ၄၁
ဖဿနှင့်သိမ်းပိုက်ခြင်းတို့၏ အကြောင်းကို မေးသည် ၄၂
မြတ်စွာဘုရား၏ အဖြေဂါထာ(၁၁) ၄၃
ပဋိစ္စသမုပ္ပါဒ်ဒေသနာနှင့် နှီးနှောဖွင့်ပြချက် ၄၅
သိမ်းပိုက်မှုသည် တဏှာကြောင့်ဖြစ်ကြောင်း ၄၅

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မနောသမ္ဘသကို မပဟောခြင်း၏အကြောင်းဖွင့်ပြချက် | ၄၇ |
| ဥပစာသမာဓိနှင့်တကွ အရူပဈာန်တို့ဖြင့် မြင်တွေ့စသည်ကို ကျော်လွန်ပုံ | ၄၈ |
| အမှတ်(၁၁)ဂါထာအရ ကျင့်သုံးဖွယ် | ၄၉ |
| **ဆဋ္ဌမပိုင်း** | |
| တရားအနုသန္ဓေ | ၅၀ |
| နိမ္မိတဘုရား၏အမေးဂါထာ(၁၂) | ၁၂ |
| ရုပ်အာရုံကျော်လွန်အောင် ကျင့်ပုံနှင့် သုခ ဒုက္ခကျော်လွန်အောင် ကျင့်ပုံမေးသည် | ၅၁ |
| မြတ်စွာဘုရား၏အဖြေဂါထာ(၁၃) | ၅၁ |
| ဥပစာသမာဓိနှင့် အရူပဈာန်လေးပါးသည် ရိုးရိုးကာမသညာလည်းမရှိ၊အရှူးသညာလည်းမရှိ၊ ရူပသညာလည်းမရှိ၊ သညာကင်းသည်လဲ မဟုတ်ကြောင်းစသည်ဖြင့် ဖြေရှင်းဟောကြားတော်မူသည် | ၅၂ |
| ပပဉ္စသင်္ခါဟိ သညာနိဒါနာ–ပါဠိ၏ဆိုလိုရင်း | ၅၃ |
| **သတ္တမပိုင်း** | |
| တရားအနုသန္ဓေ | ၅၇ |
| နိမ္မိတဘုရား၏အမေးဂါထာ(၁၄) | ၅၇ |
| မြတ်စွာဘုရား၏အဖြေဂါထာ(၁၅) | ၅၉ |

http://www.dhammadownload.com



# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အရူပဈာန် အရူပဘဝမျှဖြင့်လည်း အမြတ်ဆုံးဟု ပြောဆိုကြကြောင်း စသည် | ၆၁ |
| ဥစ္ဆေဒအယူအရ ဘဝပြတ်ပုံ(၇)မျိုးဖော်ပြချက် | ၆၁ |
| မြတ်စွာဘုရား၏ အဖြေနိဂုံးဂါထာ(၁၆) | ၆၄ |
| ပရိနိဗ္ဗာန်စံပုံနှင့် အမြင်မှားနှင့်အမြင်မှန် ဝေဖန်ပြခြင်း | ၆၇ |
| ပရိနိဗ္ဗာန်ပြုပုံနှင့် ဥစ္ဆေဒဝါဒအရ ဘဝပြတ်ပုံ ကွဲပြားကြောင်းရှင်းပြချက် | ၆၈ |

http://www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ

## ၂၂။ စူဠဗျူဟသုတ် မာတိကာ

### ပထမပိုင်း


| | |
|---|---|
| တရားအနုသန္ဓေ | ၇၁ |
| စူဠဗျူဟသုတ်အမည် | ၇၁ |
| နိမ္မိတဘုရား၏အမေးဂါထာ(၁) | ၇၂ |
| နိမ္မိတဘုရား၏အမေးဂါထာ(၂) | ၇၄ |
| စူဠဗျူဟသုတ်ပထမပိုင်းအဆက် | ၇၈ |
| မြတ်စွာဘုရား၏အဖြေဂါထာ(၃) | ၇၈ |
| မြတ်စွာဘုရား၏အဖြေဂါထာ(၄) | ၈၀ |
| မြတ်စွာဘုရား၏အဖြေဂါထာ(၅) | ၈၂ |


### ဒုတိယပိုင်း


| | |
|---|---|
| တရားအနုသန္ဓေ | ၈၅ |
| နိမ္မိတဘုရား၏အမေးဂါထာ(၆) | ၈၅ |
| ဥစ္ဆေဒဝါဒအရ အဆုံးသတ်အမှန်တရားအမျိုးမျိုး ကွဲပြားပုံ | ၈၆ |
| သဿတဝါဒအရ အဆုံးသတ် အမှန်တရားအမျိုးမျိုး ကွဲပြားပုံ | ၈၇ |
| မြတ်စွာဘုရား၏ အဖြေဂါထာ(၇) | ၈၈ |
| အဆုံးသတ် အမှန်တရား တစ်ပါးတည်းရှိကြောင်း ပြဆိုချက် | ၈၉ |

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ယင်းအဆုံးသတ်အမှန်တရားကိုသိသူမှာ ငြင်းခုံခြင်းမရှိကြောင်း | ၈၉ |
| **ဒသမပိုင်း** | |
| တရားအနုသန္ဓေ | ၉၁ |
| နိမ္မိတဘုရား၏ အမေးဂါထာ(၈) | ၉၁ |
| ကောင်းကင်ဘုံ နတ်ဘုံစသည်ရောက်ပြီး အမြဲတမ်းနေရပုံစသည် | ၉၂ |
| မြတ်စွာဘုရား၏အဖြေဂါထာ(၉) | ၉၃ |
| အဆုံးသတ်တရားကို နိစ္စဟုဆိုသောကြောင့် နိရောဓသစ္စာသာသင့်ကြောင်း | ၉၄ |
| အဖြေဂါထာ(၁၀) | ၉၆ |
| ဒိဋ္ဌမင်္ဂလာအယူစသည်၌ ရှုတ်ချဖွယ်ရှိပုံ | ၉၇ |
| အဖြေဂါထာ(၁၁) | ၉၉ |
| **ဧကာဒသမပိုင်း** | |
| တရားအနုသန္ဓေ | ၁၀၁ |
| မြတ်စွာဘုရား၏အဖြေဂါထာ(၁၂) | ၁၀၁ |
| အတိသာရဒိဋ္ဌိယာ-ပုဒ်အရ ဖန်ဆင်းရှင်ဝါဒ၌အနှစ်သာရအသင့်ယုတ္တိမရှိပုံ | ၁၀၂ |
| အဖြေဂါထာ(၁၃) | ၁၀၅ |
| သူတစ်ပါးကို အညံ့စားအနေဖြင့် မပြောသင့်ကြောင်း | |

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | တမျက်နှာ |
|---|---|
| ပြဆိုချက် | ၁၀၅ |
| အဖြေဂါထာ(၁၄) | ၁၀၆ |
| **ပဥ္စမပိုင်း** | |
| တရားအနုသန္ဓေ | ၁၀၉ |
| အဖြေဂါထာ(၁၅) | ၁၀၉ |
| အဖြေဂါထာ(၁၆) | ၁၁၀ |
| အယူကွဲပြားသူကို အယုတ်အညံ့ဟုဆိုလျှင် ငြင်းခုံခြင်းကို ဆောင်ယူလာရာရောက်ပုံ | ၁၁၁ |
| ဗုဒ္ဓသာသနာဝင်တွေကတော့ အခြားသူများကို မရှုတ်ချမနှိပ်ကွက်ကြောင်း | ၁၁၂ |
| အဖြေဂါထာ(၁၇)ရှေ့ပိုင်း | ၁၁၃ |
| နောက်ဆုံးညွှန်ကြားတော်မူပုံ(၁၇-ခ) | ၁၁၄ |
| အယူမှားကင်းအောင် ကျင့်သင့်ကြောင်း | ၁၁၅ |
| ဝိပဿနာရှုနည်း အကျဉ်းချုပ် | ၁၁၅ |
| ရဟန္တာက မငြင်းခုံဆိုတာ ဘယ်လိုလဲ | ၁၁၈ |
| အမှန်ပြောသူမှာ ငြင်းရာမရောက်ကြောင်း | ၁၁၈ |

http://www.dhammadownload.com



# မာတိကာ

အကြောင်းအရာ စာမျက်နှာ

## [၃]မဟာမျှုပြုသုတ် မာတိကာ

ပဌမပိုင်း


တရားအနုသန္ဓေ ၁၂၁
နိမ္မိတဘုရား၏ အမေးဂါထာ(၁) ၁၂၁
မြတ်စွာဘုရား၏အဖြေဂါထာ(၂) ၁၂၃
ငြင်းခုံကြတဲ့သူ့ဘွမှာ အရှုံးနှင့် အနိုင်စသည်အကျိုး
၂–မျိုးစီရကြောင်း ၁၂၄
အဖြေဂါထာ(၃) ၁၂၅
ရဟန္တာမှာ ဒိဋ္ဌမင်္ဂလာစသည်ကို နှစ်သက်လက်ခံခြင်း
မရှိကြောင်း ၁၂၆
အဖြေဂါထာ(၄) ၁၂၇
သီလကို အမြတ်ဆုံးဟုဆိုသူတို့ရှိကြောင်း ၁၂၇
မုဏ္ဍိကာ၏သား သာမဏ–ကထိုသို့ဆိုကြောင်း
သာကေထုတ်ပြထားသည် ၁၂၈
ယင်းအယူမှားကြောင်း ဆုံးဖြတ်ချက် ၁၂၈
ဝတအမျိုးမျိုးကိုထုတ်ပြချက် ၁၂၈


ဒုတိယပိုင်း


တရားအနုသန္ဓေ ၁၃၃
အဖြေဂါထာ(၅) ၁၃၃
အဖြေဂါထာ(၆) ၁၃၆

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဗ္ဗာန်ကို ချီးကျူးလျှက် ဥဒါန်းကျူးပုံဂါထာ | ၁၄၀ |
| အဖြေဂါထာ(၇) | ၁၄၁ |
| အဖြေဂါထာ(၈-က) | ၁၄၃ |
| အဖြေဂါထာ(၈-ခ) | ၁၄၄ |

**ဘတိယပိုင်း**

| | |
|---|---|
| တရားအနုသန္ဓေ | ၁၄၇ |
| နိမ္မိတဘုရား၏အမေးဂါထာ(၉) | ၁၄၇ |
| မြတ်စွာဘုရား၏အဖြေဂါထာ(၁၀) | ၁၄၉ |
| အဖြေဂါထာ(၁၁) | ၁၅၀ |
| အဖြေဂါထာ(၁၂) | ၁၅၂ |

**စတုတ္ထပိုင်း**

| | |
|---|---|
| တရားအနုသန္ဓေ | ၁၅၅ |
| အဖြေဂါထာ(၁၃) | ၁၅၅ |
| ရဟန္တာသတိပဋ္ဌာန်စသည်ကို ဟောနေသောကြောင့် ပယ်ဖျက်ငြင်းခုံရာ ရောက်-မရောက် အမေးအဖြေ | ၁၅၆ |
| အဖြေဂါထာ(၁၄) | ၁၅၈ |

**ပဉ္စမပိုင်း**

| | |
|---|---|
| တရားအနုသန္ဓေ | ၁၆၃ |
| အဖြေဂါထာ(၁၅) | ၁၆၃ |

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဖြစ်ရိုးဖြစ်စဉ်ဓမ္မတာအသိအမြင်မျှဖြင့် ကိစ္စမပြီးကြောင်း ပြဆိုချက် | ၁၆၄ |
| အဖြေဂါထာ(၁၆) | ၁၆၅ |
| အများယုံကြည်စွဲလမ်းနေသူအား အမှန်မြင်အောင် ညွှန်ကြားရန်မလွယ်ကြောင်း | ၁၆၆ |
| သီလ သမာဓိ ပညာအကျင့်ကို မကျင့်ရှုန် မပြောသင့် မတားမြစ်သင့်ကြောင်း | ၁၆၇ |
| ဘုရားအလိုနှင့် တခြားအလို ကွဲနေလျှင် ဗုဒ္ဓသာသနာဝင် တိုင်း ဘုရားဘက်၌သာ တည်နေသင့်ကြောင်း | ၁၆၈ |


ဆဋ္ဌမပိုင်း


| | |
|---|---|
| တရားအနုသန္ဓေ | ၁၇၀ |
| အဖြေဂါထာ(၁၇) | ၁၇၀ |
| ရဟန္တာဟာသစ္စာလေးပါးကို သိသင့်သည့်အတိုင်း သိပြီးဖြစ်ကြောင်း | ၁၇၀ |
| ဉာဏဗန္ဓု–ဉာဏ်ဖြင့်မိတ်ဖွဲ့ပုံဖွင့်ပြချက် | ၁၇၂ |
| အဖြေဂါထာ(၁၈) | ၁၇၄ |
| ဂန္ထလေးပါးအကြောင်း ဖော်ပြချက် | ၁၇၅ |
| သီလဗ္ဗတပရာမာသဆောင်ပုဒ် | ၁၇၇ |
| ဥပါဒါနက္ခန္ဓာငါးပါး၏ အဖြစ်အပျက်ရှုလျက် ဝိပဿနာမဂ္ဂင်ကိုပွားစေ၍ ဗုဒ္ဓဘုရားအဖြစ်ရောက် တော်မူပုံ စသည်ပြဆိုချက် | ၁၇၈ |

http://www.dhammadownload.com



# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　စာမျက်နှာ

## သဒ္ဓာမပိုင်း


တရားအနုသန္ဓေ　　　　　　　　　　　　　　　　　　　　၁၈၂

အဖြေဂါထာ(၁၉)　　　　　　　　　　　　　　　　　　　　၁၈၂

မြတ်စွာဘုရား၏နောက်ဆုံးအဖြေဂါထာ(၂၀)　　　　　　　　　　၁၈၅

ဝန်ထုပ်သုံးခု ဖော်ပြချက်　　　　　　　　　　　　　　　　၁၈၆

ဝိပ္ပမုတ္တော-ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်တယ် ဆိုတာ ဗုဒ္ဓစကားတော်မှာ အလွန်အရေးကြီးတဲ့ စကားဖြစ်ကြောင်း　　　　　　　　　　　　　　　　　　　　၁၈၉

အရိယမဂ်ဖြင့် ကိလေသာကို မပယ်ရသေးလျှင် ဘဝသစ်ဖြစ်၍ အတိုင်းမသိ အပါယ်ဆင်းရဲ သံသရာဆင်းရဲတွေကို ခံစားသွားရမည်ဖြစ်ကြောင်း　　　　　　　　　　　　၁၉၁

http://www.dhammadownload.com

# မဟာသမယ သုံးသုတ်တရားတော်

## (၁) ကလဟဝိဝါဒသုတ်

### ပထမပိုင်း

၁၃၃၉–ခုနှစ်၊ ဝါခေါင်လဆန်း (၈)ရက်နေ့ ဟောသည်။

------

### တရားပလ္လင်ခံ

ဒီကနေ့ ၁၃၃၉–ခုနှစ်၊ ဝါခေါင်လဆန်း (၈)ရက်နေ့ ဖြစ်တယ်။ ဒီကနေ့ကစပြီးတော့ မဟာသမယ ၆–သုတ်ထဲက မဟောရသေးတဲ့ ကလဟဝိဝါဒသုတ်ကိုဟောရမယ်။ မဟာသမယ ၆–သုတ်ထဲက ပုရာဘေဒသုတ် တုဝဋ္ဋကသုတ်တရားတော်များကတော့ စာအုပ်ဖြစ်နေတာ တော်တော်ကြာနေပါပြီ၊ သမ္မာပရိဗ္ဗာဇနီယသုတ်ကိုတော့ မနှစ်ကသီတင်းကျွတ်လကွယ်နေ့ကစပြီး ယခုသိုသီလပေးပြီးတဲ့အခါ တစ်ဂါထာချင်း နှစ်ဂါထာချင်း ဟောခဲ့တယ်၊ တပို့တွဲလပြည့်နေ့မှာ အပြီးသတ်ခဲ့တယ်။ အဲဒီတရားစာကို ပုံနှိပ်လို့ကတော့ လွန်ခဲ့တဲ့ဝါဆိုလဆန်းကတည်းက ပြီးနေပါပြီ၊ မကြာမီချုပ်လုပ်ပြီး စာအုပ်အဖြစ်ဖြင့် ထွက်ပေါ်လာမှာပါပဲ။

ယခုမဟောရသေးပဲ ကျန်နေတဲ့ မဟာသမယသုတ်များကတော့ (၁) ကလဟဝိဝါဒသုတ်၊ (၂) စူဠဗျူဟသုတ်၊ (၃) မဟာဗျူဟသုတ်ဆိုတဲ့ ဒီသုံးသုတ်ပဲ ရှိတော့တယ်၊ အဲဒီသုံးသုတ်ကို စာအုပ်တစ်အုပ်တည်းဖြင့် ဖြန့်ဝေနိုင်အောင် သီတင်းနေ့တိုင်း သီလပေးပြီးတဲ့အခါ နည်းနည်းချင်း ပိုင်းပိုင်းပြီး ဟောသွားရမယ်။ ဒီကနေ့ဟောဖို့အလှည့်ကျနေတဲ့ ကလဟဝိဝါဒသုတ်မှာတော့ အမေးနဲ့အဖြေတွဲလျက်တွဲလျက် ရှိနေတယ်၊ အဖြေမှာ ၂–ဂါထာလဲ ရှိနေတယ်၊ ဒါကြောင့် တစ်နေ့တစ်နေ့မှာ ၂–ဂါထာ ဟောရတဲ့ အခါလည်းရှိမယ်၊ သုံးဂါထာဟောရတဲ့အခါလည်းရှိမယ်။

http://www.dhammadownload.com



ဒီကလဟဝိဝါဒသုတ်ကို မြတ်စွာဘုရားက ဒေါသစရိုက်ရှိတဲ့ နတ်ပြဟ္မာတွေအတွက် ဟောတော်မူခဲ့တယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ နတ်တွေဆိုတာကတော့ လူတွေလိုပင် ဒေါသရှိ ကြပါတယ်။ ပြဟ္မာတွေဆိုတာကတော့ သူတို့မှာ ပဋိဃဖြစ်ပေမယ်လို့ တစ်သက်လုံး ဒေါသမဖြစ်ဘဲ ရှိနေကြပါတယ်၊ ဒါကြောင့် ပြဟ္မာဖြစ်နေဆဲမှာတော့ ဒေါသအဖြစ်များတယ်လို့ မဆိုနိုင်ပါဘူး၊ ဒါပေမယ့် ပြဟ္မာမဖြစ်မီဘဝများကရော ပြဟ္မာဘဝက စုတေပြီးဖြစ်ရမည့် လူ့ဘဝ နတ်ဘဝစသည်တွေမှာရော ဒေါသအဖြစ်များတဲ့အတွက် သူတို့ကိုလဲ ဒေါသစရိုက်ရှိတယ်လို့ ဆိုရပါတယ်၊ အဲဒီပြဟ္မာတွေမှာ လောလောဆယ်အားဖြင့် ဒေါသမရှိပါဘဲ ရှေးဘဝနောက်ဘဝတွေမှာ ဖြစ်တဲ့ဒေါသကို သိမြင်တော်မူပြီးတော့ အဲဒီပြဟ္မာတွေကို ဒေါသစရိုက်ရှိတယ်လို့ မြတ်စွာဘုရားက သိတော်မူတာဟာ အလွန်ပဲအံ့သြစရာ ကောင်းပါတယ်။

အဲဒီဒေါသစရိုက်ရှိတဲ့ နတ်ပြဟ္မာတွေအား တရားထူးရကြအောင် သူတို့နဲ့ သင့်လျော်တဲ့တရားကိုဟောကြားဖို့ မြတ်စွာ ဘုရား၏အလိုတော်အရ နိမ္မိတဘုရားရှင်က ဒီလိုမေးတော်မူပါတယ်။

**နိမ္မိတဘုရား၏ အမေးဂါထာ (၁)**

၁။ ကုတောပဟူတာ ကလဟာ ဝိဝါဒါ၊
ပရိဒေဝသောကာ သဟမစ္ဆရာ စ။
မာနာတိမာနာ သဟပေသုဏာ စ၊
ကုတောပဟူတာ တေ တဒိင်္ဃ ဗြူဟိ။

ဂေါတမ–ဂေါတမနွယ်ဖွား မြတ်စွာဘုရား၊ ကလဟာ–ခိုက်ရန်ဖြစ်ခြင်းတို့သည်လည်းကောင်း၊ ဝိဝါဒါ–ငြင်းခုံခြင်းတို့သည်လည်းကောင်း၊ ပရိဒေဝသောကာ–ငိုကြွေးခြင်း စိုးရိမ်ပူဆွေးခြင်းတို့သည်လည်းကောင်း၊ သဟမစ္ဆရာ စ–ဝန်တိုခြင်းတို့သည်လည်းကောင်း၊

http://www.dhammadownload.com



(ဒါကတော့ ဆိုလိုရင်းအနက်ပါပဲ၊ သဒ္ဒါနက်ဆိုရင်တော့ သဟာမစ္ဆရာ–ဝန်တိုခြင်းနှင့်တကွ ဖြစ်ကုန်သော၊ ကလဟာ စ–ခိုက်ရန်ဖြစ်ခြင်းတို့သည်လည်းကောင်း၊ ဤသို့စသည်ဖြင့် ဝိသေသန ဝိသေသျယှဉ်တွဲပြီး အနက်ပြန်ရပါတယ်၊ ဒါပေမယ့် သဟာဆိုတဲ့ပုဒ်နဲ့ သမာသ်တွဲပြီးဆိုထားတာကတော့ ဒီနေရာမှာ ဣန္ဒဝဇိရာဂါထာ၏ လက္ခဏာနှင့်အညီ တ–ဂိုဏ်း ၂–ခု၊ ဇ–ဂိုဏ်းနှင့် ဂရု ၂–လုံးဆိုတဲ့ အက္ခရာ ၁၁–လုံးပြည့်စေရန်အတွက်မျှသာ ဖြစ်ပါတယ်၊ အခြားပုဒ်များကို ဝိသေသနပြုဖို့ကတော့ လိုရင်းမဟုတ်ပါဘူး၊ နောက်ပြီးတော့ ဒီအပိုဒ်၏အစမှာ ပရိဒေဝ–ဆိုတဲ့အက္ခရာ ၄–လုံးထဲက ပရိ–ဆိုတဲ့ လဟု–၂လုံးကို ဂရုတစ်လုံးအဖြစ်ဖြင့် ယူရတယ်၊ ဒီလိုယူမှ ဆန်းလက္ခဏာနှင့်ညီတယ်။) မာနာ–တိမာနာ–မာန်ထောင်လွှားခြင်း, မိမိကိုယ်ကိုအထင်ကြီး၍ သူတစ်ပါးကိုမထေမဲ့မြင်ပြုခြင်းတို့သည်လည်းကောင်း၊ သဟပေသုဏာ စ–ကုန်းတိုက်ခြင်းတို့သည်လည်းကောင်း၊(ဒါလဲ သဟာမစ္ဆရာ–ပုဒ်မှာလိုပင် လိုရင်းအနက်ပါပဲ။)ကုတောပဟူတာ–ဘယ်အကြောင်းကြောင့်ဖြစ်ကြပါသနည်း၊ တေ–ထိုရှစ်ပါးသော အကုသိုလ် တရားတို့သည်၊ ကုတော ပဟူတာ–ဘယ်အကြောင်းကြောင့် ဖြစ်ကြပါသနည်း၊ ဣင်္ဃ–တောင်းပန်ပါသည်၊ တံ–ထိုအကြောင်းကို၊ ဗြူဟိ–ဟောကြားတော်မူပါအရှင်ဘုရားတဲ့။

လောကမှာ (၁) ခိုက်ရန်ဖြစ်ခြင်းဆိုတာလဲရှိတယ်၊ အဲဒါဟာ ဒေါသကြီးတဲ့လူတွေမှာ များများဖြစ်တတ်တာပဲ၊ (၂) ငြင်းခုံခြင်းဆိုတာလဲ ရှိတယ်၊ ဒါလဲ ဒေါသကြီးတဲ့သူတွေနဲ့သာပြီး ဆိုင်တာပဲ၊ (၃) ပရိဒေဝ–ငိုကြွေးခြင်း၊ (၄) သောက–စိုးရိမ်ပူဆွေးခြင်းတဲ့၊ ဒီနှစ်မျိုးလဲ ဒေါသရှိသူတွေနဲ့ ဆိုင်တာပဲ၊ ဆွေမျိုးတို့ သေကြေပျက်စီးခြင်းစသည်ကို တွေ့ရတဲ့အခါ ဒေါသဖြင့် သည်းမခံနိုင်လို့ စိုးရိမ်ပူဆွေး ငိုကြွေးကြရတာပဲ။ ဟောရိုးဟောစဉ်ဒေသနာအားဖြင့် သောကပရိဒေဝ–

http://www.dhammadownload.com



လို့ရှိပါတယ်၊ ဒီမှာတော့ ဆန်းလက္ခဏာနှင့်ညီအောင် ပရိဒေဝ သောကာ လို့ ဟောထားတာပါပဲ။ (၅) မစ္ဆရိယ–ဝန်တိုခြင်းဆိုတာလဲ ဒေါသနှင့် ယှဉ်ပြီး ဖြစ်တဲ့တရားပဲ၊ မိမိနဲ့ဆိုင်တာတွေကို သူတစ်ပါးနဲ့စပ်ဆိုင်မှာ သည်းမခံနိုင်တဲ့ဒေါသနှင့် ယှဉ်ပြီးဖြစ်တာပါပဲ။ (၆) မာန်ထောင် လွှားခြင်း–မာနကြီးခြင်း၊ (၇) မိမိကိုယ်ကို အထင်ကြီးပြီး သူတစ်ပါးကို အထင်သေးခြင်း–မထီမဲ့မြင်ပြုခြင်းတဲ့၊ ဒီ၂–ပါးကတော့ လောဘနှင့် ယှဉ်တဲ့တရားတွေဘဲ၊ ဒါပေမယ့် ဒေါသကြီးတဲ့သူတွေမှာ သာပြီးထင်ရှား ဖြစ်တတ်တယ်။ (၈) ကုန်းတိုက်ခြင်း (သတ်ပုံရေးထုံးကတော့ ကုန်း တိုက်ခြင်း–တဲ့) ကုန်းတိုက်တယ်၊ ကုန်းချောစကားပြောတယ်ဆိုတာ အချင်းချင်းချစ်ခင်ကြည်ညိုနေကြတဲ့သူတွေမှာ ချစ်ခင်ကြည်ညိုမှုပျက်ပြီး ကွဲပြားကုန်အောင်၊ မိမိစကားနာယူတဲ့သူက မိမိအားချစ်ခင်ယုံကြည် အောင် အခြားတစ်ဖက်ပုဂ္ဂိုလ်ရဲ့အပြစ်ကို ပြောဆိုတာပါပဲ၊ ဒါကတော့ ဒေါသနဲ့ စပ်ဆိုင်ကြောင်း ထင်ရှားပါတယ်၊ ဒီ အကုသိုလ်ရှစ်ပါးဟာ ဒေါသစရိုက်ရှိတဲ့ပုဂ္ဂိုလ် ဒေါသကြီးတဲ့ပုဂ္ဂိုလ်တွေနဲ့ ဆိုင်ပါတယ်၊ ဒါကြောင့် အဲဒီဒေါသစရိုက်ရှိတဲ့ ပုဂ္ဂိုလ်တွေအလွယ်တကူနဲ့ နားလည်ပြီး တရားထူးရကြစေရန်အတွက် ဒီအကုသိုလ်ရှစ်ပါးဟာ ဘယ်အကြောင်း ကြောင့် ဖြစ်ရသလဲ၊ အဲဒီအကြောင်းကို ဟောပြတော်မူပါလို့ နိမ္မိတ ရုပ်ပွားမြတ်ဘုရားက မေးတော်မူတာပါပဲ။ အဲဒါကို အလွယ်တကူနဲ့ နားလည်ပြီးမှတ်သားထားရအောင် ဘုန်းကြီးက ဆောင်ပုဒ် ၃–ခု စီထားပါတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

၁။ ခိုက်ရန်တစ်ခု၊ ငြင်းခုံပြု၊ ငိုမှု စိုးရိမ်တာ။
ဝန်တိုမာန်တက်၊ထင်သေးချက်၊ အဖျက် ကုန်းချောတာ။
အကုတရား၊ ဤရှစ်ပါး၊ ဖြစ်ပွားခြင်းကြောင်းဟောပြပါ။

အဲဒါဟာ ပေါ်လွင်ထင်ရှားနေပါပြီ၊ အဲဒီအမေးကို မြတ်စွာ

http://www.dhammadownload.com



ဘုရားက ဒီလိုဖြေကြားတော်မူပါတယ်။

**မြတ်စွာဘုရား၏ အဖြေဂါထာ (၂)**

၂။ ပိယပ္ပဟူတာ ကလဟာ ဝိဝါဒါ၊
ပရိဒေဝသောကာ သဟမစ္ဆရာ စ။
မာနာတိမာနာ သဟပေသုဏာ စ၊
မစ္ဆေရယုတ္တာ ကလဟာ ဝိဝါဒါ၊
ဝိဝါဒဇာတေသု စ ပေသုဏာနိ။

မုနိ–နိမ္မိတရုပ်ပွား မြတ်ဘုရား၊ ကလဟာ–ခိုက်ရန်ဖြစ်ခြင်းတို့သည် လည်းကောင်း၊ ဝိဝါဒါ–ငြင်းခုံခြင်းတို့သည်လည်းကောင်း၊ ပရိဒေဝ သောကာ–ငိုကြွေးခြင်း စိုးရိမ်ပူဆွေးခြင်းတို့ သည်လည်းကောင်း၊ သဟမစ္ဆရာ စ–ဝန်တိုခြင်းတို့သည်လည်းကောင်း၊ မာနာတိမာနာ–မာန်ထောင်လွှားခြင်း, မိမိကိုယ်ကိုအထင်ကြီး၍ သူတစ်ပါးကို မထီမဲ့မြင်ပြုခြင်းတို့သည်လည်းကောင်း၊ သဟပေသုဏာ စ–ကုန်းတိုက်ခြင်းတို့သည်လည်းကောင်း၊ ပိယပ္ပဟူတာ–ချစ်ဖွယ်ပုဂ္ဂိုလ် ထိုထိုဝတ္ထုအမှုအာရုံကြောင့် ဖြစ်ကုန်၏–တဲ့။

ခိုက်ရန်ဖြစ်ခြင်းအစရှိတဲ့ အကုသိုလ်ရှစ်ပါးတွေဟာ ချစ်ဖွယ်ပုဂ္ဂိုလ် ချစ်စရာအာရုံဝတ္ထုများကို အမှီပြုပြီး ဖြစ်ကြပါတယ်တဲ့။ လောကဘက်က ငြင်းခုံကြတာတွေဟာ လိုချင်နှစ်သက်စရာကောင်းတဲ့ သက်ရှိသက်မဲ့ ဝတ္ထုအာရုံတွေ အကြောင်းပြုပြီး သူနဲ့မဆိုင်ဘူး၊ ငါနဲ့သာဆိုင်တယ်၊ သူတို့မရသင့်ဘူး၊ ငါတို့သာရသင့်တယ် စသည်ဖြင့်ငြင်းခုံကြတာပဲ၊ စီးပွားရေးဖြစ်ဖြစ်၊ အိမ်ထောင် ရေးဖြစ်ဖြစ်၊ နိုင်ငံရေးဖြစ်ဖြစ် လိုချင်နှစ်သက်စရာကိုစွဲမှီပြီး သူပိုင်သင့် ငါပိုင်သင့် ငြင်းခုံကြတာပဲ၊ တရားရေး ဘာသာရေးဘက်မှာလဲ ကိုယ်ကြိုက်တဲ့ ဘာသာအယူဝါဒကို လက်ကိုင်ထားပြီး ငြင်းခုံနေကြတာပဲ၊ ဗုဒ္ဓဘာသာဝင်အချင်းချင်း ငြင်းခုံနေကြတာလဲ

http://www.dhammadownload.com



ကိုယ်ကြိုက်တဲ့ အယူအဆကိုစွဲမှီပြီး ငြင်းခုံနေကြတာပဲ။

အဲဒီလို ငြင်းခုံရုံမျှနဲ့ အားမရရင် ရန်ဖြစ်ကြတာပဲ၊ အမျိုးသမီး အချင်းချင်းရန်ဖြစ်ကြရင် အများအားဖြင့်နှုတ်က ဆဲရေးကြိမ်းမောင်းပြီး ရန်ဖြစ်ကြတာကပဲ များပါတယ်၊ အချင်းချင်းကိုယ်ဖြင့် လက်ခြေတို့ဖြင့် ရိုက်ပုတ် ထိုးကြိတ်ပြီး ရန်ဖြစ်ကြတာကတော့ နည်းပါတယ်၊ ယောက်ျား အချင်းချင်း ရန်ဖြစ်ကြလျှင်တော့ အများအားဖြင့် လက်ခြေတို့ဖြင့် ထိုးကြိတ်ပြီးတော့လဲ ရန်ဖြစ်တတ်ကြတယ်၊ ဓား လှံ တုတ် သေနတ် စသည်တို့ဖြင့် ခုတ်ထစ်ထိုးဆွပစ်ခတ်ပြီးတော့လဲ ရန်ဖြစ်တတ်ကြတယ်၊ ကိုယ်လိုတဲ့ဥစ္စာကိုရအောင် ကိုယ်လိုတဲ့ကိစ္စပြီးအောင် ပြုလုပ်ကြ တာပါပဲ၊ အဲဒီ ငြင်းခုံရန်ဖြစ်တာတွေက အလွန်ကျယ်ပြန့်များပြား ပါတယ်၊ တစ်ကမ္ဘာလုံး အနှံ့အပြား ငြင်းခုံနေကြ ရန်ဖြစ်နေကြတာပဲ။

မြတ်စွာဘုရားက လိုချင်ဖွယ်ဖြစ်တဲ့ ကာမဂုဏ်၏အပြစ်ကို ဖော်ပြရာမှာ မင်းတွေလဲ အချင်းချင်းငြင်းခုံကြ ရန်ဖြစ်ကြတယ်၊ ပုဏ္ဏားတွေလဲ အချင်းချင်းငြင်းခုံကြ ရန်ဖြစ်ကြတယ်၊ အိမ်ထောင် ရှင်တွေလဲ ငြင်းခုံကြ ရန်ဖြစ်ကြတယ်၊ မိဘနဲ့သားသမီးများလည်း ငြင်းခုံကြရန်ဖြစ်ကြတယ်၊ ညီအစ်ကို မောင်နှမအချင်းချင်းလည်း ငြင်းခုံကြ ရန်ဖြစ်ကြတယ်၊ မိတ်ဆွေအချင်းချင်းလည်း ငြင်းခုံကြ ရန်ဖြစ်ကြတယ် စသည်ဖြင့် ဟောကြားထားပါတယ်၊ ရဟန်း အချင်းချင်း၊ ဆရာနဲ့တပည့်အချင်းချင်း ငြင်းခုံကြ ရန်ဖြစ်ကြ တာတွေဟာလဲ ကိုယ်ကြိုက်တာကလေးကို အကြောင်းပြုပြီး ဖြစ်ကြ တာပဲ၊ ဒါကြောင့် ရန်ဖြစ်ခြင်း ငြင်းခုံခြင်းတွေဟာ ပိယပ္ပဟူတာ- ချစ်ဖွယ်ကြောင့် ဖြစ်ကြတယ်ဆိုတာ အလွန်ထင်ရှားပါတယ်။

ဒီနေရာမှာ ကျင့်စရာကတော့ ငြင်းခုံချင်တဲ့စိတ်၊ ရန်ပြုလိုတဲ့ စိတ်ဖြစ်လာရင် ဘုရားဟောတော်မူတဲ့အတိုင်း ချစ်ဖွယ်ဖြစ်တဲ့ မည်သည့်

http://www.dhammadownload.com



အရာကိုအကြောင်းပြုပြီး ဖြစ်တဲ့စိတ်ပဲစသည်ဖြင့် ဆင်ခြင်ပြီးတော့လဲ ပယ်ရမယ်၊ အဲဒီဖြစ်ပေါ်လာတဲ့စိတ်ကို ရှုမှတ်ပြီးတော့လဲ ပယ်ရမယ်။ အဲဒီလို ရှုမှတ်ပြီး ပယ်ခြင်းဖြင့် ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်ကျက်ထက်သန်ပြီး အရိယမဂ်ဖိုလ် လေးပါးသို့ဆိုက်ရောက် သွားနိုင်ပါတယ်။

နောက်ပြီးတော့ စိုးရိမ်ပူဆွေးတယ်၊ ငိုကြွေးတယ်ဆိုတာဟာလဲ ချစ်ခင်နှစ်သက်တဲ့ သားသမီး မိဘလင်မယားစသည်ပျက်စီးသွားခြင်းစသည်ကြောင့်လည်း ဖြစ်တတ်တယ်၊ စီးပွားဥစ္စာ ပျက်စီးဆုံးရှုံးခြင်း၊ အလွန်ချစ်အပ်တဲ့ မိမိကိုယ်မှာရောဂါဆိုး နှိပ်စက်ခြင်း စသည်ကြောင့်လဲ ဖြစ်တတ်ပါတယ်၊ ဒါကြောင့် အဲဒါတွေဟာ ချစ်ဖွယ်ကြောင့်ဖြစ်တယ်ဆိုတာ အလွန်ထင်ရှားပါတယ်၊ နောက်ပြီးတော့ ဝန်တိုတယ်ဆိုတာ ရဟန်းများမှာ (၁)ကျောင်းနဲ့စပ်ပြီးဝန်တိုခြင်း၊ (၂)ရင်းနှီးတဲ့ဒကာဒကာမတွေနဲ့ စပ်ပြီးဝန်တိုခြင်း၊ (၃)ရစရာလာဘ်လာဘနဲ့စပ်ပြီး ဝန်တိုခြင်း၊ (၄)မိမိမှာ ပြည့်စုံနေတဲ့ ချီးမွမ်းဖွယ်ဂုဏ်နဲ့စပ်ပြီး ဝန်တိုခြင်း၊ (၅) ပရိယတ် စာပေတတ်သိမှုနဲ့စပ်ပြီး ဝန်တိုခြင်းလို့ (၅)ပါးရှိတယ်။

သံဃိကဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ၊ မိမိနေထိုင်တဲ့ကျောင်းမှာ သီလစသောဂုဏ်နှင့် ပြည့်စုံတဲ့ရဟန်းကောင်းကို မနေစေချင်တာဟာ ကျောင်းနဲ့စပ်ပြီး ဝန်တိုတာပဲ၊ မိမိအားဆည်းကပ်လှူဒါန်းနေကြတဲ့ ဒကာဒကာမတွေကို သီလစသော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံတဲ့ ရဟန်းကောင်းများနဲ့မနီးစပ်စေလိုတာက ဒကာဒကာမတို့နဲ့စပ်ပြီး ဝန်တိုတာပဲ၊ တချို့တောရွာများမှာ ဘာဝနာအလုပ်တရားကောင်း တရားမှန်ကို ဟောပြောခွင့်မပြုဘဲ ပိတ်ပင်ထားတာဟာ ဒီဝန်တိုမှုပါပဲ၊ ဒကာဒကာမတို့က လှူတဲ့လာဘ်ကို သီလစသည်ဖြင့်ပြည့်စုံတဲ့ အခြားရဟန်းတော်များ မရစေချင်ဘဲ မိမိသာရချင်တာဟာ လာဘ်လာဘနှင့်စပ်ပြီး ဝန်တိုတာပဲ၊ မိမိမှာ ပြည့်စုံနေတဲ့ရုပ်အဆင်းဂုဏ် အသိ

http://www.dhammadownload.com



အလိမ္မာ အကျင့်ဂုဏ် အခြွေအရံအကျော်အစောဂုဏ် စသည်တို့ကို သူတပါးအား မပြည့်စုံစေချင်တာဟာ တရားနှင့်စပ်ပြီး ဝန်တိုတာပဲ။ ပရိယတ္တိစာပေကို သူတစ်ပါးအား မိမိလိုမတတ်စေချင်တာက တရားနှင့်စပ်ပြီး ဝန်တိုတာပဲ။

လူများမှာလည်း မိမိမှာပြည့်စုံနေတဲ့ ပစ္စည်းဥစ္စာ၊ အတတ်ပညာ ဂုဏ်ထူးအခြွေအရံစသည်တို့ကို သူတစ်ပါးအား မပြည့်စုံစေချင်တာဟာ ဝန်တိုတာပါပဲ၊ အဲဒီဝန်တိုတာဟာ ချစ်ဖွယ်နှင့်စပ်ပြီး ဖြစ်ကြောင်း အလွန်ပင်ထင်ရှားပါတယ်၊ အဲဒီ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဝန်တိုခြင်း တွေကိုလဲ မည်သည့်ချစ်ဖွယ်ကြောင့်ဖြစ်တယ်ဆိုတာ ဆင်ခြင်ပြီးတော့ ဖြစ်စေ၊ စိုးရိမ်တဲ့စိတ်ငိုချင်တဲ့စိတ် ဝန်တိုတဲ့စိတ်များကို ရှုမှတ်ပြီး တော့ ဖြစ်စေ ပယ်ပယ်သွားဖို့ပါပဲ၊ အဲဒီလို ရှုမှတ်ပြီး ပယ်ခြင်းဖြင့်လဲ ဝိပဿနာ ဉာဏ်ရင့်သန်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ရောက်သွားနိုင်ပါတယ်။

နောက်ပြီးတော့ မာန်ထောင်တယ်ဆိုတာ မိမိမှာပြည့်စုံနေတဲ့ ဂုဏ်ယူဖွယ်တစ်မျိုးမျိုးကို စွဲမှီပြီးဖြစ်တာပဲ၊ မိမိကိုယ်ကို အထင်ကြီးပြီး သူတစ်ပါးကို အထင်သေးတယ်၊ မထီမဲ့မြင်ပြုတယ်ဆိုတာလဲ အဲဒီလို ချစ်ဖွယ်ဂုဏ်အာရုံ ပြုပြီးဖြစ်တာပဲ၊ နောက်ပြီးတော့ ကုန်းချောစကား ပြောတယ်ဆိုတာလဲ ကိုယ့်အလိုပြည့်အောင် အဲဒီစကားကို နားထောင် တဲ့သူက မိမိအားချစ်ခင်အောင် ပြောတာပဲ၊ ဒါကြောင့် ချစ်ဖွယ် အကြောင်းကြောင့် ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်၊ အဲဒါတွေကိုလဲ "ချစ်ဖွယ်အကြောင်းကြောင့်ဖြစ်တဲ့ အကုသိုလ်အကျိုး တရားမျှပဲ"လို့ ဆင်ခြင်ပြီးတော့ဖြစ်စေ၊ မာန်တက်တာ အထင်သေးတာ ကုန်းတိုက် ချင်တာတွေကို ရှုမှတ်ပြီးတော့ဖြစ်စေ ပယ်ပယ်သွားဖို့ပါပဲ၊ အဲဒီလိုရှုမှတ်ပြီး ပယ်ပယ်သွားခြင်းဖြင့် ဝိပဿနာဉာဏ်ရင့်သန်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရောက်သွားနိုင်ပါတယ်။

http://www.dhammadownload.com



ယခုပြောခဲ့တဲ့အခါတိုင်း ခိုက်ရန်ဖြစ်ခြင်းအစရှိတဲ့ အကုသိုလ်တရား ရှစ်ပါးဟာ ချစ်ဖွယ်ကြောင့်ဖြစ်တယ်ဆိုတာကို တိုတိုနဲ့ မှတ်သားထားရအောင် ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

၂။ ချစ်ဖွယ်မှီငြား၊ ယင်းရှစ်ပါး၊ ဖြစ်ပွားနေကြသည်။

အဲဒီမှာ ယင်းရှစ်ပါးဆိုတာ ခိုက်ရန်ဖြစ်ခြင်း အစရှိတဲ့ အကုသိုလ် ရှစ်ပါးကိုဆိုတာပါပဲ။ နောက်ပြီးတော့၊ ကလဟာ–ခိုက်ရန်ဖြစ်ခြင်းတို့သည် လည်းကောင်း၊ ဝိဝါဒါ–ငြင်းခုံခြင်းတို့သည်လည်းကောင်း၊ မစ္ဆေရယုတ္တာ–ဝန်တိုခြင်းနှင့်လည်း သက်ဆိုင်ကုန်၏–တဲ့။

ငြင်းခုံတာနဲ့ ရန်ဖြစ်တာကတော့ ဝန်တိုခြင်းနှင့်လဲ သက်ဆိုင်တယ်၊ ဝန်တိုခြင်းကြောင့်လဲ ဖြစ်ပါတယ်တဲ့၊ အဲဒီမှာ မစ္ဆရိယ–ဝန်တိုခြင်းကို ထုတ်ဖော်ပြထားသဖြင့် ဣဿာ–ဆိုတဲ့ မနာလိုခြင်းကိုလဲ ယူသင့်ပါတယ်၊ ယခုလူတွေ ငြင်းခုံနေကြတာ ရန်ဖြစ်နေကြတာဟာ ကိုယ်ပိုင်တွေကို သူတစ်ပါးပိုင် မဖြစ်စေချင်တဲ့ မစ္ဆရိယကြောင့် ဖြစ်ကြသလိုပင် သူတစ်ပါးကောင်းစားတာကို မလိုလားတဲ့ ဣဿာကြောင့်လဲ ဖြစ်ကြတယ်ဆိုတာ ထင်ရှားပါတယ်။

ဒီမနာလိုခြင်း ဝန်တိုခြင်းဆိုတဲ့ တရားဆိုးနှစ်ပါးဟာ သတ္တဝါတွေ၏ ဆင်းရဲကြောင်းလဲ ဖြစ်ပါတယ်၊ သူတစ်ပါးကြီးပွား ချမ်းသာတာကို မြင်ရ ကြားရ သိရတာနဲ့ စိတ်မချမ်းမသာဖြစ်ပြီး စိတ်ဆင်းရဲနေတာဟာ မနာလိုမှု ဣဿာကြောင့်ပဲ၊ အဲဒီလို မနာလိုတာနဲ့ သူတစ်ပါးအား အကျိုးမဲ့ ဖြစ်အောင် ငြင်းခုံကြတယ်၊ စီးပွားရေးဘက်ကဖြစ်ဖြစ်၊ နိုင်ငံရေးဘက်ကဖြစ်ဖြစ်၊ တရားရေးဘက်ကဖြစ်ဖြစ် တစ်စုံတစ်ခုနဲ့ စွပ်စွဲပြီးငြင်းခုံတာ အတိုက်အခံ ဟောပြောတာ စာရေးတာတွေလဲရှိတယ်၊ နောက်ဆုံးကျတော့ ရန်ဖြစ်သည်အထိရောက်သွားတာပဲ၊ ထို့အတူပင် ကိုယ်လိုသူတစ်ပါး မကောင်းစားစေချင်တဲ့အတွက်

http://www.dhammadownload.com



ကိုယ့်ပိုင်နက်တွေ သူတစ်ပါးပိုင်ဆိုင်သွားမှာ စိုးရိမ်တဲ့အတွက် သူတစ်ပါးအား စွပ်စွဲငြင်းခုံတာ သူတစ်ပါးနဲ့ရန်ဖြစ်တာတွေလဲရှိတာပဲ၊ အဲဒီလို စိုးရိမ်ပြီး စိတ်ဆင်းရဲရခြင်း၊ ငြင်းခုံရန်ဖြစ်ပြီး ဆင်းရဲရခြင်း များ၏ အကြောင်းဖြစ်တဲ့အတွက် သက္ကပဥ္စသုတ်မှာ သိကြားမင်း အမေးကို မြတ်စွာဘုရားက ဣဿာ မစ္ဆရိယသံယောဇဉ်ကြောင့် သတ္တဝါတွေဟာ ကိုယ့်အလိုအတိုင်းမဖြစ်ဘဲ ဆင်းရဲနေကြရတဲ့ အကြောင်းကို ဖြေကြားထားတာရှိပါတယ်။

အဲဒီမှာ သိကြားမင်းက "နတ်တွေလူတွေ အသူရာတွေ နဂါးတွေ ဂန္ဓဗ္ဗနတ်တွေအစရှိတဲ့ ကာမဘုံသားတွေဟာ ဘေးရန်အပြစ် ဒဏ်ကင်းပြီး ချမ်းသာစွာချည်းနေလိုကြပါလျက် ဘာ့ကြောင့် အလိုအတိုင်းမဖြစ်ဘဲ ဆင်းရဲဒုက္ခရောက်နေကြရပါသလဲ"လို့ မေးလျှောက်တယ်၊ အဲဒီအမေးကို မြတ်စွာဘုရားက ဣဿာနှင့် မစ္ဆရိယဆိုတဲ့ သံယောဇဉ်ရှိနေသောကြောင့် ဆင်းရဲဒုက္ခ ရောက်နေ ကြရကြောင်း ဖြေကြားတော်မူပါတယ်၊ အဲဒါကို ဘုန်းကြီးက အဲဒီ သက္ကပဥ္စသုတ် တရားကိုဟောစဉ်တုန်းက လွယ်လွယ်နဲ့ အတိုချုပ် မှတ်သားနိုင်ကြရအောင် ဒီလို ဆောင်ပုဒ်စီထားပါတယ်၊ "ကာမ ဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊ ဘေးရန်ပလျက်၊ အေးမြချမ်းသာ၊ နေလိုပါလည်း၊ ဣဿာမစ္ဆေ၊ သူရှုပ်ပွေ၍၊ ထင်ချေ မကျ၊ ဆင်းရဲရတည်း"တဲ့။ အဲဒါကိုလိုက်ဆိုကြရမယ်။

ကာမဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊ ဘေးရန် ပ–လျက်၊ အေးမြချမ်းသာ၊ နေလိုပါလည်း၊ ဣဿာမစ္ဆေ၊ သူရှုပ် ပွေ၍၊ ထင်ချေမကျ၊ ဆင်းရဲရတည်း။

နိဒ္ဒေသနှင့် အဋ္ဌကထာများမှာတော့ ခိုက်ရန်ဖြစ်ခြင်းနှင့် ငြင်းခုံခြင်းကို ပဓာနပြုပြီးပြဆိုထားသဖြင့် ကျန်တဲ့ဝိုကြွေးခြင်း စသည်

http://www.dhammadownload.com



တို့ဟာလဲ ဝန်တိုခြင်းကြောင့်ဖြစ်တယ်လို့ ယူသင့်ကြောင်း ဖွင့်ပြထားကြပါသေးတယ်၊ ဒါပေမယ့် ငိုတာနဲ့စိုးရိမ်တာဟာ ဝန်တိုခြင်းကြောင့်ဖြစ်တာ အလွန်နည်းမှာပါပဲ၊ ဝန်တိုခြင်းကြောင့် မာနကြီးတာကတော့ဖြစ်ဖွယ်မရှိပါဘူး၊ ဝန်တိုလို့ သူတစ်ပါးကို မထီမဲ့မြင်ပြုတာကတော့ နည်းနည်းပါးပါးလောက်တော့ ရှိကောင်းရှိလိမ့်မယ်၊ ထို့အတူပင် ကုန်းတိုက်တာလဲ နည်းနည်းပါးပါးလောက်တော့ရှိပါလိမ့်မယ်၊ ဒါကြောင့် အဲဒီငိုခြင်းစသည်တွေဟာ ဝန်တိုခြင်းကြောင့်ဖြစ်တယ်ဆိုတာ သိပ်မထင်ရှားလှပါဘူး၊ ပါဠိဂါထာမှာ ထင်ရှားဖော်ပြထားတဲ့အတိုင်း ဝန်တိုခြင်းကြောင့် ငြင်းခုံတယ် ရန်ဖြစ်တယ်ဆိုတာကတော့ ထင်ရှားပါတယ်၊ အဲဒီထင်ရှားတဲ့ အနက်လောက်ယူရင် သင့်တော်လောက်ပါပြီ၊ ဘာကြောင့်လဲဆိုတော့–ဟိုတုန်းက ဒေါသစရိုက်ရှိတဲ့ နတ်ဗြဟ္မာတွေအား လွယ်လွယ်နဲ့သိပြီး တရားထူးရအောင် ဟောပြောတဲ့တရားဖြစ်သောကြောင့်ပါပဲ၊ အဲဒီအပိုဒ်အရ စီထားတဲ့ဆောင်ပုဒ်ကို လိုက်ဆိုကြရမယ်။

ခိုက်ရန်တစ်ခို၊ ငြင်းခုံဆို၊ ဝန်တိုနှင့်လဲသက်ဆိုင်သည်။

ငြင်းခုံတာ ခိုက်ရန်ဖြစ်တာကတော့ ချစ်ဖွယ်အာရုံဝတ္ထုအပြင် ဝန်တိုခြင်း ဆိုတဲ့အကြောင်းနဲ့လဲ သက်ဆိုင်တယ်၊ ဝန်တိုခြင်းကြောင့်လဲ ဖြစ်တတ်ပါ တယ်တဲ့၊ အဲဒီမှာ ကျင့်စရာကတော့ ဝန်တိုခြင်းကိုမှီပြီး ငြင်းလိုရင် ရန်ပြုလိုရင် ဝန်တိုတဲ့အကြောင်းကြောင့် ဖြစ်တဲ့အကုသိုလ် အကျိုးတရားမျှပဲလို့ ဆင်ခြင်ပြီး တော့ဖြစ်စေ ဝန်တိုစိတ် ငြင်းလိုတဲ့စိတ် ရန်ပြုလိုတဲ့စိတ်များကို ရှုမှတ်ပြီးတော့ဖြစ်စေ ပယ်ရမယ်၊ အဲဒီလိုဖြစ်ပေါ်လာတဲ့ အကုသိုလ်စိတ်များကို ပယ်ပယ်သွားရင် ဝိပဿနာဉာဏ် ရင့်သန်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရောက်သွားနိုင်ပါတယ်။

နောက်ပြီးတော့ ဝိဝါဒဇာတေသု–ငြင်းခုံမှုများ ဖြစ်ပွားကြလျှင်၊ ပေသုဏာနိ စ–ကုန်းချောစကားပြောကြားခြင်းတို့သည်လည်း၊

http://www.dhammadownload.com



ဟောန္တိ–ဖြစ်တတ်ကြပါသည်တဲ့၊ လောကရေး စီးပွားရေးနဲ့ဖြစ်ဖြစ်၊ တရားကျင့်သုံး ရေးနဲ့ဖြစ်ဖြစ် ငြင်းခုံကြတဲ့အခါ တစ်ဖက်သားကို ယုံကြည်သူအားနည်းအောင်၊ မိမိကို ယုံကြည်အားကိုးသူများအောင် တစ်ဖက်သား၏ အပြစ်ကိုပြောဆိုတာ ဝါဒဖြန့်တာကတော့ ဖြစ်ရိုးဓမ္မတာပဲ၊ ဒါကတော့ ထင်ရှားပါတယ်။ အဲဒီအပိုဒ်အတွက် စီထားတဲ့ ဆောင်ပုဒ်ကို လိုက်ဆိုကြရမယ်။

ငြင်းခုံဖြစ်ငြား၊ ကုန်းစကား၊ ပြောကြားတတ်ချေသည်။

ဒီနေရာမှာလဲ ကျင့်ဖို့ကတော့ ကုန်းချောစကားပြောတာဟာ ငြင်းခုံမှုကြောင့်ဖြစ်တဲ့ အကုသိုလ်အကျိုးတရားမျှပဲလို့ ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ပြောလိုတဲ့စိတ်ကို ရှုမှတ်ပြီးတော့ဖြစ်စေ ပယ်သွားဖို့ပါပဲ၊ အကောင်းဆုံးကတော့ ရန်ဖြစ်မှုငြင်းခုံမှုစသည်မဖြစ်ရအောင် စောစောကတည်းက ဆင်ခြင်ပြီး စောင့်ရှောက်သွားနိုင်ရင် အကောင်းဆုံးပါပဲ၊ တကယ်ဖြစ်လာရင်တော့ အဲဒီ ဖြစ်လာသမျှ အကုသိုလ်တွေကို ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ရှုမှတ်ပြီးတော့ဖြစ်စေ လက်မခံပဲ ပယ်ပယ်သွားရုံပါပဲ။ အဲဒီလို ရှုမှတ်ပြီး ပယ်ပယ်သွားရင် ဝိပဿနာဉာဏ်ရင့်သန်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်သွားနိုင်ပါတယ်။

ဒါကြောင့် ဒီအမေးအဖြေ ၂–ဂါထာ၌ ဖော်ပြထားတဲ့ အကြောင်း အကျိုးအကုသိုလ်တရားတွေကို ဖြစ်ပေါ်လာရင် ဆင်ခြင်၍ဖြစ်စေ၊ ရှုမှတ်၍ ဖြစ်စေ ပယ်ပယ်သွားကြရုံပါပဲ။

အဲဒီလို ဆင်ခြင်ခြင်း ရှုမှတ်ခြင်းဖြင့် အကုသိုလ်တရားတို့ကို ပယ်ရှားနိုင်ကြသည်ဖြစ်၍ ဝိပဿနာဉာဏ် တစ်ဆင့်ထက်တစ်ဆင့် ရင့်သန်ပြီး လျှင် မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကိုလျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . .သာဓု . . .သာဓု . . .။

http://www.dhammadownload.com

# (၁) ကလဟဝိဝါဒသုတ်

## ဒုတိယပိုင်း

၁၃၃၉–ခုနှစ်၊ ဝါခေါင်လပြည့်နေ့ ဟောသည်။

------

### တရားအနုသန္ဓေ

ကလဟဝိဝါဒသုတ်ကို လဆန်း ၈–ရက် သီတင်းနေ့က သီလပေးအပြီးမှာ စ၍ဟောခဲ့တယ်၊ အမေးနှင့်အဖြေ ၂–ဂါထာပဲ ပြီးခဲ့သေးတယ်၊ ဒီကနေ့ ၁၃၃၉–ခုနှစ်၊ ဝါခေါင်လပြည့်နေ့မှာ တတိယနှင့်စတုတ္ထအမေး အဖြေ ၂–ဂါထာကို ဆက်ပြီးဟောရမယ်၊ မြတ်စွာဘုရား၏ အလိုတော်အရ နိမ္မိတဘုရားက ဒီလိုဆက်ပြီး မေးတော်မူပါတယ်။

### နိမ္မိတဘုရား၏အမေးဂါထာ (၃)

၃။ ပိယာ သု လောကသ္မိံ ကုတောနိဒါနာ၊
ယေ စာပိ လောဘာ ဝိစရန္တိ လောကေ။
အာသာ စ နိဋ္ဌာ စ ကုတောနိဒါနာ၊
ယေ သမ္ပရာယာယ နရဿ ဟောန္တိ။

ဂေါတမ–ဂေါတမနွယ်ဖွား မြတ်ဘုရား၊ လောကသ္မိံ–လောက၌၊ ပိယာ–ချစ်ဖွယ်တို့သည်၊ (သု–ကား အနက်မရှိ) ကုတောနိဒါနာ–ဘယ်အကြောင်း ရှိပါကုန်သနည်း၊ ဝါ–ဘယ်အကြောင်းကြောင့် ဖြစ်ပါကုန်သနည်း။

ခိုက်ရန်ဖြစ်ခြင်းစသော အကုသိုလ်ရှစ်ပါးဟာ ပိယ–ဆိုတဲ့ ချစ်ဖွယ်ကြောင့် ဖြစ်တယ်ဆိုတာကတော့ သိရပါပြီ၊ အဲဒီ ချစ်ဖွယ်ဆို

http://www.dhammadownload.com



တာဟာ ဘာ့ကြောင့် ဖြစ်ပါသလဲလို့ မေးတော်မူပါတယ်၊ အဲဒါကို "ချစ်ဖွယ်တို့ကား၊ ဘယ်ကြောင်းအား၊ မိုငြားဖြစ်သနည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

၃။ ချစ်ဖွယ်တို့ကား၊ ဘယ်ကြောင်းအား၊ မိုငြားဖြစ်သနည်း။

နောက်ပြီးတော့ ယေ စ–အကြင် ပုဂ္ဂိုလ်တို့သည်လည်း၊ လောဘာ–နှစ်သက်လိုချင်တဲ့ လောဘရှိကြသည်ဖြစ်၍၊ လောကေ–လောက၌၊ ဝိစရန္တိ–လှည့်လည်ကျက်စား ပျော်ပါးနေထိုင်လျက် ရှိကုန်၏၊ တေသံ–ထိုပုဂ္ဂိုလ်တို့၏၊ လောဘောပိ–နှစ်သက်လိုချင်တဲ့ လောဘသည်လည်း၊ ကုတောနိဒါနော–အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်းတဲ့။

လူတွေ နတ်တွေ ပုဂ္ဂိုလ်သတ္တဝါတွေဟာ နှစ်သက်လိုချင်တဲ့ လောဘရှိ နေကြတဲ့အတွက် လောကထဲမှာ (ထပ်ကာထပ်ကာဖြစ်ပြီး) ကျင်လည်ကျက်စား ပျော်ပါးနေကြတယ်၊ အဲဒီ ပျော်ပါးမွေ့လျော်ကြောင်း ဖြစ်တဲ့ လောဘဟာလဲ ဘာ့ကြောင့်ဖြစ်ပါသလဲတဲ့၊ အဲဒါကိုလည်း "လောဘကြောင့်ပေ၊ လှည့်လည်နေ၊ လူတွေလောဘ၊ ဘယ့်ကြောင့်နည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

လောဘကြောင့်ပေ၊ လှည့်လည်နေ၊ လူတွေလောဘ
ဘယ့်ကြောင့်နည်း။

နောက်ပြီးတော့ ယေ–ကာမဂုဏ်ငါးပါးစသော အကြင်အကျိုးစီးပွားတို့သည်၊ နရဿ–လူ၏၊ ဝါ–နတ်လူပုဂ္ဂိုလ်သတ္တဝါ၏၊ သမ္ဘရာယာယ–မှီခိုရာ အားထားရာအလို့ငှာ၊ ဝါ–မှီခိုရာ အားထားရာတို့သည်၊ (ဤဒုတိယအနက်အလိုအားဖြင့် ဝိဘတ္တိဝိပလ္လာသဟူ၍ သို့မဟုတ် လိုရင်းအနက်ဟူ၍ ယူရာ၏) ဟောန္တိ–ဖြစ်ကုန်၏၊ တေသု–ကာမဂုဏ်ငါးပါးစသော ထိုအကျိုးစီးပွားတို့၌၊ အာသာ စ–တောင့်တခြင်းသည်

http://www.dhammadownload.com



လည်းကောင်း၊ နိဗ္ဗာ စ–တောင့်တသည့်အတိုင်း ပြီးစီးပြည့်စုံခြင်းသည် လည်းကောင်း၊ ကုတောနိဒါနာ–ဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်းတဲ့။

လူတွေ နတ်တွေ ပုဂ္ဂိုလ်သတ္တဝါတွေ၏ မှီခိုအားထားရာ ဖြစ်တဲ့ ကာမဂုဏ်ငါးပါးအစရှိသော အကျိုးစီးပွားတွေဆိုတာရှိတယ်၊ အဲဒီ အကျိုးစီးပွားတွေကို လူတွေနတ်တွေ ပုဂ္ဂိုလ်သတ္တဝါတွေက မျှော်လင့်တောင့်တနေကြတယ်၊ အဲဒီတောင့်တတဲ့အတိုင်း ပြီးစီးပြည့်စုံ တာလဲရှိတယ်၊ အဲဒီ တောင့်တခြင်းနဲ့ ပြီးစီးပြည့်စုံခြင်းဆိုတာတွေဟာလဲ ဘယ်အကြောင်းကြောင့် ဖြစ်ပါသလဲတဲ့။ အဲဒီအမေးကို "လူ၏မှီရာ၊ အကျိုးမှာ၊ အာသာပြီးစီး ဘယ့်ကြောင့်နည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

လူ၏ မှီရာ၊ အကျိုးမှာ၊ အာသာပြီးစီး ဘယ့်ကြောင့်နည်း။

အဲဒီမှာ လူ၏–လို့ ဆိုတာကတော့ နရဿ–ဆိုတဲ့ပါဠိအရ လူကို ပဓာနပြုပြီး ဆိုထားတာပါပဲ၊ ဒါပေမယ့် ဆိုလိုရင်းကတော့ နတ်တွေရော တခြားသတ္တဝါတွေရော အကုန်လုံးကို ဆိုလိုတာပါပဲ၊ အားလုံးသော သတ္တဝါတို့၏ မှီခိုအားထားရာဖြစ်တဲ့ အကျိုးစီးပွား တွေမှာ လိုချင်တောင့်တတဲ့ အာသာရယ်၊ တောင့်တတဲ့အတိုင်း ပြီးစီးပြည့်စုံတဲ့ နိဗ္ဗာရယ်–ဒီနှစ်ပါးဟာလဲ ဘာကြောင့်ဖြစ်ပါသလဲလို့ မေးလိုရင်းပါပဲ၊ အဲဒီအမေးကို မြတ်စွာဘုရားက ဒီလိုဖြေကြား တော်မူပါတယ်။

## မြတ်စွာဘုရား၏ အဖြေဂါထာ (၄)

၄။ ဆန္ဒာနိဒါနာနိ ပိယာနိ လောကေ၊
ယေ စာပိ လောဘာ ဝိစရန္တိ လောကေ။
အာသာ စ နိဗ္ဗာ စ ကုတောနိဒါနာ၊
ယေ သမ္ပရာယာယ နရဿ ဟောန္တိ။

http://www.dhammadownload.com



မုနိ–နိမ္မိတရုပ်ပွား မြတ်ဘုရား၊ လောကေ–လောက၌၊ ပိယာနိ–ချစ်ဖွယ်ပုဂ္ဂိုလ် ထိုထိုဝတ္ထု အမှုအာရုံဟူသမျှတို့သည်၊ ဆန္ဒာနိဒါနာနိ– နှစ်သက် လိုချင်မှုဆန္ဒလျှင် အကြောင်းရှိကုန်၏၊ ဝါ– နှစ်သက်လိုချင်မှု ဆန္ဒကြောင့် ဖြစ်ကုန်၏၊ ယေ စ–အကြင်ပုဂ္ဂိုလ်တို့သည်လည်း၊ လောဘာ– နှစ်သက်လိုချင်တဲ့လောဘရှိကြသည် ဖြစ်၍၊ လောကေ–လောက၌၊ ဝိစရန္တိ– လှည့်လည်ကျက်စား ပျော်ပါး နေထိုင်လျက် ရှိကုန်၏၊ တေသံ–ထိုပုဂ္ဂိုလ်တို့၏၊ လောဘောပိ– နှစ်သက်လိုချင်တဲ့ လောဘသည်လည်း၊ ဆန္ဒနိဒါနော–ဆန္ဒကြောင့် ဖြစ်သည်တဲ့။

သက်ရှိပုဂ္ဂိုလ်ဖြစ်ဖြစ်၊ သက်မဲ့အာရုံဝတ္ထုဖြစ်ဖြစ်၊ ချစ်စရာကောင်းတယ်၊ နှစ်သက်စရာ လိုချင်စရာကောင်းတယ်ဆိုတာဟာ ဆန္ဒခေါ်တဲ့ နှစ်သက်လိုချင်မှု တဏှာရှိနေလို့ပါပဲ၊ အဲဒီဆန္ဒတဏှာက ချစ်ဖွယ်အနေဖြင့် အဦးအစအသိအမှတ်ပြုပေးလိုက်လို့ ချစ်စရာ နှစ်သက်စရာ လိုချင်စရာအနေဖြင့် ထင်မှတ်ပြီး နှစ်သက်သာယာနေကြတာပါပဲ၊ အဲဒီ ဆန္ဒတဏှာ လုံးဝကင်းနေတဲ့ ရဟန္တာပုဂ္ဂိုလ်တို့၏ အမြင်နဲ့ဆိုရင်တော့ ဇလောကထဲမှာရှိနေတဲ့ သက်ရှိသက်မဲ့ဟူသမျှတွေထဲမှာ ဘယ်ဟာမှ ချစ်ဖွယ်မရှိပါဘူး၊ အကုန်လုံး အနိစ္စ ဒုက္ခ အနတ္တ သဘောတွေချည်းမို့ မနှစ်သက် မလိုချင်စရာတွေချည်းပါပဲ။

ချစ်ဖွယ်ဖြစ်ကြောင်း–ချစ်ဖွယ်လို့ ထင်ရကြောင်းဖြစ်တဲ့ ဒီဆန္ဒကို မဟာနိဒ္ဒေသပါဠိမှာ ကာမစ္ဆန္ဒ ကာမရာဂစသည်ဖြင့် ကာမတဏှာ ပင်ဖြစ်ကြောင်း ဖွင့်ပြထားပါတယ်၊ အဲဒီ ကာမတဏှာက ချစ်စရာအနေဖြင့် အသိအမှတ်ပြုထားလို့ ချစ်စရာဆိုတာ ဖြစ်နေတာပဲ၊ ချစ်စရာအစစ်ရယ်လို့တော့မရှိပါဘူး၊ အဲဒါဟာ အချို့ပုဂ္ဂိုလ်တွေက ချစ်စရာလို့ ထင်မှတ်နေကြပေမယ့် အချို့ပုဂ္ဂိုလ်တွေမှာ ရွံရှာစက်ဆုပ်ဖွယ်ဖြစ်

http://www.dhammadownload.com



နေတာဟာ ထင်ရှားတဲ့သာဓကပါပဲ၊ တချို့လူတွေမှာ ခွေးသားစသည်ကို နှစ်သက်မြတ်နိုးကြတယ်၊ အဲဒါကို အများလူစုကတော့ ရွံရှာစက်ဆုပ်နေကြတယ်၊ ဒါပေမယ့် သတ္တဝါတွေမှာ မိမိတို့၏ ဆန္ဒတဏှာက ကောင်းတယ်လို့ အသိအမှတ်ပြုထားတဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှတွေဟာ ချစ်စရာတွေ ဖြစ်နေတာပါပဲ။

နောက်ပြီးတော့ မဟာနိဒ္ဒေသပါဠိမှာ ဒီဆန္ဒကို ငါးပါးခွဲပြထားတာလဲရှိတယ်၊ ခွဲပြပုံကတော့–

၁။ ပရိယေသနစ္ဆန္ဒ–ရှာဖို့လိုလားတဲ့တဏှာတဲ့၊ ဒီတဏှာဆန္ဒအားကြီးရင် လိုချင်စရာတွေကို ရှာလို့အားမရနိုင်ဘူး၊ ရှာချင်နေတာပဲ။

၂။ ပဋိလာဘစ္ဆန္ဒ–ရတာကို နှစ်သက်သာယာတဲ့ တဏှာတဲ့၊ ဒီတဏှာဆန္ဒအားကြီးရင် ရလို့အားမရနိုင်ဘူး၊ ရချင်နေတာပဲ၊ တစ်ခုရရင် နှစ်ခုလိုချင်တယ်၊ နှစ်ခုရတော့ လေးခုလိုချင်တယ် စသည်ဖြင့်ပြောတာဟာ ဒီတဏှာဆန္ဒပဲ။

၃။ ပရိဘောဂစ္ဆန္ဒ–သုံးဆောင်ရတာကို နှစ်သက်သာယာတဲ့ တဏှာတဲ့၊ ဒီတဏှာကလဲသုံးဆောင်လို့ အားမရနိုင်ဘူး၊ သုံးဆောင်ချင်နေတာပဲ။

၄။ သန္နိဓိစ္ဆန္ဒ–သိုမှီးသိမ်းဆည်းထားရတာကို နှစ်သက်သာယာတဲ့ တဏှာတဲ့၊ ဒီတဏှာကလဲ သိမ်းဆည်းလို့ အားမရနိုင်ဘူး။

၅။ ဝိသဇ္ဇနစ္ဆန္ဒ–စီးပွားရေးအတွက် အလုပ်သမားလခစသည် ထုတ်ပေးရတာကို နှစ်သက်သာယာတဲ့ တဏှာတဲ့၊ ဒီ တဏှာကလဲ စီးပွားရေးတိုးတက်သည်ထက်

http://www.dhammadownload.com



တိုးတက်အောင် ထုတ်ပေးလို့အားမရနိုင်ဘူး၊ ဒါကြောင့် ယခုခေတ်မှာ ကုဋေ ပေါင်းများစွာ ကြွယ်ဝနေတဲ့ သူဌေးကြီးတွေဟာ စီးပွားရေးလုပ်ငန်းကို တိုးချဲ့တိုးချဲ့ပြီး လုပ်ဆောင်နေကြတာပဲ။

အဲဒီ တဏှာဆန္ဒ ငါးပါးအရအားဖြင့် ဘယ်လိုဟာ ကောင်းတယ်။ ဘယ်လိုလုပ်ရင်ကောင်းတယ်စသည်ဖြင့် ပထမစပြီးနှစ်သက်လိုချင်တဲ့ တဏှာဆန္ဒဟာ ပိယခေါ်တဲ့ချစ်ဖွယ်ဖြစ်ခြင်း၏ အကြောင်းပါပဲ၊ နောက်ပြီးတော့ လူတွေနတ်တွေ ပုဂ္ဂိုလ်သတ္တဝါတွေ လောကထဲမှာ ပျော်မွေ့နေခြင်း၏အကြောင်းဖြစ်တဲ့ လောဘဆိုတာလဲ လက်ဦးအစ နှစ်သက်လိုချင်တဲ့ ဒီတဏှာဆန္ဒကြောင့် ဖြစ်တာပါတဲ့၊ အဲဒီအနက် နှစ်ရပ်ကို "ချစ်ဖွယ် လောဘ၊ ထိုနှစ်ဝ၊ ဆန္ဒလိုချင်မှုကြောင့်ပင်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို လိုက်ဆိုကြရမယ်။

၄။ ချစ်ဖွယ်လောဘ၊ ထိုနှစ်ဝ၊ ဆန္ဒလိုချင်မှုကြောင့်ပင်။

ဒီနေရာမှာ ကျင့်ဖို့ကတော့–သက်ရှိဖြစ်ဖြစ်၊ သက်မဲ့ဖြစ်ဖြစ် တစ်စုံတစ်ခုကို ချစ်ဖွယ်လို့ထင်လာရင်၊ လောကထဲမှာ ပျော်မွေ့တဲ့ သဘောဖြစ်လာရင် ဒီဒေသနာတော်အရ တဏှာဆန္ဒကြောင့်ဖြစ်တဲ့ အကုသိုလ် အကျိုးတရားမျှပဲလို့ ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ရှုမှတ်ပြီးတော့ ဖြစ်စေ ပယ်သွားဖို့ပါပဲ။

နောက်ပြီးတော့ ယေ–ကာမဂုဏ်ငါးပါးစသော အကြင် အကျိုးစီးပွားတို့သည်၊ နရဿ–လူ၏၊ ဝါ–နတ်လူပုဂ္ဂိုလ်သတ္တဝါ၏၊ သမ္ပရာယာယ–မိမိရာ အားထားရာအလို့ငှာ၊ ဝါ–မိမိရာ အားထားရာ တို့သည်၊ ဟောန္တိ–ဖြစ်ကုန်၏၊ တေသု–ကာမဂုဏ်ငါးပါးစသော ထိုအကျိုးစီးပွားတို့၌၊ အာသာ စ–တောင့်တခြင်းသည်လည်းကောင်း၊ နိဋ္ဌာ စ–တောင့်တသည့်အတိုင်းပြီးစီး ပြည့်စုံခြင်းသည်လည်းကောင်း၊

http://www.dhammadownload.com



ဏှာတော နိဒါနာ–ဤတဏှာဆန္ဒလျှင် အကြောင်းရှိ၏၊ ဝါ–ဤတဏှာဆန္ဒ ကြောင့်ပင် ဖြစ်ပါသည် တဲ့။

အဲဒါကို "လူ၏မှီရာ၊ အကျိုးမှာ၊ အာသာပြီးကြောင်း ၎င်းပင်" လို့ ဆောင်ပုဒ်စီထားပါတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

လူ၏မှီရာ၊ အကျိုးမှာ၊ အာသာပြီးကြောင်း ၎င်းပင်။

လူတွေ နတ်တွေ ပုဂ္ဂိုလ် သတ္တဝါတွေရဲ့ အားထားမှီရာဖြစ်တဲ့ ကာမဂုဏ်ငါးပါးစသော အကျိုးစီးပွားတွေမှာ လိုချင်တောင့်တတဲ့ အာသာရယ်၊ အဲဒီလို အာသာပြီးစီးပြည့်စုံခြင်းရယ် ဒီ–၂ပါး၏ အကြောင်းဟာလဲ ၎င်းဆန္ဒပါပဲတဲ့၊ ဒီနေရာမှာ ဆန္ဒဆိုတာက မြန်မာစကားအရအားဖြင့် လိုလား တာ နှစ်သက်တာ လိုချင်တာပါပဲ၊ လောဘနဲ့အာသာဆိုတာလဲ လိုချင်တာ နှစ်သက်တာ တောင့်တတာပဲ၊ အဲဒီတော့ ဆန္ဒနှင့်လောဘ အာသာဆိုတာ တွေဟာ ထပ်တူလိုပင် ဖြစ်နေပါတယ်၊ ပါဠိလိုကတော့ ဆန္ဒရယ် လောဘရယ် အာသာရယ်–ဒီသုံးမျိုးဟာ တခြားစီ ကွဲပြားနေပါတယ်၊ ဒါကြောင့် သတ္တဝါတွေလောကထဲ၌ ပျော်မွေ့နေ ကြခြင်း၏အကြောင်း ဖြစ်တဲ့ လောဘဟာလဲ ဆန္ဒကြောင့်ဖြစ်တယ်၊ အာသာဆိုတဲ့ လိုချင် တောင့်တခြင်းဟာလဲ ဆန္ဒကြောင့်ပင် ဖြစ်တယ်လို့ ဟောထားတာ ပါပဲ၊ မြန်မာလိုကွဲပြားအောင် သိမှတ်ထားဖို့ကတော့ ဆန္ဒဆိုတာက ချစ်စရာလိုချင်စရာကောင်းတယ်လို့ လက်ဦးစပြီး နှစ်သက်လိုချင်တဲ့ တဏှာပဲ၊ အဲဒီ တဏှာဆန္ဒဖြင့် လက်ဦးအစ နှစ်သက်လိုချင်ပြီးတဲ့ နောက်မှ အဖန်ဖန် အထပ်ထပ် တောင့်တလိုချင်တာကို အာသာလို့ ယူရမယ်၊ ဒါကြောင့် ပိယ–ချစ်ဖွယ်ဆိုတာရယ်၊ လောဘရယ်၊ အာသာရယ်– ဒါတွေဟာ ဆန္ဒကြောင့်ဖြစ်တယ်လို့ ဒီမှာဟောကြား ထားတာပါပဲ။

နောက်ပြီးတော့ လိုချင်တောင့်တသည့်အတိုင်း ပြီးစီးပြည့်စုံ

http://www.dhammadownload.com



တယ်ဆိုတာက ဘာလဲဆိုရင် အဲဒါကို မဟာနိဒ္ဒေသပါဠိမှာ ဒီလိုဖွင့်ပြထားပါတယ်။

ဣစ္ဆ–ဤလောက၌၊ ကေစ္စော–အချို့ပုဂ္ဂိုလ်သည်၊ ရူပံ–အဆင်းအာရုံ ကာမဂုဏ်ဝတ္ထုကို၊ ပရိယေသန္တော–ရှာလတ်သော်၊ ရူပံ–အဆင်းအာရုံ ကာမဂုဏ်ဝတ္ထုကို၊ ပဋိလဘတိ–ရ၏၊ (ဝေံ–ဤသို့ရလတ်သော်) ရူပနိဗ္ဗော–အဆင်းအာရုံ ကာမဂုဏ်ဝတ္ထု ပြီးစီးပြည့်စုံသည်၊ ဟောတိ–ဖြစ်၏ စသည်ဖြင့် လိုချင်တောင့်တတာကို ရရင် နိဗ္ဗာ–ပြီးစီးပြည့်စုံသည်မည်တယ်လို့ ဖွင့်ပြထားပါတယ်၊ ဒါကြောင့် လိုလားတောင့်တတဲ့ ကာမဂုဏ်အာရုံ ဝတ္ထုတွေကိုရရင်လဲ နိဗ္ဗာ–ပြီးစီးသည်မည်တယ်၊ အဆောက်အအုံလာဘ်လာဘ အခြွေအရံ အကျော်အစော ဆွမ်း သင်္ကန်း ကျောင်း ဆေးဆိုတဲ့ ဒီလိုဟာတွေကိုရရင်လဲ နိဗ္ဗာ–ပြီးစီးပြည့်စုံသည်မည်တယ်၊ ပရိယတ်ဘက်က သုတ်ဝိနည်း အဘိဓမ္မာတွေကို တတ်သိရင်၊ ပဋိပတ်ဘက်က ဓုတင်တွေကိုကျင့်နိုင်ရင်၊ ဈာန်သမာပတ်ရှစ်ပါးကိုရရင် ဒါလဲ နိဗ္ဗာ– ပြီးစီးပြည့်စုံသည်မည်တယ်၊ အဲဒီလို ပြီးစီးပြည့်စုံတာတွေဟာလဲ ဆန္ဒကြောင့်ပင် ဖြစ်ပါတယ်တဲ့၊ ဘယ်လိုလဲဆိုတော့–အဲဒီ ကာမဂုဏ်စသည်တွေကို လိုချင်တဲ့ဆန္ဒရှိနေသူတွေက အဲဒီလိုချင်တာတွေကို မရ–ရအောင် ရှာကြံကြပြုကျင့်ကြတယ်၊ အဲဒီလို ရှာကြံကြ ပြုကျင့်ကြလို့ အဲဒီ ကာမဂုဏ်အစ သမာပတ်အဆုံးရှိတဲ့ တောင့်တတာတွေကို ရသင့်သမျှ ရကြတာပဲ၊ ဒါကြောင့် လိုချင်တောင့်တတဲ့အတိုင်း ပြီးစီးပြည့်စုံခြင်းဟာလဲ ဆန္ဒကြောင့်ပင်ဖြစ်တယ်လို့ ဟောတော်မူတာပါပဲ။

ဒီအပိုဒ်နှင့်စပ်ပြီး ကျင့်ဖို့ကတော့–တစ်စုံတစ်ခုကို လိုချင်တောင့်တမိရင် ဆန္ဒကြောင့်ဖြစ်တဲ့ အကျိုးတရားမျှပဲလို့ ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ရှုမှတ်ပြီးတော့ဖြစ်စေ၊ အဲဒီ အာသာဆိုတဲ့ လိုချင်

http://www.dhammadownload.com



တောင့်တမှု အကုသိုလ်ကို ပယ်သွားဖို့ပါပဲ၊ တောင့်တတဲ့အတိုင်း ရအောင်ရှာကြံလိုလျှင်၊ ရလာတာကို နှစ်သက်သာယာလျှင် အဲဒါကိုလဲ ဆန္ဒကြောင့်ဖြစ်တဲ့ အကျိုးမျှပဲလို့ ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ရှုမှတ်ပြီးတော့ဖြစ်စေ ပယ်သွားဖို့ပါပဲ၊ အဲဒီလို ရှုမှတ်ပြီး ပယ်သွားခြင်းဖြင့် ဝိပဿနာဉာဏ်ရင့်သန်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ရောက်သွားနိုင်ပါတယ်။

ဒီနေရာမှာ အထူးသတိပြုစရာ အချက်တစ်ခုကတော့ မဂ်ဖိုလ်နိဗ္ဗာန်ကိုရလို ရောက်လိုတဲ့ဆန္ဒက ကုသိုလ်ဆန္ဒပဲ၊ ပယ်ရမည့် အကုသိုလ် ဆန္ဒမဟုတ်ဘူးဆိုတာကို အထူးသတိပြုကြရမယ်။

ဒါကြောင့် အကုသိုလ်ဆန္ဒနှင့် ယင်းဆန္ဒကြောင့်ဖြစ်သော ချစ်ဖွယ် ထင်ခြင်း၊ လောဘ၊ အာသာစသည်တို့ကို ကုသိုလ်ဆန္ဒဖြင့် ဆင်ခြင်၍ ဖြစ်စေ၊ ရှုမှတ်၍ဖြစ်စေ၊ ပယ်နိုင်ကြသည်ဖြစ်၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . .။

http://www.dhammadownload.com

# (၁) ကလဟဝိဝါဒသုတ်

## တတိယပိုင်း

၁၃၃၉–ခုနှစ်၊ ဝါခေါင်လဆုတ် (၈)ရက်နေ့ဟောသည်။

------

### တရားအနုသန္ဓေ

ကလဟဝိဝါဒသုတ်ကို ဟောတာ ၂–ကြိမ်ရှိခဲ့ပြီ၊ စတုတ္ထ ဂါထာအထိ ပြီးခဲ့ပြီ၊ ဒီကနေ့ ပဉ္စမဂါထာကစပြီး ဟောရမယ်၊ နိမ္မိတ ရုပ်ပွားဘုရားက ဒီလိုမေးတော်မူပါတယ်။

### နိမ္မိတဘုရား၏ အမေးဂါထာ (၅)

၅။ ဆန္ဒော နု လောကသ္မိံ ကုတောနိဒါနော၊
ဝိနိစ္ဆယာ စာပိ ကုတောပဟူတာ။
ကောဓော မောသဝဇ္ဇဉ္စ ကထံကထာ စ၊
ယေ ဝါပိ ဓမ္မာ သမဏေန ဝုတ္တာ။

ဂေါတမ–ဂေါတမနွယ်ဖွား မြတ်စွာဘုရား၊ လောကသ္မိံ– လောက၌၊ ဆန္ဒော–လိုချင်နှစ်သက်မှု တဏှာဆန္ဒသည်၊ ကုတော နိဒါနော နု–ဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်းတဲ့၊ လပြည့်နေ့က ဟောခဲ့တဲ့ စတုတ္ထဂါထာမှာ ပိယရယ် လောဘရယ် အာသာရယ် နိဋ္ဌာရယ် ဒါတွေဟာ လက်ဦးစပြီး လိုချင်နှစ်သက်တဲ့ ဆန္ဒကြောင့်ဖြစ်တယ်လို့ ဖြေကြားတော်မူခဲ့တယ်၊ အဲဒီဆန္ဒကတော့ ဘာကြောင့်ဖြစ်သလဲလို့ မေးတော်မူပါတယ်၊ အဲဒါကို "ဆန္ဒဆိုတာ၊ ဖြစ်ပေါ်လာ၊ ဘယ်ဟာ ကြောင့်ပါနည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

၅။ ဆန္ဒဆိုတာ၊ ဖြစ်ပေါ်လာ၊ ဘယ်ဟာကြောင့်ပါနည်း။

နောက်ပြီးတော့ ဝိနိစ္ဆယာ စာပိ–ချစ်စရာပဲ၊ မည်သို့ပြုရမည်

http://www.dhammadownload.com



စသည်ဖြင့် ဆုံးဖြတ်ခြင်းတို့သည်လည်း၊ ကုတောပဟူတာ–အဘယ့်ကြောင့် ဖြစ်ပါကုန်သနည်း တဲ့၊ ချစ်စရာပဲ၊ မည်သို့ပြုရမည် စသည်ဖြင့် ဆုံးဖြတ်ချက်ချတာကလဲ ဘာ့ကြောင့်ဖြစ်ပါသလဲ တဲ့၊ အဲဒါကိုလဲ "ဆုံးဖြတ်မှုဟာ၊ ဘယ်ကြောင်းမှာ၊ မှီကာဖြစ်သနည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဆုံးဖြတ်မှုဟာ၊ ဘယ်ကြောင်းမှာ၊ မှီကာဖြစ်သနည်း။

နောက် ၂–ပိုဒ်ကတော့ ကောဓော စ–အမျက်ထွက်ခြင်းသည်လည်းကောင်း၊ မောသဝဇ္ဇဉ္စ–လိမ်လည်ပြောဆိုခြင်းသည်လည်းကောင်း၊ ကထံကထာစ–ယုံမှားခြင်းသည်လည်းကောင်း၊ ကုတောပဟူတာ–အဘယ့်ကြောင့် ဖြစ်ပါကုန်သနည်း၊ ယေဝါပိ ဓမ္မာ– ယင်းအမျက်ထွက်ခြင်းစသော တရားတို့ကိုလည်း၊ သမဏေန –ဘုရားရှင်ဖြစ်သော ရဟန်းမြတ်သည်၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်၏တဲ့ ။(ဒီနေရာမှာ ယေဝါပိ ဓမ္မာ သမဏေန ဝုတ္တာ–ဟူသော အပိုဒ်ဖြင့် ကောဓစသည်နှင့်ယှဉ်သော အကုသိုလ်တရားများ၊ ကောဓစသည်မှ အခြားအကုသိုလ်များဟာလဲ ဘာကြောင့် ဖြစ်ကြပါသလဲ–ဟူသောအနက်ကိုလည်း ဖွင့်ပြကြ၏၊ သို့သော် ထိုအမေး၏ အဖြေကား မရှိချေ၊ ထို့ကြောင့် ယေဝါပိ စသည်ဖြင့် ကောဓစသည်ကိုပင် အရကောက်၍ အနက်ပြန်ပါသည်) မမှီဝဲသင့်သော တရားအဖြစ်ဖြင့် မြတ်စွာဘုရားဟောထားသော အမျက်ထွက်ခြင်း လိမ်ပြောခြင်း ယုံမှားခြင်းဆိုတာတွေကလဲ ဘာ့ကြောင့်ဖြစ်ကြ ပါသလဲတဲ့၊ အဲဒါကိုလဲ "အမျက်ထွက်ငြား၊ လိမ်စကား၊ ယုံမှားဘယ့်ကြောင့် ဖြစ်သနည်း" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုလိုက်ဆိုကြရအောင်။

အမျက်ထွက်ငြား၊ လိမ်စကား၊ ယုံမှားဘယ့်ကြောင့်
ဖြစ်သနည်း။

http://www.dhammadownload.com



အဲဒီအမေးကို မြတ်စွာဘုရားက ဂါထာ ၂-ပုဒ်ဖြင့် ဖြေကြားတော်မူပါတယ်။ ဖြေကြားပုံကတော့-

## မြတ်စွာဘုရား၏ အဖြေဂါထာ (၆)

၆။ သာတံ အသာတန္တိ ယမာဟု လောကေ၊
တမူပနိဿာယ ပဟောတိ ဆန္ဒော။
ရူပေသု ဒိသွာ ဝိဘဝံ ဘဝဉ္စ၊
ဝိနိစ္ဆယံ ကုဗ္ဗတိ ဇန္တု လောကေ။

လောကေ-လောက၌၊ ယံ-အကြင် အကောင်းအဆိုးကို၊ သာတံ အသာတန္တိ-သာယာဖွယ် မသာယာဖွယ်ဟူ၍၊ အာဟု-ဆိုကြ၏၊ ဆန္ဒော- လက်ဦးစ၍ လိုချင်နှစ်သက်သော တဏှာဆန္ဒသည်၊ တံ-ထိုသာယာဖွယ် မသာယာဖွယ်ကို၊ ဥပနိဿာယ ပဟောတိ-မှီ၍ ဖြစ်ပေသည်တဲ့။

လောကမှာ လူတွေ နတ်တွေ ပုဂ္ဂိုလ်သတ္တဝါတွေကို သာယာဖွယ်နဲ့ မသာယာဖွယ်ကို ခွဲခြားပြီး အသိမှတ်ပြုထားကြတယ်၊ သာယာဖွယ်ဆိုတာ အတွေ့အာရုံကောင်းတွေနဲ့တွေ့ထိပြီး ကိုယ်ထဲက ချမ်းသာတာ ကောင်းတာရယ်၊ စိတ်ထဲမှာ အာရုံကောင်းတွေကို အမှီပြုပြီး ရွှင်လန်း ချမ်းသာနေတာရယ် ဒီ ၂-ပါးကို သာယာဖွယ်လို့ အသိအမှတ်ပြုထားကြတယ်၊ နောက်ပြီးတော့ လှပတဲ့အဆင်း ချိုသာတဲ့အသံ မွှေးတဲ့အနံ့ ကောင်းတဲ့အရသာ ကောင်းတဲ့အတွေ့ ကောင်းတဲ့ သဘောအာရုံ ဒါတွေကိုလဲ သာယာဖွယ်လို့ အသိအမှတ်ပြုထားကြတယ်၊ မသာယာဖွယ်ဆိုတာကတော့ ကိုယ်ထဲက မခံသာတဲ့ ဆင်းရဲတွေ စိတ်ထဲကမခံသာတဲ့ ဆင်းရဲတွေ-ဒါတွေကို မသာယာဖွယ် ရွံမုန်းဖွယ်လို့ အသိအမှတ် ပြုထားကြတယ်၊ နောက်ပြီးတော့ အမြင်ဆိုး

http://www.dhammadownload.com



အကြားဆိုးစတဲ့ အာရုံဆိုးတွေကိုလဲ မသာယာဖွယ် ရွံမုန်းဖွယ်လို့ အသိအမှတ်ပြုထားကြတယ်။

အတိုချုပ်ပြောရရင်တော့ သုခဝေဒနာနဲ့ အာရုံကောင်းတွေက သာယာဖွယ်ပဲ၊ ဒုက္ခဝေဒနာနဲ့ အာရုံဆိုးတွေက မသာယာဖွယ် ရွံမုန်းဖွယ်ဘဲ၊ လက်ဦးစပြီး လိုချင်နှစ်သက်တဲ့ တဏှာဆန္ဒဟာ အဲဒီ သာယာဖွယ်နဲ့ မသာယာဖွယ်ကို မှီပြီးဖြစ်ပါတယ်တဲ့၊ ဖြစ်ပုံကတော့ အာရုံကောင်းတွေနဲ့ ကိုယ်ထဲစိတ်ထဲ ချမ်းသာနေရင် အဲဒီ အာရုံကောင်းတွေကိုလဲ လိုချင်နှစ်သက်တယ်၊ ကိုယ်စိတ် ချမ်းသာတာကိုလဲ လိုချင်နှစ်သက်တယ်၊ အာရုံဆိုးတွေနဲ့တွေ့ပြီး ကိုယ်စိတ် ဆင်းရဲရရင်လဲ အာရုံကောင်းတွေကို တွေ့ချင်တဲ့ဆန္ဒဖြစ်တယ်၊ ကိုယ်စိတ်ချမ်းသာတာတွေကို ခံစားချင်တဲ့ဆန္ဒလဲဖြစ်တယ်၊ ဒါကြောင့် အဲဒီအနက်ကို "သာယာစဖွယ်၊ ရွံမုန်းဖွယ်၊ မှီတွယ်ဆန္ဒ ဖြစ်ပေါ်သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၆။ သာယာစဖွယ်၊ ရွံမုန်းဖွယ်၊ မှီတွယ်ဆန္ဒ ဖြစ်ပေါ်သည်။

အဲဒါဟာ ဝေဒနာကြောင့် တဏှာဖြစ်သည်–ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်နှင့် သဘောအားဖြင့် တူပါတယ်။

နောက် ၂–ပိုဒ်ကတော့ လောကေ– လောက၌၊ ဇန္တု–ပုဂ္ဂိုလ်သတ္တဝါသည်၊ ရူပေသု–ရုပ်ဝတ္ထုတို့၌၊ ဝိဘဝဉ္စ–ပျက်စီးခြင်းကိုလည်းကောင်း၊ ဘဝဉ္စ–ဖြစ်ပွားခြင်းကိုလည်းကောင်း၊ ဒိသွာ–မြင်၍၊ ဝါ–မြင်တွေ့ရသောကြောင့်၊ ဝိနိစ္ဆယံ–ချစ်စရာပဲ၊ မည်သို့ပြုရမည်စသည်ဖြင့် ဆုံးဖြတ်ခြင်းကို၊ ကုဗ္ဗတိ–ပြုပေသည်တဲ့၊ အဲဒါကို "ရုပ်ဝတ္ထုတွင်၊ ဖြစ်ပျက်မြင်၊ လိုချင်စွဲမှတ် ဆုံးဖြတ်သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

http://www.dhammadownload.com



ရုပ်ဝတ္ထုတွင်၊ ဖြစ်ပျက်မြင်၊ လိုချင် စွဲမှတ် ဆုံးဖြတ်သည်။

ဒီနေရာမှာ အဖြစ်အပျက် မြင်တယ်ဆိုတာကတော့ ဝိပဿနာဉာဏ်ဖြင့် မြင်တာမျိုးမဟုတ်ပါဘူး၊ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုတွေ အကြောင်းအားလျော်စွာ ဖြစ်မှားတာ ပျက်ပြားတာကို မြင်တာပါပဲ။ ဒါကြောင့် မဟာနိဒ္ဒေသပါဠိမှာ စီးပွားရေးပျက်မှုနဲ့စပ်ပြီး ဆင်ခြင်ပုံ ဆုံးဖြတ်ပုံကို ဒီလိုပြထားတယ်။

(၁) သေရည်အရက်စသည်ကို သောက်စားလို့ စီးပွားပျက် တာလဲ ရှိတယ်၊
(၂) အချိန်မဟုတ်ဘဲ ညဥ့်အခါ လှည့်လည်နေလို့ စီးပွားပျက် တာလဲ ရှိတယ်၊
(၃) ပွဲလမ်းသဘင် အပျော်အပါး အလိုက်အစားများလို့ စီးပွား ပျက်တာလဲ ရှိတယ်၊
(၄) လောင်းကစားလို့ စီးပွားပျက်တာလဲ ရှိတယ်၊
(၅) အပေါင်းအသင်း မိတ်ဆွေညံ့လို့ စီးပွားပျက်တာလဲ ရှိတယ်၊
(၆) အလုပ်ကို ကောင်းကောင်းမလုပ်ဘဲ ပျင်းနေလို့ စီးပွား ပျက်တာလဲ ရှိတယ်၊

အဲဒီ ၆–ပါးထဲက ဆင်ခြင်ကြည့်လို့ စီးပွားရေးပျက်ခြင်း၏ အကြောင်းကို တွေ့ရလျှင် အဲဒီစီးပွားပျက်ကြောင်းကို ပယ်စွန့်ပြီး စီးပွား ဖြစ်ကြောင်းကို လုပ်ကိုင်သွားဖို့ ဆုံးဖြတ်တယ်၊ အဲဒါဟာ တဏှာဖြင့် ဆုံးဖြတ်ခြင်းပဲ၊ နောက်ပြီးတော့ စီးပွားဖြစ်အောင် လယ်ယာလုပ်ခြင်း ရောင်း ဝယ်ခြင်း ခေတ်အားလျော်စွာ အတတ်ပညာဖြင့် အလုပ်လုပ်ခြင်း စသည်တွေကို ပြုလုပ်ဖို့ ဆုံးဖြတ်တာလဲရှိတယ်၊ ဒါလဲ

http://www.dhammadownload.com



တဏှာဖြင့် ဆုံးဖြတ်တာပဲ၊ အဲဒါတွေဟာ စီးပွားရေးဆိုင်ရာ ရုပ်ဝတ္ထုများ၏ ဖြစ်ခြင်းပျက်ခြင်းကို သိမြင်ပြီး ဆုံးဖြတ်တာပဲ၊ နောက်ပြီးတော့ ရောင်းဝယ်ရာစသည့်မှာလဲ ဘယ်ပစ္စည်းကို ဝယ်ပြီးရောင်းလျှင် ကောင်းတယ်စသည်ဖြင့် ဆုံးဖြတ်တာလဲ ရှိတယ်၊ အဲဒါလဲ တဏှာဖြင့် ဆုံးဖြတ်တာပဲ။

နောက်ပြီးတော့ မိမိကိုယ်ရုပ် သူတစ်ပါးကိုယ်ရုပ်တို့၏ အခြေအနေကိုကြည့်ပြီး အတ္တကောင်လို့ ဆုံးဖြတ်တာလဲရှိတယ်၊ ရုပ်ကိုယ်ကြီးပျက်ပြီး သေသွားတဲ့အခါ ဘာကိုမှုမတွေ့ရတဲ့အတွက် သေပြီးရင်ဘာမှုမရှိတော့ဘူးလို့ ဆုံးဖြတ်တာလဲရှိတယ်၊ လူ့ဝင်စားရုပ်ကို အကြောင်းပြုပြီး ရှေးဘဝမှ လူကပဲ ယခုဘဝသို့ အကောင်လိုက်ပြောင်းလာတယ်လို့ ဆုံးဖြတ်တာလဲ ရှိတယ်၊ ဒါတွေကတော့ ဒိဋ္ဌိဖြင့် ဆုံးဖြတ်တာပဲ။

နောက်ပြီးတော့ ရုပ်ဝတ္ထု အထူးများကိုမြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ နံ၍ဖြစ်စေ၊ စားသိ၍ဖြစ်စေ၊ တွေ့ထိ၍ဖြစ်စေ ကောင်းတယ်ချစ်စရာပဲ စသည်ဖြင့် ဆုံးဖြတ်တာလဲရှိတယ်၊ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုတွေ ပျက်စီးသွားတာကို အကြောင်းပြု၍ ဝမ်းနည်းစရာပဲ ဒိုစရာပဲ စသည်ဖြင့် ဆုံးဖြတ်တာ တွေလဲရှိတယ်၊ ဒါတွေလဲ ထိုက်သည့်အားလျော်စွာ တဏှာဖြင့် ဒိဋ္ဌိဖြင့် ဆုံးဖြတ်ခြင်းတွေပဲ၊ ဒါကြောင့် "ရုပ်ဝတ္ထုတွင်၊ ဖြစ်ပျက်မြင်၊ လိုချင်စွဲမှတ် ဆုံးဖြတ်သည်"လို့ ဆိုထားတာပဲ၊ အဲဒီမှာ လိုချင်ဆိုတာ ကတော့ ကာရန်ရသည့် အားလျော်စွာ ပဓာနပြု၍ ဆိုထားတာပါပဲ၊ လိုချင်တဲ့ အနေမဟုတ်ဘဲ ရွံမုန်းတဲ့အနေကြောက်ဖွယ်အနေစသည်ဖြင့် ဆုံးဖြတ်တာတွေကိုလဲ ယူရမှာပါပဲ။

ဒီဂါထာအရ ကျင့်ဖို့ကတော့ လိုချင်နှစ်သက်မှုဆန္ဒဖြစ်လာရင် သာယာဖွယ် မသာယာဖွယ်ကြောင့်ဖြစ်တဲ့ အကျိုးတရားမျှပဲလို့ ဆင်ခြင်၍ ဖြစ်စေ၊ ရှုမှတ်၍ဖြစ်စေ ပယ်ရမယ်၊ ဒါက ချစ်စရာကောင်းတယ်၊

http://www.dhammadownload.com



ဘယ်လို လုပ်ရမယ်စသည်ဖြင့် ဆုံးဖြတ်မှု ဖြစ်ရင်လဲ အဲဒီအကြောင်းကြောင့်ဖြစ်တဲ့ အကျိုးမျှပဲလို့ ဆင်ခြင်၍ဖြစ်စေ၊ ရှုမှတ်၍ဖြစ်စေ ပယ်သွားရုံပါပဲ၊ ဒါပေမဲ့ စီးပွားရေးနှင့်စပ်ပြီး ဆုံးဖြတ်မှုကိုတော့ စီးပွားရေးလုပ်နေရတဲ့သူများမှာ ပယ်ရန်မဖြစ်ပေဘူး။

## မြတ်စွာဘုရား၏ အဖြေဂါထာ (၇)

၇။ ကောဓော မောသဝဇ္ဇဉ္စ ကထံကထာ စ၊
ဧတေပိ ဓမ္မာ ဒွယမေဝ သန္တေ။
ကထံကထိ ဉာဏပထာယ သိက္ခေ၊
ဉတွာ ပဝုတ္တာ သမဏေန ဓမ္မာ။

ကောဓော စ–အမျက်ထွက်ခြင်းသည် လည်းကောင်း၊ မောသဝဇ္ဇဉ္စ–လိမ်လည်ပြောဆိုခြင်းသည် လည်းကောင်း၊ ကထံကထာ စ–ယုံမှား ခြင်းသည်လည်းကောင်း၊ ဧတေပိ ဓမ္မာ–ဤတရားတို့သည်လည်း၊ ဒွယံ ဒွယသ္မိံ ဧဝ–သာယာဖွယ် မသာယာဖွယ်ဟူသော ဤနှစ်ပါးသည်ပင်လျှင်၊ သန္တေ–ရှိလတ်သော်၊ ဟောန္တိ–ဖြစ်ကုန်၏တဲ့၊ အမျက်ထွက်ခြင်း လိမ်ခြင်း ယုံမှားခြင်းဆိုတဲ့ ဒီသုံးပါးဟာလဲ သာယာဖွယ် မသာယာဖွယ်ဆိုတဲ့ အကြောင်းနှစ်ပါးကြောင့်ပင် ဖြစ်တာပါပဲတဲ့၊ အဲဒါကို "အမျက်ထွက်ငြား၊ လိမ်စကား၊ ယုံမှား ဤသုံးမည်၊ သာယာမုန်းဖွယ် ထိုနှစ်သွယ် မှီတွယ်ဖြစ်ပွားသည်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရအောင်။

၇။ အမျက်ထွက်ငြား၊ လိမ်စကား၊ ယုံမှား ဤသုံးမည်။
သာယာမုန်းဖွယ်၊ ထိုနှစ်သွယ်၊ မှီတွယ်ဖြစ်ပွားသည်။

အမျက်ထွက်တယ်ဆိုတာ မုန်းဖွယ် အနိဋ္ဌာရုံကြောင့် အဖြစ်များတယ်၊ ဒါပေမယ့် သာယာဖွယ်ကိုမရခြင်းကြောင့် အမျက်ထွက်

http://www.dhammadownload.com



တာလဲ ရှိတာပဲ၊ လိမ်ပြောတာကတော့ သာယာဖွယ်ကို ရအောင်ဖြစ်စေ၊ မုန်းဖွယ် ဘေးရန် စသည်မှ လွတ်ကင်းအောင်ဖြစ်စေ ပြောတတ်ကြတာပဲ၊ ယုံမှားတာကလဲ ကိုယ်ကြိုက်တဲ့အယူနဲ့ မကြိုက်တဲ့အယူကို မှီပြီးဖြစ်တာပဲ၊ ဒါကြောင့် အမျက်ထွက်ခြင်းစသော သုံးပါးကို သာယာဖွယ် မသာယာဖွယ် ဒီ၂-ပါးကြောင့်ပင် ဖြစ်တယ်လို့ ဟောတော်မူတာပါပဲ၊ ဒီနေရာမှာလဲ အမျက်ထွက်ခြင်း လိမ်လိုခြင်း ယုံမှားခြင်းထဲက တစ်ခုခုဖြစ်ပေါ်လာရင် သာယာဖွယ် မသာယာဖွယ်ကြောင့် ဖြစ်တဲ့ အကုသိုလ်တရားမျှပဲလို့ သိပြီးဖြစ်စေ၊ ရှုမှတ်ပြီးဖြစ်စေ ပယ်သွားရုံပါပဲ။

နောက်ပြီးတော့ ကထံကထီ- ယုံမှားရှိသောသူသည်၊ သမဏေန- ဘုရားတည်းဟူသော ရဟန်းမြတ်က၊ ဉတွာ-ကိုယ်တိုင်သိပြီးမှ၊ ပဝုတ္တာ ဓမ္မာ-ဟောထားသည့် တရားမှန်တို့ပေတည်း၊ ဣတိ- ဤသို့ ဆင်ခြင်၍၊ ဉာဏပထာယ-ထိုတရားများကို ကိုယ်တိုင်သိအောင်၊ သိက္ခေ-ဘုရားရှင်က ညွှန်ပြထားသည့်အတိုင်း မဂ္ဂင်ရှစ်ပါး သီလ သမာဓိ ပညာအကျင့်များကို ကျင့်ရာသည်တဲ့၊ (ဉတွာ ပဝုတ္တာ သမဏေန ဓမ္မာ-ဟူသော ဤပါဠိကို ဘုရားက ကိုယ်တိုင်သိပြီးမှ ဟောထားသည့် တရားများဖြစ်သောကြောင့်- ဟူ၍လဲ အနက်ပြန်ကြ၏၊ ဤ၌ကား မြန်မာစကားပိုပြီးချောမောပေါ်လွင်စေရန် အာကာရ အနက်ပြန်သည်။)

ဘုရား တရား သံဃာ အကျင့်သိက္ခာနှင့်စပ်ပြီး ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားရှိနေလျှင် မြတ်စွာဘုရားက ကိုယ်တော်တိုင်သိပြီးမှဟောထားတဲ့ တရားတော်တွေပဲလို့ ဆင်ခြင်ပြီးတော့ အဲဒီတရားတွေကို ကိုယ်တိုင်သိအောင် ကျင့်ရမယ်တဲ့။ အဲဒါကို "ယုံမှားသူဟာ၊ မြတ်ဗုဒ္ဓါ၊ ဟောတာသိအောင် ကျင့်ရမည်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com



ယုံမှားသူဟာ၊ မြတ်ဗုဒ္ဓါ၊ ဟောတာသိအောင် ကျင့်ရမည်။

ပုထုဇဉ်ဆိုလျှင် ဖြစ်နိုင်တဲ့ယုံမှား ရှိကြတာချည်းပဲ၊ ဒါပေမယ့် ဒီအပိုဒ်မှာတော့ လောလောဆယ် ယုံမှားဖြစ်နေတဲ့သူကိုသာ ဆိုလိုပါတယ်၊ အဲဒီလို ယုံမှားဖြစ်နေလို့ရှိရင် ဘုရားရှင်က ကိုယ်တော်တိုင် သိပြီးမှ ဟောထားတဲ့ တရားမှန်တွေပဲဆိုတာ ကြားနာဆင်ခြင်ပြီးတော့ အဲဒီ တရားမှန်တွေကို ကိုယ်တိုင်သိအောင် ကျင့်ရမယ်တဲ့ မြတ်စွာဘုရားက မိမိတို့ကိုယ်ထဲမှာ ရုပ်နဲ့နာမ် ဒီနှစ်ပါးမျှသာရှိတယ်၊ အတ္တကောင်ရယ်လို့ မရှိဘူးဆိုတာလဲ ဟောထားတယ်၊ အကြောင်းနဲ့ အကျိုးမျှသာ ရှိတယ်ဆိုတာလဲ ဟောထားတယ်၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ အနိစ္စ ဒုက္ခ အနတ္တ သဘောမျှသာရှိတယ်ဆိုတာလဲ ဟောထားတယ်၊ အဲဒါတွေကို အပြည့်အစုံ သိပြီးရင် အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့သိပြီးတော့ အယူမှားယုံမှားစသော အကုသိုလ်တရားတွေကို ကင်းစေနိုင်တယ်ဆိုတာကိုလဲ ဟောထားတယ်၊ အဲဒီလိုဟောတာဟာ ကြံတွေးပြီးဟောတာ မဟုတ်ဘူး၊ ကိုယ်တော်တိုင်သိပြီးမှ အများသတ္တဝါတွေလဲ တရားမှန်ကို မိမိလိုပင် သိရအောင်လို့ ဟောတော်မူတာပဲလို့ ကြားနာဆင်ခြင်ပြီးတော့ အဲဒီတရားမှန်တွေကို ကိုယ်တိုင်တွေ့ပြီး သိရအောင် ကျင့်ပါတဲ့၊ တကယ်ကျင့်ရင် အဲဒီတရားမှန်တွေကို ကိုယ်တိုင်တွေ့ပြီး သိရပါတယ်၊ ဒီရိပ်သာမှာ သတိပဋ္ဌာန် သုတ်တရားတော်အရ ရှုမှတ်ကျင့်သုံးနေကြတဲ့ ယောဂီတွေဟာ အဲဒီတရားမှန်တွေကို ကိုယ်တိုင်တွေ့ပြီး သိနေကြတာပဲ၊ အဲဒီလိုသိပြီးတော့ သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်သွားရင် ယုံမှားဟူသမျှ အကုန်ကင်းသွားတော့တာပဲ၊ ဒါကြောင့် ဒီဂါထာက ညွှန်ပြသည့်အတိုင်း ကျင့်သွားကြရုံပါပဲ။

ဒါကြောင့် မြတ်စွာဘုရား၏ မိန့်မှာချက်အတိုင်း ကျင့်သုံး

http://www.dhammadownload.com



အားထုတ် နိုင်ကြသည်ဖြစ်၍ ယုံမှားဟူသမျှကို လွန်မြောက်သည့်အပြင် မိမိတို့အလိုရှိ အပ်သော မဂ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . .။

http://www.dhammadownload.com

# (၁) ကလဟဝိဝါဒသုတ်

## စတုတ္ထပိုင်း

၁၃၃၉–ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ဟောသည်။

------

### တရားအနုသန္ဓေ

ယနေ့ ၁၃၃၉–ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ဖြစ်တယ်၊ ကလဟဝိဝါဒသုတ်ကို ဟောလာတာ သုံးသီတင်းရှိသွားပြီ၊ အမှတ်(၇) ဂါထာအထိ ဟောပြီးခဲ့ပြီ၊ ဒီကနေ့ အမှတ်(၈) ဂါထာကစပြီးဟော ရမယ်။

### နိမ္မိတဘုရား၏ အမေးဂါထာ (၈)

၈။ သာတံ အသာတဉ္စ ကုတောနိဒါနာ၊
ကိသ္မိံ အသန္တေ န ဘဝန္တိ ဟေတေ။
ဝိဘဝံ ဘဝဉ္စာပိ ယမေတမတ္ထံ၊
တံ မေ ပဗြူဟိ ယတောနိဒါနံ။

ဂေါတမ–ဂေါတမနွယ်ဘွား မြတ်စွာဘုရား၊ သာတံ စ– သာယာဖွယ်သည်လည်းကောင်း၊ အသာတဉ္စ– မသာယာဖွယ် ရွံမုန်းဖွယ်သည်လည်းကောင်း၊ ကုတောနိဒါနာ– ဘယ်အကြောင်း ကြောင့် ဖြစ်ကြပါသနည်း၊ ကိသ္မိံ အသန္တေ–အဘယ်တရားမရှိ လတ်သော်၊ ဧတေ–ဤသာယာဖွယ် မသာယာဖွယ်တို့သည်၊ န ဘဝန္တိ–မဖြစ်ပဲရှိကြပါသနည်းတဲ့။

အမှတ်(၆) ဂါထာမှာ ဆန္ဒဟာ သာယာဖွယ် မသာယာ ဖွယ်ကြောင့် ဖြစ်သည်လို့ ဖြေကြားတော်မူခဲ့ပါတယ်၊ အဲဒီ သာယာဖွယ် မသာယာဖွယ် ဆိုတာတွေကတော့ ဘယ်အကြောင်းကြောင့် ဖြစ်ကြ

http://www.dhammadownload.com



ပါသလဲ၊ ဘယ်အကြောင်းမရှိရင် မဖြစ်ဘဲရှိကြပါသလဲလို့ မေးတော်မူပါတယ်၊ အဲဒါကို ဘုန်းကြီးက "သာယာမုန်းဖွယ်၊ ဤနှစ်သွယ်၊ ဘယ်အကြောင်းကြောင့် ဖြစ်သနည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၈။ သာယာ မုန်းဖွယ်၊ ဤနှစ်သွယ်၊ အဘယ်ကြောင်းကြောင့် ဖြစ်သနည်း။

နောက်နှစ်ပိုဒ်ကတော့ ဝိဘဝံ စ-ပြတ်စဲအယူသည့် လည်းကောင်း၊ ဘဝဉ္စ-တည်မြဲအယူသည့်လည်းကောင်း၊ (ဝိဘဝဒိဋ္ဌိပိ ဖဿနိဒါနာ ဘဝဒိဋ္ဌိပိ ဖဿနိဒါနာ-ဟု လိုရင်းဖွင့်ပြထားသော မဟာနိဒ္ဒေသကိုမှီ၍ လိုရင်းအနက်ပြန်သည်။) ယံ တေ အတ္ထံ-အကြင် ၂-ပါးသော အနက်သဘောသည်၊ အတ္ထိ-ရှိ၏၊ တေ-ဤအယူ ၂-ပါးသည်၊ ယတောနိဒါနံ-အကြင်အကြောင်းကြောင့်ဖြစ်၏၊ တေံပိ-ဤအကြောင်းကိုလည်း၊ မေ-နိမ္မိတရုပ်ပွားငါဘုရားအား၊ ပဗြူဟိ-ဖြေရှင်းပြတ်သား ဟောကြားတော်မူပါတဲ့။

ဘဝဒိဋ္ဌိဆိုတာက သဿတအယူပဲ၊ "အတ္တကောင်ဟာ တစ်ဘဝက ရုပ်ကိုယ်ကြမ်းကြီး ပျက်ပြီးသေသွားပေမယ်လို့ သူကတော့ မပျက်ဘူး၊ အခြားခန္ဓာကိုယ်အသစ်သို့ သွားရောက်ပြီးတော့ တည်မြဲတည်ရှိနေတာပဲ၊ ဘယ်တော့မှ ပျက်စီးခြင်းမရှိဘူး"လို့ ယူဆစွဲလမ်းတဲ့အယူပဲ၊ အဲဒါကို မြန်မာလို အတိုချုပ်အားဖြင့် တည်မြဲအယူလို့ ဆိုရတယ်၊ ဝိဘဝဒိဋ္ဌိဆိုတာကတော့ သေပြီးရင် ဘာမျှမရှိတော့ဘူး၊ တစ်ခါတည်း ပြတ်စဲသွားတယ်လို့ ယူဆစွဲလမ်းတဲ့ ဥစ္ဆေဒအယူပဲ၊ အဲဒါကို ပြတ်စဲအယူလို့ အတိုချုပ်အားဖြင့် ခေါ်ဆိုရတယ်၊ အဲဒီတည်မြဲအယူနှင့် ပြတ်စဲအယူဟာ ဘယ်အကြောင်းကြောင့် ဖြစ်ပါသလဲ၊ အဲဒီအကြောင်းကိုလဲ ဟောပြတော်မူပါတဲ့၊ အဲဒါကို ဘုန်းကြီး

http://www.dhammadownload.com



က "တည်မြဲ ပြတ်စဲ၊ ယူအစွဲ၊ ဒါလဲ ဘယ်ကြောင်းကြောင့်ပါနည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

တည်မြဲ ပြတ်စဲ၊ ယူအစွဲ၊ ဒါလဲ ဘယ်ကြောင်းကြောင့် ပါနည်း။

အဲဒီ အမေးကို မြတ်စွာဘုရားရှင်က ဒီလို ဖြေကြားတော်မူပါတယ်။

### မြတ်စွာဘုရား၏ အဖြေဂါထာ (၉)

၉။ ဖဿနိဒါနံ သာတံ အသာတံ၊
ဖဿေ အသန္တေ န ဘဝန္တိ။
ဝိဘဝံ ဘဝဉ္စာပိ ယမေတမတ္ထံ၊
ဧတံ တေ ပဗြူမိ ဣတောနိဒါနံ။

မုနိ–နိမ္မိတရုပ်ပွား မြတ်ဘုရား၊ သာတံ–သာယာဖွယ်သည်လည်းကောင်း၊ အသာတံ–မသာယာဖွယ်သည်လည်းကောင်း၊ ဖဿ–နိဒါနံ–အာရုံကိုတွေ့သော ဖဿလျှင် အကြောင်းရှိပါသည်၊ ဝါ–ဖဿကြောင့်ဖြစ်ပါသည်၊ ဖဿေ အသန္တေ–အာရုံကို တွေ့မှုဖဿ မရှိလတ်သော်၊ ဝါ–အာရုံကို မတွေ့ရလျှင်၊ တေ– ဤသာယာဖွယ် မသာယာဖွယ်တို့သည်၊ န ဘဝန္တိ–မဖြစ်ကြပါ၊ ဝါ–မဖြစ်ဘဲရှိကြပါသည်တဲ့။

အမှတ်(၆) ဂါထာတုန်းက ဣဋ္ဌာရုံဆိုတဲ့ အာရုံကောင်းကိုလဲ သာတ–သာယာဖွယ်လို့ မဟာနိဒ္ဒေသမှာ ဖွင့်ပြခဲ့ပါတယ်၊ အနိဋ္ဌာရုံဆိုတဲ့ အာရုံဆိုးကိုလဲ အသာတ–မသာယာဖွယ်လို့ ဖွင့်ပြခဲ့ပါတယ်၊ ဒီဂါထာကျတော့ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာ သုံးပါးကိုသာ သာယာဖွယ်လို့ ဖွင့်ပြထားပါတယ်၊ အမှတ်(၆) ဂါထာတုန်းကလဲ လိုရင်းအနေအားဖြင့် သုခနဲ့ ဒုက္ခဝေဒနာကို ယူရင်တော့

http://www.dhammadownload.com



ဒီအမှတ်(၉) ဂါထာအဖွင့်နှင့် တစ်သားတည်း ညီညွတ်သွားမှာပါပဲ။

အဲဒီမှာ ကိုယ်ချမ်းသာ စိတ်ချမ်းသာဆိုတဲ့ သုခဝေဒနာကို "သာတအရ သာယာဖွယ်ပဲ"လို့၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဆိုတဲ့ ဒုက္ခဝေဒနာကို "အသာတအရ မသာယာဖွယ် ရွံမုန်းဖွယ်ပဲ"လို့ ဆိုတာကတော့ ထင်ရှားပါတယ်၊ ဘာကြောင့်လဲဆိုတော့ သတ္တဝါတွေဟာ အာရုံကောင်းတွေနဲ့တွေ့ပြီး ကိုယ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ကိုယ်ချမ်းသာနဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ရွှင်လန်းဝမ်းသာမှု စိတ်ချမ်းသာကို သာယာနေကြတာပဲ၊ လူ့ချမ်းသာဆိုတာလဲ ဒီကိုယ်ချမ်းသာနဲ့ စိတ်ချမ်းသာပဲ၊ နတ်ချမ်းသာဆိုတာလဲ ဒီကိုယ်ချမ်းသာနဲ့ စိတ်ချမ်းသာပဲ၊ ဒီကိုယ်ချမ်းသာနဲ့ စိတ်ချမ်းသာကို သာယာခံစားပြီး ပျော်နေကြတာပဲ။

နောက်ပြီးတော့ သတ္တဝါတွေဟာ အာရုံဆိုးတွေနဲ့တွေ့ပြီး ကိုယ်ထဲမှာ ညောင်းခြင်း ပူခြင်း အလွန်အေးခြင်း နာကျင်ကိုက်ခဲခြင်း မောခြင်း၊ ပန်းခြင်းအစရှိတဲ့ ကိုယ်ဆင်းရဲတွေနဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ နှလုံးမသာယာခြင်း စိတ်ပူခြင်း စိတ်ညစ်ခြင်း ဝမ်းနည်းခြင်း စိုးရိမ်ပူဆွေးခြင်း အစရှိတဲ့ စိတ်ဆင်းရဲတွေကို ကြောက်ရွံ့ ရွံမုန်းနေကြတာပဲ၊ အဲဒီ ကိုယ်ဆင်းရဲနှင့် စိတ်ဆင်းရဲဆိုတဲ့ ဒီနှစ်မျိုးကို နှုတ်ပယ်ပစ်နိုင်ရင် သတ္တဝါတွေဟာ အမြဲတမ်း ချမ်းသာနေကြမှာပဲ၊ ဒီကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ရှိနေတဲ့အတွက် သတ္တဝါတွေဟာ ပင်ပန်းဆင်းရဲနေကြတာပဲ၊ အိုပြီးတော့လည်း ဆင်းရဲကြရတယ်၊ နာပြီးတော့လည်း ဆင်းရဲကြရတယ်၊ သေခါနီးကျတော့လဲ အကြီးအကျယ် ဆင်းရဲကြရတယ်၊ စိုးရိမ်ပူဆွေးပြီးတော့လဲ ဆင်းရဲကြရတယ်၊ ဒါကြောင့် ကိုယ်ထဲစိတ်ထဲမှာ ချမ်းသာတာက သာယာဖွယ်ပဲ၊ ကိုယ်ထဲ စိတ်ထဲမှာ အခံရခက်တာ ဆင်းရဲတာက မသာယာဖွယ် ရွံမုန်းဖွယ်ပဲဆိုတာ အင်မတန်ထင်ရှားပါတယ်။

http://www.dhammadownload.com



မဆင်းရဲမချမ်းသာ အလယ်အလတ်ဥပေက္ခာ ဝေဒနာကိုတော့ သာယာဖွယ်လို့ ဆိုရမလား၊ မသာယာဖွယ်လို့ ဆိုရမလားလို့မေးစရာ ရှိပါတယ်၊ ကုသိုလ်ဥပေက္ခာနဲ့ ကုသိုလ်၏ အကျိုးဝိပါက်ဥပေက္ခာကိုတော့ ငြိမ်သက်သိမ်မွေ့တဲ့အတွက် သာယာဖွယ်သုခလို့ဆိုရပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ် (ဒု–နှာ ၂၃)မှာ "ဥပေက္ခာ–ပန– ဥပေက္ခာကိုကား၊ သန္တတ္တာ– သိမ်မွေ့ငြိမ်သက်သည်၏ အဖြစ်ကြောင့်၊ သုခမိစ္စေဝ–သုခဟူ၍သာလျှင်၊ ဘာသိတာ–ဆိုအပ်ပေသည်"လို့ မိန့်ဆိုထားပါတယ်၊ အဆင်းဆိုး အသံဆိုး အနံ့ဆိုး အရသာဆိုးများကို မြင်ရ ကြားရ နံရ စားသိရတဲ့အခါ ဖြစ်ပေါ်တဲ့ဥပေက္ခာကတော့ ကိုယ်ဆင်းရဲလောက် အခံရမခက်ပေမယ့် မခံသာတဲ့အနေနဲ့ပဲ ထင်ရှားပါတယ်၊ အဲဒီ ဥပေက္ခာကို အလိုမရှိအပ်တဲ့အတွက် မသာယာဖွယ် ဆင်းရဲဒုက္ခလို့ပဲဆိုရပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ (ဒု–နှာ–၃၂၆)မှာ "အကုသလဝိပါကဘူတာ–အကုသိုလ်၏ အကျိုးဖြစ်သော၊ ဥပေက္ခာ–အလတ်စား ခံစားမှုဥပေက္ခာကို၊ အနိဋ္ဌတ္တာ–အလိုမရှိအပ်သည်၏ အဖြစ်ကြောင့်၊ ဒုက္ခေ–ဆင်းရဲဒုက္ခ၌၊ အဝရောဓေတဗ္ဗာ–သွင်းယူအပ်ပေသည်"လို့ ဖွင့်ပြထားပါတယ်၊ အဲဒီတော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဆိုတဲ့ ဒုက္ခဝေဒနာနဲ့ အမြင်ဆိုး အကြားဆိုး အနံ့ဆိုး စားသိဆိုးဆိုတဲ့ အကုသိုလ်အကျိုး ဥပေက္ခာဝေဒနာကို မသာယာဖွယ် ရွံမုန်းဖွယ်လို့ မှတ်ရမယ်၊ ကျန်တဲ့ဥပေက္ခာဝေဒနာနဲ့ ကိုယ်ချမ်းသာ စိတ်ချမ်းသာဆိုတဲ့ သုခဝေဒနာကို သာယာဖွယ်လို့ မှတ်ရမယ်။

အဲဒီသာယာဖွယ် မသာယာဖွယ် ဝေဒနာတွေဟာ သူ့ဆိုင်ရာအာရုံ တွေနဲ့တွေ့မှု ဖဿကြောင့် ဖြစ်တာပဲ၊ စဉ်းစားကြည့်ပါ၊ အာရုံကောင်းတွေနဲ့ မတွေ့ရသေးရင် ချမ်းသာဆိုတဲ့ သုခဝေဒနာ

http://www.dhammadownload.com



ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူး) ဥပမာ ပူအိုက်နေတဲ့အခါ ရေအေးလေအေးနဲ့ မတွေ့ရရင် ကိုယ်ချမ်းသာမဖြစ်ဘူး၊ တွေ့ရရင်တော့ ဖြစ်တာပဲ၊ ဝမ်းသာစရာအာရုံနဲ့ မတွေ့ရရင် ဝမ်းသာခြင်းဆိုတာ မဖြစ်ဘူး၊ တွေ့ရရင်တော့ဖြစ်တယ်၊ ထီထိုးထားတဲ့သူမှာ ထီပေါက်နေပေမယ်လို့ ထီပေါက်ကြောင်း မသိရမတွေ့ရသေးရင် ဝမ်းသာမှုမဖြစ်သေးဘူး၊ ထီပေါက်ကြောင်း သိရရင်တော့ အကြီးအကျယ် ဝမ်းသာတော့တာပဲ၊ စာမေးပွဲဖြေထားတဲ့သူမှာ စာမေးပွဲအောင်ကြောင်း မသိရသေးရင် ဝမ်းသာခြင်း မဖြစ်သေးဘူး၊ သိရရင်တော့ ဝမ်းသာမှု အကြီးအကျယ် ဖြစ်တော့တာပဲ။

ကိုယ်ထဲမှာ ရောဂါကင်းနေတဲ့ ပကတိလူတွေမှာ ကိုယ်ဆင်းရဲဖြစ်တာ မထင်ရှားသေးဘူး၊ ဒါကတော့ ဝိပဿနာရှုမှု မရှိသေးလို့ပါပဲ၊ ဝိပဿနာရှုနေတဲ့ ယောဂီမှာတော့ ဘယ်လိုချမ်းသာစွာ လှဲအိပ်နေပေမယ်လို့ ချမ်းသာစွာ ထိုင်နေပေမယ်လို့ ၁၀-မိနစ် ၁၅-မိနစ် စသည်ကြာရင် ကိုယ်ထဲက ညောင်းတာ ပူတာတွေ ထင်ရှားလာတတ်ပါတယ်၊ အဲဒါဟာ ဣရိယာပုတ်ကို မပြင်ဘဲ အိပ်နေထိုင်နေလို့ ဒုက္ခလက္ခဏာတွေ ထင်ရှားပေါ်လာတာပါပဲ၊ ပကတိပုဂ္ဂိုလ်တွေမှာတော့ ကွေးလိုက်ဆန့်လိုက် စသည်ဖြင့် ခဏခဏပြုပြင်နေသောကြောင့် ကိုယ်ထဲမှာ ဆင်းရဲရှိမှန်း မသိရဘူး၊ အမြဲတမ်း နေသာထိုင်သာ အေးချမ်းသာနေတယ်လို့ ထင်နေကြတယ်၊ အဲဒါဟာ ဣရိယာပုတ်ပြုပြင်မှုက ဖုံးလွှမ်းထားလို့ ဒုက္ခလက္ခဏာ မထင်ရှားဘဲ ဖြစ်နေတာပါပဲ၊ အဲဒီလို ပကတိပုဂ္ဂိုလ်တွေကတော့ မကျန်းမမာဖြစ်တဲ့အခါကျမှ ကိုယ်ဆင်းရဲကို ထင်ရှားတွေ့ရတယ်၊ အမှန်ကတော့ ကျန်းမာနေတဲ့အခါလဲ ဣရိယာပုတ် မပြုပြင်ဘဲနေရင် ညောင်းခြင်း ပူခြင်းစသော ဒုက္ခဝေဒနာတွေကို ထင်ရှားတွေ့နိုင်ပါတယ်၊ မယုံရင် စမ်းကြည့်ပါ၊ ကိုယ်အမှုအရာ

http://www.dhammadownload.com



မပြုပြင်ဘဲ နာရီဝက် တစ်နာရီလောက်ကြာအောင် ထိုင်လျက် လှဲအိပ်လျက် စမ်းကြည့်ပါ၊ မခံသာတဲ့ဆင်းရဲကို ထင်ရှားတွေ့ရပါလိမ့်မယ်၊ အဲဒီလို ညောင်းခြင်းပူခြင်းစသော ဆင်းရဲတွေ ဖြစ်ပေါ်လာတာလဲ အာရုံဆိုးနဲ့တွေ့မှု ဖဿကြောင့်ဖြစ်တာပဲ၊ ဆူးစူးခြင်း ခလုတ်တိုက်ခြင်းစသော အာရုံဆိုးတွေနဲ့ တွေ့မှုဖဿကြောင့် ကိုယ်ဆင်းရဲဖြစ်တာဟာ အင်မတန်ထင်ရှားပါတယ်။

နောက်ပြီးတော့ စိတ်ညစ်ခြင်း စိတ်ပူခြင်း ဝမ်းနည်းခြင်း စိုးရိမ် ပူဆွေးခြင်းစသော စိတ်ဆင်းရဲတွေ ဖြစ်ပေါ်လာတာလဲ စိတ်ထဲမှာ အာရုံဆိုး တွေနဲ့တွေ့မှု ဖဿကြောင့်ပါပဲ၊ အလွန်ချစ်ခင်ရင်းနှီးတဲ့ သူတစ်ယောက် အရပ်ဝေးမှာ သေဆုံးသွားပေမယ်လို့ မကြားရမသိရသေးရင် စိုးရိမ်ပူဆွေးခြင်း ဝမ်းနည်းခြင်းမဖြစ်သေးဘူး၊ အဲဒါဟာ သေသွားပြီဆိုတဲ့ အာရုံဆိုးနဲ့ စိတ်ထဲမှာ မတွေ့ရသေးလို့ပါပဲ၊ တွေ့ရရင်သိရရင်တော့ အကြီးအကျယ် စိုးရိမ်ပူဆွေးမှုတွေ ဖြစ်တော့တာပဲ၊ အခြား စိတ်နှလုံးမသာခြင်း၊ စိတ်ဆင်းရဲခြင်းတွေဟာလဲ ဒီအတိုင်းပါပဲ၊ စိတ်နှလုံး မသာစရာအကြောင်းအာရုံနဲ့ မတွေ့ရသေးရင် မဖြစ်ကြသေးဘူး၊ တွေ့ရရင်တော့ စိတ်ဆင်းရဲတွေ ဖြစ်တော့တာပဲ။ ဒါကြောင့်–

သာတံ– သာယာဖွယ်သည်လည်းကောင်း၊ အသာတံ– မသာယာ ဖွယ်သည်လည်းကောင်း၊ ဖဿနိဒါနံ–အာရုံကိုတွေ့သော ဖဿလျှင် အကြောင်းရှိပါသည်၊ ဝါ–ဖဿကြောင့် ဖြစ်ပါသည်၊ ဖဿေ အသန္တေ–အာရုံကိုတွေ့ထိမှု ဖဿမရှိလတ်သော်၊ ဝါ–အာရုံကို မတွေ့ရလျှင်၊ တေ–ဤသာယာဖွယ် မသာယာဖွယ်တို့သည်၊ န ဘဝန္တိ–မဖြစ်ကြပါ၊ ဝါ–မဖြစ်ဘဲ ရှိကြပါသည်–လို့ ဟောကြားတော်မူတာပါပဲ၊ အဲဒါဟာ "ဖဿပစ္စယာ ဝေဒနာ–ဖဿကြောင့် ဝေဒနာ

http://www.dhammadownload.com



ဖြစ်သည်''လို့ ဟောထားတဲ့ ပဋိစ္စသမုပ္ပါဒ်တရားတော်နဲ့ သဘော အားဖြင့် အတူတူပါပဲ၊ အဲဒါကို ဘုန်းကြီးက ''သာယာ, မုန်းဖွယ်၊ ထိုနှစ်သွယ်၊ ဖြစ်တယ် ဖဿကြောင့်ပေတည်း''လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၉။ သာယာ, မုန်းဖွယ်၊ ထိုနှစ်သွယ်၊ ဖြစ်တယ် ဖဿကြောင့် ပေတည်း။

နောက်နှစ်ပိုဒ်ကတော့–ဝိဘဝံ စ–ပြတ်စဲအယူသည် လည်းကောင်း၊ ဘဝဉ္စ–တည်မြဲအယူသည် လည်းကောင်း၊ ယံ ဧတံ အတ္ထံ–အယူ ၂–ပါးဟူသော အကြင်သဘောသည်၊ အတ္ထိ–ရှိ၏၊ ဧတံပိ–ဤ အယူ ၂–ပါးသည်လည်း၊ ဣတော နိဒါနံ–ဤ ဖဿလျှင် အကြောင်းရှိ၏၊ ဝါ–ဤ ဖဿကြောင့်ပင် ဖြစ်သည်ဟူ၍၊ ဧတံ–အယူ ၂–ပါးဖြစ်ခြင်း၏ ဤအကြောင်းကို၊ တေ–နိမ္မိတရုပ်ပွား သင်ဘုရားအား၊ ပဗြူမိ–ဖြေရှင်းပြတ်သား ဟောကြားပါသည်တဲ့။

သတ္တဝါဟာ ဘယ်တော့မှမပျက်ဘဲ တစ်ဘဝပြီး တစ်ဘဝ ပြောင်းရွှေ့လျက် တည်မြဲတည်ရှိနေတယ်–လို့ ထင်မြင်ယူဆတဲ့ ဘဝဒိဋ္ဌိခေါ် သဿတဒိဋ္ဌိလဲ ရုပ်ကိုယ်ကြီးဖြစ်လျက် တည်နေတာကို စိတ်ဖြင့်တွေ့မှု ဖဿကြောင့်ဖြစ်တာပဲ၊ သေပြီးရင်ဘာမျှ မရှိတော့ဘူး၊ ပြတ်စဲသွားတယ်လို့ ထင်မြင်ယူဆတဲ့ ဝိဘဝဒိဋ္ဌိခေါ် ဥစ္ဆေဒဒိဋ္ဌိဟာလဲ ရုပ်ကိုယ်ကြီးပျက်စီးသွားတာကို တွေ့ရတဲ့ ဖဿကြောင့်ဖြစ်တာပဲ၊ အဲဒီ ဒိဋ္ဌိနှစ်မျိုး ဖြစ်ပုံကို အမှတ်(၆) ဂါထာ နောက်ပိုင်းမှာလဲ နည်းနည်းတော့ ပြောခဲ့ပါပြီ၊ သတ္တဝါတွေက အများအားဖြင့် ရုပ်အကြောင်းကိုသာ အသိ များတယ်၊ စိတ်နာမ်အကြောင်း တိတိကျကျသိတဲ့သူက အလွန် နည်းပါတယ်၊ တချို့ကဆိုရင် နာမ်ရယ်လို့မရှိဘူး၊ ရုပ်သာရှိတယ်၊ သိနေတာလဲ ရုပ်၏အစွမ်းသတ္တိပဲလို့ ဒီလိုတောင်ယူဆ ပြောဟောနေကြ

http://www.dhammadownload.com



သေးတာပဲ၊ ဒါကြောင့် အဲဒီအမှတ်(၆) ဂါထာမှာ ရုပ်တို့၌ ပျက်စီးပုံ ဖြစ်ပုံကိုမှီပြီး တဏှာဖြင့် ဒိဋ္ဌိဖြင့် ဆုံးဖြတ်မှုဖြစ်ကြောင်း ဟောကြားထားတာပါပဲ၊ အပြည့်အစုံဆိုရင်တော့ ဒိဋ္ဌိဖြင့်ဆုံးဖြတ်တာဟာ ရုပ်နာမ် ၂–ပါး၊ ခန္ဓာငါးပါး၏ ဖြစ်ပုံ ပျက်ပုံကို ဖဿဖြင့်တွေ့ပြီး ဆုံးဖြတ်တာပါပဲ၊ အဲဒီ အယူ ၂–မျိုးလုံး ဖဿကြောင့်ဖြစ်တယ် ဆိုတာကို "တည်မြဲ ပြတ်စဲ၊ ယူအစွဲ၊ ဒါလဲ ဖဿ ကြောင့်ပင်တည်း"လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

တည်မြဲ ပြတ်စဲ၊ ယူအစွဲ၊ ဒါလဲ ဖဿကြောင့်ပင်တည်း။

ဒီဂါထာအရ ကျင့်ဖို့ကတော့ သာယာဖွယ် မသာယာဖွယ် အကောင်း အဆိုး အလတ်စားခံစားမှုဝေဒနာ ထင်ရှားတဲ့အခါ ဖဿကြောင့် ဖြစ်တဲ့ အကျိုးတရားပဲလို့ ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ရှုမှတ်ပြီးတော့ဖြစ်စေ သိသိသွားဖို့ပါပဲ၊ နောက်ပြီးတော့ အတ္တကောင် သတ္တဝါကောင်ဟာ အမြဲ တည်ရှိနေသည်ဟူ၍ ဖြစ်စေ၊ သေပြီးရင် ပြတ်စဲသွားသည်ဟူ၍ ဖြစ်စေ ထင်မြင်ရင်လဲ အဲဒီထင်မြင်ချက်ဟာ ဖဿကြောင့်ဖြစ်တဲ့အကျိုးတရား မိစ္ဆာ ဒိဋ္ဌိပဲလို့ ဆင်ခြင်ပြီးတော့ ဖြစ်စေ၊ ရှုမှတ်ပြီးတော့ဖြစ်စေ ပယ်သွားရုံပါပဲ။

အဲဒီလို ဆင်ခြင်ရှုမှတ်နိုင်ကြ၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။"

သာဓု . . . သာဓု . . . သာဓု . . . ။

http://www.dhammadownload.com

# (၁) ကလဟဝိဝါဒသုတ်

## ပဌမပိုင်း

၁၃၃၉–ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက်နေ့ ဟောသည်။

------

### တရားအနုသန္ဓေ

ဒီကနေ့ ၁၃၃၉–ခုနှစ် တော်သလင်းလဆန်း (၈)ရက်နေ့ ဖြစ်တယ်၊ ကလဟဝိဝါဒသုတ်ကို ဟောလာတာ လေးသီတင်းရှိသွားပြီ၊ အမှတ် (၉)ဂါထာ အထိ ဟောပြီးခဲ့ပြီ၊ ဒီကနေ့ အမှတ်(၁၀) ဂါထာက စပြီးဟောရမယ်။

### နိမ္မိတဘုရား၏ အမေးဂါထာ (၁၀)

၁၀။ ဖဿော နု လောကသ္မိံ ကုတောနိဒါနော။
ပရိဂ္ဂဟာ စာပိ ကုတောပဟူတာ။
ကိသ္မိံ အသန္တေ န မမတ္တ မတ္ထိ၊
ကိသ္မိံ ဝိဘူတေ န ဖုသန္တိ ဖဿာ။

ဂေါတမ–ဂေါတမနွယ်ဘွား မြတ်စွာဘုရား၊ လောကသ္မိံ–လောက၌၊ ဖဿော–အာရုံကိုတွေ့မှု ဖဿသည်၊ ကုတောနိဒါနော နု–ဘယ် အကြောင်းကြောင့် ဖြစ်ပါသနည်း တဲ့၊ တစ်နေ့ကဟောခဲ့တဲ့ အမှတ်(၉) ဂါထာမှာ သာတ အသာတ ဝိဘဝ ဘဝဆိုတာတွေဟာ ဖဿကြောင့် ဖြစ်တယ်လို့ ဖြေရှင်းဟောကြားတော်မူခဲ့ပါတယ်၊ အဲဒီ ဖဿကတော့ ဘာ့ကြောင့် ဖြစ်ပါသလဲလို့ မေးတော်မူတာပါပဲ၊ ဒီသုတ်မှာ အကြောင်း အဆက်ဆက်ကိုလိုက်ပြီး မေးတာတွေပါပဲ။

နောက်ပြီးတော့ ပရိဂ္ဂဟာ စာပိ–သိမ်းပိုက်ခြင်းတို့သည်လည်း၊ ကုတောပဟူတာ–ဘယ်အကြောင်းကြောင့် ဖြစ်ကြပါကုန်သနည်းတဲ့၊ ငါ့ဟာ ငါ့ဟာလို့ သိမ်းပိုက်တာတွေလဲ ဘာကြောင့်ပါလဲလို့ မေးတော်

http://www.dhammadownload.com



မူပါတယ်၊ အဲဒီအမေး ၂-ရပ်ကို "ဖဿတစ်သွယ်၊ သိမ်းပိုက်ရယ်၊ အဘယ်ကြောင်းကြောင့် ဖြစ်သနည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၀။ ဖဿတစ်သွယ်၊ သိမ်းပိုက်ရယ်၊ အဘယ်ကြောင်း
ကြောင့် ဖြစ်သနည်း။

နောက်တစ်ပိုဒ်ကတော့ ကိသ္မိံ အသန္တေ-အဘယ်တရား အဘယ် အကြောင်း မရှိလတ်သော်၊ မမတ္တံ-ငါ့ဟာအဖြစ်သည်၊ ဝါ-ငါ့ဟာဟု သိမ်းပိုက်ခြင်းသည်၊ န အတ္ထိ-မရှိဘဲ ကင်းပါသနည်း တဲ့၊ ဘယ်အကြောင်း မရှိရင် ငါ့ဟာလို့ ထင်မြင်သိမ်းပိုက်ခြင်းကင်းပါသလဲလို့ ဆိုလိုပါတယ်၊ အဲဒါကို "အဘယ်ကင်းလျှင်၊ ငါ့ဟာပင်၊ ထင်မြင်သိမ်းပိုက် ကင်းသနည်း" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

အဘယ်ကင်းလျှင်၊ ငါ့ဟာပင်၊ ထင်မြင်သိမ်းပိုက်ကင်းသနည်း။

နောက်တစ်ပိုဒ်ကတော့ ကိသ္မိံ ဝိဘူတေ-ဘယ်အရာပျက်ကွယ်လတ်-မရှိလတ်သော်၊ ဖဿာ-ရုပ်ဒွါရ ရုပ်အာရုံအတွေ့- ဖဿတို့သည်၊ န ဖုသန္တိ-မတွေ့မထိဘဲ ကင်းကြပါသနည်းတဲ့၊ ဖဿဆိုတာ အခြားနေရာများမှာတော့ ဒွါရ ၆-ပါး၌ အာရုံ ၆-ပါးကို တွေ့တဲ့ သဘောပါပဲ၊ ဒါပေမဲ့ ဒီသုတ်မှာတော့ မျက်စိ နား နှာ လျှာ ကိုယ် ဆိုတဲ့ ဒီဒွါရငါးပါးက အတွေ့ ငါးပါးကိုသာ ရည်ရွယ်ပါတယ်၊ ဒါကြောင့် ဖဿာ-ရုပ်ဒွါရ ရုပ်အာရုံ အတွေ့လို့ အနက်ဖော်ပြန်လိုက်ပါတယ်၊ ဒါမှ အဖြေဂါထာ၌ ရူပေ ဝိဘူတေ-ဆိုတဲ့စကားနဲ့ တစ်သားတည်း ညီပါတယ်၊ အဲဒါကို "အဘယ်ကင်းခြား၊ ဖဿငါး၊ ထိပါးမရှိ ကင်းသနည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com



အဘယ်ကင်းငြား၊ ဖဿဝါး၊ ထိပါးမရှိ ကင်းသနည်း။

## မြွတ်စွာဘုရား၏ အဖြေဂါထာ (၁၁)

၁၁။ နာမဉ္စ ရူပဉ္စ ပဋိစ္စ ဖဿာ၊
ဣစ္ဆာနိဒါနာနိ ပရိဂ္ဂဟာနိ။
ဣစ္ဆာယ သန္တျာ န မမတ္တ မတ္ထိ၊
ရူပေ ဝိဘူတေ န ဖုသန္တိ ဖဿာ။

မုနိ–နိမ္မိတရုပ်ပွား မြွတ်ဘုရား၊ နာမဉ္စ–မြင်သိမှုစသော နာမ်ကို လည်းကောင်း၊ ရူပဉ္စ–မျက်စိနှင့် အဆင်းစသော ရုပ်ကို လည်းကောင်း၊ ပဋိစ္စ– စွဲမှီ၍၊ ဖဿော–အာရုံကို တွေ့မှု ဖဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်ပေါ်၏ တဲ့။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ နာမ်ရုပ်ကြောင့် အာယတန ၆–ပါးဖြစ်သည်၊ မျက်စိ အဆင်းစသော အာယတနကြောင့် ဖဿဖြစ် သည်လို့ အသေးစိတ်ဝေဖန်ပြီး ဟောထားတယ်၊ ဒီဂါထာမှာတော့ အာယတနနှင့် နာမ်ရုပ်ကို တစ်ပေါင်းတည်းပြုပြီးတော့ နာမ်ရုပ်ကိုစွဲမှီပြီး ဖဿဖြစ်သည်လို့ ဟောတော်မူတာပါပဲ၊ သဘောအားဖြင့်တော့ အတူ တူပါပဲ၊ ဒါကြောင့် မဟာနိဒ္ဒေသမှာ–

"စက္ခုဉ္စ ပဋိစ္စ ရူပေ စ–မျက်စိကိုလည်းကောင်း အဆင်း ရုပ်တို့ကို လည်းကောင်း စွဲမှီ၍၊ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ–မြင်သိစိတ် ဖြစ်သည်၊ တိဏ္ဏံ– မျက်စိ အဆင်း မြင်သိစိတ်ဟူသော သုံးပါး တို့၏၊ သင်္ဂတိ–ပေါင်းဆုံမိခြင်းသည်၊ ဖဿော–အာရုံတွေ့မှု– ဖဿပေတည်း၊ ဝါ–ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်သည်" စသည်ဖြင့် နာမ်ရုပ်ကိုမှီ၍ ဖဿ ၆–ပါးဖြစ်ပုံကို ဝေဖန်ဖွင့်ပြထားပါတယ်၊ မြင်သိ တယ်ဆိုရင် မျက်စိလည်းရှိလို့၊ အဆင်းလဲရှိလို့ မြင်တာပဲ၊ မျက်စိက

http://www.dhammadownload.com



စက္ခာယတနပဲ၊ အဆင်းက ရူပါယတနပဲ၊ မြင်သိစိတ်က မနာယတနပဲ၊ မြင်ခံစား ပြင်မှတ်သားစသည်က ဓမ္မာယတနပဲ၊ အဲဒီ နာမ်ရုပ် အာယတနတွေကို စွဲမှီပြီး မြင်တွေ့မှု–ဖဿဆိုတာ ဖြစ်လာတာပဲ၊ ကြားတွေ့မှုစသည်ဖြစ်ပုံလဲ နည်းတူပါပဲ၊ ကြံတွေ့မှု မနောသမ္ဖဿ ဆိုတာကတော့ ဘဝင်စိတ် ကြံသိစိတ် မနာယတနရယ်၊ ကြံခံစားမှု ဝေဒနာစသည်နှင့် အာရုံနဲမှီရာဆိုတဲ့ ဓမ္မာယတနရယ်–အဲဒီနာမ်ရုပ် အာယတနများကို စွဲမှီပြီးဖြစ်တာပဲ၊ ရုပ်ကို ကြံတွေ့တဲ့အခါမှာတော့ အဲဒီ ရုပ်အာယတနကိုလဲမှီပြီး ဖြစ်ပါသေးတယ်၊ အဲဒီလို ဖြစ်ပုံကို ရည်ပြီးတော့ နာမ်ကိုလည်းကောင်း စွဲမှီပြီး ဖဿဖြစ်တယ်လို့ ဟောတော်မူတာပါပဲ၊ အဲဒါကို "နာမ်ရုပ် နှစ်ခု၊ စွဲမှီပြု၊ တွေ့မှု ဖဿဖြစ်ပေါ်သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၁။ နာမ်ရုပ် နှစ်ခု၊ စွဲမှီပြု၊ တွေ့မှု ဖဿဖြစ်ပေါ်သည်။

နောက်တစ်ပိုဒ်ကတော့ ပရိဂ္ဂဟာနိ–ငါ့ဟာဟု သိမ်းပိုက်ခြင်းတို့သည်၊ ကုတ္တာနိဒါနာနိ–နှစ်သက်လိုချင်သည့် တဏှာလျှင် အကြောင်းရှိကုန်၏တဲ့၊ ဒါကတော့ အလွန်ထင်ရှားပါတယ်၊ သက်ရှိသက်မဲ့တွေနဲ့မိစ္ဆာအယူ တွေကို ငါ့ဟာငါ့ဟာနဲ့ သိမ်းပိုက်နေကြတာဟာ နှစ်သက်လိုချင်တဲ့ တဏှာရှိနေလို့ပဲ၊ အဲဒါကို "လိုချင်တဏှာ၊ စွဲမှီကာ၊ ငါ့ဟာဟူ၍ သိမ်းပိုက်သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

လိုချင်တဏှာ၊ စွဲမှီကာ၊ ငါ့ဟာဟူ၍ သိမ်းပိုက်သည်။

နောက်တစ်ပိုဒ်ကတော့ ဣစ္ဆာယ–နှစ်သက်လိုချင်မှု တဏှာသည်၊ အသန္တျာ–မရှိလတ်သော်၊ မမတ္တံ–ငါ့ဟာဟု သိမ်းပိုက်ခြင်းသည်၊ န အတ္ထိ– မရှိဘဲ ကင်းပါသည်တဲ့၊ နှစ်သက်လိုချင်တဲ့ တဏှာမရှိရင် ငါ့ဟာလို့ သိမ်းပိုက်ခြင်းမရှိတော့ဘူး တဲ့၊ ဒါကတော့

http://www.dhammadownload.com



အလွန်ထင်ရှားပါတယ်၊ အဲဒါကို "လိုချင်ကင်းလျှင်၊ ငါ့ဟာပင်၊ ထင်မြင်သိမ်းပိုက် ကင်းလေသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

လိုချင်ကင်းလျှင်၊ ငါ့ဟာထင်၊ ထင်မြင်သိမ်းပိုက်
ကင်းလေသည်။

နောက်ဆုံးအပိုဒ်ကတော့ ရူပေ–ရုပ်သည်၊ ဝိဘူတေ–ကင်းလတ်သော်၊ ဖဿာ–မြင်တွေ့မှုစသော ငါးပါးသော ဖဿတို့သည်၊ န ဖုသန္တိ– မတွေ့မထိဘဲ မဖြစ်ဘဲရှိကြလေတော့သည်တဲ့၊ အမေးဂါထာတုန်းက ဖော်ပြခဲ့သည့်အတိုင်း ဖဿ ၆–ပါးရှိရာမှာ ရုပ်အာရုံကိုတွေ့တဲ့ဖဿ ငါးပါးကိုသာ ဒီနေရာမှာ ရည်ရွယ်ပြီး မေးခဲ့တယ်၊ ဒါကြောင့် ရုပ်မရှိရင် ရုပ်အာရုံကို ကျော်လွန်သွားရင် ဖဿတွေ မဖြစ်တော့ဘူးလို့ ဖြေကြားပါတယ်၊ အဲဒါဟာ မြင်တွေ့မှု ကြားတွေ့မှု နံတွေ့မှု စားသိတွေ့မှု ထိတွေ့မှုဆိုတဲ့ ငါး ဒွါရ ဆိုင်ရာ "ရုပ်မရှိကြား၊ ဖဿငါး၊ ထိပါးမရှိ ကင်းလေသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ရုပ်မရှိကြား၊ ဖဿငါး၊ ထိပါးမရှိ ကင်းလေသည်။

မနောသမ္ဖဿဆိုတဲ့ စိတ်ကူးသက်သက်ဖြင့် အာရုံကိုတွေ့တဲ့ ဖဿ နှင့်တကွ ၆–ပါးရှိနေပါလျက် ဒီနေရာမှာ ရုပ်အတွေ့ ဖဿငါးပါးကိုသာ ဘာကြောင့် ဟောပါသလဲလို့ စဉ်းစားစရာရှိပါတယ်၊ အဋ္ဌကထာများမှာတော့ အဲဒီအချက်ကို ဖြေရှင်းဖွင့်ပြတာ မရှိပါဘူး၊ ဘုန်းကြီး၏ ထင်မြင်ချက်အရ ဖြေရှင်းပြရမှာပဲ၊ လူတွေက ရုပ်အကြောင်းကိုသာ အသိများကြပါတယ်၊ မျက်စိရုပ်နဲ့ အဆင်းရုပ်ရှိလို့ မြင်တွေ့မှု ဖဿဖြစ်တယ်၊ နားနဲ့ အသံရုပ်ရှိလို့ ကြားတွေ့မှုဖဿဖြစ်တယ်၊ နှာခေါင်းနဲ့ အနံ့ရုပ်ရှိလို့ နံတွေ့မှု ဖဿဖြစ်တယ်၊ လျှာနဲ့အရသာရုပ်ရှိလို့ စားတွေ့

http://www.dhammadownload.com



မှုဖဿဖြစ်တယ်၊ ကိုယ်နဲ့ ထိတွေ့စရာ ရုပ်ရှိလို့ ထိတွေ့မှုဖဿ ဖြစ်တယ်၊ အဲဒီ မျက်စိအဆင်းစသော ရုပ်တွေက အများမှာ ထင်ရှားနေတယ်၊ စိတ်နာမ်တရားဆိုတာက သိပ်မထင်ရှားဘူး၊ ဒါကြောင့် တချို့ ကြံတွေးပညာရှိတွေက အသိစိတ်ရယ်လို့ သီးခြားမရှိဘူး၊ သိတာလဲ ရုပ်၏အစွမ်းပဲ ရုပ်ကသိတာပဲလို့တောင် ယူဆပြောဟောနေကြသေးတယ်။

အဲဒီလို လူအများစုမှာ ရုပ်ကထင်ရှားသောကြောင့် ဒီနေရာမှာ သိလွယ်တဲ့ ရုပ်အတွေ့ငါးပါးကိုသာ ဟောတယ်လို့–ယူသင့်ပါတယ်၊ ဟိုတုန်းက တရားနာနေကြတဲ့ နတ်ပြဟ္မာတွေဆိုတာလဲ ယခုလူတွေလို နေမှာပါပဲ၊ နောက်ပြီးတော့ ရုပ်မရှိဘဲ စိတ်စေတသိက် နာမ်သက်သက်သာရှိတဲ့ အရူပဘုံက ပုဂ္ဂိုလ်တွေ အကြောင်းကို သိနားလည်သူကလဲ အလွန် နည်းပါတယ်၊ ယခု ဒီသုတ်မှာ အဲဒီအရူပပုဂ္ဂိုလ် အကြောင်းကိုလဲ ဖော်ပြဟောကြားပါလိမ့်မယ်၊ အဲဒီ အရူပပြဟ္မာနဲ့ အရူပစျာန်အကြောင်း ဟောရန်အတွက် ရုပ်အတွေ့ ဖဿငါးပါးကိုသာ ဟောတယ်လို့ ယူသင့်ပါတယ်။

ရူပေ ဝိဘူတေ–အရ ရုပ်ကင်းတယ် ရုပ်ကို လွန်မြောက်တယ် ဆိုရာမှာ မဟာနိဒ္ဒေသ၌ (၁) ဉာတပရိညာဖြင့် ရုပ်ကို ပိုင်းခြားသိပြီး လွန်မြောက်ခြင်းက တစ်မျိုး၊ (၂) တီရဏပရိညာဖြင့် အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်ဆင်ခြင်ပြီး လွန်မြောက်ခြင်းက တစ်မျိုး၊ (၃) ပဟာနပရိညာဖြင့် နိစ္စ သုခ အတ္တအစွဲကို ပယ်နိုင်အောင်သိပြီး လွန်မြောက်ခြင်းက တစ်မျိုး၊ (၄) ရုပ်အာရုံကို လွန်မြောက်ခြင်းက တစ်မျိုး ဒီလို ၄–မျိုးဝေဖန်ဖွင့်ပြထားတယ်၊ အဲဒီ ၄–မျိုးထဲက ရှေ့ ၃–မျိုးကတော့ ဝိပဿနာနဲ့သာဆိုင်ပါတယ်၊ ဒီနေရာနဲ့တော့ မဆိုင်ပါဘူး၊ ဒီနေရာမှာတော့ ရုပ်အာရုံကို လွန်မြောက်ခြင်း ဆိုတဲ့

http://www.dhammadownload.com



အမှတ်(၄) ဝိဘူတနဲ့သာ ဆိုင်ပါတယ်။

အဲဒါက ဘယ်လိုလဲဆိုရင် စတုက္ကနည်းအရ ကသိုဏ်းဈာန်၄-ပါးကို ရပြီးပုဂ္ဂိုလ်ဟာ အရူပဈာန်ကိုရချင်ရင် ရှေးဦးစွာ မြေပုံသဏ္ဌာန် ပထဝီကသိုဏ်း ဖြစ်စေ၊ ရေပုံသဏ္ဌာန် အာပေါကသိုဏ်းဖြစ်စေ၊ မီးပုံသဏ္ဌာန် တေဇောကသိုဏ်းဖြစ်စေ၊ လေပုံသဏ္ဌာန် ဝါယော ကသိုဏ်းဖြစ်စေ၊ ညိုမည်းသော အဆင်းကသိုဏ်းဖြစ်စေ၊ ဝါသော အဆင်းကသိုဏ်းဖြစ်စေ၊ နီသော အဆင်းကသိုဏ်းဖြစ်စေ၊ ဖြူသော အဆင်းကသိုဏ်းဖြစ်စေ၊ အရောင်အလင်း ကသိုဏ်းဖြစ်စေ၊ အဲဒီ ကသိုဏ်းနိမိတ် ၉-ပါးထဲက တစ်ပါးပါးကို ရှုနေရင်း ဟင်းလင်းပြင် ကောင်းကင်ပဲလို့ နှလုံးသွင်းရတယ်၊ အဲဒီလို နှလုံးသွင်းတော့ အဲဒီ ကသိုဏ်းနိမိတ် ရုပ်အာရုံတည်ရာတွေဟာ တစ်စိတ်တစ်ပိုင်းချင်း ပေါက်ပျက်ပြီး ဟင်းလင်းပြင် ကောင်းကင်အနေဖြင့် ထင်လာတယ်၊ ကသိုဏ်း ရုပ်တွေ အကုန်ပျောက်ပြီး ဟင်းလင်းပြင် ကောင်းကင် အနေဖြင့်သာ ထင်နေတဲ့အခါ ကသိုဏ်းရုပ်အာရုံကို လွန်မြောက် သွားတာပဲ၊ အဲဒီ ဟင်းလင်းပြင် (အာကာသ) ကောင်းကင်ကို အာရုံပြုပြီး အာကာသာနဉ္စာယတန အရူပဈာန်ဆိုတာ ဖြစ်တယ်၊ အဲဒီလို ကသိုဏ်း ရုပ်အာရုံ လွန်မြောက်သွားတာကို ရည်ပြီးတော့(ရူပေ ဝိဘူတေ) ရုပ်ကင်းလတ်သော် (န ဖုသန္တိ ဖဿာ) မြင်တွေ့မှုစသော ဖဿ ငါးပါးတို့ မထိမတွေ့တော့ပဲ ကင်းသွားကြတယ်လို့ ဆိုတာပါပဲ၊ ဒီလိုဆိုတော့ ကသိုဏ်းရုပ်ကိုတွေ့မှု မနောသမ္ဖဿလဲ ကင်းတယ်လို့ ဆိုဖွယ်ရှိပါတယ်။

နောက်ပြီးတော့ အာကာသာနဉ္စာယတနဈာန်ကို ရပြီး ပုဂ္ဂိုလ်ဟာ ဝိညာဏဉ္စာယတနဈာန်ရချင်ရင် အဲဒီ အာကာသာနဉ္စာ ယတနဈာန်စိတ်ကိုပဲ ဝိညာဏ် ဝိညာဏ်ဟုဖြစ်စေ၊ အနန္တံ အနန္တံ-

http://www.dhammadownload.com



အဆုံးမရှိ အဆုံးမရှိဟူ၍ဖြစ်စေ နှလုံးသွင်းနေရတယ်၊ သမာဓိအားပြည့်တဲ့အခါကျတော့ အဲဒီစျာန်စိတ်ကိုသာ အာရုံပြုလျက် ဝိညာဏဉ္စာယတနခေါ်တဲ့ စျာန်စိတ်ဖြစ်တယ်၊ ဒါလဲ ရုပ်အာရုံကို လွန်မြောက်နေတာပဲ။

နောက်ပြီးတော့ ဝိညာဏဉ္စာယတနစျာန်ကို ရပြီးပုဂ္ဂိုလ်ဟာ အာကိဉ္စညာယတနစျာန်ကိုရချင်ရင် အာကာသာနဉ္စာယတနစျာန်စိတ်၏ မရှိခြင်း ကင်းခြင်းကို အာရုံပြုပြီး မရှိ မရှိဟုဖြစ်စေ၊ ဆိတ်သည်ဆိတ်သည်ဟုဖြစ်စေ ကင်းသည် ကင်းသည် ဟုဖြစ်စေ နှလုံးသွင်းနေရတယ်၊ သမာဓိအားပြည့်တဲ့အခါကျတော့ ဟင်းလင်းပြင် အာကာသကို အာရုံပြုတဲ့ စျာန်စိတ်၏ မရှိခြင်း ကင်းဆိတ်ခြင်းကို အာရုံပြုလျက် အာကိဉ္စညာယတန စျာန် ဖြစ်တယ်၊ ဒါလဲ ရုပ်အာရုံကို လွန်မြောက်နေတာပါပဲ။

နောက်ပြီးတော့ အာကိဉ္စညာယတနစျာန်ကို ရပြီးပုဂ္ဂိုလ်ဟာ နေဝသညာနာသညာယတနစျာန်ကို ရချင်ရင် မရှိခြင်း ကင်းဆိတ်ခြင်းကို အာရုံပြုလျက်ဖြစ်နေတဲ့ အဲဒီ အာကိဉ္စညာယတနစျာန်စိတ်ကို ငြိမ်သက် သိမ်မွေ့တယ်လို့ နှလုံးသွင်းနေရတယ်၊ သမာဓိအားပြည့်တဲ့အခါ အဲဒီ အာကိဉ္စညာယတနစျာန်စိတ်ကို အာရုံပြုလျက် နေဝသညာနာသညာယတန စျာန်စိတ် ဖြစ်တယ်၊ ဒါလဲ ရုပ်အာရုံကို လွန်မြောက်နေတာပဲ။

ယခုပြောခဲ့တာဟာ အရူပစျာန် ၄–ပါးပဲ၊ ဥပစာသမာဓိ ၄–ပါးနှင့်တကွ အဲဒီ အရူပစျာန်စိတ် ၄–ပါးဟာ ရုပ်အာရုံကို လွန်မြောက်နေတဲ့ စျာန်စိတ်တွေပဲ၊ အဲဒီ အရူပစျာန်တွေရနေတဲ့သူမှာ အဲဒီစျာန်တွေကို ဝင်စား နေခိုက်၌ မျက်စိ, အဆင်းစသော ရုပ်တွေမထင်ရှားသောကြောင့် မြင်တွေ့မှုစသော ဖဿငါးပါးဟာ ထိတွေ့ခြင်း

http://www.dhammadownload.com



မရှိဘဲ ကင်းနေကြတယ်တဲ့၊ ဒါကတော့ အဲဒီစျာန်တွေကို မရသေးတဲ့ သူတွေမှာ ကိုယ်တိုင်တွေ့အားဖြင့် မသိနိုင်ပါဘူး၊ သုတမယဉာဏ် ဖြစ်ပွားရုံလောက်ပါပဲ။

ဒီအမှတ်(၁၁) ဂါထာအရ ကျင့်သုံးဖို့ကတော့ မြင်တွေ့မှု ကြားတွေ့မှု စသည်ဖြစ်တိုင်း "မျက်စိနှင့်အဆင်းဆိုတဲ့ ရုပ်တရား၊ မြင်သိမှုဆိုတဲ့ နာမ်တရား စသည်ကိုမှီပြီးဖြစ်တဲ့ အာရုံတွေ့မှု ဖဿပဲ" လို့ ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ရှုမှတ်ပြီးတော့ဖြစ်စေ သိသိသွားဖို့ပါပဲ၊ နောက်ပြီးတော့ အားထုတ်နေဆဲ ယောဂီဆိုရင် ငါ့ဟာအနေနဲ့ သိမ်းပိုက်လိုတဲ့စိတ်ဖြစ်တိုင်း လိုချင်တဲ့တဏှာကြောင့်ဖြစ်တဲ့ အကျိုး တရားမျှပဲလို့ ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ရှုမှတ်ပြီးတော့ဖြစ်စေ အဲဒီ သိမ်းပိုက် လိုတဲ့သဘောကို ပယ်ပယ်သွားရုံပါပဲ။

အဲဒီလိုဆင်ခြင်ရှုမှတ်လျက် ကျင့်သုံးနိုင်ကြ၍ မိမိတို့ အလိုရှိ အပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက် ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . . ။

http://www.dhammadownload.com

# (၁) ကလဟဝိဝါဒသုတ်

## ဆဋ္ဌမပိုင်း

၁၃၃၉–ခုနှစ်တော်သလင်းလပြည့်နေ့ ဟောသည်။

------

### တရားအနုသန္ဓေ

ကလဟဝိဝါဒသုတ်တရားကို ဟောလာတာ ငါးကြိမ်ရှိခဲ့ပြီး အမှတ်(၁၁) ဂါထာအထိ ပြီးခဲ့ပြီ၊ ၁၃၃၉–ခုနှစ်၊ တော်သလင်းလပြည့် ဒီကနေ့ အမှတ်(၁၂) ဂါထာကစပြီး ဟောရမယ်။

### နိမ္မိတဘုရား၏ အမေးဂါထာ (၁၂)

၁၂။ ကထံ သမေတဿ ဝိဘောတိ ရူပံ၊
သုခံ ဒုက္ခဉ္စာပိ ကထံ ဝိဘောတိ။
ဧတံ မေ ပဗြူဟိ ကထံ ဝိဘောတိ၊
တံ ဇာနိယာမာတိ မေ မနော အဟု။

ဂေါတမ–ဂေါတမနွယ်ဘွား မြတ်စွာဘုရား၊ ကထံ သမေ–တဿ– အဘယ်သို့ ကျင့်သောသူအား၊ ရူပံ ဝိဘောတိ–ရုပ်အာရုံ ကင်းကွာပါသနည်း၊ ဝါ–ရုပ်အာရုံကို ကျော်လွန်ပါသနည်းတဲ့၊ အဲဒီ အမေးကို "ဘယ်သို့ ကျင့်က၊ ရုပ်မွေ၊ ကင်းပကျော်လွန်ပါသနည်း" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၂။ ဘယ်သို့ကျင့်က၊ ရုပ်မွေ၊ ကင်းပကျော်လွန်ပါသနည်း။

သုခံ ဒုခဉ္စာပိ–သုခနှင့် ဒုက္ခဖြစ်ကြောင်း အကောင်းအဆိုး ရုပ်အာရုံ ၂–မျိုးသည်လည်း၊ ကထံ ဝိဘောတိ–ဘယ်သို့ကျင့်က ကင်းပကျော်လွန် ပါသနည်း တဲ့၊ အဲဒါကိုလဲ "ကောင်းဆိုးနှစ်ဖုံ၊ ရုပ်အာရုံ၊ ဘယ်ပုံ ကျော်လွန်ပါ သနည်း" လို့ ဆောင်ပုဒ်စီထားတယ်၊

http://www.dhammadownload.com



အဲဒါကို ဆိုကြရမယ်။

ကောင်းဆိုးနှစ်ဖုံ၊ ရုပ်အာရုံ၊ ဘယ်ပုံ ကျော်လွန်ပါသနည်း။

ကထံ ဝိဘောတိ–အဘယ်သို့ကင်းပ ကျော်လွန်ပါသည်ဟူသော၊ တံ–ဤအကြောင်းအရာကို၊ မေ–နိမ္မိတရုပ်ပွား ငါဘုရားအား၊ ပဗြူဟိ–ရှင်းလင်းဖြေကြားတော်မူပါလော့၊ မေ မနော–ငါ၏ စိတ်သည်၊ တံ ဇာနိယာ မာတိ–ထိုအကြောင်းအရာကို သိကြရလိမ့်မည်ဟူ၍၊ အဟု–ဖြစ်ခဲ့ပါသတည်း တဲ့၊ အဲဒါကို "ထိုအခြင်းရာ၊ ဟောပြပါ၊ စိတ်မှာ သိအံ့မျှော်သတည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ထိုအခြင်းရာ၊ ဟောပြပါ၊ စိတ်မှာ သိအံ့မျှော်သတည်း။

အမှတ်(၁၁) ဂါထာမှာ ရုပ်မရှိရင် အာရုံငါးပါးတွေ့မှု ဖဿ မဖြစ်ကြောင်း ဟောပြခဲ့တယ်၊ အဲဒီရုပ်တရားမရှိအောင် ကင်းအောင် အဲဒီရုပ်တရားကို ကျော်လွန်အောင် ဘယ်လိုကျင့်ရပါသလဲလို့ မေးတာပါပဲ၊ အဲဒီ အမေးကို မြတ်စွာဘုရားရှင်က ဒီလိုဖြေကြားတော်မူပါတယ်။

## မြတ်စွာဘုရား၏ အဖြေဂါထာ (၁၃)

၁၃။ န သညသညီ န ဝိသညသညီ၊
နောပိ အသညီ န ဝိဘူတသညီ။
ဧဝံ သမေတဿ ဝိဘောတိ ရူပံ၊
သညာနိဒါနာ ဟိ ပပဉ္စသင်္ခါ။

မုနိ–နိမ္မိတရုပ်ပွား မြတ်ဘုရား၊ (ယထာ–အကြင်အခြင်းအရာဖြင့်ကျင့်လျှင်၊) န သညသညီ–ပကတိ ကာမသညာလဲ မရှိပေ၊ န

http://www.dhammadownload.com



ဝိသုဒ္ဓိသည်ညီ–ရှုးသွပ်ဖောက်ပြန်သော သညာလည်းမရှိပေ၊ န ဝိဘူတ သညီ– ထင်ရှားသော ရူပစျာန်သညာလဲ မရှိတော့ပေ၊ နောပိ အသညီ– အမှတ် သညာလုံးဝမရှိသည်လည်း မဟုတ်ပေ၊ ဧဝံ–ဤသို့သော အခြင်းအရာဖြင့်၊ သမေတဿ–ကျင့်သောသူအား၊ ရူပံ–ရုပ်အာရုံ ဟူသမျှသည်၊ ဝိဘောတိ– ကင်းလေတော့၏၊ ဝါ–ရုပ်အာရုံကို ကျော်လွန်လေတော့၏၊ ဟိ–မှန်ပေ၏၊ ဝါ–ထိုသို့ သိရခြင်း၏ အကြောင်းကား၊ ပပဉ္စသင်္ခါ–တဏှာ ဒိဋ္ဌိ မာန– ဟူသော နယ်ချဲ့ တရား အဖို့တို့သည်၊ သညာနိဒါနာ–သညာလျှင် အကြောင်းရင်း ရှိကြကုန်၏တဲ့။

ဆိုလိုတာကတော့ ကသိုဏ်းအာရုံမှာ ရူပါဝစရစျာန်လေးပါး ငါးပါးကိုရထားသောပုဂ္ဂိုလ်ဟာ အရူပစျာန်ကိုရအောင် အားထုတ်ရင် အာကာသမှတစ်ပါးသော ကသိုဏ်း ၉–ပါးထဲက တစ်ပါးပါးကို အာရုံပြု ရတယ်၊ အဲဒီကသိုဏ်းရုပ် ပျံ့နှံ့ထင်ပေါ်ရာအရပ်ကို (အာကာသ) ဟင်းလင်းပြင်လို့ နှလုံးသွင်းရတယ်၊ အဲဒီလိုနှလုံးသွင်းတော့ မူလက ကသိုဏ်းရုပ် ထင်ပေါ်ရာအရပ်တွေဟာ ဟင်းလင်းပြင်ဖြစ်ပြီးထင်တယ်၊ အဲဒီလိုထင်ပြီး အာကာသာနဉ္စာယတနစျာန်ကိုရတယ်၊ ဒါလဲ ရုပ်အာရုံ ကင်းအောင် ရုပ်အာရုံကို ကျော်လွန်အောင် ကျင့်ပုံပဲ၊ အဲဒီကနောက် အာကာသာနဉ္စာယတနစျာန်စိတ်ကို အဖန်ဖန်ရှုပြီး ဝိညာဏဉ္စာ ယတနစျာန်ကို ရတယ်၊ ဒါလဲ ရုပ်အာရုံနဲ့ ကင်းကွာသည်ထက် ကင်းကွာအောင်ကျင့်ပုံပဲ၊ အဲဒီကနောက် အာကာသာနဉ္စာယတန စျာန်စိတ်ကင်းပုံကိုရှုပြီး အာကိဉ္စညာယတနစျာန်ကိုရတယ်၊ ဒါလဲ ရုပ်အာရုံ ထက် ဝေးကွာသည်ထက် ဝေးကွာအောင်ကျင့်ပုံပဲ၊ အဲဒီကနောက် အဲဒီ အာကိဉ္စညာယတနစျာန်စိတ်ကိုအာရုံပြုပြီး ဇနဝသညာနာသညာ ယတနစျာန်ကို ရတယ်၊ ဒါကတော့ ရုပ်အာရုံနဲ့ ဝေးကွာအောင်

http://www.dhammadownload.com



ကျင့်ပုံထဲမှာ နောက်ဆုံးအမြတ်ဆုံးအကျင့်ပါပဲ၊ အဲဒီ အရူပဈာန် လေးပါးနှင့် အခြေခံဉပစာဈာန် အခိုက်တွေမှာ ပကတိဖြစ်နေကျ ကာမသညာလဲမရှိဘူး၊ ရူးသွပ်ဖောက်ပြန်တဲ့ သညာလဲ မရှိဘူး၊ ကသိုဏ်းရုပ်စသည်ကို အာရုံပြုတဲ့ ရူပါဝစရဈာန်သညာလဲ မရှိဘူး၊ ဒါပေမယ့် အသညသတ်ပုဂ္ဂိုလ်မှာလို နိရောဓသမာပတ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်မှာလို သညာလုံးလုံးကင်းနေတာတော့ မဟုတ်ဘူး၊ အာကာသ ပညတ်၊ အဘာဝပညတ်၊ ပထမအရူပစိတ်၊ တတိယအရူပစိတ်ဆိုတဲ့ အာရုံ ၄–ပါးထဲက တစ်ပါးပါးကို အာရုံပြုလျက် မှတ်သားမှုဆိုတဲ့ သိမ်မွေ့တဲ့ သညာကတော့ ရှိနေတာပဲ၊ ဒါကြောင့် (နောပိ အသညီ– သညာ လုံးဝမရှိသည်လည်း မဟုတ်ပေလို့) ဆိုထားတာပါပဲ၊ အဲဒီ အကြောင်းအရာများကို ဆောင်ပုဒ်သုံးခု စီထားတယ်။ အဲဒါတွေကို တစ်ပုဒ်ချင်း ဆိုကြရမယ်။

၁၃။ ပကတိသညာ၊ မရှိပါ၊ ရူးတာလဲပဲ မဟုတ်ပေ။

ပကတိသညာဆိုတာ ယခုလူအများမှာရှိနေတဲ့ ကာမာဝစရ သညာတွေကို ပြောတာပါပဲ၊ ယခုလူတွေမှာ မြင်ရတဲ့ အဆင်းကိုလဲ မှတ်သား မိနေကြတယ်၊ ကြားရတဲ့အသံစသည်ကိုလည်း မှတ်သား မိနေကြတယ်၊ မိန်းမပဲယောကျ်ားပဲ၊ ဘယ်သူပဲ၊ ဘာပဲစသည်ဖြင့် မှတ်မိနေကြတယ်၊ အဲဒါဟာ ပကတိသညာပဲ၊ အရူပဈာန်ရအောင် အားထုတ်နေတဲ့သူ၊ အဲဒီအရူပဈာန် ရောက်နေတဲ့သူမှာ အဲဒီ ပကတိ သညာလည်းမရှိဘူး၊ ကင်းကွာနေပါတယ်တဲ့၊ ရူးသွပ်သူမှာဖြစ်တဲ့ သညာမျိုးလည်း မရှိပါဘူးတဲ့၊ နောက်တစ်ပုဒ်ကိုလဲ ဆိုကြရမယ်။

ရူပသညာ၊ မရှိပါ၊ သညာလဲပဲ မကင်းပေ။

ကသိုဏ်းစသောနိမိတ်ကို အာရုံပြုလျက်ဖြစ်သော ရူပဈာန် သညာဆိုတာ အထူးထင်ရှားပါတယ်၊ ဒါကြောင့် ပါဠိဂါထာမှာ

http://www.dhammadownload.com



ဝိဘူတသညာ-လို့ ဟောထားတာပါပဲ၊ ဒါပေမယ့် မဟာနိဒ္ဒေသ စသည်မှာ ယခုရှိနေတဲ့ ပါဠိအရအားဖြင့် အရူပသညာမရှိဘူး-လို့ ပြဆိုလျက်ရှိပါတယ်၊ အဲဒါကတော့ သင့်မယ်မထင်ပါဘူး၊ ဘာကြောင့် လဲဆိုရင် အဲဒီအရူပစျာန် သညာတွေဟာ လောကီသညာထဲမှာ အမြတ် ဆုံးတွေပဲ၊ ဒါကြောင့် အဖြေဂါထာ အမှတ်(၁၅) ၌ (ဧတ္တာဝတဂ္ဂမ္ပိ ဝဒန္တိ ဟေကေ) ဟူသောစကားဖြင့် ယခုအမှတ်(၁၃) ဂါထာက ပြထားတဲ့သညာကို အချို့က အမြတ်ဆုံးလို့ ဆိုကြကြောင်းပြထားလျက် ရှိတာပါပဲ၊ အကယ်၍ အရူပသညာလဲ မရှိဘူးဆိုလျှင် ရူပသညာကို သို့မဟုတ် အာကာသာနဉ္စာယတနစျာန်၏ အခြေခံမျှဖြစ်တဲ့ ဥပစာရစျာန်သညာကိုသာ အမြတ်ဆုံးလို့ ဆိုရမှာလို ဖြစ်နေပါတယ်၊ အမှန်ကတော့ ရူပစျာန်သညာဟာ ကသိဏ်းရုပ်စသည်ကို အာရုံပြု နေတဲ့အတွက် ရုပ်ကိုကျော်လွန်တယ်လို့ မဆိုနိုင်ပါဘူး၊ ဥပစာရ စျာန်သညာကလဲ အရူပစျာန်သညာတွေလောက် မမြတ်တဲ့အတွက် သူတို့သာ အမြတ်ဆုံးလို့ မဆိုသင့်ပါဘူး၊ ဒါကြောင့် မိမိ၏ သဘောကျ အားဖြင့် မဟာနိဒ္ဒေသပါဠိ၌ "စတုန္နံ ရူပသမာပတ္တီနံ လာဘိနော" အရာတွင် "စတုန္နံ အရူပသမာပတ္တီနံ လာဘိနော"လို့ အဆင့်ဆင့် ရေးကူးထားရာမှာ မှားလာခဲ့တယ်လို့ ထင်ပါတယ်၊ ဒါကြောင့် ဆောင်ပုဒ်မှာ ရူပသညာမရှိပါ-လို့ စီထားပါတယ်၊ နောက်ပြီးတော့ နောပိ အသညီ-ဆိုရာမှာ အရူပစျာန်သညာများနှင့် ယင်းတို့၏ ဥပစာရစျာန်သညာများ ရှိနေကြောင်းကို ပြတယ်လို့ယူဆထားပါတယ်၊ ဒီလိုယူပါမှ "အချို့က ဤမျှဖြင့် အမြတ်ဆုံးလို့ ဆိုကြတယ်" ဆိုတဲ့စကားနဲ့ တစ်သားတည်းညီညွတ်သွားပါတယ်၊ ဒါဟာ ပါဠိ ပညာရှင်များ လေးလေးနက်နက် စဉ်းစားစရာပါပဲ၊ နောက်ဆောင်ပုဒ် တစ်ခုကိုလဲ ဆိုကြရမယ်။

http://www.dhammadownload.com



ကာသိဏ်းပယ်ခွာ၊ ကျင့်သူမှာ၊ ကင်းကွာ ရုပ်ကိုကျော်
လွန်ပေ။

အာကာသာနဉ္စာယတနစျာန်ကို ရအောင်အားထုတ်သူမှာ ဥပစာရ စျာန်ခဏမှ အစပြုပြီး ရုပ်အာရုံကင်းကွာတယ်၊ ဒါကြောင့် အဲဒီ ဥပစာရစျာန် သညာနှင့်တကွ အရူပစျာန်သညာတွေမှာလဲ ရုပ်အာရုံတွေ ကင်းသည်ထက်ကင်းပြီး ကျော်လွန်နေကြပါတယ်၊ အဲဒီလို ရုပ်အာရုံတွေ ကင်းကွာနေတဲ့အတွက် အရူပစျာန်များကိုရအောင် အားထုတ်နေဆဲရော အရူပစျာန်များသို့ ရောက်နေဆဲရော ရုပ်အာရုံကို ကျော်လွန်အောင် ကျင့်နေသည်မည်တာပါပဲ၊ အဲဒီ အခြေခံဥပစာများ နှင့်တကွ အရူပစျာန်စိတ်များ ဖြစ်ခိုက်မှာ သညာမကင်းပုံကို အဘယ့်ကြောင့် သိရပါသလဲဆိုတော့-

ဟိ-ထိုအခိုက်၌ သညာမကင်းဟု သိရခြင်း၏အကြောင်းကား၊ ပပဉ္စသင်္ခါ-တဏှာဒိဋ္ဌိမာနဟူသော နယ်ချဲ့အဖို့တို့သည်၊ သညာ-နိဒါနာ- သညာလျှင် အကြောင်းအရင်းရှိကုန်၏၊ ဝါ-သညာလျှင် အကြောင်းအရင်းရှိသောကြောင့် သိရပေသည် တဲ့၊ အဲဒါကို (နယ်ချဲ့ စုမှာ၊ မှတ်သညာ၊ သူဟာ အကြောင်းမူရင်းပေ)လို့ ဆောင်ပုဒ်ပဲ ထားတယ်၊ အဲဒါကို ဆိုကြရမယ်။

နယ်ချဲ့စုမှာ၊ မှတ်သညာ၊ သူဟာ အကြောင်းမူရင်းပေ။

ဒီအပိုဒ်မှာ ဆိုလိုတာကတော့ ရုပ်အာရုံကင်းတဲ့ အဲဒီဥပစာရ စျာန်နှင့် အရူပစျာန်တွေ အကြောင်းပြုပြီး နယ်ချဲ့အဖို့ဆိုင်ရာ တဏှာလဲ ဖြစ်တယ်၊ ဒိဋ္ဌိလဲ ဖြစ်တယ်၊ မာနလဲ ဖြစ်တယ်၊ အဲဒါတွေဟာ သညာရှိလို့ ဖြစ်တာပဲ၊ သညာမရှိ ရင်တော့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် အဲဒီရုပ်အာရုံ ကင်းတဲ့ ဥပစာနှင့်တကွ အရူပစျာန်တွေမှာလဲ သညာမကင်းကြောင်း သိရတယ်လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com



ဒီကနေ့ဟောဖို့ တရားကတော့ ပြည့်စုံလောက်ပါပြီ၊ ဒီအမှတ် (၁၃) ဂါထာအရ ကျင့်ဖို့ကတော့ ရူပါဝစရရျာန် လေးပါးငါးပါးကို ရပြီးပုဂ္ဂိုလ်နဲ့သာ ဆိုင်ပါတယ်၊ ဒီအထဲမှာ ဝိပဿနာရှုဖို့လဲ မပါပါဘူး၊ ဒါကြောင့် ယခု တရားနာနေသူတို့ အတွက်ကတော့ ဗဟုသုတပွားပြီး မြတ်စွာဘုရားအား သဒ္ဓါယုံကြည်မှု တိုးပွားဖို့ရာလောက်ပဲ ရှိပါတယ်၊ ဘယ်လိုလဲဆိုတော့ ဒီအရူပဈာန်တွေ အရူပဘုံတွေ အကြောင်းကို ကိုယ်တိုင်တွေ့သိသူက အလွန်နည်းပါတယ်၊ ယခုနေအခါဆိုရင် မရှိသလောက်ပင် နည်းပါးဖွယ်ရှိပါတယ်၊ ဒါကြောင့် ဒီအရူပဈာန် အကြောင်းကို ဟောတဲ့တရားဟာ အလွန်နက်နဲပါတယ်၊ အဲဒီလို လူအများက မသိနိုင်အောင် အလွန်နက်နဲတဲ့ တရားတော်ကို ဟောပြတော်မူတာဟာ အလွန်ပင်အံ့သြဖွယ် ကြည်ညိုဖွယ် ကောင်းလှပါပေတယ်။

အဲဒီလို ဆင်ခြင်သောအားဖြင့် သဒ္ဓါတရားကိုပွားစေပြီးလျှင် မိမိတို့ အားထုတ်နေကျ ကုသိုလ်တရားကို တိုးတက်ပွားများနိုင်ကြ၍ မိမိတို့ အလိုရှိအပ်သော လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . . ။

http://www.dhammadownload.com

# (၁) ကလဟဝိဝါဒသုတ်

## သတ္တမပိုင်း

၁၃၃၉–ခုနှစ်၊ တော်သလင်းလဆုတ် (၈)ရက်နေ့ ဟောသည်။

------

### တရားအနုသန္ဓေ

ကလဟဝိဝါဒသုတ် တရားကို ဟောလာတာ ၆–ကြိမ်ရှိခဲ့ပြီ၊ အမှတ် (၁၃) ဂါထာအထိ ဟောပြီးခဲ့ပြီ၊ ၁၃၃၉–ခုနှစ်၊ တော်သလင်း လဆုတ် (၈)ရက် ဒီကနေ့ အမှတ် (၁၄) ဂါထာကစပြီး အမှတ်(၁၆) အဆုံးဂါထာအထိ အပြီးဟောရမယ်၊ နိမ္မိတမြတ်စွာဘုရားက ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ အလိုတော်အတိုင်း ဒီလိုမေးတော်မူပါတယ်။

### နိမ္မိတဘုရား၏ အမေးဂါထာ (၁၄)

၁၄။ ယံ တံ အပုစ္ဆိမှ အကိတ္တယီ နော၊
အညံ တံ ပုစ္ဆာမ တဒိင်္ဃ ဗြူဟိ။
ဧတ္တာဝတဂ္ဂံ နု ဝဒန္တိ ဟေကေ၊
ယက္ခဿ သုဒ္ဓိံ ဣဓ ပဏ္ဍိတာသေ။
ဥဒါဟု အညမ္ပိ ဝဒန္တိ ဧတ္တော။

ဂေါတမ–ဂေါတမနွယ်ဘွား မြတ်ဘုရား၊ တံ–အရှင်ဘုရားကို၊ ယံ အပုစ္ဆိမှ–အကြင် အကြောင်းအရာကို မေးခဲ့ပါကုန်ပြီ၊ တံ–ထိုမေးသည့် အကြောင်းအရာကို၊ တွံ–အရှင်ဘုရားသည်၊ နော၊ ငါတို့အား၊ အကိတ္တယီ–ဖြေရှင်းဟောကြားခဲ့ပေပြီ။ အညံ–အခြားအကြောင်း အရာကို၊ တံ ပုစ္ဆာမ–အရှင်ဘုရားအား မေးပါကုန်အံ့၊ ဣင်္ဃ–တိုက်တွန်း တောင်းပန်ပါသည်၊ တံ–ယခုမေးမည့် ထိုအကြောင်း အရာကို၊ ဗြူဟိ–ဖြေရှင်းဟောကြားတော်မူပါ အရှင်ဘုရား၊ မေးသမျှကို

http://www.dhammadownload.com



မြတ်စွာဘုရားက ဖြေကြားတော်မူခဲ့ပါပြီ၊ ယခု အခြားအကြောင်းအရာကို မေးပါမည်၊ အဲဒါကို ဖြေကြားတော်မူပါလို့ ဆိုလိုပါတယ်၊ အဲဒါကို "မေးတိုင်းဖြေကြား၊ ဟောပြီး သွား၊ အခြားမေးပါမည်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၄။ မေးတိုင်း ဖြေကြား၊ ဟောပြီးသွား၊ အခြားမေးပါမည်။

ကွမ-ဤလောက၌၊ ပဏ္ဍိတာ-ပညာရှိဟု ဝန်ခံနေကုန်သော၊ ဧကေ-အချို့ပုဂ္ဂိုလ်တို့သည်၊ ဧတ္တာဝတာ-အခြားသညာတွေမရှိ အရူပ သညာမျှ ရှိသည်ဆိုသော ဤမျှဖြင့်၊ ယက္ခဿ-နတ်လူပြဟ္မာ၏၊ သုဒ္ဓိ-စင်ကြယ်ခြင်းကို၊ အဂ္ဂံ-အမြတ်ဆုံးဟူ၍၊ ဝဒန္တိ နု-ဆိုကြပါကုန်သလော တဲ့၊ လပြည့်နေ့က ဟောခဲ့တဲ့ အမှတ်(၁၃) ဂါထာမှာ ပကတိသညာလဲ မရှိဘူး၊ အရူးသညာလဲမရှိဘူး၊ (ဝိဘူတ) ကသိုဏ်းရုပ်စသည်ကို အာရုံပြုတဲ့ ထင်ရှားသောရူပါဝစရဈာန်သညာလဲ မရှိဘူး၊ (အာကာသ စသည်ကို အာရုံပြုတဲ့ အရူပါဝစရဈာန်သညာ ရှိနေသောကြောင့်) သညာမရှိတာလဲ မဟုတ်ဘူးလို့ဆိုခဲ့တဲ့ ဤမျှဖြင့် လူနတ် ဗြဟ္မာသတ္တဝါ၏ ဆင်းရဲမှ သန့်ရှင်းစင်ကြယ်ပုံကို အမြတ်ဆုံးလို့ အချို့က ဆိုကြဟောကြပါ သလားလို့ မေးတာပါပဲ၊ အဲဒါကို "ဤမျှပေါက်မြောက်၊ လမ်းဆုံးရောက်၊ ချီးမြှောက်ဟောကြားပါသလော"လို့ ဆောင်ပုဒ်စီထားတယ်၊ ဆိုကြ ရမယ်။

ဤမျှပေါက်မြောက်၊ လမ်းဆုံးရောက်၊ ချီးမြှောက်
ဟောကြား ပါသလော။

အမှတ်(၁၃) ဂါထာ၌ ပြဆိုခဲ့တဲ့အတိုင်း အရူပဈာန်ရပြီး အရူပ ဘုံရောက်ရင် အိုခြင်း နာခြင်း သေခြင်းမရှိ ဆင်းရဲ၏ဆုံးရာရောက် နေပြီလို့ အချို့ပညာရှိတွေက ချီးမြှောက်ဟောပြောကြပါသလားလို့ ဆိုလိုပါတယ်၊ နောက်မေးခွန်းကတော့-

http://www.dhammadownload.com



ဥဒါဟု– ထိုသို့မဟုတ်လျှင်၊ ဓောဘာ–ဤအရှုပစျာန် အရူပဘုံမှ၊ အညံ့–အခြားအရာကို၊ အဂ္ဂ–အမြတ်ဆုံးဟူ၍၊ ဝဒန္တိ နု–ဆိုကြပါကုန်သလော–တဲ့၊ အဲဒါကို "သို့မဟုတ်လျှင်၊ ဤအပြင်၊ သန့်စင်လမ်းဆုံး ဟောသလော"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သို့မဟုတ်လျှင်၊ ဤအပြင်၊ သန့်စင်လမ်းဆုံး ဟောသလော။

အဲဒီမေးခွန်းကို မြတ်စွာဘုရားရှင်က ဂါထာ ၂–ပုဒ်ဖြင့် ဖြေရှင်းပြတော်မူပါတယ်။

**မြတ်စွာဘုရား၏ အဖြေဂါထာ (၁၅)**

၁၅။ ဧတ္တာဝတဂ္ဂမ္ပိ ဝဒန္တိ ဟေကေ၊
ယက္ခဿ သုဒ္ဓိံ ဣဓ ပဏ္ဍိတာသေ။
တေသံ ပနေကေ သမယံ ဝဒန္တိ၊
အနုပါဒိသေသေ ကုသလာဝဒါနာ။

မုနိ–နိမ္မိတရုပ်ပွား မြတ်ဘုရား၊ ဣဓ–ဤလောက၌၊ ပဏ္ဍိတာ–ပညာရှိဟု ဝန်ခံနေကုန်သော၊ ဧကေ–အချို့ပုဂ္ဂိုလ်တို့သည်၊ ယက္ခဿ–နတ်လူပြဟ္မာ၏၊ သုဒ္ဓိံ–စင်ကြယ်ခြင်းကို၊ ဧတ္တာဝတာပိ–အရူပစျာန် အရူပဘဝဟူသော ဤမျှ ဖြင့်လည်း၊ အဂ္ဂ–အမြတ်ဆုံးဟူ၍၊ ဝဒန္တိ–ပြောဆိုကြဟောကြားကြကုန်၏တဲ့။

အရူပစျာန်ရပြီး အရူပဘုံရောက်ရင် အိုခြင်း နာခြင်း သေခြင်းမရှိ ဆင်းရဲခပ်သိမ်းအကုန်ငြိမ်းတယ်၊ စင်ကြယ်တဲ့ အမြင့်အမြတ်ဆုံးပဲလို့ အချို့ ပညာရှိပုဂ္ဂိုလ်တွေက ဆိုကြတယ်တဲ့၊ အဲဒါကို "ဤမျှဖြင့်ပင်၊ လမ်းဆုံးထင်၊ သန့်စင်အချို့ဟောကြသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com



၁၅။ ဤမျှဖြင့်ပင်၊ လမ်းဆုံးထင်၊ သန့်စင်အချို့ ဟောကြသည်။

ဇွတ္တာဝတာ–ဤမျှဖြင့်ဆိုတာ အရူပဈာန်လေးပါးနှင့် အရူပဘဝလေးပါးကို ပြောတာပဲ၊ အဲဒါဟာ အမှတ်(၁၃) ဂါထာ၌ ပကတိသညာလဲမရှိ၊ ရှုးတဲ့သညာရှိတာလဲမဟုတ်၊ ဝိဘူတသညာဆိုတဲ့ ရူပါဝစရဈာန်သညာရှိတာလဲ မဟုတ်၊ သညာလုံးဝကင်းတာလဲ မဟုတ်လို့ ပြဆိုခဲ့တဲ့ အရူပါဝစရဈာန် သညာလေးပါးနှင့် ပြည့်စုံတာကို ပြန်လည်ဖော်ပြတာပါဘဲ၊ ဒါကြောင့် အဲဒီ အမှတ် (၁၃)ဂါထာကို အနက်ပြန်ဆိုပြစဥ်က ဝိဘူတသညာမရှိလို့ ပြန်ဆိုပြီးတော့ (နောပိ အသညီ) သညာမရှိသည်လဲ မဟုတ်ဆိုရာမှာ အရူပါဝစရဈာန် သညာရှိနေကြောင်း အနက်ပြန်ဆိုဖော်ပြထားတာပါပဲ၊ အဲဒီလိုပြန်ဆိုမှ ဒီဂါထာ၌ "ဤမျှဖြင့်ပင် အချို့က အမြတ်ဆုံးစင်ကြယ်ခြင်း ဖြစ်သည်" လို့ ဆိုတာနဲ့ကိုက်ညီပါတယ်။ အဲဒါကို ပါဠိပညာရှင်များ အထူးသတိပြုကြစေလိုပါတယ်။ နောက် ၂–ပိုဒ် အနက်ကတော့––

တေသံ–ထိုပညာရှိဝန်ခံသူတို့တွင်၊ အနုပါဒိသေသေ ကုသလာ ဝါဒနာ–ဥပါဒါနက္ခန္ဓာ အကြွင်းမရှိ ချုပ်ခြင်း၌၊ (အနုပါဒိသေသနိဗ္ဗာန်၌၊ လို့ ဆိုလိုတာပါဘဲ၊) ကုသလာဝါဒနာ–ကျွမ်းကျင်လိမ္မာသည်ဟု ဝန်ခံကြကုန်သော၊ ဧကေ– ပန–အချို့ပုဂ္ဂိုလ် တို့သည်ကား၊ သမယံ– ဥစ္ဆေဒအယူကို၊ ဝါ–ဘဝပြတ်ခြင်းကို၊ အဂ္ဂံ–အမြတ်ဆုံးဟူ၍၊ ဝဒန္တိ–ပြောဆိုဟောကြားကြ ကုန်၏တဲ့။

ဘဝပြတ်တယ်ဆိုတာက ၂–မျိုးရှိတယ်။ ကိလေသာကင်းငြိမ်းအောင် အားမထုတ်ရဘဲ သူ့အလိုလိုပင် ဘဝပြတ်တယ်လို့ ဆိုတာကတစ်မျိုး၊ အရဟတ္တမဂ်ဖိုလ်ရောက်အောင်ကျင့်၍ ကိလေသာအကုန် ကင်းငြိမ်းသောကြောင့် ဘဝသစ် ရုပ်နာမ်တွေ မဖြစ်တော့ပဲ

http://www.dhammadownload.com



ပြတ်စဲတယ်ဆိုတာက တစ်မျိုး၊ ဒီလို ၂-မျိုးရှိတယ်။ အဲဒီ ၂-မျိုးထဲမှ ဒီဂါထာ၌ ပြဆိုထားတဲ့ ဘဝပြတ်ပုံကတော့ ကိလေသာ ကင်းအောင် မကျင့်ရဘဲ သေသည်၏အခြားမဲ့၌ ဘာမှ မဖြစ်ရတော့ဘဲ ပြတ်စဲသွားတယ်လို့ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအရ ဘဝပြတ်ပုံပဲ၊ ခုတင် ကပြောခဲ့တဲ့ အရူပါဝစရရှာန်လေးပါးနှင့် အရူပဘဝလေးပါးကို အမြတ်ဆုံး ဆိုတာက သဿတဒိဋ္ဌိအယူရှိသူတို့၏ အဆိုဘဲ၊ ယခုပြဆိုတဲ့ ဘဝပြတ်စဲခြင်းဆိုတာကတော့ ဥစ္ဆေဒအယူရှိသူတို့၏ အဆိုပဲ။

ဒီဥစ္ဆေဒအယူအရ ဘဝပြတ်ပုံက (၇)မျိုးရှိတယ်၊ ဘယ်လိုလဲ ဆိုတော့ (၁) ယခု လူ့ဘဝသေရင် ဘာမှုမဖြစ်ရတော့ဘူးလို့ ဒီလို အယူကတစ်မျိုးပဲ၊ ဒီလိုအယူရှိတဲ့ လူတွေကတော့ နောက်ဘဝ မရှိဘူးလို့ ယူဆထားသောကြောင့် နောက်ဘဝကောင်းစားရေးအတွက် ဘာကုသိုလ်မှ ပြုလုပ်ခြင်း မရှိဘူး၊ မကောင်းမှု အကုသိုလ်ကိုလဲ မရှောင်ကြဉ်ဘူး၊ ဗုဒ္ဓတရားတော်အရအားဖြင့် ဒီလိုပုဂ္ဂိုလ်မှာ အားကိုးစရာကုသိုလ်မရှိသောကြောင့် အပါယ်လေးပါးကျရောက်ဖို့ရာ အနီးစပ်ဆုံးပါပဲ။

(၂) နောက်တစ်မျိုးကတော့ နတ်ဘဝရောက်ပြီးတော့ အဲဒီနတ်ဘဝက သေတဲ့အခါ ဘာမှုမဖြစ်ရတော့ဘဲ ပြတ်စဲသွားတယ်လို့ ယုံကြည်ယူဆတယ်၊ ဒီလို အယူရှိတဲ့သူကတော့ နတ်ဘဝရောက်ကြောင်း ကုသိုလ်ကို ပြုရလိမ့်ဦးမယ်၊ အဲဒီကုသိုလ်ကံကြောင့် နတ်ဘဝ ရောက်ဖို့ နီးစပ်ပါတယ်၊ ဒါပေမယ့် နတ်ဘဝမှ စုတေတဲ့အခါ ဗုဒ္ဓတရားတော်အရအားဖြင့် သူ့ကံအားလျော်စွာ ဘဝသစ်ကတော့ ဖြစ်ဖြစ်သွားရဦးမှာပဲ။

(၃) နောက်တစ်မျိုးကတော့ ရူပါဝစရဗြဟ္မာဖြစ်ပြီးနောက် အဲဒီမှစုတေတဲ့အခါ ဘာမှုမဖြစ်ရတော့ဘဲ ပြတ်စဲသွားတယ်လို့

http://www.dhammadownload.com



ယုံကြည်ယူဆတယ်၊ အဲဒီအယူရှိတဲ့သူမှာလဲ ရူပါဝစရစျာန်ကို ရအောင် အားထုတ်ဖွယ်ရှိပါတယ်၊ အဲဒီလို ရူပါဝစရစျာန် ကုသိုလ်ကိုရရင်တော့ ရူပါဝစရဗြဟ္မာဘုံရောက်ဖို့ပါပဲ၊ အဲဒီ ဗြဟ္မာဘဝမှ စုတေတဲ့အခါ ကျမတော့ ရဟန္တာမဟုတ်ရင် သူ့ကံအားလျော်စွာ ဘဝအသစ်ဖြစ်ဖို့ ကတော့ ရှိနေသေးတာပါပဲ၊ နောက်ပြီးတော့ တချို့ဗြဟ္မဏဘာသာ အယူဝါဒရှိသူတွေက သူတို့ဘာသာတရားအရ လိုက်နာကျင့်နေရုံ မျှဖြင့် ဗြဟ္မာ့ပြည်ရောက်တယ်လို့ ယုံကြည်ယူဆသူတွေလဲရှိတယ် အဲဒီလိုလူတွေကတော့ စျာန်ရအောင် အားမထုတ်တဲ့အတွက် သူတို့ သေတဲ့အခါမှာ ကံအားလျော်စွာ ဘဝတစ်ခုခုမှာ ဖြစ်သွားကြမှာပဲ၊ အဲဒီလိုဖြစ်နိုင်ပုံများကို ဗြဟ္မဝိဟာရတရားတော်စာအုပ် (နှာ-၃၄၉- စသည်)၌ ပြထားသော တောဒေယျပုဏ္ဏားကြီးက ခွေးဖြစ်ပုံဖြင့် ထင်ရှားသိနိုင်ပါတယ်၊ နောက်ပြီးတော့ ယင်းစာအုပ် (နှာ-၃၅၃)၌ မဟာဒတ္တ ဆိုတဲ့ စစ်ဗိုလ်ချုပ်ကြီးက ငရဲကျရောက်သွားပုံဖြင့်လဲ ထင်ရှားသိနိုင်ပါတယ်။

(၄) နောက်တစ်မျိုးကတော့ အာကာသာနဉ္စာယတနဘုံရောက် ပြီးတော့ အဲဒီဘုံကစုတေတဲ့အခါ ဘာမျှမဖြစ်ရတော့ပဲ ဘဝပြတ် သွားတယ်လို့ ယုံကြည်ယူဆတဲ့ဥစ္ဆေဒဒိဋ္ဌိပါပဲ။

(၅)နောက်တစ်မျိုးကတော့ ဝိညာဏဉ္စာယတနဘုံ ရောက်ပြီး တော့ အဲဒီဘုံက စုတေတဲ့အခါ ဘဝပြတ်သွားတယ်လို့ ယုံကြည်ယူဆ တဲ့ ဥစ္ဆေဒဒိဋ္ဌိပါပဲ။

(၆) နောက်တစ်မျိုးကတော့ အာကိဉ္စညာယတနဘုံရောက်ပြီး တော့ အဲဒီဘုံက စုတေတဲ့အခါ ဘဝပြတ်သွားတယ်လို့ ယုံကြည်ယူဆ တဲ့ ဥစ္ဆေဒဒိဋ္ဌိပါပဲ။

(၇) နောက်တစ်မျိုးကတော့ နေဝသညာနာသညာယတနဘုံ

http://www.dhammadownload.com



ရောက်ပြီးတော့ အဲဒီဘုံက စုတေတဲ့အခါ ဘဝပြတ်သွားတယ်လို့ ယုံကြည်ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိပါပဲ၊ ဒီအရူပလေးဘုံက စုတေတဲ့အခါ ဘဝပြတ်တယ်လို့ ယုံကြည်ယူဆတဲ့ ပုဂ္ဂိုလ်တွေကတော့ အရူပါဝစရ ဈာန်များကို ရအောင်အားထုတ်နိုင်ရင် သူတို့ရောက်လိုတဲ့ အရူပဘုံများရောက်ဖို့ရှိပါတယ်၊ ဒါပေမယ့် အဲဒီဘုံများမှစုတေတဲ့ အခါကျတော့ မိစ္ဆာဒိဋ္ဌိတောင် မကင်းသေးသောကြောင့် ကာမဘဝများသို့ ပြန်ရောက်ပြီးတော့ အပါယ်လေးပါးသို့လဲ ရောက်နိုင်သေးတာပါပဲ၊ သူတို့ ထင်မြင်ယုံကြည်တဲ့အတိုင်း ဘဝသစ်ရုပ်နာမ်အစဉ်ကတော့ မပြတ်ပါဘူး၊ အဲဒီလို ဘဝပြတ်ပုံဟောကြတဲ့ အကြောင်းကို "သူတို့ထဲမှ၊ အချို့က၊ ဘဝပြတ်ပုံ ဟောကြသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သူတို့ထဲမှ၊ အချို့က၊ ဘဝပြတ်ပုံ ဟောကြသည်။

အဲဒီလို ဟောကြတဲ့ပုဂ္ဂိုလ်တွေကလဲ သာမန်လူညံ့တွေတော့ မဟုတ်ဘူး၊ သူတို့က ခန္ဓာအကြွင်းမရှိချုပ်ငြိမ်းတဲ့ အနုပါဒိသေသ နိဗ္ဗာန်ကို ကျွမ်းကျင်နားလည်ကြောင်းလဲ ဝန်ခံနေကြတဲ့သူတွေ ဖြစ်ပါသတဲ့၊ အဲဒါကိုလဲ "ကြွင်းမဲ့ခန္ဓာ၊ ချုပ်ပြတ်ရာ၊ လိမ္မာသူလို့ သူတို့ဝန်ခံသည်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ကြွင်းမဲ့ခန္ဓာ၊ ချုပ်ပြတ်ရာ၊ လိမ္မာသူလို့ သူတို့ဝန်ခံသည်။

ဒါပေမယ့် သူတို့ဝန်ခံတဲ့အတိုင်း အနုပါဒိသေသနိဗ္ဗာန်အစစ်ကိုတော့ သူတို့မသိကြပါဘူး၊ ဘဝင်မြင့်ပြီး ဝန်ခံကြတာပါပဲ၊ ဒါကြောင့် အဲဒီ ပုဂ္ဂိုလ်တွေဟာ ဥစ္ဆေဒဒိဋ္ဌိနှင့် သဿတဒိဋ္ဌိ စွဲမှီနေနေကြတယ် ဆိုတာကိုလဲ သိနားလည်ရမယ်၊ နောက်ပြီးတော့ အဲဒီမိစ္ဆာအယူရှိ သူတို့၏ စွဲမှီရာ မိစ္ဆာဒိဋ္ဌိများနှင့် ယင်းဒိဋ္ဌိတို့၏ စွဲမှီရာရုပ်နာမ်သင်္ခါရ တရားတွေကိုလဲ အမှန်အတိုင်းသိရမယ်၊ ရုပ်နာမ်သင်္ခါရတွေကို အနိစ္စ

http://www.dhammadownload.com



စသောအခြင်းအရာဖြင့် အမှန်အတိုင်းသိလျှင် အရဟတ္တမဂ်ဖိုလ်ရောက်ပြီး အာသဝေါကိလေသာဟူသမျှမှ လွတ်မြောက်တယ်၊ အဲဒီလိုလွတ်မြောက်ရင်တော့ ငြင်းခုံဖွယ်လဲ မရှိတော့ဘူး၊ ဘဝသစ်ရုပ်နာမ်တွေလဲ ဖြစ်ခွင့်မရှိတော့ဘူး၊ အဲဒီလို ကိလေသာတွေ အမြစ်ပြတ်လုံးဝကင်းငြိမ်းပါမှ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်နိုင်တယ်၊ ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့်တကွ တပည့်ရဟန္တာ အရှင်မြတ်တွေဟာ ဒီပုံဒီနည်းဖြင့် ဘဝသစ်ဖြစ်ခြင်းမရှိတော့ဘဲ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းတဲ့အနုပါဒိသေသနိဗ္ဗာန်သို့ ဝင်စံတော်မူကြတယ်၊ အဲဒီ အကြောင်း အရာကို အမှတ်(၁၆) ဂါထာဖြင့် ဒေသနာတော်ကို နိဂုံးချုပ်လျက် ဒီလိုဟောကြားတော်မူပါတယ်။

မြတ်စွာဘုရား၏အဖြေ နိဂုံးချုပ်ဂါထာ (၁၆)

၁၆။ ဧတေ စ ဥတွာ ဥပနိဿိတာတိ၊
ဥတွာ မုနိ နိဿယေ သော ဝိမံသီ။
ဥတွာ ဝိမုတ္တော န ဝိဝါဒမေတိ၊
ဘဝါဘဝါယ န သမေတိ ဓီရော။

မုနိ–နိမ္မိတရုပ်ပွားမြတ်ဘုရား၊ ယော မုနိ–ဗုဒ္ဓဘုရားတည်းဟူသော အကြင်ရဟန်းမြတ်သည်၊ (နိဒ္ဒေသစသော အဖွင့်ကျမ်းတို့နှင့်အညီ ပြန်သောအနက်ဖြစ်သည်၊ ဤအနက်ကို ဥက္ကဋ္ဌနည်းအရယူ၍ဩမကနည်းအရအားဖြင့် ရဟန္တာရဟန်းကိုလည်း ယူသင့်၏၊ သို့မဟုတ်လျှင် ရဟန္တာဖြစ်ရုံမျှဖြင့် ကိစ္စမပြီးသေး၊ ဘုရားဖြစ်ပြီးမှကိစ္စပြီးသည်ဟုဆိုသော မိစ္ဆာဝါဒကို အားပေးထောက်ခံရာ ရောက်ရာ၏။) ဝါ–ရဟန္တာဖြစ်သော ရဟန်းသည်၊ (ဤအနက်အရအားဖြင့်ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကရဟန္တာအားလုံးကို ရသဖြင့် ဓောဒနာဖွယ်

http://www.dhammadownload.com



မရှိပေ။) ဧတေ-အရူပဘဝကို အမြတ်ဆုံးဟူ၍ လည်းကောင်း လူ့ဘဝနတ်ဘဝ ရူပဘဝ အရူပဘဝမှစတေလျှင် ဘဝပြတ်သည် ဟူ၍လည်းကောင်းဆိုကြသော ဤပုဂ္ဂိုလ်တို့ကို၊ ဥပနိဿိတာတိ- တည်မြဲ အယူ၊ ပြတ်စဲအယူကို စွဲမှီနေကြသည်ဟု၊ ဉတွာ စ- သိပြီး၍လည်းကောင်း။ အဲဒီအပိုဒ်အရ "တည်မြဲ၊ ကင်းပြတ်၊ ထိုနှစ်ရပ်၊ မှီကပ်ကြသည် သိပြီးလျှင်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၆။တည်မြဲ့ကင်းပြတ်၊ထိုနှစ်ရပ်၊ မှီကပ်ကြသည် သိပြီးလျှင်။

အရူပဘဝသို့ရောက်လျှင် မအို မနာ မသေ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသည်ဟူ၍ လည်းကောင်း၊ လူဘဝ၊ နတ်ဘဝ၊ ရူပဘဝ၊ အရူပ ဘဝတို့မှသေလျှင် သူ့အလိုလိုပင် ဘဝပြတ်သည်ဟူ၍ လည်းကောင်း ပြောဆိုကြသော ထိုပုဂ္ဂိုလ်တို့သည် သဿတဒိဋ္ဌိဆိုတဲ့ တည်မြဲအယူနှင့် ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ ပြတ်စဲအယူကို စွဲလမ်းမှီကပ် နေကြသည်ဟု သိပြီးလျှင်-လို့ ဆိုလိုပါတယ်၊ နောက်အပိုဒ်ကတော့-

နိဿယေ ဉတွာ စ-မှီရာဒိဋ္ဌိတို့ကို သိပြီး၍လည်းကောင်း၊ ဝါ- စွဲမှီရာ ဒိဋ္ဌိနှင့် စွဲမှီရာ ရုပ်နာမ်ခန္ဓာတို့ကို အမှန်အတိုင်းသိပြီး၍ လည်းကောင်း၊ (မှီရာဒိဋ္ဌိတို့ကို သိပုံကတော့ မှားယွင်းသော အယူတွေ ပဲလို့ သိဖို့ပါပဲ၊ စွဲမှီရာ ရုပ်နာမ်ခန္ဓာတို့ကို သိဖို့ကတော့ အနိစ္စ စသည်ဖြင့် မှန်စွာသိဖို့ပါပဲ၊ အဲဒါကို သိပြီးတဲ့နောက်မှာ) ဝိမံသီ- သစ္စာလေးတန်ကို မှန်စွာသိသော ဉာဏ်ပညာနှင့် ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏၊ သော မုနိ-ဗုဒ္ဓဘုရားတည်းဟူသော ထိုရဟန်း မြတ်သည်၊ ဝါ-ရဟန္တာဖြစ်သော ထိုရဟန်းမြတ်သည်၊ ဉတွာ-သစ္စာ လေးပါးကို ပိုင်းခြားထင်ထင် သိမြင်ပြီး၍၊ ဝိမုတ္တော-အာသဝေါ ကိလေသာဟူသမျှမှ ကင်းပလွတ်မြောက်သည်ဖြစ်၍၊ ဝိဝါဒံ-ငြင်းခုံ

http://www.dhammadownload.com



ခြင်းသို့၊ န ဧတိ–မရောက်တော့ပေ၊ အဲဒါကို (မှီရာတွေပါ၊ သိပြီးကာ၊ သစ္စာကိုလဲ သိပြီးလျှင်၊ လွတ်မြောက်သူမှာ၊ ရဟန္တာ၊ ငြင်းရာသို့လဲ မရောက်ပြီ)လို့ ဆောက်ပုဒ်နှစ်ခု စီထားတယ်၊ အဲဒါတွေကို ဆိုကြရမယ်။

မှီရာတွေပါ၊ သိပြီးကာ၊ သစ္စာကိုလဲ သိပြီးလျှင်၊
လွတ်မြောက် သူမှာ၊ ရဟန္တာ၊ ငြင်းရာသို့လဲမရောက်ပြီ။

ရဟန္တာပုဂ္ဂိုလ်က အမှန်တရားကိုသိပြီး ဟောပြောနေတာဟာ မသိသူ တွေနဲ့ ငြင်းသည်မမည်ဘူး၊ မိမိလိုပင် အမှန်တရား သိကြပါစေလို့ မေတ္တာ ကရုဏာဖြင့် ချီးမြှောက်လို၍ ဟောပြောနေခြင်းသာဖြစ်တယ်၊ ဒါကြောင့် ငြင်းခုံရာ မရောက်တော့ဘူးလို့ဆိုတာပါပဲ၊ နောက်ဆုံး အပိုဒ်ကတော့–

ဓီရော–ပညာရှိ အစစ်ဖြစ်သော၊ သော မုနိ–ဗုဒ္ဓဘုရားတည်းဟူသော ထိုရဟန်းမြတ်သည်၊ ဝါ–ရဟန္တာဖြစ်သော ထိုရဟန်းမြတ်သည်၊ ဘဝါဘဝါယ–ဘဝယုတ်မြတ် တစ်ဖန်ထပ်၍ ဖြစ်ရန်အလို့ငှာ၊ ဝါ–ဘဝယုတ်မြတ် နောက်ထပ် ဖြစ်ခြင်းသို့၊ နသမေတိ–မရောက်တော့ပေတဲ့၊ အဲဒါကိုလဲ "ဘဝတစ်ဖန်၊ ဖြစ်ဖို့ရန်၊ ကေန်မရှိ ငြိမ်းလေသည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဘဝတစ်ဖန်၊ ဖြစ်ဖို့ရန်၊ ကေန်မရှိ ငြိမ်းလေသည်။

ဒီနေရာမှာ အတ္တစွဲရှိနေတဲ့သူတွေ၏ အမြင်အားဖြင့် ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံတယ် ဆိုတာကို ပုဂ္ဂိုလ် အကောင်လိုက် ပျောက်ကွယ်သွားတယ်လို့ ထင်နေကြတယ်၊ အဲဒီလိုတော့ မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်ဆိုတာ ခေါ်ဝေါ်ရုံမျှပါပဲ၊ တကယ်စင်စစ်တော့ ရှိတာမဟုတ်ပါဘူး၊ တကယ်ရှိနေတာကတော့ အကြောင်းအကျိုး ရုပ်နာမ်အစဉ်မျှသာ အဆက်ဆက်ဖြစ်နေတာပါပဲ၊ ဥပမာအားဖြင့် မီးလျှံ

http://www.dhammadownload.com



မီးတောက်ဆိုတာဟာ လောင်စာအကြောင်းရှိနေလျှင် မပြတ် တောက်လောင်နေသလိုပါပဲ၊ မိမိ၏ ဘ၀ရုပ်နာမ်ခန္ဓာကို ခင်မင်တွယ်တာမှု ကိလေသာရှိနေသမျှ ကာလပတ်လုံး သေခါနီးမှာ စွဲလမ်းခဲ့ပြီး သေသွားတဲ့အခါ အဲဒီစွဲလမ်းခဲ့ရာ အာရုံကိုစွဲမှီပြီး ပဋိသန္ဓေစိတ်ဆိုတာ ဖြစ်တယ်၊ အဲဒီ ပဋိသန္ဓေစိတ် ဖြစ်မိလျှင် အဲဒီတစ်ဘ၀လုံး စိတ်အစဉ်ဟာ အဆက်မပြတ် ဖြစ်သွားတော့တာပဲ၊ အဲဒီဘ၀က သေတဲ့အခါလဲ သေခါနီးက စွဲလမ်းခဲ့တဲ့အာရုံကို စွဲမှီပြီး ဘ၀သစ်ပဋိသန္ဓေစိတ် ဖြစ်သွားတယ်၊ အဲဒီကနောက်လဲ တစ်ဘ၀လုံး စိတ်အစဉ်ဟာ အဆက်မပြတ် ဖြစ်သွားပြန်တာပဲ၊ ခင်မင်တွယ်တာတဲ့ ကိလေသာမကင်းသေးသမျှ ဒီနည်းဖြင့်ပင် ဘ၀သစ်နာမ်ရုပ်တွေ အဆက်မပြတ် ဖြစ်နေတယ်။

သီလ သမာဓိ ဝိပဿနာပညာအကျင့်ကိုကျင့်လို့ အရဟတ္တမဂ်ဖိုလ်ရောက်တဲ့အခါကျတော့ မိမိ၏ဘ၀ရုပ်နာမ်ခန္ဓာကို ခင်မင် တွယ်တာမှု မရှိတော့ဘူး၊ သမုဒယသစ္စာခေါ်တဲ့ တဏှာကင်းသွားတယ်၊ ဒါကြောင့် အဲဒီဘ၀က သေတဲ့အခါမှာ သေခါနီး၌ တစ်စုံတစ်ရာကိုမှ မစွဲလမ်းတော့ဘူး၊ ဒါကြောင့် သေတယ်လို့ဆိုရတဲ့ စုတိစိတ်ချုပ်သွားပြီးနောက် ဘ၀သစ် ပဋိသန္ဓေလို့ခေါ်ရတဲ့ နာမ်ရုပ်အသစ်မဖြစ်တော့ဘူး၊ အဲဒါဟာ အကြောင်းကိလေသာနှင့်ကံကင်းလို့ အကျိုးဘ၀သစ်နာမ်ရုပ်တွေ မဖြစ်ပေါ်လာတော့ဘဲ ပြတ်စဲသွားတာပဲ၊ ဥပမာအားဖြင့် မီးလျှံမီးတောက်ဟာ လောင်စာမရှိလျှင် ငြိမ်းသွားသလိုပါပဲ၊ ဒါကြောင့် ရဟန္တာမဖြစ်မီကလဲ ကိလေသာနှင့်ကံဆိုတဲ့ အကြောင်းတရားကြောင့် မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်သာရှိခဲ့တယ်၊ ရဟန္တာဖြစ်တဲ့အခါကျတော့ ကိလေသာမရှိလို့ ကံကလဲ အကျိုးမပေးနိုင်ဘူး၊ ဒါကြောင့် စုတိစိတ်ချုပ်သွားသည့်နောက် ဘ၀သစ်ရုပ်နာမ် မဖြစ်တော့ဘဲ ငြိမ်းသွားရုံမျှပါပဲ၊ ပုဂ္ဂိုလ်သတ္တဝါ အကောင်လိုက် ပျောက်သွားတာရယ်လို့ မရှိပါဘူး၊

http://www.dhammadownload.com



ရုပ်နာမ်အစဉ် အသစ်မဖြစ်တော့ဘဲ ပြတ်စဲသွားရုံမျှပါပဲ။

အဲဒီရဟန္တာ၏ ရုပ်နာမ်အစဉ် ပြတ်စဲပုံနှင့် ဥစ္ဆေဒအယူအရ ဘဝ ပြတ်ပုံဟာ ဘယ်လိုထူးပါသလဲဆိုရင်–ဥစ္ဆေဒအယူအရ ဘဝပြတ်စဲပုံကတော့ မသေခင်က အကောင်လိုက် တည်ရှိနေတယ်လို့ ယူဆထားတယ်၊ သေတဲ့အခါကျတော့ အဲဒီ အကောင်လိုက် ပြတ်စဲသွားတယ်လို့ ယူဆတယ်၊ ဒါပေမယ့် အဲဒီလို ထင်မြင်ယူဆတဲ့အတိုင်း သေပြီးတဲ့နောက်မှာ ဘာမျှမရှိတော့ဘဲ ပြတ်စဲသွားတာတော့ မဟုတ်ပါဘူး၊ လောဘစသော ကိလေသာမကင်းသေးသမျှ ကာလပတ်လုံး ခုတင်က ပြောခဲ့တဲ့အတိုင်း သေခါနီးမှာ စွဲလမ်းခဲ့တဲ့အာရုံကို စွဲမှီပြီး စုတိစိတ်၏အခြားမဲ့မှာ ပဋိသန္ဓေစိတ်ဖြစ်ပြီး ဘဝသစ်ဖြစ်ဖြစ် သွားဦးမှာချည်းပဲ၊ အဲဒီတော့ ပြတ်စဲအယူမှာ မသေခင်က အကောင်လိုက်ရှိနေတယ်လို့ ထင်တာလဲမှားတယ်၊ သေပြီးရင်ဘာမျှမရှိတော့ဘဲ ပြတ်စဲသွားတယ်လို့ ထင်တာလဲမှားတယ်၊ အဲဒီအယူမှားကို မှီပြီးတော့ ကိုယ်ကျိုးကိုသာငဲ့ပြီး မကောင်းမှုအကုသိုလ်တွေကို များစွာပြုမိတယ်၊ အဲဒီ အကုသိုလ်ကြောင့် သေတဲ့အခါ အပါယ်ငရဲသို့ကျရောက်သွားဖို့ရာ အင်မတန်နီးစပ်ပါတယ်၊ ကုသိုလ်ကိုလဲ ပြုမှာမဟုတ်ဘူး၊ ဒါကြောင့် နောင်ဘဝတွေမှာ ကုသိုလ်၏ အကျိုးဖြစ်တဲ့ ကောင်းစားချမ်းသာမှုကိုလဲ ရဖို့ရာ အလွန်ဝေးတယ်။

ရဟန္တာမှာ ပရိနိဗ္ဗာန်စုတိမှနောက်၌ ဘဝသစ်ရုပ်နာမ်မဖြစ်ဘဲ ပြတ်စဲသွားတယ်ဆိုတာကတော့ အကြောင်းကိလေသာနှင့် ကံမရှိလို့ အကျိုးမဖြစ်ဘူးဆိုတဲ့ အသင့်ယုတ္တိအားဖြင့် မှန်ကန်ကြောင်းလဲ ထင်ရှားတယ်၊ မူလကလဲ ပုဂ္ဂိုလ်အကောင်ရယ်လို့မရှိဘူး၊ အကြောင်းအကျိုး ရုပ်နာမ် အစဉ်မျှသာရှိခဲ့တယ်၊ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ အကြောင်းမရှိလို့ အကျိုးရုပ်နာမ်အစဉ် ပြတ်စဲသွားခြင်းမျှသာပဲ၊ ပုဂ္ဂိုလ်

http://www.dhammadownload.com



အကောင်လိုက် ပြတ်စဲ ပျောက်ကွယ်သွားတာမဟုတ်ဘူးဆိုတာလဲ အသင့်ယုတ္တိအားဖြင့် မှန်ကန်ကြောင်း ထင်ရှားပါတယ်။

ဒါကြောင့် ပြတ်စဲအယူနဲ့ ရဟန္တာ၏ ပရိနိဗ္ဗာန်ဝင်စံတယ် ဆိုတာဟာ အနည်းငယ်မျှ တူခြင်းမရှိပဲ အများကြီးကွဲပြား ထူးခြား နေပါတယ်။

ယခုဟောပြခဲ့တဲ့ နိဂုံးချုပ်ဂါထာဖြင့် မြတ်စွာဘုရား၏ အဆုံးအမတော်အရ သီလ သမာဓိ ပညာအကျင့်ကိုကျင့်လို့ ပြည့်စုံတဲ့ အခါ ရဟန္တာ ဖြစ်တယ်၊ အဲဒီတော့ ကိလေသာတွေ အကုန်ကင်းငြိမ်းတဲ့ အတွက် ဒီသုတ်၏ အစမှာပြခဲ့တဲ့ ကလဟ–ရန်ဖြစ်ခြင်း၊ ဝိဝါဒ– ငြင်းခုံခြင်းစသော အကုသိုလ်ဟူသမျှတွေလဲ အကုန်ကင်းပြီး သန့်ရှင်း စင်ကြယ်သွားတယ်၊ ဒါကြောင့် ''န ဝိဝါဒမေတိ–ငြင်းခုံခြင်းသို့ မရောက်တော့ဘူးလို့လဲ'' ချီးကျူးပြီး ဟောပြတော်မူပါတယ်၊ နောက်ပြီးတော့ ဘဝသစ်ဖြစ်ပြီး ခံစားရမည့် သံသရာဝဋ်ဆင်း ရဲတွေလဲ အကုန်လုံး ပြတ်စဲကင်းငြိမ်းတဲ့အကြောင်းကို ''ဘဝါဘဝါယ န သမေတိ–ဘဝယုတ်မြတ် နောက်ထပ်ဖြစ်ခြင်းသို့ မရောက်တော့ဘူး'' လို့လဲ ချီးကျူးပြီး ဟောတော်မူပါတယ်။

ကလဟဝိဝါဒသုတ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြဟောကြား လာတာ ပြည့်စုံလောက်ပါပြီ၊ နိဂုံးချုပ်ဂါထာမှာ ပြထားသည့်အတိုင်း တည်မြဲ ပြတ်စဲအယူများကို စွဲမှီနေကြပုံသိပြီးတော့ ယင်းတို့၏ မှီရာဖြစ်တဲ့ တည်မြဲ ပြတ်စဲ အယူနှင့် ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေကို အမှန်အတိုင်း သိအောင်၊ သစ္စာ လေးပါးသိပြီး အာသဝေါကိလေသာတို့မှ လွတ်မြောက် အောင်၊ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း စသည်တွေကင်းအောင် စွမ်းနိုင်သမျှ ကျင့်သုံးအားထုတ်သွားကြဖို့ပါပဲ၊ တရားသိမ်းတော့မယ်။

ယခုပြောပြခဲ့တဲ့အတိုင်း စွမ်းနိုင်သမျှ ကျင့်သုံးအားထုတ်ကြ၍

http://www.dhammadownload.com



လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာတို့နှင့် ပြည့်စုံကြပြီးလျှင် မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . . ။

(၁) ကလဟဝိဝါဒသုတ်တရားတော် ဤတွင်ပြီး၏။

http://www.dhammadownload.com

# (၂) စူဠဗျူဟသုတ်

## ပဌမပိုင်း

၁၃၃၉–ခုနှစ်၊ တော်သလင်းလကွယ်နေ့ ဟောသည်။

-------

### တရားအနုသန္ဓေ

တော်သလင်းလဆုတ် (၈)ရက်နေ့က ကလဟဝိဝါဒသုတ်ကို ဟောလို့ပြီးခဲ့ပြီ၊ ဒီကနေ့ ၁၃၃၉–ခုနှစ်၊ တော်သလင်းလကွယ်နေ့ ဖြစ်တယ်၊ ဒီကနေ့ကစပြီး စူဠဗျူဟသုတ်ကို ဟောရမယ်။

### စူဠဗျူဟသုတ်အမည်

ဗျူဟဆိုတဲ့ပါဠိက စုပေါင်းခြင်း၊ စစ်ဆင်ခြင်း၊ ယက်ထုတ်ခြင်းဆိုတဲ့ အနက်များကိုပြတယ်၊ ဒီသုတ်၏အဖွင့် အဋ္ဌကထာမှာ "ပဌမအဖြေသုံးဂါထာတွင် ရှေ့ပိုင်းဖြင့်ပြထားတဲ့အနက်ကို နောက်ပိုင်းဖြင့် ပယ်ထုတ်ပစ်သောကြောင့် ဗျူဟမည်တယ်၊ ဒီသုတ်က သူ့အခြားမဲ့မှာပြထားတဲ့ ဗျူဟသုတ်လောက် ဂါထာမများခြင်း မကြီးကျယ်ခြင်းကြောင့် စူဠလဲမည်တယ်၊ အဲဒီ အမည်နှစ်ရပ်ကိုပေါင်းပြီး စူဠဗျူဟခေါ်တယ်လို့ ဆိုထားပါတယ်၊ "ပယ်ထုတ်ပစ်တဲ့သုတ်ငယ်" လို့ ဆိုလိုပါတယ်၊ တစ်နည်းဖော်ပြရရင်တော့ ဒီသုတ်မှာပြဆို ထားတဲ့ အယူဝါဒတွေက အချင်းချင်းတိုက်ပွဲဆင်နေတဲ့ လက္ခဏာရှိပါတယ်၊ ဒါကြောင့် စူဠဗျူဟဆိုတာ ဝါဒစစ်ဆင်ရေး သုတ်ငယ်လို့ဆိုရင်လဲ သင့်ဖွယ်ရှိပါတယ်။

ဒီ စူဠဗျူဟသုတ်တရားတော်က ဝိတက်စရိုက်ရှိတဲ့ နတ်ဗြဟ္မာတွေအတွက် ဟောတဲ့တရားတော်ဖြစ်တယ်၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ အလိုတော်အရ နိမ္မိတဘုရားက ဒီလိုမေးတော်မူပါတယ်။

http://www.dhammadownload.com



## နိမ္မိတဘုရား၏ အမေးဂါထာ (၁)

၁။ သကံ သကံ ဒိဋ္ဌိပရိဗ္ဗသာနာ၊
ဝိဂ္ဂယှ နာနာ ကုသလာ ဝဒန္တိ။
ယော ဧဝံ ဇာနာတိ သ ဝေဒိ ဓမ္မံ၊
ဣဒံ ပဋိက္ကောသ မကေဝလီ သော။

ဂေါတမ–ဂေါတမနွယ်ဖွား မြတ်ဘုရား၊ သကံ သကံ ဒိဋ္ဌိ ပရိဗ္ဗသာနာ–မိမိတို့၏ အယူအသီးသီး၌နေကုန်သော၊ ကုသလာ–ကျွမ်းကျင်သူပညာရှိဟု ဝန်ခံနေကြသောသူတို့သည်၊ ဝိဂ္ဂယှ–မိမိအယူကို နိုင်မြဲစွာယူကုန်၍၊ ဝါ–အခြားအယူနှင့်မတူဘဲ ကွဲပြားစွာယူကုန်၍၊ နာနာ–အမျိုးမျိုးသော အယူတို့ကို၊ ဝဒန္တိ–ပြောဟောနေကုန်၏ တဲ့။

လောကမှာ သတ္တဝါတွေက အယူဝါဒတွေ အမျိုးမျိုးကို ကြဲဆပြီး ကိုယ့်အယူဝါဒအတိုင်း လိုက်နာကျင့်သုံးနေကြတယ်၊ အဲဒီလို စွဲမြဲစွာလိုက်နာ ကျင့်သုံးနေကြတဲ့အယူကို (သကံသကံ ဒိဋ္ဌိ)အသီးသီးသောမိမိတို့၏အယူလို့ဆိုတယ်၊ အဲဒီအယူကို အမြဲနေရာအိမ်လို သဘောထားပြီး အဲဒီအယူ၌နေကြတယ်ဆိုတာကို ပရိဗ္ဗသာနာ–လို့ဆိုကြောင်း ဖွင့်ပြထားကြပါတယ်၊ မိမိတို့၏ အသီးသီးသော အယူကိုသာလျှင် ယုံကြည်စွဲလမ်းပြီး အဲဒီအယူအတိုင်းသာ လိုက်နာကျင့်သုံး နေကြတယ်–လို့ ဆိုတာပါပဲ။

နောက်ပြီးတော့ ကုသလာ–ဆိုတဲ့ပုဒ်ကလဲ ကျွမ်းကျင်လိမ္မာသောပညာ ရှိတို့သည်–လို့ အနက်ရှိတယ်၊ ဒါပေမယ့် မိစ္ဆာအယူရှိနေတဲ့သူတွေဟာ အယူဝါဒဆိုင်ရာဟူသမျှ၌ တကယ်ကျွမ်းကျင် လိမ္မာတဲ့ပညာရှိ အစစ်တော့လဲ မဟုတ်ကြပါဘူး၊ သူတို့၏ ဝန်ခံချက်အရ အားဖြင့်သာလျှင် ကုသလာ–လို့ ဆိုထားတာဖြစ်ပါတယ်၊ ဒါကြောင့်

http://www.dhammadownload.com



"ကျွမ်းကျင်သူ ပညာရှိဟု ဝန်ခံနေကြသော သူတို့သည်"လို့ လိုရင်း အနက်ကို ဖော်ပြီးပြန်ထားပါတယ်၊ အမှတ်(၂) ဂါထာမှာ ဆိုထားတဲ့ ကုသလာဝဒါနာ–အရနှင့် အတူတူပါပဲ။

နောက်ပြီးတော့ ဝိဂ္ဂယှ–ပုဒ်၌ ဝိ–ဆိုတာက ထူးခြားစွာ– နိုင်မြဲစွာ– လို့လဲ အနက်ရှိတယ်၊ အခြားအယူနှင့်မတူဘဲ ကွဲပြားစွာ– လို့လဲ အနက်ရှိတယ်၊ ဒါကြောင့် "ဝိဂ္ဂယှ–မိမိအယူကို နိုင်မြဲစွာ ယူကုန်၍၊ ဝါ–အခြားအယူ နှင့်မတူဘဲ ကွဲပြားစွာယူကုန်၍"လို့ ၂– နက်ပြန်ထားပါတယ်၊ အဲဒီလိုပြန်ထားတဲ့ အနက်စကားရပ်ကို (ကိုယ့်အယူ၌သာ၊ နေကြကာ၊ လိမ္မာသူလို့ သူတို့ဆိုကြသည်၊ နိုင်မြဲ မတူ၊ မှတ်စွဲယူ၊ မူအမျိုးမျိုး ဟောကြားသည်–လို့) ဆောင်ပုဒ် ၂– ခုစီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁။ ကိုယ့်အယူ၌သာ၊ နေကြကာ၊ လိမ္မာသူလို့ သူတို့ ဝန်ခံသည်။

နိုင်မြဲ မတူ၊ မှတ်စွဲယူ၊ မူအမျိုးမျိုး ဟောကြသည်။

ယော–အကြင်သူသည်၊ ဧဝံ–ဤသို့ ငါတို့ယူသည့်အတိုင်း၊ ဇာနာတိ–သဘောပေါက် သိနားလည်၏၊ သ သော–ထိုသူသည်၊ ဓမ္မံ–တရားမှန်ကို၊ ဝေဒိ–သိပေသည်၊ ဧတံ–ဤငါတို့အယူကို၊ ပဋိက္ကောသံ–မြစ်ပယ်သော၊ သော–ထိုသူသည်၊ အကေဝလီ–အသိဉာဏ်မပြည့်စုံသော လူညံ့လူယုတ်ပေတည်း၊ ဝေမ္ပိ ဝိဝါဒယန္တိ–ဤသို့လည်း ငြင်းခုံနေကြ သည်တဲ့။

အဲဒီမှာ (ဝေမ္ပိ ဝိဝါဒယန္တိ)ဆိုတဲ့ ၂–ပုဒ်ကတော့ နောက်ဂါထာမှ ယူပြီးဆက်စပ်ပြတဲ့ပုဒ်ပဲ၊ ဘာ့ကြောင့်လဲဆိုတော့ ဒီပထမဂါထာက နောက် ၂–ပါဒဟာ ဒုတိယဂါထာမှ ပထမပါဒနှင့် တစ်ဆက်တည်း တစ်ဝါကျတည်း သာဖြစ်တယ်၊ ဒါကြောင့် ဆက်စပ်ပြီး အနက်ပြန်

http://www.dhammadownload.com



လိုက်တာပါပဲ၊ အဲဒီ စကားရပ်ကတော့ အနက်ပေါ်လွင် ထင်ရှားပါတယ်၊ ''သူတို့အယူကိုသိရင် အမှန်သိမြင်သူ၊ တားမြစ်ပယ်ချရင် အသိဉာဏ် မပြည့်စုံတဲ့ လူညံ့''လို့ ဆိုပြီး မိစ္ဆာအယူရှိသူတွေက ပြောဆို ငြင်းခုံ နေကြတာပဲ၊ အဲဒါကို (ဒါကိုသိမှ၊ မြင်မှန်ကျ၊ ပယ်က လူညံ့ ဆိုကြ သည့်လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဒါကိုသိမှ၊ မြင်မှန်ကျ၊ ပယ်က လူညံ့ဆိုကြသည်။

ပထမဂါထာဖြင့် မေးခွန်း မပြည့်စုံသေးသောကြောင့် ဒီလို ဆက်ပြီး ဒုတိယဂါထာဖြင့် မေးတော်မူပါတယ်။

## နိမ္မိတဘုရား၏ အမေးဂါထာ (၂)

၂။ ဝေမ္ဘိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
ဗာလော ပရော အက္ကုသလောတိ စာဟု။
သစ္စော နု ဝါဒေါ ကတမော ဣမေသံ။
သဗ္ဗေဝ ဟီမေ ကုသလာဝဒါနာ။

ဝေမ္ဘိ-(ငါတို့အယူသိလျှင် အမှန်သိသူ၊ ပယ်လျှင် မပြည့်စုံ သူဟု ဆိုသော) ဤပုံဤနည်းဖြင့်လည်း၊ ဝိဂ္ဂယှ-မြဲမြံစွာ ယူကုန်၍၊ ဝိဝါဒယန္တိ- ငြင်းခုံနေကြသည် တဲ့၊ အဲဒါကို (ဤနည်းဖြင့်လဲ၊ ယူမှတ်စွဲ၊ ကွဲလွဲငြင်းခုံ နေကြသည်-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

၂။ ဤနည်းဖြင့်လဲ၊ ယူမှတ်စွဲ၊ ကွဲလွဲငြင်းခုံနေကြသည်။

ငါတို့ အယူကို သိမှ လက်ခံမှ အသိအမြင်မှန်သည်၊ ငါတို့အယူကို လက်မခံဘဲ ပယ်မြစ်ရင် ဉာဏ်မမှီသူ အသိအမြင် မပြည့်စုံသူ လူယုတ်လူညံ့ လူဖျင်းပဲလို့ မြဲမြံစွာ စွဲလမ်းလျက် အယူသည်း ပြီးတော့ ငြင်းခုံနေကြပါတယ်တဲ့၊ အဲဒါဟာ ဘုရားလက်ထက်

http://www.dhammadownload.com



ကတည်းက အယူမှား အယူသည်းသူတွေရဲ့ ငြင်းခုံနေကြပုံပဲ၊ တစ်ကမ္ဘာလုံးမှာ လူတွေက ဒီလိုအယူသည်းနေကြတာချည်းပါပဲ၊ ဘာမဟုတ်တဲ့ တောစွန်တောင်ကြားက အဝတ်တောင်ဝတ်ရမှန်း မသိတဲ့လူတွေကလဲ သူတို့၏အယူမှ မှန်တယ်လို့ ထင်နေကြတာပဲ၊ ဘုရား မပွင့်မီကတည်းက ကမ္ဘာလောကကြီးမှာရော လူတွေသတ္တဝါတွေရော ဘုရားသခင်ကဖန်ဆင်းတယ်လို့ ယူတဲ့ဝါဒရှိခဲ့ပါတယ်၊ ဘုရားပွင့်ပြီးနောက် နှစ်ပေါင်း လေးငါးရာ တစ်ထောင်လောက်ကျမှ ထွန်းကားလာတဲ့ ဖန်ဆင်းဝါဒလဲ ရှိတယ်၊ အဲဒီဝါဒတွေဟာ ဖန်ဆင်းဝါဒချည်းပဲ၊ ဒါပေမယ့် အဲဒီဝါဒအချင်းချင်းလဲ အခြားသူတွေကို အထင်အမြင် သေးနေကြတာပဲ။

ဗုဒ္ဓဘာသာဝင်လို့ အမည်ခံနေကြတဲ့ မဟာယာနဂိုဏ်း အယူဝါဒတွေထဲမှာလဲ ဘုရားသခင်က ဖန်ဆင်းတဲ့အနေဖြင့် ယူဆထားတာတွေရှိ နေတာပဲ၊ နောက်ပြီးတော့ သေပြီးရင် ဘာမျှမရှိတော့ဘူးလို့ယူတဲ့ ဥစ္ဆေဒဝါဒကလဲ ဘုရားလက်ထက်ကတည်းက ရှိလာခဲ့တာပဲ၊ အဲဒီဝါဒကြိုက်တဲ့ သူတွေကလဲ နောက်ဘဝရှိတယ်လို့ ယူတဲ့သူတွေကို ဘိန်းစွဲနေတာနဲ့ တူတယ်လို့တောင် ရှုတ်ချပြောဆို နေကြသေးတာပဲ၊ ဒါကြောင့်-

ပရော-ငါတို့အယူကို လက်မခံသော အခြားသူသည်၊ ဗာလော-လူမိုက် လူညံ့တည်း၊ အက္ကုသလော-မတတ်သိ မကျွမ်းကျင်သောသူတည်း၊ က္ကတိ စ-ဤသို့လည်း၊ အာဟု-ရှုတ်ချပြောဆို နေကြပါသည်-လို့လဲ ဖော်ပြထားပါတယ်၊ အဲဒါကို (အခြားသူကို၊ လူညံ့ဆို၊ ဒီလိုလဲပဲ ရှုတ်ချသည်)လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

အခြားသူကို၊ လူညံ့ဆို၊ ဒီလိုလဲပဲ ရှုတ်ချသည်။

http://www.dhammadownload.com



ဣ္ကမေသံ–ဤသို့ ငြင်းခုံရှုတ်ချ ပြောဆိုနေကြသော သူတို့၏၊ သစ္စော ဝါဒေါ–မှန်ကန်သော အယူဝါဒကား၊ ကတမော နု– အဘယ်အယူဝါဒပါနည်းလို့ မေးတော်မူပါတယ်၊ အဲဒါကို (ဤသူတို့မှာ၊ မှန်ကန်စွာ၊ သစ္စာဝါဒ အဘယ်နည်း) လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဤသူတို့မှာ၊ မှန်ကန်စွာ၊ သစ္စာဝါဒ အဘယ်နည်း။

နိမ္မိတဘုရားဆိုတော့ ဘုရားအစစ်နှင့် အစစအရာရာ တူနေပါတယ်၊ အမျိုးမျိုးအထွေထွေ အယူမှားနေကြတာတွေ သိပြီးသားဖြစ်ရမှာပဲ၊ အားလုံးပင် အယူမှားချည်း ဖြစ်နေပါလျက် ဘာကြောင့်ဒီလို မေးပါသလဲလို့ စဉ်းစား စရာရှိပါတယ်၊ ဒါကြောင့် အဲဒီလိုမေးရခြင်း၏ အကြောင်းကိုလဲ ဒီလိုဖော်ပြထား ပါတယ်။

ဟိ–ဤသို့မေးရခြင်း၏ အကြောင်းကား၊ သဗ္ဗေဝ–အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ဣမေ–ဤသူတို့သည်၊ ကုသလာ ဝဒါနာ– ဘာသာရေး အယူဝါဒအရာ၌ ကျွမ်းကျင်တတ်သိသောပညာရှိတို့ဟူ၍ ဝန်ခံကြပါသည်၊ ဝါ–ဝန်ခံနေကြသောကြောင့် မေးရပါသတည်း တဲ့၊ အဲဒါကိုလဲ (အကုန်လုံးပင်၊ ဉာဏ်အမြင်၊ ကျွမ်းကျင်သူလို့ သူတို့ဝန်ခံသည်)လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

အကုန်လုံးပင်၊ ဉာဏ်အမြင်၊ ကျွမ်းကျင်သူလို့ သူတို့ဝန်ခံသည်။

ဒါလောက်ဆိုရင် အမေးဂါထာ ၂–ပုဒ်အတွက်ကတော့ ပြည့်စုံလောက်ပါပြီ၊ အဖြေဂါထာကတော့ ၃–ပုဒ်ရှိတယ်၊ အစတုန်းကတော့ အဲဒီလို အဖြေ ၃–ဂါထာပါ ယနေ့ပြီးပါလိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်၊ ယခုတော့ အချိန်က ကုန်းသွားပါပြီ၊ သီတင်းကျွတ်လဆန်း (၈)ရက် နေ့ကျမှ အဲဒီအဖြေ ဂါထာများကို ဟောရမှာဘဲ၊ ဒီကနေ့တော့ ဒီတင်ပဲ

http://www.dhammadownload.com



တရားသိမ်းရမယ်။

ယခုဖော်ပြခဲ့တဲ့ မေးခွန်းများအရ မိစ္ဆာဒိဋ္ဌိအယူမှားတွေ လွှမ်းမိုး နေတဲ့လောကကြီးထဲမှာ ရှေ့ကုသိုလ်ကံကြောင့် ယခုလို ဗုဒ္ဓမြတ်စွာ ဘုရား၏ တရားမှန်တွေကို ကြားနာကြရ ကျင့်သုံးကြရပေတယ်လို့ နှလုံးသွင်း ဆင်ခြင်ပြီး မိမိတို့အားထုတ်မြဲ ဖြစ်တဲ့ ရှုမှတ်မှု ဝိပဿနာ တရားကို တိုးတက်ပွားများ အားထုတ်နိုင်ကြသဖြင့် မိမိတို့အလို ရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျှင်မြန်စွာဆိုက်ရောက် ၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . . ။

http://www.dhammadownload.com

# (၂) စူဠဗျူဟသုတ်
## ပထမပိုင်းအဆက်

စူဠဗျူဟသုတ်ကို ၁၃၃၉–ခုနှစ်၊ တော်သလင်းလကွယ်နေ့က စပြီး ဟောခဲ့တယ်၊ အမေးဂါထာ ၂–ပုဒ်သာ ပြီးခဲ့သေးတယ်၊ သီတင်းကျွတ်လဆန်း(၈)ရက်နေ့က အဖြေဂါထာများကို ဆက်ပြီး ဟောဖို့ရည်ရွယ်ထား ပါတယ်၊ ဒါပေမယ့် အဲဒီ(၈)ရက်နေ့ နံနက်ပိုင်းက အင်အားလျော့သလိုလို ဖြစ်နေတာနဲ့ မဟောခဲ့ရဘူး၊ ဒါပေမယ့် အဲဒီနေ့က မကျန်းမမာဖြစ်တာတော့လဲ မဟုတ်ပါဘူး၊ ဆေးတစ်ခုကြောင့် အခြေပျက်သွားတယ်လို့ ထင်ရတာပါပဲ၊ အဲဒီနေ့ နေ့လယ်ပိုင်းကစပြီး ပကတိအတိုင်း အားပြည့်ပြီး ကောင်းနေတာပါပဲ၊ သီတင်းကျွတ်လပြည့် ဒီကနေ့မှာ အဖြေဂါထာများကို ဆက်ဟောရမယ်။

### မြတ်စွာဘုရား၏ အဖြေဂါထာ (၃)

၃။ ပရဿ စေ ဓမ္မ မနာနုဇာနံ၊
ဗာလော မကော ဟောတိ နိဟီနပညော။
သဗ္ဗေဝ ဗာလာ,သု နိဟီနပညာ၊
သဗ္ဗေဝိမေ ဒိဋ္ဌိပရိဗ္ဗသာနာ။

မုနိ–နိမ္မိတရုပ်ပွားမြတ်စွာဘုရား၊ ပရဿ ဓမ္မံ–သူတစ်ပါး၏ ဘာသာတရားကို၊ အနာနုဇာနံ–ခွင့်မပြုဘဲ ပယ်မြစ်သောသူသည်၊ နိဟီန–ပညော–အသိဉာဏ်ပညာ ယုတ်ညံ့သည်ဖြစ်၍၊ ဩမကော–အဆင့် အတန်းနိမ့်ကျသော၊ ဗာလော–မသိမလိမ္မာသူ လူညံ့လူဖျင်းသည်၊ စေ ဟောတိ–အကယ်၍ ဖြစ်ငြားအံ့။

အခြားသူတို့၏ ဘာသာတရားကို လက်မခံဘဲ ပြစ်ပယ်သူဟာ အသိဉာဏ်ပညာ ယုတ်ညံ့တဲ့လူဖျင်း လူညံ့ဖြစ်တယ်လို့ ဆိုရရင်–

http://www.dhammadownload.com



တဲ့၊ ဒါက "မိစ္ဆာအယူရှိတဲ့လူတွေရဲ့ ပြောဆိုချက်အရ ဖြစ်မယ်ဆိုရင်" လို့ ပရိကပ္ပအားဖြင့် ကြံဆပြီးဖော်ပြချက်ပါပဲ၊ အဲဒါကို "သူများတရား၊ ပြစ်ပယ်ရှား၊ ဉာဏ်အား နိမ့်သူဖြစ်ပါမူ"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၃။ သူများတရား၊ ပြစ်ပယ်ရှား၊ ဉာဏ်အားနိမ့်သူဖြစ်ပါမူ။

အဲဒီလို ဖြစ်လို့ရှိရင် သဗ္ဗေဝ–မိစ္ဆာအယူရှိသူ အားလုံးတို့ပင်၊ နိဟီနပညာ–ယုတ်ညံ့သော ဉာဏ်ပညာရှိကုန်သော၊ ဗာလာ–လူမိုက်လူညံ့တို့သည်သာလျှင်၊ အသုု–ဖြစ်ကုန်ရာ၏၊ (ဗာလာ+ အသု–မှ ဗာလာ,သု–ဟု သိန္ဓိစပ်လျက် ဖြစ်နေသည်။

အဲဒါကို "အားလုံးသူတို့၊ ဉာဏ်မြင်ချို့၊ ဖြစ်ဖို့ရာသာ ရှိချေသည်" လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

အားလုံးသူတို့၊ ဉာဏ်မြင်ချို့၊ ဖြစ်ဖို့ရာသာ ရှိချေသည်။

မိစ္ဆာယူရှိသူတိုင်း ဉာဏ်အမြင် ချို့တဲ့ယုတ်ညံ့သူချည်း ဖြစ်ဖွယ်ရှိတာက ဘာကြောင့်ပါလဲလို့ မေးစရာရှိတဲ့အတွက် အဲဒီလိုဆိုရခြင်း၏ အကြောင်းကို ဒီလိုဆက်လက်ပြီး ဖော်ပြတော်မူပါတယ်၊ ကသ္မာ–အဘယ် ကြောင့်ဟုဆိုသော်၊ သဗ္ဗေဝ–အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ ဣမေ–ဤ မိစ္ဆာအယူရှိသူတို့သည်၊ ဒိဋ္ဌိပရိဗ္ဗသာနာ–မိစ္ဆာအယူဖြင့်သာ အယူသည်းကာ နေကြချေသည်၊ အယူသည်းကာနေကြသောကြောင့် ပေတည်းတဲ့။

မိစ္ဆာအယူရှိနေသူတိုင်း မိမိတို့၏ အယူဖြင့်သာ အယူသည်း နေကြတယ်၊ အခြားသူတို့၏ အယူကိုလက်မခံဘဲ ပြစ်ပယ်နေကြတာ ချည်းပဲ၊ အဲဒါကြောင့်–

သူများတရားကို ပယ်မြစ်ရင် ဉာဏ်အမြင်ယုတ်ညံ့သူ
ဖြစ်ပါမူ အားလုံးပင် ယုတ်ညံ့သူချည်းသာ ဖြစ်ဖို့ရှိတယ်–

http://www.dhammadownload.com



လို့ဆိုပါတယ်တဲ့၊ အဲဒီမှာ အကြောင်းပြစကားကို "ဘာကြောင့်ဆိုလျှင်၊အားလုံးပင်၊ အမြင်မှားနေသော ကြောင့်တည်း"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။ဘာ့ကြောင့်ဆိုလျှင်၊ အားလုံးပင်၊ အမြင်မှား နေသောကြောင့်တည်း။

ယခုပြခဲ့တဲ့ ဖြေရှင်းချက်ကတော့ မေးခွန်းထဲမှာ"(ကထံ ပဋ္ဌက္ကောသ မဂေဝလီသော) ငါတို့၏ ဤဘာသာတရားကို လက်မခံဘဲ ခြစ်ပယ်သူဟာ အသိဉာဏ်အဆင့်မပြည့်စုံတဲ့ လူယုတ် လူညံ့ပဲ"လို့ ဆိုတဲ့စကားအရ ဖြေရှင်းချက်ပါပဲ၊ နောက်ပြီးတော့ (ယော ဧဝံ ဇာနာတိ သဝေဒိ ဓမ္မံ) ငါတို့ ပြောဟောနေတဲ့ ဤဘာသာအယူကို သိနားလည်ရင် အမှန်မြင်သူဖြစ်တယ်"လို့ ဆိုတဲ့ ပထမစကားကိုလဲ ဒီလို ဖြေရှင်းပြ တော်မူပါတယ်။

### မြတ်စွာဘုရား၏ အဖြေဂါထာ (၄)

၄။ သန္ဒိဋ္ဌိယာ စေ ပန ဝီဝဒါတာ၊
သံသုဒ္ဓပညာ ကုသလာ မုတီမာ။
န တေသံ ကောစိ ပရိဟီနပညော၊
ဒိဋ္ဌီ ဟိ တေသမ္ပိ တထာ သမတ္တာ။

ပန–ဤသို့သိလျှင် အမှန်တရားကို မြင်သည်ဟုဆိုသော စကား အရ တစ်နည်းအားဖြင့် ရှင်းပြရလျှင်၊ သန္ဒိဋ္ဌိယာ–မိမိ၏ အယူဖြင့်ပင်လျှင်၊ ဝီဝဒါတာ–အထူးဖြူစင်ကုန်သည်၊ သံသုဒ္ဓပညာ– ကောင်းစွာစင်ကြယ်သော ပညာရှိကုန်သည်၊ ကုသလာ မုတီမာ– ကျွမ်းကျင်ကြသော ပညာရှင်တို့သည်၊ စေ သိယုံ–အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ဧဝံ–ဤသို့ဖြစ်ကုန်လတ်သော်၊ တေသံ–မိစ္ဆာအယူ

http://www.dhammadownload.com



ရှိသော ထိုသူတို့တွင်၊ ကောစိ-တစ်စုံ တစ်ယောက်မျှ၊ န ပရိဟီန-ပညော-အသိဉာဏ်ပညာ ယုတ်ညံ့သူမဖြစ်လေရာတဲ့။

ကိုယ့်အယူ ကိုယ် သိမြင်လက်ခံသူတိုင်း အသိဉာဏ်ပညာ စင်ကြယ် မြင့်မြတ်သူ ဖြစ်ခဲ့လို့ရှိရင် မိစ္ဆာအယူရှိသူတိုင်း အသိဉာဏ် ပညာ မြင့်မြတ် သူတွေချည်း ဖြစ်ပါလိမ့်မယ်၊ သူတို့ထဲမှ တစ်စုံ တစ်ယောက်မျှ အသိဉာဏ်ပညာ ယုတ်ညံ့သူ မဖြစ်တန်ရာပါဘူးတဲ့၊ အဲဒီပရိကပ္ပခေါ် ကြံဆချက်နှင့်ဆုံးဖြတ်ချက် ၂-ရပ်ကို "ကိုယ့်အယူ ဖြင့်သာ၊ စင်ကြယ်ကာ၊ ပညာသန့်စင် ကျွမ်းကျင်သော်၊ သူတို့ထဲမှ၊ တစ်ယောက်မျှ၊ နိမ့်ကျပညာ မရှိရာ"လို့ ဆောင်ပုဒ် ၂-ခုစီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၄။ ကိုယ့်အယူဖြင့်သာ၊ စင်ကြယ်ကာ၊ ပညာသန့်စင်
ကျွမ်းကျင်သော်။
သူတို့ထဲမှ၊ တစ်ယောက်မျှ၊ နိမ့်ကျပညာ မရှိရာ။

(ပဋ္ဌမပါဒ၌ စေ ပန ဝိဝဒါတာ-ဟူရာတွင် စေဝ န ဝိဝဒါတာ-ဟု မူရင်း၌ရှိသည်၊ ထိုအလိုအားဖြင့် (သန္ဒိဋ္ဌိယာ-မိမိ၏ အယူဖြင့်၊ န ဝိဝဒါတာ ဝေ-မစင်ကြယ်ကုန်သည်သာလျှင်၊ သမာနာ-ဖြစ်ကြပါ ကုန်လျက်၊ သံသုဒ္ဓပညာ-ကုန်သည်၊ ကုသလာ မုတိမာ-တို့သည်၊ စေ သိယုံ-အကယ်၍ ဖြစ်ကုန်ငြားအံ့ဟူ၍) အနက်ပြန်ရာ၏၊ သို့သော် ဤ၌ပြထားသော သုတ္တနိပါတ် အဋ္ဌကထာလာ မူကွဲပါဌ်လောက် မသိလွယ်မသန့်ရှင်းပေ၊ ထို့ပြင် တတိယပါဒ၌ န ကောစိ တေသံ-ဟူရာတွင် မူရင်း၌ န တေသံ ကောစိ-ဟုရှိ၏၊ ထိုပါဌ်သည် ဆန်း လက္ခဏာနှင့်မညီသောကြောင့် မူလဟောရင်းပါဌ်၌ ဟုတ်မည်မထင်ပါ၊ ပါဌိပညာရှင်တို့ အတွက်သာ ဖြစ်သည်။)

ကိုယ့်အယူဖြင့်သာ စင်ကြယ်ပါမူ မိစ္ဆာအယူရှိသူတွေထဲမှ တစ်စုံ

http://www.dhammadownload.com



တစ်ယောက်မျှ ယုတ်ညံ့နိမ့်ကျသူ မရှိသင့်ဘူးလို့ ဆိုနိုင်ခြင်း၏ အကြောင်း ကိုလဲ ဒီလိုဆက်ပြီး ဖော်ပြတော်မူပါတယ်။

ဟိ-အသိဉာဏ်ပညာယုတ်ညံ့သူ တစ်စုံတစ်ယောက်မျှ မရှိဟု ဆိုသင့်ခြင်း၏ အကြောင်းကား၊ တေသမ္ပိ-မိမိတို့အယူမှ အခြားအယူ ရှိသူဟု ဆိုအပ်သော ထိုသူတို့၏လည်း၊ ဒိဋ္ဌိ-အယူသည်၊ တထာ-ထို့အတူပင်၊ သမတ္တာ-ပြည့်စုံပေ၏၊ ဝါ-ပြည့်စုံသောကြောင့်ပေတည်းတဲ့၊ အဲဒါကို (သူတို့မှာလဲ၊ နည်းတူပဲ၊ ယူစွဲပြည့်စုံသောကြောင့်ပါ)လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သူတို့မှာလဲ၊ နည်းတူပဲ၊ ယူစွဲ ပြည့်စုံသောကြောင့်ပါ။

ပထမစပြီး ဟောစတုန်းက အဋ္ဌကထာ၌ ဗျူဟ-အနက်ဖွင့်ပြပုံကို ပြောခဲ့တယ်၊ ပထမအဖြေ ၃-ဂါထာတွင် ရှေ့ပိုင်းဖြင့် ပြထားတဲ့ အနက်ကို နောက်ပိုင်းဖြင့် ပယ်ထုတ်ပစ်သောကြောင့် ဗျူဟမည်ပါတယ်တဲ့၊ အဲဒါဟာ ယခုပြောပြခဲ့တဲ့ ပယ်ထုတ်ပစ်ပုံတွေကို ဆိုတာပါပဲ။

သူတို့အယူဖြင့် စင်ကြယ်တယ်ဆိုရင် သူတို့အယူအားလုံးကို အမှန်ချည်းလို့ ဆိုရပါမည်လား၊ အားလုံးကိုမှန်သည်ဟု မဆိုနိုင်ရင် ဘယ်ဟာကိုမှန်သည်ဟု ဆိုရပါမလဲလို့ မေးစရာလဲရှိတယ်၊ အမေးဂါထာ အမှတ်(၂)၊ တတိယပါဒမှာ သူတို့အယူဝါဒတွေထဲက ဘယ်ဟာမှန်ပါသလဲလို့ မေးထားတာလဲရှိတယ်၊ ဒါကြောင့် အဲဒီမေးခွန်းရာနဲ့ မေးထားချက်ကို ဒီလိုဖြေရှင်းပြတော်မူပါတယ်။

## မြတ်စွာဘုရား၏ အဖြေဂါထာ (၅)

၅။ န ဝါဟမေတံ တထိယန္တိ ဗြူမိ၊
ယမာဟု ဗာလာ မိထု အညမညံ။
သကံ သကံ ဒိဋ္ဌိ မကံသု သစ္စံ၊

http://www.dhammadownload.com



တသ္မာ ဟိ ဗာလောတိ ပရံ ဒဟန္တိ။

မုနိ–နိမ္မိတရုပ်ပွား မြတ်ဘုရား၊ ယံ–အကြင် မိမိအယူကို စွဲမှီ၍၊ မိထု–အယူကွဲပြားသည့် နှစ်ဦးနှစ်ဖက်သားတို့သည်၊ အညမညံ–အချင်းချင်း၊ ဗာလာ–မသိမလိမ္မာသူ လူညံ့လူဖျင်းတို့ဟူ၍၊ အာဟု–နှိမ့်ချသောအားဖြင့် ပြောကြားကြကုန်၏၊ အဟံ–ငါသည်၊ တေံ–သူတို့၏ စွဲမှီရာဖြစ်သော ထိုအယူကို၊ တထိယန္တိ–မှန်ကန်သည်ဟူ၍၊ န ဗြူမိ နေဝ ဗြူမိ–မဆိုသည်သာတည်း၊ (န ဝါဟ–ဟု ရှိရာ၌ နေဝါဟ–ဟု မူရင်းပါဠ်၌ ဖြစ်ရာ၏။) အဲဒီစကားရပ်ကို (နှစ်ဖက်ချင်းချင်း၊ ညံ့စားရင်း၊ တင်သွင်းနေကြရာ၊ ယင်းအယူစု၊ မှန်သည်ဟု၊ မှတ်ပြုငါက မဆိုပါ။ )လို့ ဆောင်ပုဒ် ၂–ခုစီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၅။ နှစ်ဖက်ချင်းချင်း၊ ညံ့စာရင်း၊ တင်သွင်းနေကြရာ။
ယင်းအယူစု၊ မှန်သည်ဟု၊ မှတ်ပြု ငါက မဆိုပါ။

ဘာကြောင့် မှန်သည်ဟု မဆိုပါသလဲလို့ မေးဖွယ်ရှိတဲ့အတွက်– သကံ သကံ ဒိဋ္ဌိ–အသီးသီးသော မိမိ၏အယူကို၊ သစ္စံ–မှန်သည်ဟူ၍၊ အကံသု–ပြုကြ ထင်မှတ်နေကြလေသည်၊ တသ္မာဟိ–ထို့ကြောင့် ပင်လျှင်၊ ပရံ–အယူကွဲပြားသည့် သူတစ်ပါးကို၊ ဗာလောတိ–မသိ မလိမ္မာသူ လူယုတ်လူညံ့ဟူ၍၊ ဒဟန္တိ–နှိမ့်ချပြောကြား ပစ်ပယ် ထားကြကုန်၏ တဲ့၊ မိစ္ဆာအယူ ရှိသူတွေက သူတို့အယူကိုသာ မှန်သည်ဟု သိမှတ်ယုံကြည်ပြီး အယူသည်းနေကြသောကြောင့် အယူကွဲပြားသည့် သူတစ်ပါးကို ဗာလ–လို့ ပြောဆိုကြအသိ အမှတ်ပြုထားကြတာပဲ၊ တကယ်စင်စစ်ကတော့ သူတို့အယူ အသီးအသီးလဲ မမှန်တာချည်း ပါဘဲလို့ ဆိုလိုပါတယ်၊ အဲဒါကို (ကိုယ့်အယူတစ်ခု၊ မှန်သည်ဟု၊ မှတ်ပြုနေကြသောကြောင့်သာ၊ အခြားသူကို၊ ဗာလ–လို၊ ပြောဆို စွပ်စွဲနေကြတာ။) လို့ ဆောင်ပုဒ် ၂–ခုစီထားတယ်၊ အဲဒါကို ဆိုကြ

http://www.dhammadownload.com



ရမယ်။

ကိုယ့်အယူတစ်ခု၊မှန်သည်ဟု၊ မှတ်ပြုနေကြသောကြောင့်
သာ။
အခြားသူကို၊ ဗာလလို၊ ပြောဆိုစွပ်စွဲနေကြတာ။

တချို့အယူဝါဒတွေက သေသေချာချာ စိစစ်ကြည့်မယ်ဆိုရင် ဘာမျှအခြေအမြစ် အနှစ်သာရရှိတာ မဟုတ်ဘူး၊ ဒါပေမယ့် အဲဒီလို ဘာသာ အယူရှိနေတဲ့လူတွေက သူတို့အယူဘာသာကိုလဲ ဘာမျှ ဆင်ခြင်မကြည့်ဘူး၊ သူတစ်ပါးဟောပြောတာကိုလဲ ဂရုမစိုက်ဘူး၊ သူတို့အယူကိုသာ မှန်တယ်လို့ တထစ်ချယူထားပြီးတော့ အခြားအယူ ရှိတဲ့သူတွေကို အထင်သေးနေကြတယ်၊ တချို့နယ်ပယ် အစွန်အဖျားက လူ့အရည်အချင်းနဲ့တောင် ကောင်းကောင်း မပြည့်စုံတဲ့ လူညံ့တွေကလဲ သူတို့ဘာသာ အယူသာမှန်တယ်လို့ တထစ်ချ စွဲမှတ်ထားပြီးတော့ အခြားသူတွေကို အထင်အမြင်သေးနေကြသေးတာပဲ၊ လောကထဲမှာ ဒီလို ဘာမဟုတ်တဲ့ မိစ္ဆာအယူတွေနဲ့ တွေ့ကြုံရမှာ အလွန်ပင် ကြောက်စရာ ရွံ့ရှာစက်ဆုပ်စရာ ကောင်းတာပဲ၊ ယခုလို ဗုဒ္ဓတရားတော် အမှန်အကန်ကို ကြားနာပြီး ကျင့်သုံးနေကြရတာဟာ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်၊ ဒါကြောင့် အဲဒီလို ဝမ်းသာစရာ ကောင်းတာကို ဆင်ခြင်ပြီးတော့ မိမိတို့ကျင့်သုံးနေကျ တရားမှန်ကို စိတ်အား ထက်သန်စွာနဲ့ ကြိုးစားအားထုတ် သွားကြဖို့ပါပဲ။

အဲဒီလို တိုးတက်ကြိုးစား ပွားများအားထုတ်နိုင်ကြသဖြင့် မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . . ။

http://www.dhammadownload.com

# (၂) စူဠဗျူဟသုတ်
## ဒုတိယပိုင်း

၁၃၃၉–ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၈)ရက်နေ့ ဟောသည်။

--------

### တရားအနုသန္ဓေ

စူဠဗျူဟသုတ် တရားတော်ကို တော်သလင်းလကွယ်နေ့က စပြီး ဟောခဲ့တယ်၊ အမေး ၂–ဂါထာနဲ့ အဖြေ ၃–ဂါထာ ပေါင်း ၅–ဂါထာမျှသာ ပြီးသေးတယ်၊ ဒီကနေ့ အမှတ်(၆) အမေးဂါထာကစပြီး ဟောရမယ်။

### နိမ္မိတဘုရား၏ အမေးဂါထာ (၆)

၆။ ယမာဟု သစ္စံ တထိယန္တိ ဧကေ၊
တမာဟု အညေပိ တုစ္ဆံ မုသာတိ။
ဧဝမ္ပိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
ကသ္မာ န ဧကံ သမဏာ ဝဒန္တိ။

ဂေါတမ–ဂေါတမနွယ်ဖွား မြတ်ဘုရား၊ ဧကေ–သမဏအမည်ခံ အချို့ပုဂ္ဂိုလ်တို့သည်၊ ယံ သစ္စံ–အကြင်သစ္စာတရားကို၊ တထိယန္တိ–မချွတ်ကေန် မှန်သည်ဟူ၍၊ ဝဒန္တိ–ဟောပြောကြကုန်၏၊ တံ–မှန်သည်ဟုဆိုသော ထိုသစ္စာတရားကို၊ တုစ္ဆံ–အချည်းနှီးသာတည်း၊ မုသာ–ချွတ်ယွင်းသောတရားတည်း၊ ဣတိပိ–ဤသို့လည်း၊ အညေ–တစ်ပါးသော သမဏအမည်ခံပုဂ္ဂိုလ်တို့က၊ ဝဒန္တိ–ပြောဆိုနေကြပါသည်တဲ့။

ဘာသာတိုင်း ဘာသာတိုင်းမှာ အဆုံးသတ်အမှန် တရားဆိုတာ ရှိကြတာချည်းပဲ၊ ဥစ္ဆေဒအယူရှိ သူအချို့က လူ့ဘဝက

http://www.dhammadownload.com



သေရင် ဘာမှမဖြစ်တော့ဘူး၊ ပြတ်စဲချုပ်ငြိမ်း သွားတယ်လို့ ပြောဆိုကြတယ်၊ အဲဒါကို အချို့ ဥစ္ဆေဒအယူရှိ သူများက မမှန်ဘူး မှားတယ်လို့ဆိုပြီးတော့ နတ်ပြည်လောကမှ သေတဲ့အခါကျမှ ဘဝပြတ်တယ်လို့ ဆိုကြတယ်၊ အချို့က အဲဒါကို ပယ်ပြီးတော့ ရူပါဝစရဗြဟ္မာအဖြစ်က သေတဲ့အခါကျမှ ဘဝပြတ်တယ်လို့ ဆိုကြတယ်၊ အချို့က အဲဒါကိုပယ်ပြီး အာကာသာနဉ္စာယတနဘုံက စုတေတဲ့အခါကျမှ ဘဝပြတ်တယ်လို့ ဆိုကြတယ်၊ အချို့က ဝိညာဏဉ္စာယတနဘုံက စုတေမှ ဘဝပြတ်တယ်လို့ဆိုကြတယ်၊ အချို့က အာကိဉ္စညာယတနဘုံက စုတေမှ ဘဝပြတ်တယ်လို့ ဆိုကြတယ်၊ အချို့က နေဝသညာနာသညာယတနဘုံကစုတေမှ ဘဝပြတ်တယ်လို့ အစဉ်ထာဝရငြိမ်းတယ်လို့ ဆိုကြတယ်၊ ဒါက ဥစ္ဆေဒဝါဒချင်း ပယ်မြစ်ကြပုံပဲ။

သဿတအယူရှိတဲ့သူတွေကတော့ ကောင်းကင်က နတ်ဘုံရောက်ပြီး မပျက်စီးဘဲ ငြိမ်းအေးနေတယ်လို့ ဆိုကြတယ်၊ တချို့က ရူပဗြဟ္မာဘုံရောက်ပြီး ငြိမ်းအေးတယ်လို့ ဆိုကြတယ်၊ တချို့က အရူပဘုံတွေရောက်ပြီးမှ ငြိမ်းအေးတယ်လို့ ဆိုကြတယ်၊ ဘုရားသခင်ကကယ်တင်လို့ ကောင်းကင်ဘုံရောက်ပြီး မအို မနာ မသေ အမြဲတမ်း ငြိမ်းအေးတယ်လို့ဆိုတာလဲ ဒီသဿတအယူထဲ ပါဝင်ပါတယ်၊ တချို့ကလဲ ကိုယ်ထဲက အတ္တကိုတွေ့အောင် ရှာကြည့်နိုင်ရင် ဆင်းရဲငြိမ်းတယ်လို့ ဆိုကြတယ်၊ တချို့က ခန္ဓာငါးပါးနဲ့ အတ္တကို ခွဲခြားပြီးသိရင် ဆင်းရဲငြိမ်းတယ်လို့ ဆိုကြတယ်၊ တချို့ကတော့ ဖန်ဆင်းဘုရားသခင်က ထာဝရမြဲတယ်၊ ဖန်ဆင်းခံ သတ္တဝါတွေကတော့ မမြဲဘူးစသည်ဖြင့် ဆိုကြတယ်။

အဲဒီ ဝါဒအမျိုးမျိုးတွေဟာ သူတို့ဝါဒအရ နောက်ဆုံးသတ်ဌာနကို အမြဲတည်တဲ့ အမှန်သစ္စာလို့ဆိုပြီး အခြားဝါဒအရ အမှန်

http://www.dhammadownload.com



သစ္စာကို အများ အချည်းနှီးအလကားဟု ပယ်မြစ်ကြတယ်၊ ယခု ရွတ်ပြခဲ့တဲ့ ပါဠိအနက်က အဲဒီလို ဆိုပုံပယ်ပုံတွေကို ပြတာပဲ၊ အဲဒါကို (မှန်ကန်ဝါဒ၊ အချို့က၊ ဖော်ပြပြောဆိုနေကြသည်၊ အခြားသူတွေက၊ ယင်းဝါဒ၊ တုစ္ဆမုသာ ဆိုကြသည်)လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၉။ မှန်ကန်ဝါဒ၊ အချို့က၊ ဖော်ပြပြောဆိုနေကြသည်။
အခြားသူတွေက၊ ယင်းဝါဒ၊ တုစ္ဆမုသာ ဆိုကြသည်။

ဝေမွိ–ဤနည်းဖြင့်လည်း၊ ဝိဂ္ဂယှ–မြဲမြဲကွဲလွဲစွာ စွဲယူကုန်၍၊ ဝိဝါဒ ယန္တိ–ငြင်းခုံနေကြပါသည်တဲ့၊ အဲဒါကို (ဤနည်းဖြင့်လဲ၊ ယူအစွဲ၊ ကွဲလွဲ ငြင်းခုံနေကြသည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဤနည်းဖြင့်လဲ၊ ယူအစွဲ၊ ကွဲလွဲငြင်းခုံနေကြသည်။

သမဏာ–ကိလေသာငြိမ်းသည့် သမဏဟု ဝန်ခံနေကြသော ပုဂ္ဂိုလ် တို့သည်၊ ဧကံ–အမှန်တရားကို တစ်ပါးတည်းမျှ၊ ကသ္မာ– အဘယ့်ကြောင့်၊ န ဝဒန္တိ–မဟောဘဲ များပြားစွာပြောဟောနေကြပါ သနည်းတဲ့၊ အဲဒါကို (သစ္စာဝါဒ၊ တစ်ခုမျှ၊ မက ဘာကြောင့်ဟော သနည်းတဲ့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သစ္စာဝါဒ၊ တစ်ခုမျှ၊ မက ဘာကြောင့် ဟောသနည်း။

နောက်ဆုံးသတ်အမှန်တရားဆိုတာ တစ်ပါးတည်းဖြစ်သင့် တာပဲ၊ အမှန်သိသူဆိုရင် အမှန်တရားကို တစ်ပါးတည်းသာ ဟောသင့် ပါလျက် ကိလေသာငြိမ်းတဲ့ သမဏလို့ ဝန်ခံသူတွေက အဲဒီအမှန် တရားကို တစ်ပါးမက အမျိုးမျိုးများစွာ ဘာ့ကြောင့်ဟောနေကြပါ သလဲလို့ မေးတော်မူပါတယ်၊ အဲဒီ အမေးကို မြတ်စွာဘုရားရှင်က ဒီလိုဖြေကြားတော်မူပါတယ်။

http://www.dhammadownload.com



## မြတ်စွာဘုရား၏ အဖြေဂါထာ (၇)

၇။ ဧကံ ဟိ သစ္စံ န ဒုတိယ မတ္ထိ၊
ယသ္မိံ ပဇာ နော ဝိဝဒေ ပဇာနံ။
နာနာ တေ သစ္စာနိ သယံ ထုနန္တိ၊
တသ္မာ န ဧကံ သမဏာ ဝဒန္တိ။

မုနိ–နိမ္မိတရုပ်ပွား မြတ်ဘုရား၊ သစ္စံ–အမှန်တရားသည်၊ ဧကံ ဟိ–တစ်ပါးတည်းသာ ရှိပါသည်၊ အမှန်တရားဆိုတာ တစ်ပါးတည်းသာရှိပါတယ်၊ ဒုတိယံ–နှစ်ခုမြောက် အမှန်တရားသည်၊ န အတ္ထိ–မရှိပေတဲ့၊ အဲဒီ အမှန်သစ္စာတရားက ဘယ်ဟာလဲဆိုရင် နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်တရားပါပဲတဲ့၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နောက်ဆုံးသတ်သစ္စာတရားဆိုတာ ဘုရားရဟန္တာ အရှင်မြတ်များ နောက်ဆုံးသတ်ဝင်စံရတဲ့ နိဗ္ဗာန်တရားတစ်ပါးတည်းသာ ရှိပါတယ်တဲ့၊ ဒီအနက်အဓိပ္ပာယ်ဟာ အမှတ်(၉)ဂါထာမှာ နိစ္စာနိ–မြဲသောသစ္စာတွေဟာ များစွာမရှိဘူးတဲ့ စကားနဲ့ဆက်စပ်မိသောကြောင့် အသင့်အလျော်ဆုံးလို့ ထင်ပါတယ်၊ ဒါပေမယ့် နိဒ္ဒေသစသော အဖွင့်ကျမ်းတွေမှာ အရိယမဂ်ကိုလဲ တစ်ခုတည်းသောသစ္စာလို့ တစ်နည်းအားဖြင့် ဖွင့်ပြထားပါသေးတယ်၊ အဲဒီအဖွင့်အရဆိုရင်တော့ အဆုံးသတ် နိဗ္ဗာန် ရောက်ကြောင်း အမှန်သစ္စာလဲ ဒီအရိယမဂ် တစ်ပါးတည်းသာရှိတယ်လို့ ယူရုံပါပဲ၊ အဲဒါကို (အမှန်သစ္စာ၊ တစ်ပါးသာ၊ အခြားဟာဟူ၍ မရှိပေ–လို့) ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၇။ အမှန်သစ္စာ၊ တစ်ပါးသာ၊ အခြားဟာဟူ၍ မရှိပေ။

ယသ္မိံ–ယင်းသစ္စာတရား၌၊ ဝါ–ယင်းသစ္စာတရားကို၊ ပဇာနံ–သိသည်ရှိသော်၊ ဝါ–သိသော၊ ပဇာ–နတ်လူပြဟ္မာ အရိယာပုဂ္ဂိုလ်သည်၊ နော ဝိဝဒေ–မငြင်းခုံတော့ပေတဲ့၊ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်

http://www.dhammadownload.com



တရားကို မျက်မှောက်တွေ့ပြီးသိရင် အဲဒီတကယ်သိသော အရိယာပုဂ္ဂိုလ်မှာ ငြင်းခုံခြင်းမရှိတော့ပါဘူးတဲ့၊ ဘာ့ကြောင့်လဲဆိုတော့ အမှန်သိတဲ့ပုဂ္ဂိုလ်က သူတစ်ပါးအားဟောပြောရင် အမှန်ကိုသိစေလိုတဲ့ စေတနာကောင်းနဲ့သာ ဟောပြောလေ့ရှိတယ်၊ အနိုင်ရအောင် ငြင်းခုံလေ့မရှိဘူး၊ ဒါကြောင့်ပါပဲ၊ အဲဒါကို (ယင်းသစ္စာအား၊ သိမြင်သွား၊ ကွဲပြားငြင်းခုံမရှိပေ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

ယင်းသစ္စာအား၊ သိမြင်သွား၊ ကွဲပြား ငြင်းခုံမရှိပေ။

နိရောဓသစ္စာအမှန်တရားကို သိတဲ့ပုဂ္ဂိုလ်မှာ ငြင်းခုံခြင်းမရှိဘူးဆို တော့ ယခုလောကမှာ ငြင်းခုံနေကြတာဟာ အဲဒီအမှန်သစ္စာတရားကို မသိကြလို့ပါပဲ၊ ဒါကြောင့် တေ–အမှန်တရားကို မသိလို့ ငြင်းခုံနေကြသော ထိုပုဂ္ဂိုလ်တို့သည်၊ နာနာ သစ္စာနိ–အမျိုးမျိုးအထွေထွေများစွာသော သစ္စာတရားတို့ကို၊ သယံ–ကိုယ်တိုင် အကြံမှုဖြင့် တွေးဆကြံစည်ကြ၍၊ ထုနန္တိ–မိမိတို့၏ အမှန်တရားကို ချီးမွမ်းပြောဆိုနေကြသည်တဲ့၊ အဲဒါကို (များပြားထွေထွေ၊ သစ္စာတွေ၊ ထင်ခြေတွေးဆ ဟောကြသည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

များပြားထွေထွေ၊ သစ္စာတွေ၊ ထင်ခြေတွေးဆ ဟောကြသည်။

တစ်ဦးကတစ်မျိုး အခြားတစ်ဦးကတစ်မျိုး ကိုယ့်ထင်ခြေဖြင့် ကြံဆတွေးတောပြီး ဟောပြောနေကြသောကြောင့် အမှန်တရား တွေဟာ တစ်ပါးမက များစွာဖြစ်နေတယ်လို့ ဆိုလိုပါတယ်။ (သဿတော လောကော၊ ဣဒမေဝ သစ္စံ၊ မောဃမညံ) လောကသည် အစဉ်ထာဝရတည်မြဲနေသည်၊ ဤအယူသာမှန်သည်၊ အခြားအယူဟူသမျှ အချည်းနှီး အလကားအမှားချည်းပင် စသည်ဖြင့် ထိုသူတို့ ကြံဆ

http://www.dhammadownload.com



ဟောပြောပုံတွေ ထင်ရှားရှိနေပါတယ်၊ အဲဒီအကြောင်းအရာကို–

တဿ–ထိုသို့ မိမိထင်ခြေဖြင့် အမျိုးမျိုးဟောပြောနေကြသောကြောင့်၊ သမဏာ–သမဏအမည်ခံ ပုဂ္ဂိုလ်တို့သည်၊ န ဧကံ ဝဒန္တိ–အမှန်တရားကို တစ်ပါးတည်းမဟောကြဘဲ များစွာဟောကြသည်လို့ ဖြေရှင်းဟောကြားတော်မူပါတယ်၊ အဲဒါကို (တစ်ပါးမက၊ ထို့ကြောင့်ပ၊ များလှသစွာ ဟောကြသည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

တစ်ပါးမက၊ ထို့ကြောင့်ပ၊ များလှသစွာ ဟောကြသည်။

ဒီသုတ်မှာ ဒုတိယ အမေးအဖြေကတော့ ပြီးသွားပါပြီ၊ လောကဥ္စ ယခုဖော်ပြခဲ့တဲ့အတိုင်း အမျိုးမျိုးအထွေထွေ ဟောနေကြတဲ့ အမှန်တရားတွေကို စိစစ်ဝေဖန်ပြီး ဟောကြားတော်မူတာဟာ အံ့ဩကြည်ညိုဖွယ် ဂုဏ်ထူးပါပဲ၊ အဲဒီဂုဏ်တော်ကို ကြည်ညိုပြီးတော့ မိမိတို့မှာ ကံကောင်းထောက်မသဖြင့် ယခုလို အမှန်တရားကို နာယူပြီး ကျင့်သုံးနေရပါပေတယ်လို့လဲ ဆင်ခြင်းပြီး ဝမ်းမြောက်ကြဖို့ပါပဲ၊ အဲဒီလို ဝမ်းမြောက်တက်ကြွတဲ့စိတ်ဖြင့် ရှုမှတ်အားထုတ် နေကျဖြစ်တဲ့ တရားကို တိုးတက်ပွားများ အားထုတ်သွားကြဖို့ပါပဲ။

အဲဒီလို တိုးတက်ပွားများအားထုတ်ကြ၍ မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . . ။

http://www.dhammadownload.com

# (၂) စူဠဗျူဟသုတ်
## တတိယပိုင်း

၁၃၃၉-ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ ဟောသည်။

------

### တရားအနုသန္ဓေ

စူဠဗျူဟသုတ်တရားတော်ကို ဟောလာတာ အမေး ၂-ရပ်နဲ့ အဖြေ ၂-ရပ်ကတော့ ပြီးခဲ့ပါပြီ၊ သီတင်းကျွတ်လကွယ် ဒီကနေ့တော့ တတိယ မေးခွန်းကစပြီး ဟောရမယ်။

### နိမ္မိတဘုရား၏ အမေးဂါထာ (၈)

၈။ ကသ္မာ နု သစ္စာနိ ဝဒန္တိ နာနာ၊
ပဝါဒိယာသေ ကုသလာဝဒါနာ။
သစ္စာနိ သုတာနိ ဗဟူနိ နာနာ၊
ဥဒါဟု တေ တက္က မနုဿရန္တိ။

ဂေါတမ-ဂေါတမနွယ်ဘွား မြတ်စွာဘုရား၊ ကုသလာဝဒါနာ-အရာရာတွင် ကျွမ်းကျင်လိမ္မာသည့် ပညာရှိဟု ဝန်ခံသောပုဂ္ဂိုလ်တို့သည်၊ နာနာ-အသီးအသီးသော အမှန်သစ္စာတရားတို့ကို၊ ပဝါဒိယာသေ-စိတ်အား ထက်သန်စွာ ဟောပြောကုန်လျက်၊ သစ္စာနိ-များစွာသောအမှန်တရားတို့ကို၊ ကသ္မာ-အဘယ့်ကြောင့်၊ ဝဒန္တိနု-ဟောကြပါကုန်သနည်း။

ဘာသာရေးဂိုဏ်းဆရာကြီးတွေက သူတို့ဟာ အရာရာမှာ တတ်သိ နားလည်ပါတယ် ပညာရှိပါတယ်လို့ ဝန်ခံနေကြပါတယ်၊ အဲဒီလို ဘာသာရေးခေါင်းဆောင်ပုဂ္ဂိုလ်တွေက နောက်ဆုံးသတ် အမှန် သစ္စာတရားကို တစ်ဦးကတစ်မျိုး အခြားတစ်ဦးကတမျိုး အသီးအသီး

http://www.dhammadownload.com



အမျိုးမျိုးစိတ်အားထက်သန်စွာ ဟောနေကြပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ နောက်ဆုံး သစ္စာအမှန်တရားကို တစ်ပါးတည်းမဟုတ်ဘဲ ဘာ့ကြောင့် သစ္စာတရားများစွာတို့ကို ဟောနေကြပါသလဲတဲ့၊ နောက်ဆုံးသတ် အမှန်တရားဆိုတာ ဗုဒ္ဓတရားတော် အရအားဖြင့် နိရောဓသစ္စာ နိဗ္ဗာန်တစ်ပါးတည်းသာရှိပါတယ်၊ ဒါပေမယ့် တစ်နေ့က ဟောပြခဲ့တဲ့အတိုင်း ဖန်ဆင်းဝါဒအယူရှိတဲ့သူတွေက "ဘုရားသခင်က ကယ်တင်လို့ ကောင်းကင်ဘုံရောက်ရင် မအို မနာ မသေ အမြဲတမ်းတည်နေရတယ်"လို့ ပြောဟောနေကြတယ်၊ သူတို့၏ ပြောဟောချက်အရ အဲဒီကောင်းကင်ဘုံမှာ အဖိုအမအစုံရှိပြီး ကာမဂုဏ်တွေကို ခံစားနေရတယ် လို့ဆိုသောကြောင့် အဲဒီကောင်းကင်ဘုံဟာ ကာမာဝစရနတ်ဘုံလို့ ဆိုရမှာပဲ၊ တချို့က အဲဒီလိုနတ်ဘုံရောက်ပြီး အမြဲတမ်း ချမ်းသာတယ်လို့ ဆိုကြတယ်၊ တချို့က ရူပါဝစရဗြဟ္မာဘုံရောက်ပြီး အမြဲတမ်းချမ်းသာတယ်လို့ ဆိုကြတယ်၊ တချို့က အမှတ်သညာမရှိတဲ့ အသညသတ်ဘုံရောက်ပြီး အမြဲတမ်းချမ်းသာတယ်လို့ ဆိုကြတယ်၊ တချို့က အရူပ ၄–ဘုံရောက်ပြီး အမြဲတမ်း ချမ်းသာတယ်လို့ ဆိုကြတယ်၊ တချို့က လူ့ဘဝကသေတာနဲ့ ဘာမျှမဖြစ်တော့ဘဲ ပြတ်စဲသွားတယ်လို့ ဆိုကြတယ်၊ တချို့က နတ်ဘုံ ဗြဟ္မာဘုံ အရူပဘုံများကသေပြီး ဘဝပြတ်စဲသွားတယ်လို့ ဆိုကြတယ်၊ အဲဒီလိုနောက်ဆုံး အငြိမ်းဓာတ် အမှန်သစ္စာကိုတစ်ပါးတည်းမဟုတ်ဘဲ အသီးသီးများစွာ ဟောပြောနေ ကြတယ်၊ အဲဒါ ဘာ့ကြောင့်ပါလဲလို့ မေးပါတယ်၊ အဲဒါကို (ပညာရှိပါ၊ ဝန်ခံကာ၊ သန်စွာဟောကြ အသီးသီး။ ဘာကြောင့်သစ္စာ၊ များပြားစွာ၊ ဟောကာနေကြပါသနည်း လို့) ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၈။ ပညာရှိပါ၊ ဝန်ခံကာ၊ သန်စွာဟောကြ အသီးသီး။
ဘာကြောင့်သစ္စာ၊ များပြားစွာ၊ ဟောကာနေကြပါသနည်း။

http://www.dhammadownload.com



နာနာ–အမျိုးအထွေထွေ ကွဲပြားကုန်သော။ ဗဟူနိ သစ္စာနိ–များစွာသော သစ္စာတို့ကို၊ သူတာနိ–သုတာနိ–ကြားအပ်ပါကုန်သလော၊ ဝါ၊ ကြားဖူးသည်ဖြစ်၍ ဟောကြပါသလော။ဉဒါဟု၊ ထိုသို့မဟုတ်ပါမူ၊ တော၊ ထိုဘာသာရေးဆရာတို့သည်၊ တက္က–မိမိ၏ အတွေးအကြံသို့၊ အနုဿရန္တိ–အစဉ်လိုက်ကြပါကုန်သလော၊(ဝါ)အစဉ်လိုက်၍ ဟောကြပါကုန်သလောတဲ့၊

ဆရာအဆက်ဆက်အထံမှ ကြားဖူးလို့ဟောကြပါသလား၊ သို့မဟုတ်ကိုယ့်ဟာကိုယ် ကြံတွေးပြီးဟောကြပါသလားလို့ ဆိုလိုပါတယ်။ အဲဒါကိုလဲ (အထွေထွေကွဲပြား၊ သစ္စာများ၊ နာကြားဖူးလို့ ဟောသလော။ သို့မဟုတ်လျှင်၊ ကိုယ့်အထင်၊ အစဉ်လိုက်၍ ဟောသလောလို့) ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

အထွေထွေကွဲပြား၊သစ္စာများ၊နာကြားဘူးလို့ ဟောသလော။

သို့မဟုတ်လျှင်၊ကိုယ့်အထင်၊အစဉ်လိုက်၍၊ ဟောသလော။

ဒီကနောက်တော့ နိမ္မိတဘုရား၏ အမေးဂါထာ မရှိပါဘူး၊ မြတ်စွာ ဘုရား၏ အဖြေဂါထာချည်း ၉–ဂါထာရှိတယ်။ အဲဒီ ၉–ဂါထာထဲက အစဆုံး အမှတ် (၉)ဂါထာကို ဒီလို ဟောထားပါတယ်။

**မြတ်စွာဘုရား၏ အဖြေဂါထာ(၉)**

၉။ နဟေဝ သစ္စာနိ ဗဟူနိ နာနာ၊
အညတြ သညာယ နိစ္စာနိ လောကေ။
တက္ကဉ္စ ဒိဋ္ဌီသု ပကပ္ပယိတွာ၊
သစ္စံ မုသာတိ ဒွယဓမ္မ မာဟု။

မုနိ–နိမ္မိတရုပ်ပွား မြတ်ဘုရား၊ သညာယ–ဖောက်ပြန်စွာ မှတ်သားမှု သညာကို၊ အညတြ–ကြဉ်ထား၍၊(ဒီစကားဖြင့် သညာ ဝိပလ္လာသကြောင့်သာ သစ္စာတွေများစွာ ထင်ပေါ်နေတယ်။ ဘယ်လိုလဲ

http://www.dhammadownload.com



ဆိုတော့ ဂိုဏ်းဆရာတစ်ဦးက သူ့ထင်မြင်ယူဆချက်အတိုင်း အဆုံးသတ်သစ္စာကိုဟောတယ်။ အဲဒီ ဟောပြော ချက်အတိုင်း မှတ်သားကြသည့်တပည့်တွေမှာ အဆုံးသတ်သစ္စာတစ်မျိုး ထင်ရှားပေါ်နေတယ်။ အခြားဆရာတစ်ဦးက ဟောပြောချက်အတိုင်း မှတ်သားထားတဲ့ တပည့်တွေမှာလည်း အဆုံးသတ်သစ္စာတစ်မျိုး ထင်ရှားပေါ်နေတယ်။ ဒီနည်းဖြင့် ဆရာအမျိုးမျိုးတို့၏ ဟောပြောချက်မှတ်သားထားတဲ့ သညာကြောင့်သာ အဆုံးသတ်သစ္စာတွေ များနေတယ်လို့ ဆိုလိုတာပါပဲ။) သညာယ–အလွဲအမှားကို မှတ်သားသည့်သညာကို၊ အညတြ–ကြဉ်ထား၍။ လောကေ–လောက၌၊ နိစ္စာနိ–မြဲကုန်သော၊ (ဒီပုဒ်ဖြင့် နိရောဓသစ္စာကဲ့သို့ပင် အဆုံးသတ် အမြဲတမ်း တည်နေသည်ဟု အမှတ်မှားသည့်သစ္စာတို့ကိုဆိုကြောင်း ထင်ရှားတယ်။ ဗုဒ္ဓတရားတော် အရအားဖြင့် နိရောဓသစ္စာတစ်ပါးတည်းသာ ရှိသည်ဟု ဆိုလိုကြောင်းလည်း ထင်ရှားပါတယ်။)နိစ္စာနိ–မြဲကုန်သော၊ နာနာ–အထွေထွေ အစားစား ကွဲပြားကုန်သော၊ ဗဟူနိ သစ္စာနိ–များစွာကုန်သော သစ္စာတို့သည်၊ န ဟေဝ သန္တိ–မရှိကြသည်သာလျှင်တည်း။

ဆရာအမျိုးမျိုးတို့ ဟောပြောသည့်အတိုင်း အလွဲအမှားတွေကို မှတ်သားတဲ့ သညာကြောင့် အဆုံးသတ်အမြဲတမ်းတည်နေတဲ့ သစ္စာတွေ များပြားနေတယ်၊ တည်ထွင်ဟောပြောတဲ့ ဆရာတွေမှာလဲ မှားယွင်းစွာ ကြံစည်ထားတဲ့အမှားတွေကို မှတ်သားတဲ့သညာကြောင့် အဲဒီသစ္စာတွေ များပြားနေတယ်၊ အလွဲအမှားကို မှတ်သားတဲ့ အဲဒီသညာဝိပလ္လာသခေါ်တဲ့ သညာမရှိရင် အဲဒီများပြားတဲ့ အဆုံးသတ် အမြဲတမ်း သစ္စာတွေမရှိပါဘူး၊ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်အစစ် တစ်ပါးတည်းသာရှိတယ်လို့ ဆိုလိုပါတယ်၊ အဲဒါကို (အမြဲတည်နေ၊ သစ္စာတွေ၊ ထွေထွေ အများမရှိချေ၊ သညာကြောင့် သာ၊ လောကမှာ၊

http://www.dhammadownload.com



သစ္စာအများဟောကြချေ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၉။ အမြဲတည်နေ၊ သစ္စာတွေ၊ ထွေထွေအများ မရှိချေ။
သညာကြောင့်သာ၊ လောကမှာ၊ သစ္စာအများဟောကြ
ချေ။

သညာကြောင့် လောကမှာ ထင်ရှားဟောပြောနေကြတဲ့ သစ္စာဆိုတာတွေက ဘယ်လိုဟာတွေပါလဲ ဆိုရင် အမှတ်(၈)ဂါထာကို ဖွင့်ပြရာမှာ ပြခဲ့တဲ့ ကောင်းကင်ဘုံအစရှိသော အဆုံးသတ်အမြဲတမ်း ချမ်းသာလို့ ထင်မှတ် နေကြတဲ့သစ္စာတွေပါပဲ၊ အမှန်သစ္စာ တစ်ပါးတည်းရှိတယ်ဆိုတာက ဘာလဲဆိုရင် ဘုရားရဟန္တာများမှာ စုတိစိတ်ချုပ်သွားသည့်နောက်၌ ဘဝသစ်ရုပ်နာမ်ခန္ဓာမဖြစ်တော့ဘဲ အစဉ်ထာဝရငြိမ်းတဲ့ နိရောဓသစ္စာပါဘဲ။ မဟာနိဒ္ဒေသစသည်မှာတော့ မဂ္ဂသစ္စာကိုလဲ ဖွင့်ပြထားပါသေးတယ်။ အဲဒါကိုတော့ ဒီဂါထာမှာ နိစ္စာနိ–မြဲကုန်သော သစ္စာတို့–လို့ ဆိုတဲ့စကားရပ်နှင့် ညီမညီ ဆင်ခြင်သင့်ပါတယ်။

ယခုပြခဲ့တဲ့ စကားရပ်ဖြင့် သစ္စာအများကို ဘာကြောင့် ဟောကြသလဲ၊ ကြားဘူးလို့ ဟောကြသလားဆိုတဲ့ အမေးကို ဖြေကြားတော်မူတာပါဘဲ၊ ကြားဖူးတဲ့အမှားတွေကို မှတ်သားတဲ့ သညာကြောင့် သစ္စာအများကို ဟောနေကြတယ်လို့ ဆိုလိုတာပါဘဲ။ အလွဲအမှားကို ကြံစည်တဲ့ ဝိတက်ကြောင့် ဟောတာရှိတဲ့အကြောင်းကိုလဲ ဒီလိုဆက်ပြီး ဖြေရှင်းပြတော်မူပါတယ်။

တက္ကဉ္စ– ကြံစည်တွေးဆခြင်းကိုလည်း၊ ဒိဋ္ဌီသု–မိမိယုံကြည်နှစ်သက်သော အယူတို့၌၊ ပကပ္ပယိတွာ–အဖန်ဖန် လေ့လာသောအားဖြင့်၊ ဖြစ်ပွားစေ၍၊ (ဒီစကားရပ်ဖြင့် မိမိ၏အကြံအစည်သို့ လိုက်ပြီးတော့လဲ သစ္စာအများ ဟောကြားနေကြောင်း ပြပါတယ်။)

http://www.dhammadownload.com



သစ္စံ–မိမိအယူသာမှန်သည်၊ မုသာ–အခြားသူတို့၏ အယူကား အချည်းနှီး အလကားအမှားသာတည်း၊ ဣတိ–ဤသို့၊ ဒွယဓမ္မံ–အမှန်နှင့်အမှား နှစ်ပါးသောတရားကို၊ အာဟု–ဟောပြောနေကြလေသည်တဲ့။

မိမိယုံကြည်တဲ့ အယူဝါဒအရ အဖန်ဖန်ကြံစည်တွေးဆပြီးတော့ ဘုရားသခင်က ကယ်တင်လို့ ကောင်းကင်ဘုံရောက်ပြီး အမြဲတမ်းချမ်းသာတယ် ဆိုတာကသာ မှန်တယ်၊ ဗြဟ္မာဖြစ်ပြီး အမြဲတမ်းချမ်းသာတယ်ဆိုတာကသာ မှန်တယ်၊ သေပြီး ဘာမျှမရှိတော့ဘူးဆိုတာကသာ မှန်တယ်၊ အခြားအယူတွေက မှားတယ် စသည်ဖြင့် ကိုယ့်အယူသာမှန်တယ်၊ အခြားအယူတွေက မှားတယ်လို့ ဒီလိုလဲကြံစည်တွေးဆမှုကို အကြောင်းပြုပြီး ပြောဟောနေကြတယ်တဲ့၊ အဲဒါကို (ကြံစည်တွေးဆ၊ ကိုယ့်ဟာမှ၊ မှုချမှန်သည် ဆိုကြချေ၊ အခြား ဟာကား၊ ချွတ်ယွင်းမှား၊ နှစ်ပါးနှစ်ထွေ ဟောကြချေ–လို့) ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ကြံစည်တွေးဆ၊ ကိုယ့်ဟာမှ၊ မုချ မှန်သည်ဆိုကြချေ။
အခြားဟာကား၊ ချွတ်ယွင်းမှား၊ နှစ်ပါးနှစ်ထွေ ဟောကြချေ။

### အဖြေဂါထာ (၁၀)

၁၀။ ဒိဋ္ဌေ သုတေ သီလဝတေ မုတေ ဝါ၊
ဧတေ စ နိဿာယ ဝိမာနဒဿီ။
ဝိနိစ္ဆယေ ဌတွာ ပဟဿမာနော၊
ဗာလော ပရော အက္ကုသလောတိ စာဟ။

စ–ထိုမှတစ်ပါး ဟောပြောပုံကား၊ ဒိဋ္ဌေ ဝါ–မြင်ရသည့်ဒြဲသော်လည်းကောင်း၊ ဝါ–ဒိဋ္ဌမင်္ဂလာအယူကိုသော်လည်းကောင်း၊ သုတေ ဝါ–

http://www.dhammadownload.com



ကြားရသည်၌သော် လည်းကောင်း၊ ဝါ-သုတမင်္ဂလာအယူကိုသော်လည်း ကောင်း၊ သီလဝတေ ဝါ-အလေ့အကျင့်၌သော်လည်းကောင်း၊ ဝါ- သီလဗ္ဗတပရာမာသ အယူကိုသော်လည်းကောင်း၊ မုတေ ဝါ-နံလျက် စားသိလျက် ထိသိလျက် ရောက်ရသည့်၌သော်လည်းကောင်း၊ ဝါ- မုတမင်္ဂလာ အယူကိုသော် လည်းကောင်း၊ ဧတေ-ဤအယူတို့ကို၊ နိဿာယ-မှီ၍၊ ဝိမာနဒဿီ-နှလုံးမသာဖွယ် ရွတ်ချဖွယ်ကို မြင်တွေ့ သော်လည်း၊ ဝိနိစ္ဆယေ ဌတွာ-မူလရင်းအယူအဆုံးအဖြတ်၌ မြဲမြဲစွာ တည်၍၊ ပဟဿ မာနော-ရွှင်ပျလျက်၊ ဝါ-ရွှင်ပျသောစိတ်ရှိလျက်၊ ပရော-အယူကွဲပြား အခြားသူသည်၊ ဗာလော-မသိတတ်သော၊ အက္ကုသလော-မကျွမ်းကျင်သောသူတည်း၊ ဣတိ စ-ဤသို့လည်း၊ အာဟ-ရွတ်ချပြောဆိုလေသည် တဲ့။

ကောင်းတာကိုမြင်ရရင် ကောင်းကျိုးရတယ်၊ မကောင်းတာကို မြင်ရရင် ဆိုးကျိုးရတယ်လို့ ယူတာက ဒိဋ္ဌမင်္ဂလာအယူပဲ၊ အဲဒီအယူနှင့် စပ်ပြီး ကောင်းကျိုးဆိုးကျိုးမရတာလဲ တွေ့ရတဲ့အတွက် အဲဒီအယူကို မှားတယ်လို့ ရွတ်ချဖွယ်ရှိနေတယ်၊ ထို့အတူပင် အကြားကောင်း အကြား ဆိုးကြောင့် အကျိုးအပြစ်မပေါ်တာလဲရှိတဲ့အတွက် သုတမင်္ဂလာအယူကိုလဲ ရွတ်ချဖွယ် ရှိတာပဲ၊ အကောင်းအဆိုး နံသိရ စားသိရ ထိသိရတာတွေနှင့် စပ်ပြီး အကျိုးအပြစ်မပေါ်တာလဲ ရှိတဲ့ အတွက် မုတမင်္ဂလာအယူကိုလဲ ရွတ်ချဖွယ်ရှိတာပဲ၊ နောက်နောက် ဘဝကာလမှာ ကောင်းကျိုးရလိမ့်မယ်လို့ ယုံကြည်ပြီး သစ်ပင်တော တောင်စသည်ကို အရှိအသေပြုတာ၊ နတ်၊ ဗြဟ္မာ၊ ဖန်ဆင်းတဲ့သူကို ကိုးကွယ်ပူဇော်တာတွေဟာ သီလဗ္ဗတပရာမာသ အယူပဲ၊ အဲဒီကိုးကွယ် ပူဇော်နေတဲ့သူတွေမှာ ကောင်းကျိုးချမ်းသာမရဘဲ ဆင်းရဲနေ ကြတာ ရယ်၊ အခြားသူတွေမှာ ကောင်းစားချမ်းသာနေတာရယ်-ဒီလိုဟာကို

http://www.dhammadownload.com



ထင်ရှားတွေ့နေရတဲ့အတွက် အဲဒီအယူကိုလဲ ရှုတ်ချဖွယ်ရှိနေတာပဲ၊ နောက်ပြီးတော့ ဖန်ဆင်းတဲ့သူက အသက်ရှင်နေတုန်းတော့ ချမ်းသာအောင် မကယ်ဘူး၊ သေပြီးတဲ့နောက်ကာလကျမှ ကယ်တင်တယ်ဆိုတာလဲ ကျေနပ်ဖွယ်မရှိဘူး၊ အဲဒီလို ကျေနပ်ဖွယ်မရှိတာ ရှုတ်ချဖွယ်ရှိနေတာကို ဆင်ခြင်ကြည့်လို့ တွေ့မြင်ရပေမယ့် မူလကစွဲယူ ဆုံးဖြတ်ထားသည့်အတိုင်းပင် ကိုယ့်အယူသာ မှန်တယ်လို့ မြဲမြဲစွာယူပြီးတော့ အခြားအယူရှိတဲ့သူကို မသိမလိမ္မာတဲ့သူပဲ လူညံ့ပဲလို့ ရွှင်ရွှင်ပျပျနဲ့ပင် ရှုတ်ချပြောဆိုနေပါတယ်တဲ့၊ အဲဒါကို (မြင်ကြား ရောက်တွေ့၊ ကျင့်အလေ့၊ မှီ၍ရှုတ်ချဖွယ်။ တွေ့မြင်သော်လဲ၊ ဆုံးဖြတ်ထဲ၊ တည်မြဲ တည်ကာ ရွှင်ပျစွာ။ ကျွမ်းကျင်ကင်းပ၊ လူဗာလ၊ ရှုတ်ချပြော ဆိုသူများကို)လို့ ဆောင်ပုဒ်သုံးခု စီထားတယ်၊ အဲဒီ သုံးပုဒ်ကတော့ အချင်းချင်း ဆက်စပ်ပြီးယူမှ အနက်အဓိပ္ပါယ်ပေါ်တယ်– အဲဒါကို ဆိုကြရမယ်။

၁၀။ မြင်ကြားရောက်တွေ့၊ ကျင့်အလေ့၊ မှီ၍ရှုတ်ချဖွယ်။
တွေ့မြင်သော်လဲ၊ ဆုံးဖြတ်ထဲ၊ တည်မြဲ တည်ကာ
ရွှင်ပျစွာ။
ကျွမ်းကျင် ကင်းပ၊ လူဗာလ၊ ရှုတ်ချ ပြောဆို သူများ
ကို။

အဲဒီဆောင်ပုဒ်တွေထဲမှာ မြင်ဆိုတာက ဒိဋ္ဌမင်္ဂလာ၊ ကြားဆိုတာက သုတမင်္ဂလာ၊ ရောက်တွေ့ ဆိုတာက မုတမင်္ဂလာ၊ ကျင့်အလေ့ဆိုတာက သီလဗ္ဗတအယူပဲ၊ အဲဒီအယူတွေကိုမှီပြီး ဆင်ခြင်ကြည့်လျှင် မကျေနပ် စရာတွေကို တွေ့ရသော်လဲ မူလက စွဲယူထားတဲ့အယူကို အဆုံးအဖြတ် အတိုင်းသာ တည်မြဲတည်ပြီးတော့ အယူကွဲပြားတဲ့ အခြားသူကို ရွှင်ပျစွာပင် ရှုတ်ချနေတယ်လို့ ဆိုလိုပါတယ်၊ အဲဒါဟာ

http://www.dhammadownload.com



မိစ္ဆာဒိဋ္ဌိအယူရှိသူတွေရဲ့ ပြုကျင့်နေပုံနဲ့ အလွန်ကိုက်ညီတာပါပဲ။

အဲဒီလို သူတစ်ပါးကို ရှုတ်ချနေရင် ကျရောက်နိုင်တဲ့ အပြစ်ကိုလဲ ဒီလိုဆက်ပြီး ဖော်ပြတော်မူပါတယ်။

## အဖြေဂါထာ (၁၁)

၁၁။ ယေနေဝ ဗာလောတိ ပရံ ဒဟာတိ၊
တေနာတုမာနံ ကုသလောတိ စာဟ။
သယ မတ္တနာ သော ကုသလာဝဒါနော၊
အညံ ဝိမာနေတိ တဒေဝ ပါဝ။

ဧဝံ သတိ–ဤသို့ ရှုတ်ချပြောဆိုလတ်သော်၊ ယေန–အကြင်အယူဖြင့်၊ ပရံ–အယူကွဲပြားသည့် သူတစ်ပါးကို၊ ဗာလောတိ ဒဟာတိ–မသိမလိမ္မာသူလူယုတ် လူညံ့ဟူ၍ ရှုတ်ချပြောဆိုထား၏၊ တေနေဝ–ထိုအယူဖြင့်ပင်လျှင်၊ အာတုမာနံ–မိမိကိုယ်ကို၊ ကုသလောတိ စ–တတ်သိ ကျွမ်းကျင်သူ ပညာရှိဟူ၍လည်း၊ အာဟ–ပြောဆိုချီးမြှောက်၏တဲ့၊ အဲဒီ စကားရပ်ကို (အကြင်ကြောင်းအရ၊ လူဗာလ၊ ရှုတ်ချပြောဆိုသူများကို၊ ထိုအကြောင်းဖြင့်ပင်၊ တတ်ကျွမ်းကျင်၊ ဂုဏ်တင်ပြောဆိုမိမိကို–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၁။ အကြင်ကြောင်းအရ၊ လူဗာလ၊ ရှုတ်ချ ပြောဆိုသူများကို။
ထိုအကြောင်းဖြင့်ပင်၊ တတ်ကျွမ်းကျင်၊ ဂုဏ်တင်ပြောဆိုမိမိကို။

အဲဒီလို သူတစ်ပါးကို လူယုတ်လူညံ့၊ မိမိကို ပညာရှိလို့ပြောဆိုနေတာဟာ အမှတ်(၈) အမေးဂါထာမှာ ဖော်ပြခဲ့တဲ့ ကုသလာဝဒါနော–အရ မိမိကိုယ်ကို မိမိကိုယ်တိုင်ပင် ပညာရှိလို့ ချီးမြှောက်ရာ ရောက်

http://www.dhammadownload.com



တယ်၊ အဲဒီဂါထာ မှာပင် ပဝိဒ်ယာသေ–အရ ကိုယ့်အယူကို စိတ်အား ထက်သန်စွာနဲ့ အထင်ကြီးပြီး ပြောနေရာလဲ ရောက်တယ်ဆိုတာကို ဒီလိုဖော်ပြပါတယ်။

သော–သူတစ်ပါးကို ရှုတ်ချ၍မိမိကိုယ်ကို အမွှန်းတင်သော ထိုသူ သည်၊ အတ္တနာ–အတ္တာနံ–မိမိကိုယ်ကို၊ သယံ–ကိုယ်တိုင် သာလျှင်၊ ကုသလာဝဒါနော–ပညာရှိဟုဆိုလျက်၊ အညံ–အယူကွဲပြား အခြားသူကို၊ ဝိမာနေတိ–ရှုတ်ချနေ၏၊ တဒေဝ–ထိုမိမိ အယူကို သာလျှင်၊ ပါဝ–စိတ်အား ထက်သန်စွာပြောဆိုနေချေသည်တဲ့၊ အဲဒါကို (မိမိကိုယ်ကို၊ ကျွမ်းကျင်ဆို၊ သူ့ကိုရှုတ်ချ၊ ယင်းဝါဒ၊ ဟောပြနေချေ သည်လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

မိမိကိုယ်ကို၊ ကျွမ်းကျင်ဆို၊ သူ့ကိုရှုတ်ချ၊ ယင်းဝါဒ၊
ဟောပြနေချေသည်။

ဒီကနေ့ဟောဖို့ ရည်ရွယ်ထားတာကတော့ ပြီးသွားပါပြီ၊ တစ်နာရီ နီးပါးလဲ ကြာသွားပြီး၊ မိစ္ဆာအယူဝါဒတွေ ဝေဖန်ဟောကြား သောတရားကို နာကြားရသဖြင့် မိမိတို့မှာ ရှေးကုသိုလ်ကံ ထောက်မ၍ ယခုဘဝ၌ မြတ်စွာ ဘုရား၏ အဆုံးအမတရားမှန်ကို နာကြားရ ပေတယ်လို့ ဆင်ခြင်ပြီး စိတ်အား တက်ကြွစွာနှင့် အားထုတ်နေကျ တရားကို တိုးတက်ပွားများ အားထုတ် သွားကြရုံပါပဲ။

အဲဒီလို တိုးတက်ပွားများ အားထုတ်နိုင်ကြသဖြင့် မိမိတို့ အလိုရှိအပ် သောမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . . ။

http://www.dhammadownload.com

# (၂) ရှုဥပျူဟသုတ်

## စတုတ္ထပိုင်း

၁၃၃၉–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့ ဟောသည်။

------

### တရားအနုသန္ဓေ

ရှုဥပျူဟသုတ်တရားကို ဟောလာတာ ၄–ကြိမ်ရှိပြီ၊ အမှတ်(၁၁) ဂါထာအထိ ပြီးခဲ့ပါပြီ၊ ဒီကနေ့ အမှတ်(၁၂) ဂါထာကစပြီး ဟောရမယ်။

### မြတ်စွာဘုရား၏ အဖြေဂါထာ (၁၂)

၁၂။ အတိသာရဒိဋ္ဌိယာ သော သမတ္တော၊
မာနေန မတ္တော ပရိပုဏ္ဏမာနီ။
သယမေဝ သာမံ မနသာ'ဘိသိတ္တော၊
ဒိဋ္ဌိ ဟိ သာ တဿ တထာ သမတ္တာ။

သော–မိမိကိုယ်ကို ကျွမ်းကျင်သူဆို၍ သူတစ်ပါးကို ရှုတ်ချလျက် မိမိအယူဝါဒကို ထက်သန်စွာ ဟောပြောနေသော ထိုသူသည်၊ အတိသာရ ဒိဋ္ဌိယာ–အကြောင်း, လက္ခဏာ, ဌာနဟူသော အနှစ်သာရကို ကျော်လွန် သော အယူဖြင့်၊ ဝါ–အနှစ်သာရကင်းသော အယူဖြင့်၊ သမတ္တော–ပြည့်ဝ စုံလင်သည်ဖြစ်၍၊ မာနေန–မိမိအယူကို စွဲမှီသော မာန်မာနဖြင့်၊ မတ္တော–ယစ်မူးတက်ကြွလျက်၊ ပရိပုဏ္ဏမာနီ–တင်းတင်းပြည့်ဝ အလွန်တက်ကြွသော မာန်မာန ရှိနေချေသည်၊ သယမေဝ–မိမိကိုယ်တိုင်သာလျှင်၊ သာမံ–မိမိကိုယ်ကို၊ မနသာ–စိတ်နေ စိတ်ထားဖြင့်၊ အဘိသိတ္တော–တတ်သိကျွမ်းကျင် ပညာရှင်ဟု အဘိသိက်သွန်းရာလဲ ရောက်နေချေ၏၊ ဟိ–အကြောင်းကား၊ တဿ–

http://www.dhammadownload.com



ထိုသူ၏၊ သာ ဒိဋ္ဌိ–အနှစ်မဲ့သော ထိုဒိဋ္ဌိသည်၊ တထာ–ထိုသို့ အလွန် အထင်ကြီးအောင်, ပညာရှိဟု အဘိသိက်သွန်းရာ ရောက်လောက် အောင်၊ သမတ္တာ–တင်းကြပ်များစွာ ပြည့်ဝလျက်ရှိချေသည်၊ ဝါ– ပြည့်ဝလျက် ရှိသောကြောင့်ပေတည်းတဲ့။

အမှတ်(၁၁) ဂါထာမှာ မိမိကိုယ်ကို ကျွမ်းကျင်သူ ပညာရှိ ဟုဆိုပြီး အယူကွဲပြား သူတစ်ပါးကို ရှုတ်ချတယ်၊ မိမိအယူကို စိတ်အား ထက်သန်စွာ ပြောဟောနေတယ်လို့ ဆိုခဲ့တယ်၊ အဲဒီပုဂ္ဂိုလ်ဟာ သူ့မှာ အတိသာရဆိုတဲ့ မိစ္ဆာအယူဖြင့်ပြည့်ဝလျက် ရှိနေတယ်၊ အတိသာရ– ဆိုတာ အနှစ်သာရကို ကျော်လွန်တယ်လို့ အနက်ရှိတယ်၊ အဲဒီပုဒ် အဖွင့်ကို နိဒ္ဒေသမှာ အကြောင်းကို ကျော်လွန်တဲ့အယူ၊ လက္ခဏာကို ကျော်လွန်တဲ့အယူ၊ ဌာနကို ကျော်လွန်တဲ့အယူလို့ ဖွင့်ပြထားတယ်၊ အဲဒီတော့ ဒီနေရာမှာ အနှစ်သာရဆိုတာ အကြောင်းရယ်၊ လက္ခဏာ ရယ်၊ ဌာနရယ် ဒီသုံးပါးပဲလို့ ယူရတယ်၊ အနှစ် သာရကျော်လွန် တယ်ဆိုတော့ အနှစ်သာရကင်းမဲ့တယ်လို့ ဆိုတာပါပဲ၊ ဒါကြောင့် အဲဒီမိစ္ဆာအယူမှာ အကြောင်းယုတ္တိ အနှစ်သာရလဲမရှိဘူး၊ သဘော လက္ခဏာ အနှစ်သာရလဲမရှိဘူး၊ တည်ရာမှီရာဌာန အနှစ်သာရလဲ မရှိဘူးလို့ဆိုရာ ရောက်တယ်။

သတ္တဝါတွေနဲ့ ကမ္ဘာလောကကြီးကို ဗြဟ္မာက ဖန်ဆင်း တယ်လို့ အချို့က ယူကြကြောင်း သုတ်သီလက္ခန်ပါဠိ (နှာ– ၁၇)စသည်မှာ ဘုရားကိုယ်တော်တိုင် ဟောတော်မူပါတယ်၊ "ဗြဟ္မာက ဖန်ဆင်းတယ်"ဆိုတဲ့ အဲဒီဝါဒကို စိစစ်ကြည့်ရင်အကြောင်းယုတ္တိကိုလဲ မတွေ့ရဘူး၊ ဘာကြောင့်လဲဆိုတော့–ဖန်ဆင်းတယ်ဆိုရင် ကောင်း အောင်လို့သာ ဖန်ဆင်းရမှာပဲ၊ အထူးသဖြင့် မိမိအားကိုးကွယ် ယုံကြည်နေတဲ့သူတွေကို ကောင်းအောင် ဖန်ဆင်းသင့်တာပဲ၊ ဒါပေမယ့်

http://www.dhammadownload.com



တစ်လောကလုံးကို လျှောက်ကြည့်ရင် ဆင်းရဲတဲ့သူတွေကသာ အတိုင်းမသိ များပြားနေတာကိုတွေ့ရတယ်၊ အဲဒီဝါဒ ယုံကြည်တဲ့ သူတွေထဲမှာလဲ ဆင်းရဲတဲ့သူတွေက အတိုင်းမသိများနေတာဘဲ၊ အဲဒီဝါဒကို မယုံကြည်တဲ့သူတွေ၊ ဆန့်ကျင်တဲ့သူတွေထဲမှာလဲ ချမ်းသာတဲ့ လူတွေကရှိနေတာပဲ၊ နောက်ပြီးတော့ အသစ်ဖြစ်အောင် တောင် ဖန်ဆင်းနိုင်ရင် မိမိအား ယုံကြည်ကိုးကွယ်နေတဲ့သူတွေကို မသေခင် အတွင်း ထင်ရှားစွာ ကယ်မစရာကောင်းတယ်၊ ဒါပေမယ့် သေပြီးမှ ကယ်တင်တယ်ဆိုတော့ ယုံကြည်စရာအကြောင်း ယုတ္တိမရှိဘဲ ဖြစ်နေ တယ်၊ ဒါကြောင့် အဲဒီ ''ပြဟ္မာက ဖန်ဆင်းတယ်''ဆိုတဲ့ဝါဒမှာ ယုံကြည်ဖွယ်အကြောင်း ယုတ္တိအနှစ်သာရ ကင်းနေတယ်လို့ ဆိုရမှာပဲ။

နောက်ပြီးတော့ ဒိဋ္ဌိ–အယူ အမြင်ဆိုတာ မှန်တဲ့သဘော လက္ခဏာ ရှိရမှာပဲ၊ အဲဒါလဲ မိစ္ဆာအယူတွေကို စိစစ်ကြည့်ရင် မှန်ကန်တဲ့ သဘော လက္ခဏာမရှိဘူး၊ သဿတအယူကို စိစစ်ကြည့်ရင်လဲ မှန်ကန်တဲ့သဘော လက္ခဏာမရှိဘူး၊ ဥစ္ဆေဒအယူကို စိစစ်ကြည့်ရင်လဲ မှန်ကန်တဲ့သဘော လက္ခဏာမရှိဘူး၊ စိစစ်ပြရမယ်ဆိုရင်တော့ အင်မတန်ကျယ်ဝန်းသွား ပါလိမ့်မယ်၊ ပြဟ္မဇာလသုတ်စသည်မှာ စိစစ် ဝေဖန်ချက်တွေ ရှိနေပါတယ်၊ ဒါကြောင့် မိစ္ဆာအယူတွေမှာ ထင်မြင် သည့်အတိုင်း မှန်ကန်တဲ့သဘော လက္ခဏာမရှိဘဲ ကင်းနေပါတယ်။

တည်ရာမှီရာဌာန ဆိုတာကတော့ ယုံကြည်အားကိုလောက်တဲ့ အကြောင်းပဲ ဖြစ်သင့်ပါတယ်၊ အဲဒါကတော့ အကြောင်းယုတ္တိဆိုတာနှင့် သဘောတူတဲ့ ဝေါဟာရပါပဲ၊ ဒါကြောင့် အကြောင်းယုတ္တိမရှိရင် တည်ရာ မှီရာဌာနလဲ မရှိဘူးလို့ ဆိုရမှာပဲ၊ ဒါကြောင့် သတိသာရ ဒိဋ္ဌိဆိုတာ ယုံကြည်ဖွယ်အကြောင်းယုတ္တိနှင့် အမြင်မှန်တဲ့ သဘော လက္ခဏာမရှိတဲ့ အယူများပါပဲ၊ ဒါကြောင့် ကိုယ့်ကိုယ်ကိုသာ ချီးမွမ်း

http://www.dhammadownload.com



ပြီးတော့ သူတစ်ပါးကို ရှုတ်ချလျက် ကိုယ့်အယူကို စိတ်အားထက်သန်စွာနဲ့ ပြောဟောနေတဲ့သူဟာ အဲဒီအနှစ်မဲ့အယူဖြင့် တင်းတင်းရင်းရင်း ပြည့်နေသောကြောင့် အဲဒီအယူ အစွဲကိုမှီပြီး မာန်မာနလဲ တင်းကြပ်ပြည့်ဝနေတယ်၊ သူ့ကိုယ်သူ ပညာရှိလို့လဲ စိတ်ကားဖြင့် အဘိသိက်သွန်း နေရာလဲ ရောက်ပါတယ်တဲ့၊ အဲဒါကို (အကြောင်း လက္ခဏာ၊ ကျော်လွန်ကာ၊ ယူတာ အတိသာရတည်း၊ ယင်းအယူပြည့်စုံ၊ မာန်ယစ်တုံ၊ ကုံလုံမာနကြွယ်သူတည်း၊ ကိုယ့်ဟာကိုယ်ပင်၊ ပညာရှင်၊ ကျွမ်းကျင် ဘိသိက်သွန်းသူတည်း–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၂။ အကြောင်းလက္ခဏာ၊ ကျော်လွန်ကာ၊ ယူတာအတိ
သာရတည်း။
ယင်းအယူ ပြည့်စုံ၊ မာန် ယစ် တုံ၊ ကုံလုံမာန ကြွယ်သူ
တည်း။
ကိုယ့်ဟာကိုယ်ပင်၊ ပညာရှင်၊ ကျွမ်းကျင်ဘိသိက်သွန်း
သူတည်း။

အဲဒီမိစ္ဆာအယူရှိသူမှာ မာန်မာန အလွန်တက်ကြွပြီး အထင်ကြီးနေတာ မိမိကိုယ်ကို မိမိကိုယ်တိုင် ပညာရှိဟု အဘိသိက်သွန်းရာရောက်နေတာဟာ ဘာ့ကြောင့်လဲဆိုလျှင် သူ့အယူက အဲဒီလို အထင်ကြီးလောက်အောင် အဘိသိက်သွန်းရာ ရောက်လောက်အောင် တင်းကြပ်ပြည့်ဝနေသောကြောင့်ပါပဲ တဲ့၊ အဲဒါကို (ဘာ့ကြောင့်ဟူမူ၊ ယင်းအယူ၊ ထိုသူထိုမျှ ပြည့်ဝသော ကြောင့်တည်း–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဘာ့ကြောင့်ဟူမူ၊ ယင်းအယူ၊ ထိုသူထိုမျှ ပြည့်ဝသော
ကြောင့်တည်း။

http://www.dhammadownload.com



## အဖြေဂါထာ (၁၃)

၁၃။ ပရဿ စေ ဟိ ဝစသာ နိဟီနော၊
တုမော သဟာ ဟောတိ နိဟီနပညော။
အထ စေ သယံ ဝေဒဂု ဟောတိ ဓီရော၊
န ကောစိ ဗာလော သမဏေသု အတ္ထိ။

ဟိ–မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါးအား နှိမ်ချခြင်း၌ အပြစ်ကို ပြရလျှင်၊ ပရဿ–သူတစ်ပါး၏၊ ဝစသာ–နှိမ်ချသည့် စကားဖြင့်၊ နိဟီနော– ယုတ်ညံ့သူသည်၊ စေသိယာ–အကယ်၍ ဖြစ်ငြားအံ့၊ တုမော–နှိမ်ချပြောဆို သောထိုသူသည်၊ သဟာ–နှိမ်ချခံရသူနှင့် အတူတကွ၊ နိဟီနပညော–အသိဉာဏ် ယုတ်ညံ့သူသည်၊ ဟောတိ–ဖြစ်၏တဲ့၊ အထင်ကြီးသူက နှိမ်ချပြောဆို သည့်အတိုင်း ခံရသူမှာ ဉာဏ်ပညာနိမ့်ကျသူဖြစ်လျှင် ထိုနှိမ်ချပြောဆိုသူလဲ ဉာဏ်ပညာနိမ့်ကျသူ တစ်ပါတည်းဖြစ်မှာပဲတဲ့၊ ဘာ့ကြောင့်လဲဆိုတော့ အဲဒီနှိမ်ချပြောဆို သူကိုလဲ အခြားသူက နှိမ်ချပြောဆိုမည်သာ ဖြစ်သောကြောင့်လို့ ဆိုလိုပါတယ်၊ အဲဒါကို (သူဆိုတိုင်းပ၊ ယုတ်ညံ့က၊ တကွသူလဲ ယုတ်ညံ့သည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၃။ သူဆိုတိုင်းပ၊ ယုတ်ညံ့က၊ တကွသူလဲယုတ်ညံ့သည်။

ဒီစကားရပ်ဖြင့် ကိုယ့်အယူကို အထင်ကြီးပြီး သူတစ်ပါးကို အညံ့စားအနေဖြင့် မပြောသင့်ကြောင်းပြဆိုတာပါပဲ၊ နောက်ပြီးတော့– အထ–ထိုသို့မဟုတ်မူ၍၊ သယံ–နှိမ်ချပြောဆိုသူကိုယ်တိုင်ကမူ၊ ဝေဒဂူ– ဉာဏ်ပညာဖြင့် ရောက်တတ်သိတတ်သော၊ ဓီရော–ပညာရှိသည်၊ စေ ဟောတိ–အကယ်၍ ဖြစ်ငြားအံ့၊ သမဏေသု–သမဏအမည်ခံ ဘာသာရေးငြင်းခုံသူ ပုဂ္ဂိုလ်တို့တွင်၊ ကောစိ ဗာလော–လူယုတ်လူညံ့ တစ်စုံတစ်ယောက်မျှ၊ န အတ္ထိ–မရှိတော့ လေရာတဲ့၊ ရှေ့စကားအတိုင်း

http://www.dhammadownload.com



မဟုတ်ဘဲ နှိမ်ချပြောဆိုသူကတော့ ပညာရှိသာဖြစ်တယ် ဆိုရင်တော့ သမဏအမည်ခံ ဘာသာရေး ငြင်းခုံနေကြသူ တွေထဲမှ လူယုတ်လူညံ့ တစ်ဦးတစ်ယောက်မျှမရှိဘဲ ပညာရှိတွေချည်းလို့ ဆိုရပါလိမ့်မယ် တဲ့၊ ဘာကြောင့်လဲဆိုတော့-ဘာသာရေး ငြင်းခုံနေကြတဲ့ သူတွေဟာ သူတစ်ပါးကို နှိမ်ချပြောဆိုကြတာချည်း ဖြစ်သောကြောင့်ပါပဲ၊ အဲဒါကို (သို့မဟုတ်ပါ၊ ဆိုသူမှာ၊ ပညာဉာဏ်ရှင် ဖြစ်ပါလျှင်၊ ငြင်းသူထဲမှ၊ တစ်ယောက်မျှ၊ ဗာလ လူညံ့မရှိရာ-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သို့မဟုတ်ပါ၊ ထိုသူမှာ၊ ပညာဉာဏ်ရှင် ဖြစ်ပါလျှင်။
ငြင်းသူထဲမှ၊ တစ်ယောက်မျှ၊ ဗာလ လူညံ့ မရှိရာ။

အဖြေဂါထာ (၁၄)

၁၄။ အညံ့ ဓမ္မံ ယာ'ဘိဝဒန္တိ ဓမ္မံ၊
အပရဒ္ဓါ သုဒ္ဓိ မကေဝလီ တေ။
ဧဝမ္ပိ တိတ္ထျာ ပုထုသော ဝဒန္တိ၊
သန္ဒိဋ္ဌိရာဂေန ဟိ တေ'ဘိရတ္တာ။

ဓမ္မတော-ငါတို့၏ ဉာဏ်အယူဝါဒတရားမှ၊ အညံ့ ဓမ္မံ-အခြား ဘာသာရေးတရားကို၊ ယေ-အကြင် ပုဂ္ဂိုလ်တို့သည်၊ အဘိဝဒန္တိ-အမွန်အမြတ်ထား၍ ဟောကြားကုန်၏၊ တေ-ထိုပုဂ္ဂိုလ်တို့သည်၊ သုဒ္ဓိံ-စင်ကြယ်သောအကျင့်လမ်းကို၊ ဝါ-စင်ကြယ်သောအကျင့်လမ်းမှ၊ အပရဒ္ဓါ-ချွတ်ချော်တိမ်းပါး လွဲမှားကြသည်ဖြစ်၍၊ အကေဝလီ-မပြည့်စုံဘဲ ယုတ်ညံ့ ကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏-တဲ့၊ မိမိတို့၏ အယူဝါဒတရားမှ အခြား အယူဝါဒတရားကို ဟောကြတဲ့ပုဂ္ဂိုလ်တွေဟာ စင်ကြယ်တဲ့လမ်းမှန်မှ ချွတ်ယွင်းလွဲမှားကြတဲ့ လူယုတ်လူညံ့တွေပဲတဲ့၊

http://www.dhammadownload.com



အဲဒါဟာ ဘာသာရေး ငြင်းခုံနေကြတဲ့ တိတ္ထိဆရာတို့၏ ပြောဆိုပုံပါပဲ၊ အဲဒါကို (ဤတရားမှ၊ အပြင်ပ၊ ဓမ္မဟောသူတွေ၊ စင်ကြယ်မင်္ဂမှ၊ ချွတ်ယွင်းကြ၊ ပြည့်ဝမစုံချေ-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၄။ ဤတရားမှ၊ အပြင်ပ၊ ဓမ္မ ဟောသူတွေ။
စင်ကြယ်မင်္ဂမှ၊ ချွတ်ယွင်းကြ၊ ပြည့်ဝ မစုံချေ။

ဝေမ္ဘိ-ဤသို့လည်း၊ ပုထုသော တိတ္ထျာ-များစွာသော တိတ္ထိတို့သည်၊ ဝဒန္တိ-ပြောဆိုကြကုန်၏ တဲ့၊ ခုတင်က ဖော်ပြခဲ့တဲ့ အတိုင်း တိတ္ထိတွေက ပြောဆိုနေကြပါတယ်တဲ့၊ တိတ္ထ-ဆိုတာက ဆိပ်ကမ်းပဲ၊ ဒီနေရာမှာတော့ မိစ္ဆာဒိဋ္ဌိအယူကို ဆိပ်ကမ်းအနေဖြင့် တင်စားပြီး တိတ္ထလို့ဆိုတယ်၊ အဲဒီ ဆိပ်ကမ်းသဖွယ်ဖြစ်တဲ့ ဒိဋ္ဌိအယူ ရှိသူကို တိတ္ထိယ-တိတ္ထိလို့ ဆိုပါတယ်၊ အဲဒီ ဒိဋ္ဌိအယူရှိတဲ့ တိတ္ထိတွေက ခုတင်ကပြောပြခဲ့တဲ့အတိုင်း ပြောဆိုနေကြပါတယ်တဲ့၊ အဲဒါကို (ဤသို့ ဟောကြား၊ တိတ္ထိများ၊ စကားလဲရှိနေပေ-လို့) ဆောင်ပုဒ်စီထားတယ်၊ တိတ္ထိတွေက အဲဒီလို ဟောကြားနေကြတယ်၊ အဲဒီလို ဟောကြားတဲ့ စကားလဲ ရှိနေပါတယ်တဲ့၊ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ဤသို့ဟောကြား၊ တိတ္ထိများ၊ စကားလဲ ရှိနေပေ။

တိတ္ထိတွေက ဘာကြောင့် ဒီလိုပြောဆိုနေကြပါသလဲလို့ မေးဖွယ် ရှိသောကြောင့် အဲဒီအကြောင်းကို ဒီလိုပြဆိုထားပါတယ်။

ဟိ-ထိုသို့ပြောဆိုကြခြင်း၏ အကြောင်းကား၊ တေ-ထိုတိတ္ထိတို့သည်၊ သန္ဒိဋ္ဌိရာဂေန-မိမိ၏အယူ၌ တပ်စွဲသောရာဂဖြင့်၊ အဘိရတ္တာ-လွန်လွန်ကဲကဲ တပ်စွဲနေကြကုန်၏၊ တသ္မာ-ထို့ကြောင့် ပေတည်း၊ ဝါ-လွန်လွန်ကဲကဲ တပ်စွဲနေကြသောကြောင့် ထိုသို့ ပြောဆိုနေကြပါသတည်း တဲ့၊ အဲဒါကို (ကိုယ့်အယူသာ၊ ထင်ကြီးကာ၊

http://www.dhammadownload.com



လွှန်စွာတပ်မက်သောကြောင့် ပေ–လို့) ဆောင်ပုဒ်စီထားတယ်၊ ကိုယ့်အယူကိုသာ အထင်ကြီးပြီး အလွန်တပ်မက် စွဲလမ်းနေကြသောကြောင့် အဲဒီလို မပြောသင့်တဲ့စကားကို ပြောဆို ကြတာပါတဲ့၊ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

ကိုယ့်အယူသာ၊ ထင်ကြီးကာ၊ လွန်စွာ တပ်မက်သော ကြောင့်ပေ။

ဒီလို မှားယွင်းသော အယူဝါဒတွေ ဝေဖန်ဟောကြားထားတဲ့ ဘုရား စကားတော်တွေကို နာကြားရတော့ မိမိတို့မှာ တရားမှန်ကို နာကြားပြီး ကျင့်သုံးနေကြရတာဟာ အင်မတန်ဝမ်းသာ ဝမ်းမြောက် စရာပါပဲ။

အဲဒီလို ဝမ်းသာဝမ်းမြောက်ကြလျက် မိမိတို့ကျင့်သုံး အားထုတ် နေကျတရားကို တိုးတက်ပွားများ အားထုတ်ကြပြီးတော့ မိမိတို့အလိုရှိ အပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . . ။

http://www.dhammadownload.com

# (၂) စူဠဗျူဟသုတ်
## ပဌမပိုင်း
### ၁၃၃၉–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ဟောသည်။

------

### တရားအနုသန္ဓေ

စူဠဗျူဟသုတ်ကို တော်သလင်းလကွယ်နေ့ကစပြီး ဟောခဲ့တယ်၊ ဟောခဲ့တဲ့အကြိမ် ၅–ကြိမ်ရှိခဲ့ပြီ၊ အပိုင်းအားဖြင့်တော့ ၄–ပိုင်းပြီးခဲ့ပြီ၊ တန်ဆောင်မုန်းလပြည့် ဒီကနေ့တော့ အပြီးအဆုံး ဟောရမှာပဲ၊ ဂါထာတွေကတော့ မြတ်စွာဘုရားရှင်၏ အဖြေဂါထာ ချည်းပါပဲ။

### အဖြေဂါထာ (၁၅)

၁၅။ ဣဓေဝ သုဒ္ဓိံ ဣတိ ဝါဒယန္တိ၊
နာညေသု ဓမ္မေသု ဝိသုဒ္ဓိ မာဟု၊
ဝေမွိ တိဌ္ဌာ ပုထုသော နိဝိဋ္ဌာ၊
သကာယနေ တတ္ထ ဒဠှံ ဝဒါနာ။

အဘိရတ္တာ–မိမိတို့အယူ၌ အလွန်အကဲ တပ်စွဲကုန်သော၊ (ရှေ့ဂါထာမှ လိုက်စပ်သည်) ပုထုသော တိတ္ထျာ–များစွာကုန်သော တိတ္ထိတို့သည်၊ ဣတိ–ဤဆိုခဲ့သည့်အတိုင်း၊ ဣဓေဝ–ဤမိမိတို့ အယူ၌သာလျှင်၊ သုဒ္ဓိံ–စင်ကြယ်ခြင်းကို၊ ဝါဒယန္တိ– ပြောဆိုကြကုန်၏၊ အညေသု–မိမိတို့၏ အယူမှတစ်ပါးကုန်သော၊ ဓမ္မေသု–တရားတို့၌၊ ဝိသုဒ္ဓိ–စင်ကြယ်ခြင်းကို၊ န အာဟု–မဆိုကြကုန်၊ ဝါ–မစင်ကြယ်ခြင်းကို ဆိုကြကုန်၏–တဲ့၊ ရှေ့ပိုင်းက ပြဆိုခဲ့သည့်အတိုင်းပင် သူတို့အယူ တရား၌သာ စင်ကြယ်တယ်၊ အခြားအယူတရားတို့၌ မစင်ကြယ်ဘူးလို့ ဆိုကြပါတယ်တဲ့၊ အဲဒါကို (ဤအယူ၌သာ၊ သန့်ရှင်းတာ၊ အခြားမှာ

http://www.dhammadownload.com



မသန့်ဆိုကြသည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၅။ ဤအယူ၌သာ၊ သန့်ရှင်းတာ၊ အခြားမှာမသန့် ဆိုကြသည်။

ဝေမ္ဗိ–ဤပုံ ဤနည်းအားဖြင့်လည်း၊ သကာယနေ–မိမိတို့၏ အယူဝါဒအကျင့်လမ်း၌၊ နိဝိဋ္ဌာ–သက်ဝင်လျက်တည်နေကုန်၏၊ အဲဒါကို (ဤသို့ လဲပဲ၊ ယူအစွဲ၊ ခိုင်မြဲသက်ဝင်နေကြသည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဤသို့လဲပဲ၊ ယူအစွဲ၊ ခိုင်မြဲသက်ဝင်နေကြသည်။

တေ–ထိုတိတ္ထိတို့သည်၊ (ထည့်) တတ္ထ–ထိုမိမိတို့၏ အယူဝါဒ အကျင့်လမ်း၌၊ ဒဠှဝါဒိနာ–ခိုင်မြဲသည်ဟု ဆိုကုန်၏၊ အဲဒါကို (ထိုသူတို့ဟာ၊ ကိုယ့်လမ်းမှာ၊ ခိုင်စွာရှိ၏ ဆိုကြသည်လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ထိုသူတို့ဟာ၊ ကိုယ့်လမ်းမှာ၊ ခိုင်စွာရှိ၏ ဆိုကြသည်။

**အဖြေဂါထာ (၁၆)**

၁၆။ သကာယနေဝါပိ ဒဠှဝါဒိနော၊
ကမေတ္ထ ဗာလောတိ ပရံ ဒဟေယျ။
သယံဝ သော မေဓဂ ဗာဝဟေယျ။
ပရံ ဝဒံ ဗာလ မသုဒ္ဓိဓမ္မံ။

သကာယနေ ဝေ–မိမိ၏ အယူဝါဒ အကျင့်လမ်း၌သာလျှင်၊ ဒဠှ ဝါဒိနောပိ–ခိုင်မြဲသည်ဟု ဆိုနိုင်သော်လည်း၊ ဧတ္ထ–အယူဝါဒ အသီးသီး ရှိကြသော ဤသူတို့တွင်၊ ကံ ပရံ–အဘယ် အခြားသူကို၊ ဗာလောတိ–မသိမလိမ္မာသူ လူညံ့ဟူ၍၊ ဒဟေယျ–ချထားနိုင်ရှုတ်ချ ပြောဆိုနိုင်ရာအံ့နည်း၊ ဝါ–မပြောမဆိုနိုင်ရာပါတဲ့၊ အဲဒါကို (ကိုယ့်အယူ၌သာ မြဲမြံစွာ စွဲကာနေ၏ ဆိုသော်လည်း၊ ဘယ်သူကိုမျှ၊ လူဗာလ၊

http://www.dhammadownload.com



ရှုတ်ချ ဆိုဖွယ်မရှိပါလို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၆။ ကိုယ့်အယူ၌သာ၊ မြဲမြံစွာ၊ စွဲကာနေ၏ ဆိုသော်လည်း။
ဘယ်သူကိုမျှ၊ လူဗာလ၊ ရှုတ်ချဆိုဖွယ်မရှိပါ။

ပရံ–အယူကွဲပြားသည့် သူတစ်ပါးကို၊ သန္ဒိဋ္ဌိ–မစင်ကြယ်သည့် အယူအကျင့်တရားရှိသော၊ ဗာလံ–မသိမလိမ္မာသူ လူယုတ်လူညံ့ဟူ၍၊ ဝဒံ ဝဒန္တော–ရှုတ်ချပြောဆိုလျှင်၊ ဝါ–ပြောဆိုသော၊ သော–ထိုသူသည်၊ သယံဝ–မိမိကိုယ်တိုင်ပင်လျှင်၊ မေဓဂံ–ငြင်းခုံခြင်းကို၊ အာဝဟေယျ–ဆောင်လာရာ ရောက်၏၊ ဝါ–ဆောင်လာသူဖြစ်ရာ၏–တဲ့၊ အခြားအယူရှိသူကလဲ သူ့အယူနှင့်သူ စွဲမြဲနေသောကြောင့် ထိုအခြားသူကို ဗာလ–လူညံ့ဟု မဆိုထိုက်ပေဘူး၊ ထိုသို့ မရှုတ်ချထိုက်သူကို ရှုတ်ချပြောဆိုလျှင် မိမိကိုယ်တိုင်ပင် မိမိထံသို့ ငြင်းခုံပွဲကို ဆောင်ယူလာရာရောက်တယ်လို့ ဆိုလိုတာပါပဲ၊ အဲဒါကို (မစင်ကြယ်တရား၊ သူတစ်ပါး၊ ဉာဏ်အားမဲ့သူဆိုပါမူ၊ ထိုသို့ဆို လျှင်း၊ ငြင်းခုံခြင်း၊ ဆောင်သွင်းလာသူ ဖြစ်တော့သည်–လို့) ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

မစင်ကြယ်တရား၊ သူတစ်ပါး၊ ဉာဏ်အားမဲ့သူ ဆိုပါမူ။
ထိုသို့ဆိုလျှင်း၊ ငြင်းခုံခြင်း၊ ဆောင်သွင်းလာသူဖြစ်တော့သည်။

ဒီစုဋ္ဌဗျူဟ တစ်သုတ်လုံးဖြင့် သိစေလိုရင်းမှာ မှုမမှန်ဘဲ ဘာသာရေး အယူသန်နေကြသောသူတို့က မိမိတို့အယူသာမှန်ကြောင်း၊ မိမိတို့သာ မြင့်မြတ်ကြောင်း၊ အခြားအယူဘာသာတရားတို့ မှားကြောင်း၊ ယင်းအခြား အယူရှိသူတို့ ယုတ်ညံ့ကြောင်း အသီးသီးယူဆ ပြောဆိုနေကြသော်လဲ သူတို့ယုံကြည်ယူဆ ပြောဆိုသည့်အတိုင်း မမှန်ကန်ကြောင်း၊ မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါး ရှုတ်ချခြင်းကိုလဲ မပြုသင့်ကြောင်းများကို သိစေလိုရင်းပါပဲ။

သို့ပေမယ့် ဘာသာရေးအယူသည်းသူတွေကတော့ သူတို့

http://www.dhammadownload.com



အယူသာမှန်တယ်၊ သူတို့သာမြင့်မြတ်တယ်လို့ အစွဲသန်ပြီးတော့ သူတစ်ပါးကို ရှုတ်ချနေကြတာပါပဲ၊ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမကို နာယူပြီး ကျင့်သုံးနေကြတဲ့ ဗုဒ္ဓဘာသာဝင်တွေကတော့ အခြားဘာသာဝင်တွေကို မရှုတ်ချကြပါဘူး၊ အခြေအနေအရ တန်းတူထားပြီးတော့လဲ ဆက်ဆံပေါင်းသင်းကြပါတယ်၊ လောကအခြေအနေကောင်းရင် အထက်တန်းစားထား ပြီးတော့တောင် ဆက်ဆံကြတာလဲရှိပါတယ်၊ အခြားဘာသာဝင် အချို့ကတော့ ဘာသာအယူ ကွဲပြားတဲ့သူတွေကို အယုတ်အညံ့အနေဖြင့်သာ ဆက်ဆံကြတယ်၊ အတူတကွ စားသောက်ခြင်းကိုလဲ မပြုနိုင်ဘူး၊ အခြားသူတွေက ချက်ပြုတ်ပြုပြင်ပေးတာကိုလဲ မစားနိုင်ကြဘူး၊ ဘာသာရေးကွဲပြားသူအနည်းငယ်ကိုဆိုရင် သူတို့ဘာသာရေးတူ လူများစုက ဖိနှိပ်တတ်ကြတယ်၊ ဗုဒ္ဓဘာသာနာဝင် လူများစုကတော့ အခြားဘာသာဝင် လူနည်းစုကို မဖိမနှိပ်သည့်အပြင် တတ်နိုင်သမျှ ချီးမြှောက်အားပေးကူညီလေ့တောင် ရှိကြပါတယ်၊ အဲဒါဟာ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတော်နှင့်အညီ မေတ္တာကရုဏာဖြင့် ဆောင်ရွက်ကြတာပါပဲ၊ ဘာသာအယူ မှုမမှန်တဲ့သူတွေကတော့ မိမိတို့၏ အယူအဆုံးအဖြတ်မှာ တည်ပြီးတော့ ကိုယ့်အယူကိုသာ အမွှမ်းတင်ကာ နှိုင်းချိန်ခြင်းကိုလည်းပြုပြီးတော့ အခြားဘာသာဝင်တွေကို အနိုင်ရအောင် ငြင်းခုံပြောဟောကြတယ်၊ အတင်းအဓမ္မဖိနှိပ်ပြီးတော့လဲ မိမိတို့၏ဘာသာ အယူထဲကို သွတ်သွင်းလေ့ရှိကြတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်လောက်ဆီကဆိုရင် အချို့ ဘာသာဝင် အာဏာရှင်တွေက လက်နက်များဖြင့် ခြိမ်းခြောက်နှိပ်စက်ပြီးတော့တောင် သူတို့ဘာသာအယူထဲကို သွတ်သွင်းကြကြောင်း သမိုင်းအရဖြင့် ထင်ရှားသိရတယ်၊ အဲဒီလို အငြင်းအခုံအထိရောက်သွားတတ်ပုံကိုလဲ ယခုရွတ်ပြမည့် ဂါထာတစ်ဝက်ဖြင့် နောက်ဆုံး

http://www.dhammadownload.com



ပြတော်မူပါတယ်။

## အဖြေဂါထာ (၁၇)ရှေ့ပိုင်း

၁၇။ (က) ဝိနိစ္ဆယေ ဌတွာ သယံ ပမာယ၊
ဥဒ္ဓံ သ လောကသ္မိံ ဝိဝါဒ မေတိ။

သ သော–ငြင်းခုံခြင်းကို ဆောင်လာရာရောက်သည်ဟု ဆိုအပ်သော ထိုအယူသည်းသူသည်၊ ဝိနိစ္ဆယေ–မိစ္ဆာအယူ အဆုံးအဖြတ်၌၊ ဌတွာ–စွဲမြဲစွာတည်ပြီး၍၊ သယံ–မိမိကိုယ်တိုင်၊ ဝါ–မိမိကိုယ်တိုင်ဉာဏ်ဖြင့်၊ ပမာယ–မိစ္ဆာအယူကို ဟောကြားသူနှင့် ယင်းအယူဝါဒကို နှိုင်းချိန်ပြီးလျှင်၊ ဥဒ္ဓံ–ထိုမှအထက်ဖြစ်သော နောက်ကာလ၌၊ လောကသ္မိံ–လောက၌၊ ဝိဝါဒံ–ငြင်းခုံခြင်းသို့၊ ဧတိ–ရောက်လေတော့သည်တဲ့၊ ဒီစကားဟာ မိစ္ဆာအယူရှိသူတို့၏ မသင့်လျော်သော ပြုမူပုံတို့ကို ဖော်ပြသောစကားရပ်များထဲတွင် နောက်ဆုံးစကားဖြစ်တယ်၊ အဲဒါကို (အယူမှားဖြင့်သာ၊ ဆုံးဖြတ်ရာ၊ တည်ကာကိုယ်တိုင် နှိုင်းချိန်သည်၊ ထို့ထက်လွန်ကာ၊ လောကမှာ၊ ငြင်းရာသို့လဲ ရောက်တော့သည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၇။ (က) အယူမှားဖြင့်သာ၊ ဆုံးဖြတ်ရာ၊ တည်ကာကိုယ်တိုင်
နှိုင်းချိန်သည်။
ထို့ထက်လွန်ကာ၊ လောကမှာ၊ ငြင်းရာသို့လဲ
ရောက်တော့သည်။

ပြဆိုခဲ့ပြီး စကားရပ်တို့ဖြင့် မိစ္ဆာအယူအစွဲရှိသူတွေ၏ မသင့်မလျော်သော ကြံစည်ပြုမူ ပြောဆိုပုံများနှင့် မိစ္ဆာအယူကြောင့် အကျိုးမဲ့ဖြစ်ပုံများကို ဖော်ပြခဲ့တာပါပဲ၊ အဲဒီလိုပြခြင်းဖြင့် အဲဒီမိစ္ဆာအယူများကို စွန့်ပယ်သင့်ကြောင်း သဘောပေါက်နားလည်စေတာပါပဲ၊ အဲဒီလို

http://www.dhammadownload.com



သဘောပေါက်နားလည်ကြတဲ့ နတ်တွေဗြဟ္မာတွေအား အဲဒီမိစ္ဆာအယူ အစွဲတွေကို စွန့်ပယ်နိုင်အောင် ကျင့်သုံးဖို့ နောက်ဆုံးပိတ်အနေအားဖြင့် ဒီလို ညွှန်ကြားတော်မူပါတယ်။

## နောက်ဆုံးညွှန်ကြားတော်မူပုံ ဂါထာ (၁၇–ခ)

၁၇။ (ခ) ဟိတွာန သဗ္ဗာနိ ဝိနိဗ္ဗယာနိ၊
နမေဓဂံ ကုဗ္ဗတိ ဓန္တ္ လောကေ။

သဗ္ဗာနိ–အလုံးစုံကုန်သော၊ ဝိနိဗ္ဗယာနိ–မိစ္ဆာအယူအဆုံး အဖြတ်တို့ကို၊ ဟိတွာန–စွန့်ပယ်ပြီး၍ တည်သော၊ ဝါ–စွန့်ပယ်ပြီး သော၊ ဓန္တ္–အရိယာပုဂ္ဂိုလ်သည်၊ ဝါ–ရဟန္တာပုဂ္ဂိုလ်သည်၊ လောကေ–နတ်လူဗြဟ္မာ သတ္တဝါများဟူသော လောကထဲ၌၊ မေဓဂံ– ငြင်းခုံခြင်းကို၊ နကုဗ္ဗတိ–မပြုတော့သည်သာတည်းတဲ့။

မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူမှားအဆုံးအဖြတ်ဟူသမျှကို စွန့်ပယ် ပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ နတ်လူဗြဟ္မာ သတ္တဝါများထဲမှာ ငြင်းခုံခြင်း မရှိတော့ဘဲ အမြဲ ငြိမ်းအေးချမ်းသာသွားပါတယ်တဲ့၊ အဲဒါကို (အယူမှား ဆုံးဖြတ်၊ အရပ်ရပ်၊ ပယ်လတ်အားလုံး ကင်းစေလျှင်၊ သို့ဖြစ်သူဟာ၊ လောကမှာ၊ ငြင်းတာမရှိ ကင်းသန့်စင်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၇။ (ခ)အယူမှားဆုံးဖြတ်၊ အရပ်ရပ်၊ ပယ်လတ်အားလုံး ကင်းစေလျှင်။
သို့ဖြစ်သူဟာ၊ လောကမှာ၊ ငြင်းတာမရှိ ကင်းသန့်စင်။

## အယူမှားကင်းအောင် ကျင့်သင့်ကြောင်း

မိစ္ဆာဒိဋ္ဌိကို အကြွင်းမဲ့ပယ်တာဟာ သောတာပတ္တိမဂ်ပဲ၊ ဒီတော့ သောတာပန်ဖြစ်ကတည်းက အယူမှားကင်းစင်သွားပြီလို့ သိရပါတယ်၊

http://www.dhammadownload.com



ဒါကြောင့် အောက်ထစ်ဆုံးအားဖြင့် အယူမှားကင်းစင်အောင်ဟာ သောတာ ပတ္တိမဂ်ရောက်အောင် ကျင့်ရလိမ့်မယ်၊ အဲဒီသောတာပတ္တိမဂ် ရောက်အောင် ဘယ်လိုကျင့်ရမလဲဆိုတော့ ဒီစူဠဗျူဟသုတ်မှာတော့ အဲဒီကျင့်ပုံကျင့်နည်းကို တိုက်ရိုက်ဖော်ပြချက်မပါဘူး၊ ဒါပေမယ့် ရှေ့ပိုင်းကဟောခဲ့တဲ့ သမ္မာပရိဗ္ဗာဇနီယသုတ်မှာတော့ အဲဒီကျင့်ပုံ ကျင့်နည်းကို ပြဆိုထားချက်တွေရှိခဲ့ပါတယ်၊ အထူးအားဖြင့်တော့ ပုရာဘေဒသုတ် အမှတ်(၈)ဂါထာ၌ "ဥပေက္ခကော သဒါ သတော" ဆိုတဲ့အပိုဒ်ဖြင့် "အခါခပ်သိမ်း မပြတ်မစဲအမှတ်ရလျက် ကျင့်ရမယ်" လို့ ပြထားတယ်၊ အဲဒီစကားရပ်အရဖြင့် ဒွါရ ၆–ပါးက ထင်ရှား ပေါ်လာသမျှကို အမှတ်ရပြီး သိခြင်းဖြင့် ဝိပဿနာဉာဏ်တွေ အစဉ် အတိုင်းဖြစ်ပွားပြီး မဂ်ဖိုလ်တရားထူးတွေကို ရသွားကြတယ်လို့ ဆိုနိုင် ပါတယ်၊ အဲဒါ ထက်သာပြီး ပြည့်စုံတာကတော့ မဟာသတိပဋ္ဌာနသုတ်၊ မာလုကျပုတ္တသုတ် စသည်တို့မှာ ပြထားတဲ့အတိုင်း ဒွါရ ၆–ပါး၌ ထင်ရှား ပေါ်လာသမျှ ရုပ်နာမ်တွေကို ရှုမှတ်ပြီး ဝိပဿနာဉာဏ်စဉ်ဖြင့် အရိယမဂ်ဖိုလ် တရားထူးကိုရလျက် မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူမှားအဆုံး အဖြတ်ဟူသမျှကို အကြွင်းမဲ့ပယ်နိုင်ပါတယ်၊ အဲဒီကျင့်စဉ်ကို တိုတိုနဲ့ မှတ်ရအောင် ဘုန်းကြီးက ဒီလိုဆောင်ပုဒ်စီထားတယ်။

**ဝိပဿနာရှုနည်း အကျဉ်းချုပ်**

ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်၊
ရုပ်နာမ်နှစ်မျိုး ကြောင်းကျိုးသိမြင်၊
မမြဲဆင်းရဲ ဉာဏ်ထဲပေါ်လွင်၊
အနတ္တ သိရ ဒိဋ္ဌိစင်တဲ့။

မြင်မှု ကြားမှု နံသိမှု စားသိမှု ထိသိမှု ကြံသိမှုတွေပေါ်လာတိုင်း ပေါ်လာတိုင်း မြင်တယ်ကြားတယ်စသည်ဖြင့် မပြတ်ရှုမှတ်နေရမယ်၊

http://www.dhammadownload.com



အဲဒီလို မပြတ်ရှုမှတ်နေလျှင် မျက်စိနဲ့အဆင်းက တခြား မြင်သိတာကတခြား မှတ်သိ တာကတခြားစသည်ဖြင့် ပိုင်းခြားသိလာမယ်၊ အဲဒီလိုသိရာမှာ မျက်စိနဲ့ အဆင်းက အာရုံမပြုတတ်တဲ့ရုပ်၊ မြင်သိတာ မှတ်သိတာက အာရုံပြုတတ်တဲ့နာမ် စသည်ဖြင့် ရုပ်နှင့်နာမ်ကို ပိုင်းခြားပြီးသိတယ်၊ အထူးအားဖြင့် လက်ခြေစသည်လှုပ်တာကို လှုပ်တယ်လို့ ရှုမှတ်ရာမှာ လှုပ်တာက ရုပ်၊ မှတ်သိတာကနာမ် စသည်ဖြင့် ရုပ်နှင့်နာမ်ကို ပိုင်းခြားပြီး သိတယ်။

အဲဒီကနောက် ကွေးချင်တယ် ကွေးတယ် စသည်ဖြင့် ရှုမှတ်ရာမှာ ကွေးချင်လို့ ကွေးတာပဲ၊ ကွေးချင်တာက အကြောင်း+ကွေးတာကအကျိုး စသည်ဖြင့်လဲ ပိုင်းခြားပြီး သိတယ်၊ မြင်တယ်လို့ မှတ်ရာမှာလဲ မျက်စိနဲ့ အဆင်းရှိလို့ မြင်တယ်၊ မျက်စိနဲ့ အဆင်းက အကြောင်း+မြင်သိတာက အကျိုး စသည်ဖြင့်လဲ ပိုင်းခြားပြီး သိတယ်၊ သိပုံတွေကတော့ အလွန်များ ပြားကျယ်ဝန်းပါတယ်၊ ဒါလောက်ဆိုလျှင် ရိပ်မိလောက်ပါပြီ၊ အဲဒီလိုသိပုံကို ရည်ပြီးတော့ (ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်၊ ရုပ်နာမ်နှစ်မျိုးကြောင်းကျိုး သိမြင်–လို့) ဆောင်ပုဒ်မှာ ဆိုထားတာပါပဲ။

အဲဒီလို မပြတ်ရှုမှတ်နေလျှင် ကြားတာလဲ ကြားပြီးချက်ချင်း ပျောက်သွားတယ်၊ ထိသိတာလဲ ထိသိပြီး ချက်ချင်းပျောက်သွားတယ်၊ ကြံသိတာလဲ ကြံသိပြီး ချက်ချင်းပျောက်သွားတယ်ဆိုတာကို ရှုမှတ်နေရင်း ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် ထင်ရှားတွေ့ရတယ်၊ အဲဒီလို ရှုမှတ်တိုင်းသိတိုင်း လျှပ်ရောင်များလိုပင် ချက်ချင်းပျောက်ပျောက်သွားတာကို ထင်ရှားတွေ့ရတဲ့အတွက် မမြဲတာချည်းပဲ၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ဆင်းရဲချည်းပဲ၊ သူ့သဘော အတိုင်းဖြစ်ပျက်နေလို့ အစိုးမရတဲ့ အနတ္တသဘောတရားချည်းပဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင်

http://www.dhammadownload.com



သိသိသွားတယ်၊ အဲဒီလို သိသိသွားတာဟာ ဝိပဿနာဉာဏ်အစစ်တွေပဲ၊ အဲဒီ ဝိပဿနာဉာဏ်တွေ ရင့်သန်ပြည့်စုံတဲ့ အခါကျတော့ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သွားတယ်၊ အဲဒီအခါ မိစ္ဆာဒိဋ္ဌိဟူသမျှ ကင်းစင်သွားတယ်၊ အဲဒီလို အရိယမဂ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်ပြီး မိစ္ဆာဒိဋ္ဌိကင်းစင်ပုံကို ရည်ပြီးတော့–

**ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်၊**
**ရုပ်နာမ်နှစ်မျိုး ကြောင်းကျိုးသိမြင်၊**
**မမြဲ ဆင်းရဲ ဉာဏ်ထဲပေါ်လွင်၊**
**အနတ္တ သိရ ဒိဋ္ဌိ စင်လို့–**

ဆောင်ပုဒ်စီထားတယ်၊ အဲဒီလိုကျင့်လို့ သောတာပန်ဖြစ်ရင် ဒိဋ္ဌိကင်းစင်တော့တာပါပဲ၊ ဒါပေမယ့် လောဘ မာန အစရှိသော ကိလေသာအချို့က ရှိနေသေးတဲ့အတွက် ပြောဆိုပြုလုပ်ရာတွေမှာ သန့်ရှင်းသင့်သလောက် သန့်ရှင်းစင်ကြယ်လှမယ် မဟုတ်သေးဘူး၊ အစင်ကြယ်ဆုံးကတော့ အရဟတ္တ မဂ်ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်တဲ့အခါကျမှ အထူးစင်ကြယ်တယ်၊ ဒါကြောင့် သုတ္တနိပါတ် အဋ္ဌကထာမှာ – အရဟတ္တနိကူဋ္ဌေန–အရဟတ္တဖိုလ်ကို အထွတ် တပ်သဖြင့်၊ ဒေသနံ–ရှုဥဗျူဟာသုတ် ဒေသနာတော်ကို၊ နိဋ္ဌာပေသိ–နိဂုံးကမ္ပတ် အပြီးအဆုံးသတ်တော်မူပါသတည်း–လို့ ဖွင့်ပြထားပါတယ်၊ ဒါကြောင့် ၁၇(ခ) အမှတ်ဖြင့်ပြထားတဲ့ အဆုံးသတ်ဂါထာဝက် စာပိုဒ်ဖြင့် ဒိဋ္ဌိကိုပယ်နိုင်တဲ့ သောတာပတ္တိမဂ်မျှသာမဟုတ်ဘဲ စွမ်းနိုင်ပါက အရဟတ္တမဂ်ဖိုလ်အထိ ကျင့်သုံး အားထုတ်ပြီး ဒိဋ္ဌိစသော ကိလေသာတွေကိုပယ်ရန် ညွှန်ကြားတော်မူတယ်လို့ မှတ်ကြရမယ်။

**ရဟန္တာက မငြင်းခုံဆိုတာ ဘယ်လိုလဲ**

အယူမှား ကင်းစင်ပြီး အသိအမြင်မှန်နှင့် ပြည့်စုံတဲ့သူဟာ

http://www.dhammadownload.com



ငြင်းခုံခြင်း မရှိဘူးဆိုတာ ဘယ်လိုပါလဲဆိုလျှင် အမြင်မှန်ရနေတဲ့ ပုဂ္ဂိုလ်က အမြင်မှား အသိမှားနေတဲ့သူကို သင့်လျော်တဲ့အခါမှာ အမြင်မှန်ကို ရှင်းလင်း ဖော်ပြတာကတော့ ရှိတာပါပဲ၊ ဘယ်လိုလဲဆိုရင် အနိစ္စ ဒုက္ခ အနတ္တဖြစ်တဲ့ ရုပ်နာမ်တရားတွေကို အများသတ္တဝါတွေက နိစ္စ သုခ အတ္တလို့ အထင်မှား အမြင်မှားနေကြတယ်၊ အဲဒီအထင်မှား အမြင်မှားနေတဲ့ သတ္တဝါတွေမှာ အမြင်မှန်ရစေရန် မြတ်စွာဘုရားက (သဗ္ဗေ သင်္ခါရာ အနိစ္စာ) ရုပ်နာမ် သင်္ခါရတရားတွေဟာ အနိစ္စ– မမြဲတဲ့တရားတွေချည်းပဲ၊ ဒုက္ခ–ဆင်းရဲ တရားတွေချည်းပဲ၊ အနတ္တ– အတ္တမဟုတ်တဲ့ သဘောတရားတွေချည်းပဲလို့ ဟောတော်မူပါတယ်၊ အဲဒါဟာ အမြင်မှန်ရပါစေဆိုတဲ့ မေတ္တာ ကရုဏာ စေတနာဖြင့် ဟောကြားတော်မူတာပဲ၊ အနိုင်ရအောင် ငြင်းတာမဟုတ်ဘူး၊ အဲဒါလိုပါပဲ၊ အမြင်မှန်ရထားတဲ့ပုဂ္ဂိုလ်က အမြင်မှားနေတဲ့သူအား အမှန်ကို ဖော်ပြပြောဆိုတာဟာ ငြင်းတာမဟုတ်ပါဘူး၊ မေတ္တာ ကရုဏာဖြင့် အမှန်ကို ပြောပြခြင်းမျှသာ ဖြစ်တယ်၊ ဒါကြောင့် ဒီလို အမှန်ကိုပြောပြတဲ့ ဓမ္မဝါဒီပုဂ္ဂိုလ်ဟာ မည်သူနှင့်မျှ ငြင်းသည်မမည် ကြောင်းကို ခန္ဓဝဂ္ဂသံယုတ်ပါဠိ (နှာ–၁၁၃)ပုပ္ဖသုတ်မှာ ဒီလိုဟော ထားပါတယ်။

## အမှန်ပြောသူမှာ ငြင်းရာမရောက်ကြောင်း

နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ၊ လောကောဝ မယာ ဝိဝဒတိ၊ န ဘိက္ခဝေ ဓမ္မဝါဒီ ကေနစိ လောကသ္မိံ ဝိဝဒတိ။

ဘိက္ခဝေ–ရဟန်းတို့၊ အဟံ–ငါသည်၊ လောကေန–သတ္တဝါ အပေါင်းဟူသော လောကနှင့်၊ န ဝိဝဒါမိ–မငြင်းခုံပါ၊ လောကောဝ– သစ္စာက ပရိုဗိုဖ်စသော လောကသည်သာလျှင်၊ မယာ–ငါနှင့်၊ ဝိဝဒတိ–

http://www.dhammadownload.com



ခန္ဓငါးပါးဟာ သတ္တဝါစသည်ဖြင့် ငြင်းခုံ၏၊ ဘိက္ခဝေ-ရဟန်းတို့၊ ဓမ္မဝါဒီ-အမှန်ကိုသိပြီး၍ အမှန်ကိုပြောဟောသော ပုဂ္ဂိုလ်သည်၊ လောကသ္မိံ-သတ္တဝါ အပေါင်းဟူသော လောက၌၊ ကေနစိ-တစ်စုံတစ်ယောက်နှင့်မျှ၊ န ဝိဝဒတိ- မငြင်းခုံပေ၊ ဝါ-အမှန်ကို ပြောပြနေခြင်းသာ ဖြစ်၍ ငြင်းခုံသည် မမည်ပေတဲ့။

အဲဒီဘုရားစကားတော်နှင့်အညီ မိစ္ဆာဒိဋ္ဌိကင်းစင်နေသော အရိယာပုဂ္ဂိုလ်ကလဲ အထင်မှားအမြင်မှားနေသောသူတို့အား အမှန်တရားကို ဟောပြောရတာပါပဲ၊ ကံ ကံ၏အကျိုးမရှိဘူးလို့ အထင်မှားအမြင်မှားနေသူအား ကံ ကံ၏ အကျိုးရှိကြောင်း တတ်နိုင်သမျှ ရှင်းလင်းပြောကြားရတာပဲ၊ သေပြီးရင် ဘာမျှမရှိတော့ဘူး၊ အလိုလိုပင် ဘဝပြတ်စဲသွားတယ်လို့ အထင်မှား အမြင်မှား အယူမှားနေသူအား တဏှာမကင်းသေးတဲ့ပုဂ္ဂိုလ်မှာ သေပြီးလျှင် သူ့ကံအားလျော်စွာ ရုပ်နာမ်အသစ် ဘဝအသစ်ဖြစ် လျက်ရှိနေသေးကြောင်း တတ်နိုင်သမျှ ရှင်းလင်းပြောကြားရတာပဲ၊ သီလကျင့်ဖို့မလိုဘူး၊ သမာဓိ ပညာဖြစ်အောင် အားထုတ်ဖို့မလိုဘူး-စသည်ဖြင့် ဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်ဘက်ပြောဟောနေသူအား သီလ သမာဓိ ပညာဆိုတာ ဗုဒ္ဓသာသနာ အစစ်ဖြစ်ကြောင်း၊ သီလ သမာဓိ ပညာအကျင့်ကို တတ်နိုင်သမျှ ရှင်းလင်းပြောကြားရတာပဲ၊ အဲဒီလို ဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်သော အယူအမြင်မျိုးသို့ ရောက်မသွားရအောင်လဲ ဗုဒ္ဓသာသနာ့အန္တရာယ် ကာကွယ်ရေး အနေဖြင့် အမှန်တရားကို ပြောကြားရတာပဲ၊ အဲဒီလို အမှန်တရားတွေကို ပြောဟောတဲ့အတွက် ငြင်းခုံရာမရောက်ပါဘူး၊ နာယူသောသူတို့အား အမှန်သိပြီး အမှန်ကိုကျင့်နိုင်ကြပါစေဆိုတဲ့ မေတ္တာ ကရုဏာ ပညာရှေ့သွားရှိတဲ့ စေတနာဖြင့် ချီးမြှင့် ပြောကြားခြင်း

http://www.dhammadownload.com



မှုသာဖြစ်ပါတယ်၊ ဒါကြောင့် မိစ္ဆာအယူအစုံး အဖြတ် ကင်းပြီးပုဂ္ဂိုလ်ဟာ ပြောသင့်ပြောထိုက်သည့် အမှန်ကိုသာပြောမည် ဖြစ်သောကြောင့် ငြင်းခုံခြင်းသို့ မရောက်တော့ဘူးလို့ ဟောတော်မူတာပါပဲ။

စူဠဗျူဟသုတ် တရားတော်နှင့်စပ်ပြီး ပြောသင့်ပြောထိုက်တာကတော့ ပြည့်စုံလောက်ပါပြီ၊ ဒီသုတ်မှာ အမှတ်(၁၇–က)အထိ စကားရပ်တို့ဖြင့် မိစ္ဆာအယူနှင့်စပ်ပြီး မသင့်လျော်တာတွေကို အကြိမ်ကြိမ်အထပ်ထပ် ဖော်ပြဟောကြားတော်မူပါတယ်၊ အဲဒီ ဟောပြောချက်များအရ မိစ္ဆာအယူ၏ အပြစ်ကိုမြင်ပြီး အဲဒီလို မိစ္ဆာအယူမျိုး မိမိသန္တာန်မှာ ဘယ်အခါမှ မဖြစ်ရအောင် ကျင့်သုံးဖို့လိုပါတယ်၊ မိစ္ဆာဒိဋ္ဌိကင်းပြီးဖြစ်တဲ့ အရိယာပုဂ္ဂိုလ်များအတွက်ကတော့ ဒီသုတ်တရားကို ကြားနာပြီး ဝမ်းမြောက်ဖို့ပါပဲ၊ အဲဒီ မိစ္ဆာအယူဆိုတာ ယခုမိမိမှာမရှိသော်လဲ အရိယမဂ်မရောက်သေးရင် နောက်ဘဝများမှာ ဖြစ်ပေါ်လာနိုင်သေးတာပဲ၊ ဒါကြောင့် အမှတ်(၁၇–ခ) နိဂုံးချုပ် ဩဝါဒစကားတော်အရ မိစ္ဆာအယူဟူသမျှကို အရိယမဂ်ဖြင့် အကြွင်းမဲ့ ပယ်နိုင်အောင် အားထုတ်ကြဖို့ လိုပါတယ်၊ ပထမမဂ်ဖြင့်ပယ်ပြီး ဖြစ်ငြားသော်လဲ သာ၍စင်ကြယ်စေနိုင်သော အထက်မဂ်ဖိုလ်များကို ရအောင်လဲ အားထုတ်ကြဖို့လိုပါတယ်။

အဲဒီလိုအားထုတ်ကြသဖြင့် ဝိပဿနာဉာဏ် ထက်သန်တိုးတက် လျက် မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု

(၂) စူဠဗျူဟသုတ် တရားတော် ဤတွင်ပြီး၏။

http://www.dhammadownload.com

# (၃) မဟာဗျူဟသုတ်

## ပထမပိုင်း

၁၃၃၉–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့ ဟောသည်။

------

### တရားအနုသန္ဓေ

ဒီကနေ့ ၁၃၃၉–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့ ဖြစ်တယ်၊ တန်ဆောင်မုန်းလပြည့်နေ့က စူဠဗျူဟသုတ်တရားကို အပြီးသတ် ဟောခဲ့တယ်၊ ဒီကနေ့ မဟာဗျူဟသုတ်တရားကို စပြီးဟောရမယ်၊ စူဠဗျူဟသုတ်ကို ဝိတက်စရိုက်ရှိသူတို့အတွက် ဟောတော်မူတယ်၊ ဒီမဟာဗျူဟသုတ်ကိုတော့ မောဟစရိုက်ရှိသူတို့အတွက် ဟောတော်မူတယ်၊ ဒီသုတ်မှာ ဂါထာ (၂၀)ရှိပြီး စူဠဗျူဟသုတ်ထက် ကျယ်သောကြောင့် မဟာဗျူဟသုတ်လို့ အမည်ပေးထားတယ်၊ မြတ်စွာဘုရားရှင်၏ အလိုတော်နှင့်အညီ နိမ္မိတရုပ်ပွားဘုရားက ဒီလိုမေးတော်မူပါတယ်။

### နိမ္မိတဘုရား၏ အမေးဂါထာ (၁)

၁။ ယေ ကေစိ မေ ဒိဋ္ဌိပရိဗ္ဗသာနာ၊
ဣဒမေဝ သစ္စန္တိ ဝိဝါဒယန္တိ။
သဗ္ဗေဝ တေ နိန္ဒ'မန္ဝာနယန္တိ၊
အထော ပသံသမ္ပိ လဘန္တိ တတ္ထ။

ဂေါတမ–ဂေါတမနွယ်ဖွား မြတ်စွာဘုရား၊ ယေကေစိ–အလုံးစုံကုန်သော၊ ဒိဋ္ဌိပရိဗ္ဗသာနာ–မိစ္ဆာဒိဋ္ဌိဟူသော အိမ်၌နေကုန်သော၊ ဝါ–မိစ္ဆာဒိဋ္ဌိအယူသည်းနေကုန်သော၊ ဣမေ–ဤတိတ္ထိပရိဗိုဇ်တို့သည်၊ ဣဒမေဝ သစ္စန္တိ–ဤအယူသာမှန်သည်ဟူ၍၊ ဝိဝါဒယန္တိ–

http://www.dhammadownload.com



ငြင်းခုံနေကြကုန်၏၊ (ဝိဝါဒယန္တိ အရာ၌ ပဝါဒယန္တိ–ဟူ၍လည်းကောင်း၊ စ ဝါဒယန္တိ–ဟူ၍လည်းကောင်း ဤသို့လဲရှိ၏။) သဗ္ဗေဝ–အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ တေ–ထိုငြင်းခုံနေကြသော သူတို့သည်၊ နိန္ဒံ–ကဲ့ရဲ့ခြင်းကို၊ အန္ဝာနယန္တိ– အဖန်ဖန် ဆောင်ယူကုန်သလော၊ ဝါ–ရရှိကြပါကုန်သလော၊ အထော–ထိုသို့မဟုတ်မူ၍၊ တတ္ထ–ထိုငြင်းခုံခြင်းကြောင့်၊ ပသံသမ္ပိ–ချီးမွမ်းခြင်းကိုလဲ၊ လဘန္တိ–ရကြပါကုန်သေးသလောတဲ့။

အဲဒီဂါထာမှာ ပထမ ၂–ပါဒအရ (အယူသည်းကြ၊ လူတွေက၊ ဒါမှမှန်သည် ငြင်းကြသည်လို့) ဆောင်ပုဒ်စီထားတယ်၊ နောက် ၂–ပါဒအရ (ကဲ့ရဲ့ခြင်းသာ၊ သူတို့မှာ၊ ရကာနေကြပါသလော။ သို့မဟုတ်ဘဲ၊ ချီးမွမ်းလဲ၊ မလွဲရကြသေးသလော–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါတွေကို ဆိုကြရမယ်။

၁။ အယူသည်းကြ၊လူတွေက၊ဒါမှမှန်သည် ငြင်းကြသည်။
ကဲ့ရဲ့ခြင်းသာ၊ သူတို့မှာ၊ ရကာနေကြပါသလော။
သို့မဟုတ်ဘဲ၊ ချီးမွမ်းလဲ၊ မလွဲ ရကြသေးသလော။

ဆိုလိုရင်းအတိုချုပ်ကတော့ ဘာသာရေးအယူသည်းနေကြတဲ့သူတွေဟာ ကိုယ့်အယူဝါဒ ကိုယ့်ဘာသာရေးတရားသာ မှန်တယ်၊ အခြား ဘာသာ အယူဝါဒကို မှားတယ်လို့ ဆိုပြီး ငြင်းခုံနေကြတယ်၊ အဲဒီလို ငြင်းခုံနေကြတဲ့သူတွေဟာ သူများ၏ ကဲ့ရဲ့ခြင်းကိုသာ ရနေကြပါသလား၊ သူများ၏ ချီးမွမ်းခြင်းကိုလဲ ရကြပါသေးသလားလို့ ဆိုလိုတာပါပဲ၊ အဲဒီ အမေးကို မြတ်စွာဘုရားရှင်က ဒီလို ဖြေကြားတော်မူပါတယ်။

http://www.dhammadownload.com



## မြတ်စွာဘုရား၏ အဖြေဂါထာ (၂)

၂။ အပ္ပံ ဟိ ဧတံ န အလံ သမာယ၊
ဒုဝေ ဝိဝါဒဿ ဖလာနိ ဗြူမိ။
ဧတမ္ပိ ဒိသွာ န ဝိဝါဒယေထ၊
ခေမာ ဘိပဿံ အဝိဝါဒဘူမိံ။

မုနိ–နိမ္မိတရုပ်ပွား မြတ်ဘုရား၊ ဧတံ–ဤအချီးအမွမ်း ခံရခြင်းသည်၊ အပ္ပံ ဟိ–အနည်းငယ်မျှသာလျှင်တည်း၊ သမာယ–ရာဂစသော ကိလေသာ ငြိမ်းရန်၊ န အလံ–မစွမ်းနိုင်သည်သာလျှင်တည်းတဲ့၊ ဘာသာရေးအယူဝါဒ ငြင်းခုံနေခြင်းကြောင့် ကြိုက်နှစ်သက်တဲ့ပုဂ္ဂိုလ်တွေက ချီးမွမ်းတာကိုလဲ ရပါတယ်၊ ဒါပေမယ့် အဲဒီချီးမွမ်းခြင်းခံရတာက မများလှပါဘူး၊ အနည်းငယ်မျှပါပဲ၊ အဲဒီချီးမွမ်းခံရတဲ့အကျိုးက ရာဂဒေါသစသော ကိလေသာတွေ ငြိမ်းဖို့ရာလဲ မဖြစ်ပါဘူးတဲ့၊ အဲဒါကို (ချီးမွမ်းခံရ၊ မများလှ၊ ရာဂငြိမ်းရန် မစွမ်းပါ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၂။ ချီးမွမ်းခံရ၊ မများလှ၊ ရာဂငြိမ်းရန် မစွမ်းပါ။

အဲဒီမှာ ရာဂငြိမ်းရန်–လို့ ဆိုတာကတော့ ပဓာနနည်း, ဥပလက္ခဏနည်းအရ ဆိုထားတာပဲ၊ ဆိုလိုရင်းကတော့ ရာဂ ဒေါသ မောဟ ကောဓ ဥပနာဟစသော အကုသိုလ် ကိလေသာဟူသမျှငြိမ်းရန် မစွမ်းနိုင် ပါဘူး–လို့ ဆိုလိုတာပါပဲ၊ နောက်တစ်ပိုဒ်ကတော့–

ဝိဝါဒဿ–ငြင်းခုံခြင်း၏၊ ဖလာနိ ဒုဝေ–အကျိုးတို့သည် နှစ်ပါးတို့ ဟူ၍၊ ဝါ–နှစ်ပါးသော အကျိုးတို့ကို၊ ဗြူမိ–ငါဘုရားက ဟောပါသည်တဲ့၊ ငြင်းခုံကြတဲ့သူတွေမှာ အရှုံးနှင့်အနိုင် အကျိုးတစ်ပါးပါးကိုလဲ ရတယ်၊ ကဲ့ရဲ့တာနဲ့ ချီးမွမ်းတာ တစ်ပါးပါးကိုလဲ ရတယ်၊ ဒါကတော့ အချို့က ကဲ့ရဲ့ကြလိမ့်မယ်၊ တချို့ကတော့ ချီးမွမ်းကြလိမ့်

http://www.dhammadownload.com



မယ်၊ ဒါကြောင့် ၂–ပါး လုံးကိုလဲ ရပါတယ်၊ နောက်ပြီးတော့ ကြည်ညိုတဲ့ သူတို့ထံမှ လာဘ်ရနိုင် တယ်၊ မကြည်ညိုတဲ့သူတို့ထံမှ ရသင့်တာမရဘဲ ရှိတတ်တယ်၊ အဲဒီလာဘ အလာဘ ၂–မျိုးကိုလဲ ရတတ်တယ်၊ နောက်ပြီးတော့ မိမိပြောဆိုတာကို ကြိုက်တဲ့သူတွေက မိမိ၏ အခြွေအရံဖြစ်တတ်တယ်၊ မကြိုက်တဲ့သူတွေက မိမိဘက်မှ ထွက်ခွာသွားတတ်တယ်၊ ဒါကြောင့် ယသနဲ့အယသ ဒီ၂–မျိုးကိုလဲ ရတတ်တယ်၊ ထို့အတူပင် ချမ်းသာနဲ့ဆင်းရဲ၊ ဝမ်းသာတာနဲ့ နှလုံးမသာတာ၊ အလိုရှိအပ်တဲ့ ဣဋ္ဌနဲ့ အလိုမရှိအပ်တဲ့ အနိဋ္ဌဆိုတာတွေ ၂–မျိုး ၂–မျိုးကိုလဲ ရတတ်တာပါပဲ၊ ဒါကြောင့် အဲဒီအပိုဒ်အရ (ငြင်းခုံမှုမှာ၊ ကျိုးနှစ်ဖြာ၊ ရတာငါပေါ့ဟသည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ငြင်းခုံမှုမှာ၊ ကျိုးနှစ်ဖြာ၊ ရတာငါပေါ့ဟသည်။

ဘာသာရေးအငြင်းအခုံမှာသာ မဟုတ်ဘူး၊ တခြားငြင်းခုံမှုတွေမှာလဲ အကောင်းနဲ့ အဆိုး ၂–မျိုး ၂–မျိုးသော အကျိုးတွေကို ရတတ်တာချည်းပဲ၊ အဲဒီ ၂–မျိုး ၂–မျိုးထဲမှာ အဆိုးကတော့ အပြစ်ရှိကြောင်း ထင်ရှားနေပါပြီ၊ အကောင်းကလဲ ရာဂစသောကိလေသာငြိမ်းရန်အတွက် မစွမ်းနိုင်သည့်ပြင် ရာဂစသည် ဖြစ်ပွားဖို့ရာသာ ဖြစ်တယ်၊ ဒါကြောင့် ကောင်းတဲ့အကျိုးမှာလဲ အပြစ်ရှိတယ်လို့ သိစေလိုပါတယ်၊ ဒါကြောင့်–

ဧတမ္ပိ–ဤငြင်းခုံမှု၏ အကျိုးဖြစ်သော အပြစ်ကိုလည်း၊ ဒိသွာ– သိမြင်ပြီး၍၊ အဝိဝါဒ ဘူမိံ–ငြင်းခုံမှုကင်းရာနိဗ္ဗာန်ကို၊ ခေမံ–ဘေးငြိမ်းရာ ဟူ၍၊ အဘိပဿံ–အမြဲတ်ထားကာ ရှုစားမျှော်လင့်သည်ဖြစ်၍၊ န ဝိဝါဒယေထ–မငြင်းခုံဘဲ ရှိရာတော့သတည်း–လို့ ညွှန်ကြားတော်မူပါတယ်၊ အဲဒါကို (ယင်းအကျိုး–ပြစ်ပါ၊ ငြင်းငြိမ်းရာ၊

http://www.dhammadownload.com



ရှုကာငြင်းမှုပယ်သင့်သည်-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ယင်းကျိုးပြစ်ပါ၊ ငြင်းငြိမ်းရာ၊ ရှုကာငြင်းမှု ပယ်သင့်သည်။

အဲဒီ ငြင်းခုံမှု၏ အကျိုးဖြစ်တဲ့ အပြစ်ကိုရော ငြင်းခုံမှုကင်းရာ နိဗ္ဗာန်ကိုရော ရှုမြင်ဆင်ခြင်ပြီးတော့ ငြင်းခုံမှုကို ပယ်ရမယ်၊ မငြင်းခုံဘဲ နေရမယ်လို့ ဆိုလိုပါတယ်။

## အဖြေဂါထာ (၃)

၃။ ယာ ကာစိမာ သမ္မုတိယော ပုထုဇ္ဇာ၊
သဗ္ဗာဝ ဧတာ န ဥပေတိ ဝိဒ္ဒါ။
အနုပယော သော ဥပယံ ကိမေယျ၊
ဒိဋ္ဌေ သုတေ ခန္တိ မကုဗ္ဗမာနော။

ယာ ကာစိ-အလုံးစုံကုန်သော၊ ဣမာ သမ္မုတိယော-သမုတ် ဟောဆိုထားသော ဤအယူဝါဒတို့သည်၊ ပုထုဇ္ဇာ-ဘာသာရေးဆရာ အများ ကြောင့် ဖြစ်ကုန်၏၊ သဗ္ဗာဝ-အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ဧတာ-ဤဘာသာရေးအယူဝါဒတို့ကို၊ ဝိဒ္ဒါ-ဘုရားတပည့် ပညာရှိ သည်၊ န ဥပေတိ-မချဉ်းကပ်ပေ တဲ့၊ အဲဒါကို (တိတ္ထိအများ၊ သမုတ် ထား၊ များပြားအယူတွေ၊ ပညာရှိဟာ၊ ယင်းတို့မှာ၊ စွဲကာမယူပေ- လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၃။ တိတ္ထိအများ၊ သမုတ်ထား၊ များပြားအယူတွေ။
ပညာရှိဟာ၊ ယင်းတို့မှာ၊ စွဲကာမယူပေ။

ဒီမှာ ဝိဒ္ဒါ-အရ ပညာရှိဆိုတာ ဘုရားတပည့် ကလျာဏ ပုထုဇဉ် နှင့် အရိယာပညာရှိကို ယူနိုင်ပါတယ်၊ ဒါပေမယ့် နောက်နှစ် ပိုဒ်မှာ ဖော်ပြ ထားတဲ့ ပုဂ္ဂိုလ်ကတော့ ရဟန္တာပညာရှိသာ ဖြစ်သင့်

http://www.dhammadownload.com



ပါတယ်၊ အဲဒီနှစ်ပိုဒ်၏ အနက်ကတော့-

သော-ထိုဘုရားတပည့် ရဟန္တာပညာရှိသည်၊ အနုပယော-ကပ်ငြိတွယ်တာတတ်သော တဏှာနှင့် ဒိဋ္ဌိကင်းသည်ဖြစ်၍၊ ဥပယံ-ကပ်ငြိ တွယ်တာအပ်သော၊ ကိံ-အဘယ်အရာသို့၊ ယေျ-ကပ်ရောက်ရာအံ့နည်း၊ ဝါ-ဘယ်အရာသို့မျှ တဏှာဒိဋ္ဌိဖြင့် မကပ်ရောက်ရာ-တဲ့၊ အဲဒါကို (ကပ်ငြိ ကင်းကွာ၊ ထိုသူဟာ၊ ဘယ်မှာကပ်ငြိ ရောက်အံ့နည်း-လို့) ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ကပ်ငြိကင်းကွာ၊ ထိုသူဟာ၊ ဘယ်မှာကပ်ငြိရောက်အံ့နည်း။

နောက်ဆုံးတစ်ပိုဒ်ကတော့ ဒိဋ္ဌေ-မြင်ရသည့်၌ လည်းကောင်း၊ ဝါ-မြင်ရတာနှင့်စပ်၍ စင်ကြယ်ခြင်း၌လည်းကောင်း၊ (ဘယ်လိုအာရုံကောင်းကို မြင်ရရင် စင်ကြယ်တယ်၊ ကောင်းကျိုးရတယ်ဆိုတဲ့ အယူ၌ဟု ဆိုလို၏) သုတေ-ကြားရသည့်၌လည်းကောင်း၊ (မုတေ-နံလျက် စားလျက် ထိလျက် ရောက်ရ သည့်၌လည်းကောင်း၊ ဝါ-ရောက်ရတာနှင့်စပ်၍ စင်ကြယ်ခြင်း၌ လည်းကောင်း၊) ခန္တိံ-နှစ်သက်ခြင်းကို၊ အကုဗ္ဗမာနော-မပြုသည်၊ ဟောတိ-ဖြစ်၏တဲ့၊ မြင်ရတဲ့အဆင်းစသည့်၌ နှစ်သက်ခြင်းလဲ မရှိတော့ဘူးဟု ဆိုလိုပါတယ်၊ တစ်နည်းအားဖြင့် ဒိဋ္ဌမင်္ဂလာစသည့်၌ နှစ်သက်ခြင်း မရှိတော့ဘူးဟု ဆိုလိုပါတယ်၊ အဲဒါကို (ဒိဋ္ဌ သုတာ၊ မင်္ဂလာ၊ သာယာနှစ်သက် ကင်းသတည်း-လို့) ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဒိဋ္ဌ သုတာ၊ မင်္ဂလာ၊ သာယာနှစ်သက် ကင်းသတည်း။

ဗုဒ္ဓသာသနာအပြင်ဘက်မှာ သီလဆိုတဲ့ အလေ့လောက်နဲ့ ဝတဆိုတဲ့ အကျင့်မျှဖြင့် ပြည့်စုံပြီလို့ ယူဆဟောပြောနေကြတာ၊ ကျင့်နေကြတာလဲ ရှိတယ်၊ အဲဒီလို အလေ့အကျင့်မျှဖြင့် မပြည့်စုံ သေးကြောင်းကိုလဲ ဒီလို ဖော်ပြဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



## အဖြေဂါထာ (၄)

၄။ သီလုတ္တမာ သညမေနာဟု သုဒ္ဓိံ၊
ဝတံ သမာဒါယ ဥပဋ္ဌိတာသေ။
ဣဓေဝ သိက္ခေမ အထဿ သုဒ္ဓိံ၊
ဘဝူပနီတာ ကုသလာဝဒါနာ။

သီလုတ္တမာ–သီလလျှင် အမြတ်ရှိသောသူတို့သည်၊ ဝါ–သီလကို အမြတ်ဆုံးဟု အယူရှိသောသူတို့သည်၊ သညမေန–ကိုယ်နှင့် နှုတ်ကို စောင့်ထိန်းခြင်းဖြင့်၊ သုဒ္ဓိံ–စင်ကြယ်ခြင်းကို၊ ဝါ–သံသရာဆင်းရဲမှ လွတ်မြောက်ခြင်းကို၊ အာဟု–ဟောပြောပြဆိုကြကုန်၏၊ တေ–ထိုသူတို့သည်၊ ဝတံ–နွား ခွေး စသည်တို့၏ အကျင့်, နတ်သိကြား စသည်ကို ကိုးကွယ်သော အကျင့်ကို၊ ဥပဋ္ဌိတာ–ကပ်ရောက်စွဲမှီလျက် တည်ကြကုန်၏ တဲ့၊ သီလဝတဆိုတဲ့ အလေ့အကျင့်ကို အမြတ်ဆုံးဟု ယုံကြည်ယူဆနေကြသော (သီလဗ္ဗတ ပရာမာသ) အယူရှိသောသူတို့က ကိုယ်နှင့်နှုတ်ကို စောင့်ထိန်းတဲ့ သီလဖြင့်ပင် သံသရာဆင်းရဲမှ လွတ်မြောက်စင်ကြယ်တယ်လို့ ဆိုကြတယ်၊ နွား ခွေး စသည်တို့လိုလဲ ကျင့်နေကြတယ်၊ နတ် သိကြား ဗြဟ္မာ ဘုရားသခင်စသည်တို့ကိုလဲ ကိုးကွယ်ပူဇော်နေကြတယ်တဲ့၊ အဲဒါကို (သီလအမြတ် ထင်မှတ်သူတွေ၊ ကိုယ်နှုတ်စောင့်လျှင်း သန့်ရှင်းဆိုပေ၊ နွား ခွေးအလေ့၊ ကျင့်၍တစ်ထွေ၊ နတ်–စသား ဝပ်တွားကိုးကွယ်နေ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၄။ (က) သီလအမြတ် ထင်မှတ်သူတွေ၊
ကိုယ်နှုတ်စောင့်လျှင်း သန့်ရှင်းဆိုပေ၊
နွား ခွေး အလေ့ ကျင့်၍တစ်ထွေ၊
နတ်–စသား ဝပ်တွားကိုးကွယ်နေ။

http://www.dhammadownload.com



သီလကိုအမြတ်ဆုံးဟု ဆိုသောဝါဒကို သမဏမုဏ္ဍိကာပုတ္တ-သမဏမုဏ္ဍိကာ၏သား သမဏ-ကဆိုကြောင်း (မ-၂-၂၁၅)မှ ထုတ်ဆောင်၍ မဟာနိဒ္ဒေသမှာ ပြထားတယ်၊ အတိုချုပ်ပြောရမှာဘဲ၊ (၁) ကိုယ်ဖြင့် ယုတ်မာတဲ့ မကောင်းမှုကို မပြုဘူး၊ (၂) နှုတ်ဖြင့် ယုတ်မာတဲ့စကားကို မပြောဘူး၊ (၃) ယုတ်မာတဲ့အကြံကို မကြံဘူး၊ (၄) ယုတ်မာတဲ့ အသက်မွေးခြင်းကို မပြုဘူးဆိုတဲ့ ဒီအကျင့် ၄-ပါးနှင့် ပြည့်စုံတဲ့ သမဏဟာ အမြတ်ဆုံးကုသိုလ်နှင့် ပြည့်စုံတဲ့သူ အမြတ်ဆုံးအဖြစ်သို့ ရောက်တဲ့သူ မည်ပါတယ်တဲ့၊ အဲဒါဟာ သီလမျှဖြင့် စင်ကြယ်ကြောင်း ပြဆိုတဲ့ ဝါဒပါပဲတဲ့၊ အဲဒီအဆိုကို ဒီမှာ "သီလအမြတ် ထင်မှတ်သူတွေ၊ ကိုယ်နှုတ်စောင့်လျှင်း သန့်ရှင်းဆိုပေ" လို့ ဖော်ပြထားပါတယ်၊ အဲဒါဟာ ကောင်းမြတ်တဲ့ အကျင့်တော့ဟုတ်တယ်လို့ ဆိုရမှာပဲ၊ ဒါပေမယ့် သမာဓိ ပညာမပြည့်စုံဘဲနဲ့ သီလမျှဖြင့် ပြည့်စုံစင်ကြယ်တယ်၊ သံသရာဆင်းရဲမှ လွတ်မြောက်တယ်လို့ ဆိုလိုတဲ့အတွက် အဲဒီအယူကို မိစ္ဆာဒိဋ္ဌိအယူမှားလို့ ဆိုရတာပါပဲ၊ အဲဒီ သီလပြည့်စုံရုံနဲ့ နိဗ္ဗာန်ကို မရောက်နိုင်ဘူး၊ အခြားမဲ့ နောက်ဘဝမှာ လူ့ဘဝ နတ်ဘဝ သုဂတိဘဝသို့ ရောက်ဖို့ရာ လောက်သာ သေချာပါတယ်၊ အဲဒီ ဘဝမှာ အိုခြင်းသေခြင်းစသော ဆင်းရဲတွေကို ခံစားရဦးမယ်၊ အဲဒီက နောက်ဘဝတွေကျတော့ အပါယ်လေးပါးလဲ ကျရောက်နိုင်သေးတယ်၊ ဒါကြောင့် အဲဒီအယူကို မှားတယ်လို့ ဆိုရတာပဲ။

နောက်ပြီးတော့-ဝတ-ဆိုတဲ့ အကျင့်တွေကို မဟာနိဒ္ဒေသမှာ ဒီလို ပြထားတယ်၊ ဟတ္ထိဝတ-ဆင်လိုကျင့်တာ၊ အဿဝတ-မြင်းလို ကျင့်တာ၊ ဂေါဝတ-နွားလိုကျင့်တာ၊ ကုက္ကုရဝတ-ခွေးလိုကျင့်တာ၊ ကာကဝတ-ကျီးလိုကျင့်တာတဲ့၊ ဒါတွေကတော့ ဆင်စသည်လို

http://www.dhammadownload.com



အတုလိုက်ပြီး ကျင့်တာလို့ပဲယူကြပါတယ်၊ ဆင်စသည်ကို ကိုးကွယ်တာလဲ ဖြစ်သင့်တာပါပဲ၊ နောက်ပြီးတော့ ဝါသုဒေဝ ဝတ–ဝါသုဒေဝဆိုတဲ့ မင်းနှင့်စပ်ဆိုင်တဲ့ အကျင့်တဲ့၊ ဒါကတော့ ဃဋပဏ္ဍိတဇာတ်မှာ ဃဋ– ပဏ္ဍိတ၏ အစ်ကိုအကြီးဆုံးဖြစ်သူပဲ၊ သူက မင်းလဲဖြစ်တယ်၊ သူ့အတုကိုယူပြီး ကျင့်စရာတော့ ရှိပုံမပေါ်ပါဘူး၊ သူ့ကို ကိုးကွယ်တဲ့အကျင့်ပဲ ဖြစ်ဖွယ်ရှိပါတယ်၊ နောက်ပြီးတော့ ဗလဒေဝဆိုတာလဲ ဝါသုဒေဝ၏ ညီပဲ၊ သူကလဲ မင်းပါပဲ၊ အဲဒီ ဝတဟာလဲ ကိုးကွယ်တဲ့အကျင့်ဖြစ်မှာပါပဲ၊ နောက်ပြီးတော့ ပုဏ္ဏဘဒ္ဒဝတ မဏိဘဒ္ဒဝတဆိုတာတွေလဲ ပုဏ္ဏဘဒ္ဒ မဏိဘဒ္ဒဆိုတဲ့နတ်တွေကို ကိုးကွယ်တဲ့အကျင့် ဖြစ်မှာပါပဲ။

နောက်ပြီးတော့ အဂ္ဂိဝတဆိုတာ မီးလိုအတုလိုက်ပြီး ကျင့်လို့တော့ မဖြစ်နိုင်ဘူး၊ မီးကိုပူဇော်ကိုးကွယ်တဲ့ အကျင့်ဖြစ်မှာပဲ၊ ဒီကနောက်လဲ နာဂဝတ စသည်တွေဟာ ပူဇော်ကိုးကွယ်တဲ့ အကျင့်တွေချည်း ဖြစ်မှာပါပဲ၊ ဒါကြောင့် နဂါး ဂဠုန် ဘီးလူး အသူရာ ဂန္ဓဗ္ဗနတ် စတုမဟာရာဇ်နတ် လ နေ သိကြား ဗြဟ္မာနတ်တို့ကို ကိုးကွယ်တာတွေလဲ ဝတလို့ခေါ်တဲ့အကျင့်တွေချည်းပါပဲ၊ နောက်ဆုံး အကျင့်ကတော့ ဒိသာဝတတဲ့၊ အရပ်မျက်နှာတွေကို ပူဇော်ကိုးကွယ်တဲ့အကျင့်ပါပဲ။

အဲဒီအထဲမှာ ဗြဟ္မာဆိုတာ ရှေးခေတ်တုန်းက ကမ္ဘာလောကကိုဖန်ဆင်းတဲ့သူအနေနဲ့ ပူဇော်ကိုးကွယ်နေကြတာပဲ၊ ယခုတော့ ဖန်ဆင်းသူကို ဗြဟ္မာလို့မခေါ်ကြတော့ဘူး၊ ထာဝရဘုရားသခင်လို့ ခေါ်ကြတယ်၊ အဲဒီတော့ ဗြဟ္မာဆိုတဲ့အမည်နဲ့ ကိုးကွယ်ကြသည်ဖြစ်စေ၊ ထာဝရဘုရားသခင်အနေနဲ့ ကိုးကွယ်ကြသည်ဖြစ်စေ ဖန်ဆင်းသူအနေနဲ့ ကိုးကွယ်ကြသည်ဖြစ်စေ ဖန်ဆင်းသူအနေနဲ့ ကိုးကွယ်ကြတာ

http://www.dhammadownload.com



ချင်းကတော့ အတူတူပါပဲ။

ယခုထုတ်ပြခဲ့တဲ့ ဝတဆိုတဲ့ အကျင့်တွေထဲမှာ အတုလိုက်ပြီး ကျင့်တာတွေအတွက် "နွား ခွေး အလေ့ကျင့်ရှိတစ်ထွေ"လို့ ဆောင်ပုဒ် စီထားတယ်၊ မဟာနိဒ္ဒေသမှာ ဆင်အကျင့်ကစပြီး ပြထားပေမယ့် နွား ခွေးအကျင့်က ပိုပြီးထင်ရှားတဲ့အတွက် အဲဒီ နွား ခွေးအကျင့်ကိုသာ ဥပလက္ခဏနည်းအရ ဖော်ပြထားပါတယ်၊ ပိုပြီး ထင်ရှားပုံကတော့- မဇ္ဈိမ ပဏ္ဏာသပါဠိတော် ကုက္ကုရဝတိကသုတ်မှာ နွားလိုကျင့်တဲ့ပုဏ္ဏနှင့် ခွေးလိုကျင့်တဲ့ သေနိယတို့က မြတ်စွာဘုရားထံလာရောက်ပြီး သူတို့၏ အကျင့်နဲ့ စပ်ပြီး အကျိုးအပြစ်ကို မေးလျှောက်ကြတယ်၊ မြတ်စွာ ဘုရားက နွားလိုကျင့်သူဟာ အပြည့်အစုံကျင့်ရင် နောင်ဘဝ၌ နွားဖြစ်ရကြောင်း၊ ခွေးလိုကျင့်သူလဲ အပြည့်အစုံကျင့်ရင် နောက်ဘဝ၌ ခွေးဖြစ်ရကြောင်း၊ အကျင့်နှစ်မျိုးလုံးပင် မပြည့်စုံလျှင် ထိုအကျင့်ကြောင့် နတ်ဖြစ်ရလိမ့်မယ်လို့ယူဆတဲ့ မိစ္ဆာဒိဋ္ဌိကြောင့် ငရဲနှင့်တိရစ္ဆာန် တစ်မျိုးမျိုး၌ ဖြစ်ရကြောင်းများကို ဖြေကြားတော်မူတယ်၊ မြတ်စွာ ဘုရား၏ တရားကိုနာယူပြီး သေနိယ-က သာသနာမှာဝင်ပြီး ရဟန်း ပြု၍ ကျင့်သဖြင့် ရဟန္တာဖြစ်သွားကြောင်း၊ ပုဏ္ဏ-ကတော့ သရဏဂုံ တည်ရုံ မျှသာရှိကြောင်းများကို ပြဆိုထားပါတယ်။

နောက်ပြီးတော့ ဒီဃနိကာယ် ပါထိကဝဂ် ပါထိကသုတ်မှာ ကောရ- ခတ္တိယဆိုတဲ့လူဟာ ခွေးလိုကျင့်နေကြောင်း၊ သေသွားတဲ့အခါ ကာလကဉ္စိက ဆိုတဲ့ အယုတ်အညံ့ဆုံး အသူရကာယ်(ပြိတ္တာမျိုး) ဖြစ်ရ ကြောင်းများကိုလဲ ပြထား တာရှိတယ်၊ ဒါကြောင့် ပိုပြီးထင်ရှားတဲ့ အတွက် နွားအကျင့် ခွေးအကျင့်ကို ဥပလက္ခဏနည်းအရ ဖော်ပြထား ခြင်းဖြစ်ပါတယ်၊ ရှေးခေတ်တုန်းက အချို့ လူမျိုးတွေဟာ ဆင် မြင်း နွား ခွေးစသောအရုပ်တွေကို ကိုးကွယ်နေကြကြောင်းကို ဘာသာရေး

http://www.dhammadownload.com



သမိုင်းစာများ၌ တွေ့ရပါတယ်၊ ဒါကြောင့် နွား ခွေးစသည့်ကို ကိုးကွယ်တဲ့အကျင့်လဲ ဝတဆိုတဲ့အကျင့်ထဲမှာ ပါဝင်သင့်တာပါပဲ။

ဂါထာဒေဝ ဝတစသော ကိုးကွယ်မှုဆိုင်ရာ အကျင့်(၁၇) မျိုးထဲက နတ်ကိုးကွယ်တာက အရပ်တိုင်းမှာလိုပင် ထင်ရှားပါတယ်၊ ဆောင်ပုဒ်လင်္ကာထဲမှာလဲ အက္ခရာတစ်လုံးထဲအနေနဲ့ အဆင်ပြေပါတယ်၊ ဒါကြောင့် အဲဒီ ဝတ (၁၇)မျိုးအတွက် "နတ်-စသား ဝတ်တွား ကိုးကွယ်နေ"လို့ ဆောင်ပုဒ်စီထား ခြင်းဖြစ်ပါတယ်၊ အဲဒီကနောက် တတိယနှင့် စတုတ္ထပါဒ်တို့၏ အနက်ကတော့-

တေ-ထိုသီလဗ္ဗတ အယူရှိသူတို့သည်၊ ဣဓဝေ-ဤအယူ၌သာလျှင်၊ သိက္ခေမ-ကျင့်ကုန်အံ့၊ ဣတိ-ဤသို့ကြံကုန်၏၊ အထ-ထို့ပြင်၊ အဿ-အယူဝါဒကို ပြောပြသော ထိုဆရာ၏၊ (အဋ္ဌကထာတို့၌ ဖွင့်ပြချက်နှင့်အညီ ပြန်ချက်ဖြစ်သည်၊ သို့သော် တ-သဒ္ဒါ၏ စွဲရာဆရာဟူသောအနက်ကား ဤသုတ်၌မရှိခဲ့သေး၊ အယူသာရှိခဲ့သည်၊ ထို့ကြောင့်) ဝါ-ထိုအယူ၏၊ သုဒ္ဓိ-စင်ကြယ်ခြင်းကို၊ အာဟု-ဆိုကုန်၏၊ တေ-ထိုသူတို့သည်၊ ဘဝူပနီတာ-သီလ ဝတ အယူအစွဲက ဘဝသို့ဆောင်ကပ်အပ်ကုန်သည်၊ ဝါ-ဘဝ၌ ကပ်ငြိလျက် ရှိကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ပန-သို့သော်လည်း၊ ကုသလာဝဒါနာ-တတ်သိကျွမ်းကျင်သည့် ပညာရှိဟု ဝန်ခံကြကုန်၏တဲ့။

အဲဒီ သီလဗ္ဗတအယူရှိတဲ့သူတွေဟာ သူတို့အယူဖြင့် ကောင်းမြတ်တဲ့ ဘဝရောက်ပြီး ဆင်းရဲမှ စင်ကြယ်လွတ်မြောက်တယ်လို့ ယုံကြည်ယူဆကြတယ်၊ ကောင်းကင်ဘုံကဘုရားကို ကိုးကွယ်ခြင်းဖြင့် အဲဒီ ကောင်းကင်ဘုံရောက်ပြီး အမြဲတမ်း ချမ်းသာသွားတယ်လို့ အဲဒီလို ယုံကြည်ကြတယ်၊ ဒါကြောင့် သူတို့ပဲ အိုခြင်း သေခြင်းစသော ဆင်းရဲမကင်းတဲ့ ဘဝထဲမှာ ကပ်ငြိနေကြတာ၊ ဒါပေမယ့် သူတို့က

http://www.dhammadownload.com



အရာရာမှာ ကျွမ်းကျင်တတ်သိတဲ့ ပညာရှိဖြစ်ကြောင်းလဲ ဝန်ခံနေကြပါတယ်တဲ့၊ အဲဒါကို (ဤဩသာတည်၊ ကျင့်မည်ကြံပေ၊ ထိုဆရာပင် သန့်စင်ဆိုပေ၊ ထိုအကျင့်ပင် သန့်စင်ဆိုပေ၊ ဘဝမှာပဲ တပ်စွဲတည်နေ၊ ပညာရှိဖြစ်၏ ဝန်ခံချေ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၄ (ခ)။ ဤဩသာတည် ကျင့်မည်ကြံပေ၊
ထိုဆရာပင် သန့်စင် ဆိုပေ၊
ထိုအကျင့်ပင် သန့်စင် ဆိုပေ၊
ဘဝမှာပဲ တပ်စွဲတည်နေ၊ ပညာရှိဖြစ်၏ ဝန်ခံချေ။

ယခုရွတ်ဆို ဟောပြခဲ့သောဂါထာများအရ ငြင်းခုံခြင်းဟူသမျှ၏ အပြစ်ကို မြင်ပြီးလျှင် ငြင်းခုံမှုကင်းအောင် ကြဉ်ရှောင်ကြဖို့လဲ အထူးသတိပြု သင့်ပါတယ်၊ သီလ သမာဓိ ပညာဆိုတဲ့ မဂ္ဂင်ရှစ်ပါးမှ အလွတ်ဖြစ်သော မိစ္ဆာအယူဝါဒ ဟူသမျှမှလဲ ကင်းရှင်းဖို့အထူး သတိပြုသင့်ပါတယ်၊ ယခု ဒီမှာ တရားနာနေကြတဲ့ပုဂ္ဂိုလ်တွေကတော့ အဲဒီနှစ်မျိုးမှ ကင်းရှင်းနေကြတယ်ဆိုတာ ထင်ရှားပါတယ်။

ဒါကြောင့် အဲဒီ ကင်းရှင်းစင်ကြယ်သင့်သမျှ ကင်းရှင်းစင်ကြယ်ကြ၍ မိမိတို့ ရှုမှတ်အားထုတ်နေကျ သတိပဋ္ဌာန် ဝိပဿနာ တည်းဟူသော မဂ္ဂင်ရှစ်ပါးတို့ကို တိုးတက်ပွားများ အားထုတ်နိုင်ကြသဖြင့် မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . .။

http://www.dhammadownload.com

# (၃) မဟာဗျူဟသုတ်
## ဒုတိယပိုင်း
## ၁၃၃၉–ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ ဟောသည်

-----

### တရားအနုသန္ဓေ

မဟာဗျူဟသုတ်ကို ၁၃၃၉–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့က စပြီးဟောခဲ့တယ်၊ အမေး ၁–ဂါထာနှင့် အဖြေ ၃–ဂါ ထာ၊ ပေါင်း ၄–ဂါထာဟောလို့ ပြီးခဲ့ပြီ၊ ယခု တန်ဆောင်မုန်းလကွယ် နေ့မှာ အမှတ်(၅) အဖြေဂါထာက စပြီးဟောရမယ်။

### အဖြေဂါထာ (၅)

၅။ သစေ စုတော သီလဝတတော ဟောတိ၊
ပဝေဓတီ ကမ္မ ဝိရာဓယိတွာ။
ပဇပ္ပတိ ပတ္ထယတီ စ သုဒ္ဓိံ၊
သတ္ထာဝ ဟီနော ပဝသံ ဃရမှာ။

သော– ထိုသီလဗ္ဗတအယူရှိသောသူသည်၊ သီလဝတတော– သူကျင့်သုံးနေသော အလေ့အကျင့်မှ၊ စုတော–ရွေ့လျောပျက်စီးသွားသည်၊ စေ ဟောတိ–အကယ်၍ ဖြစ်ငြားအံ့၊ ကမ္မံ–ပြုသင့်သော အလေ့ အကျင့်အမှုကံကို၊ ဝိရာဓယိတွာ–ချွတ်ယွင်းစေသောကြောင့်၊ ပဝေဓတိ–စိုးရိမ်ပူပန်သောအားအားဖြင့် လှုပ်ရှားလေတော့၏။ သုဒ္ဓိံ– သံသရာဆင်းရဲမှ လွတ်မြောက်ခြင်းဟူသော စင်ကြယ်ခြင်းကို၊ ပဇပ္ပတိ– ယောင်ယမ်းတသ၏။ ပတ္ထယတိ စ–တောင့်တလည်း တောင့်တ၏ တဲ့။

http://www.dhammadownload.com



အလေ့အကျင့်မှုဖြင့် စင်ကြယ်တယ်၊ အိုနာသေစသော သံသရာဆင်းရဲမှ လွတ်မြောက်တယ်လို့ အယူရှိတဲ့သူဟာ သူ၏ ဘာသာတရားက ညွှန်ကြားထားသည့်အတိုင်း အလေ့အကျင့်ကို ရှိသေစွာကျင့်သုံးနေတယ်၊ မပြုသင့်ဘူးလို့ ညွှန်ကြားထားချက်ကို မပြုဘဲ ကြဉ်ရှောင်နေတယ်၊ မိမိတို့၏ကိုးကွယ်ရာ ဘုရားသခင်ကို ညွှန်ကြားချက်ရှိသည့်အတိုင်း အရိုအသေပြုတယ်၊ အဲဒီမှာ မပြုသင့်တာကို မပြုဘဲနေတာက သီလပဲ၊ အရိုအသေပြုနေတာ ပူဇော်ရှိခိုးနေတာက ဝတ–ဆိုတဲ့ အကျင့်ပဲ၊ အဲဒီလို အလေ့အကျင့်ကို ပြုနေခြင်းဖြင့် ကိုးကွယ်ရာဖြစ်သော ဘုရားသခင်က မအို မနာ မသေရာ ကောင်းကင်ဘုံသို့ ကယ်တင်မို့ဆောင်ပေးလိမ့်မယ်လို့ ယုံကြည်ပြီး ကျင့်နေတာပါဘဲ၊ အဲဒီလို ကျင့်နေရာမှ အကြောင်း မညီညွတ်၍ ကျင့်ဝတ်ပျက်ကွက်နေလျှင် အဲဒီ သီလဝတဆိုတဲ့ အလေ့အကျင့်မှ လျော့ကျပျက်စီးတော့တာပဲ၊ အဲဒီလို အလေ့အကျင့်မှ လျော့ကျပျက်စီးသွားလျှင် ဘုရားသခင်က ကယ်တင်မှာမဟုတ်တော့ဘူး၊ ထာဝရငရဲသို့ ပစ်ချခံရတော့မယ်စသည်ဖြင့် တွေးတောပြီး မိမိ၏ အလေ့အကျင့် ချွတ်ယွင်းမှုကြောင့် စိုးရိမ်မှုပန်ပြီး စိတ်မငြိမ် မသက်လှုပ်ရှားနေရရှာပါတယ်တဲ့၊ ဆင်းရဲမှ လွတ်မြောက် စင်ကြယ်ခြင်းကို မျှော်ယမ်းတမ်းတနေပါတယ်၊ ပူဇော်ပသပြီး ဆုလဲတောင်းနေပါတယ်တဲ့၊ အဲဒီ ၃–ပုဒ်ကို (အလေ့အကျင့်မှ လျော့ကျသူမှာ၊ ကံချွတ်ယွင်းသွား၊ လှုပ်ရှားနေရာ၊ စင်ကြယ်တ,သ တောင့်တခါခါ–လို့) ဆောင်ပုဒ်စီထားပါတယ်၊ အဲဒါ ကို ဆိုကြရမယ်။

၅။ အလေ့ အကျင့်မှ လျော့ကျသူမှာ၊
ကံချွတ်ယွင်းသွား လှုပ်ရှားနေရာ၊
စင်ကြယ် တ,သ တောင့်တ ခါခါ။

http://www.dhammadownload.com



အဲဒီလိုဖြစ်ပုံဟာ ဘာနဲ့တူပါသလဲဆိုတော့ ဃရမှာ– အိမ်မှ၊ ပဝိသံ–ထွက်ခွါကွေ့ကွင်းခဲ့သောသူသည်၊ သတ္တာ–ခရီးသွားဖော်မိုရာကုန်သည် အပေါင်းမှ ဟီနော–ကျန်ရစ်ခဲ့သည်ဖြစ်၍၊ ပုဇပ္ပတိပတ္တယတိ ကျိဝ– ကုန်သည်အပေါင်းတို့သို့ အမှီလိုက်ရန် မိမိအိမ်သို့ပြန်ရန် ကြံဖန်မျှော်မှန်း ယောင်ယမ်း တ–သ တောင့်တနေဘိသကဲ့သို့ပင်တည်း တဲ့။

ရှေးခေတ်တုန်းက အိန္ဒိယနယ်ပယ်ဆီမှာ တခြားမြို့ရွာခရီးဝေးကို သွားချင်ရင် လှည်းအစီးပေါင်း ငါးဆယ်တစ်ရာစသည်ဖြင့် အရောင်း အဝယ် လုပ်နေတဲ့ ခရီးသွားကုန်သည်တွေနဲ့ အတူလိုက်ပါသွားရတယ်၊ ဒါမှ ဘေးအန္တရာယ်ကင်းတယ်၊ ဒါကြောင့် အဲဒီခရီးသွားဖော် မှီခိုရာကုန်သည်တွေနှင့် အတူလိုက်ပါလာတဲ့သူဟာ လမ်းခရီးနားနေရာမှ ကုန်သည်များက ခရီးထွက်သွားတဲ့အခါ အိပ်ပျော်နေလို့ဖြစ်စေ၊ အခြားအကြောင်းကြောင့် ဖြစ်စေ၊ ကျန်ရစ်နေရင် အဲဒီလူဟာ အဖော်ခရီးသည်တွေနောက်လဲ အမှီလိုက်ချင်လို့ ယောင်ယမ်းတ–သ တောင့်တနေတယ်၊ အိမ်ကိုပြန်ဖို့ရာလဲ ယောင်ယမ်းတ–သ တောင့်တနေတယ်၊ ယခု သီလဝတ ပျက်နေတဲ့သူကလဲ အဲဒီလူလိုပဲ ယောင်ယမ်း တ–သ တောင့်တနေရှာပါတယ်တဲ့၊ အဲဒါကို (သွားဖော်များမှ ကျန်ကျသူဟာ၊ မီလိုကြား အိမ်သွားတူလှပါ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သွားဖော်များမှ ကျန်ကျသူဟာ၊
မှီလိုကြား အိမ်သွား တူလှပါ။

ခရီးသည်အဖော်များမှ ကျန်နေရစ်တဲ့သူဟာ ခရီးသည်အဖော်များကို အမှီလိုက်ဖို့၊ သို့မဟုတ် မိမိအိမ်ပြန်ဖို့ လိုလားတောင့်တနေသလိုပါပဲတဲ့၊ လမ်းပမ်းမကျွမ်းကျင်ရင် သို့မဟုတ် လမ်းခရီး၌ ဘေးရန်တွေရှိ

http://www.dhammadownload.com



နေရင် အမီလိုက်ဖို့လဲ ခက်တယ်၊ အိမ်ပြန်ဖို့လဲခက်တယ်၊ ဒါကြောင့် ယောင်ယမ်း တ–သ တောင့်တပြီး ဆင်းရဲဒုက္ခရောက်နေရသလိုပဲ ဆင်းရဲပင်ပန်း နေတယ်လို့လဲ ဆိုလိုပါတယ်။

အဲဒီလို ဆင်းရဲတွေမှကင်းပြီး ချမ်းသာစွာနေနိုင်တဲ့နည်းကို ဒီလို ညွှန်ကြားတော်မူပါတယ်။

### အဖြေဂါထာ (၆)

၆။ သီလဗ္ဗတံ ဝါပိ ပဟာယ သဗ္ဗံ၊
ကမ္မဉ္စ သာဝဇ္ဇ' နဝဇ္ဇမေတံ။
သုဒ္ဓိ အသုဒ္ဓိန္တိ အပတ္ထယာနော၊
ဝိရတော စရေ သန္တိ'မနုဂ္ဂဟာယ။

တသ္မာ– ထို့ကြောင့်၊ သဗ္ဗံ–အလုံးစုံသော၊ သီလဗ္ဗတံ ဝါပိ– အလေ့အကျင့်ဟူသမျှကိုလည်း၊ ဝါ–သီလဗ္ဗတ အယူဝါဒဟူသမျှ ကိုလည်း၊ ပဟာယ–ပယ်စွန့်၍ တဲ့၊ သီလဗ္ဗတအယူကိုတော့ သောတာပတ္တိမဂ်ဖြင့် ပယ်ရန်၊ အလေ့အကျင့်ဟူသမျှကိုတော့ အရဟတ္တမဂ်ဖြင့်ပယ်ရန် ညွှန်ပြတော်မူပါတယ်၊ အရဟတ္တမဂ်ဖိုလ် ရောက်ပြီး ရဟန္တာဖြစ်နေတဲ့ပုဂ္ဂိုလ်မှာ ကုသိုလ်သီလ ကုသိုလ်အကျင့် ဖြစ်အောင် ကျင့်ဖို့မလိုတော့ဘူး၊ ဝိနည်းဆိုင်ရာသီလကိုတော့ စောင့်ထိန်းနေပါတယ်၊ သမထဝိပဿနာဆိုင်ရာ အကျင့်ကိုလည်း ကျင့်နေပါတယ်၊ ဒါပေမယ့် ကုသိုလ်သီလ ကုသိုလ်ဝတတော့ မဖြစ်ဘူး၊ အကျိုး မပေးတတ်တဲ့ ကြိယာသီလ ကြိယာဝတသာလျှင် ဖြစ်တယ်၊ အဲဒီလို ပြည့်စုံသည်အထိ ကျင့်ဖို့ညွှန်ကြားတော်မူတာပါပဲ။ အဲဒါကို (လေ့ကျင့်ဖုံဖုံ၊ အလုံးစုံ၊ အကုန်ပယ်ပြီးကာ–လို့)ဆောင်ပုဒ်စီထား တယ်၊ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com



၆။ လေ့ကျင့်ဖုံဖုံ၊ အလုံးစုံ၊ အကုန်ပယ်ပြီးကာ။

သာဝဇ္ဇံ–အပြစ်ရှိသော၊ အနဝဇ္ဇံ–အပြစ်ကင်းသော၊ တော်ကမ္မဥ္စ–ဤအကုသိုလ်ကံ ကုသိုလ်ကံ ၂–ပါးကိုလည်း၊ ပဟာယ–ပယ်စွန့်၍တဲ့ အရဟတ္တမဂ်အရဟတ္တဖိုလ်ရောက်ပြီးတဲ့ ရဟန္တာမှာ အပြစ်ရှိတဲ့ အကုသိုလ် ကံဟူသမျှကိုလည်းပယ်ပြီး စွန့်ပြီဖြစ်တယ်၊ အကျိုးပေးတတ်တဲ့ ကုသိုလ်ကံ ဟူသမျှကိုလည်း ပယ်ပြီးစွန့်ပြီး ဖြစ်တယ်၊ ဒါပေမယ့် ကုသိုလ်ဆိုင်ရာ အလုပ်ဟူသမျှကို မလုပ်တော့ဘူးလို့ ဒီလိုဆိုတာတော့ မဟုတ်ပါဘူး၊ ရဟန္တာအရှင်မြတ်တွေဟာ သီလကိုလဲ စောင့်ထိန်းနေတာပါပဲ၊ သမထဝိပဿနာကိုလဲ ပွားများနေတာပါပဲ၊ ဘုရားစသည်ကိုလဲ အရိုအသေပြု ရှိခိုးနေတာပါပဲ၊ တရားကိုလဲ ဟောနေတာပါဘဲ၊ မိမိမှာ အပိုရှိနေတဲ့ ဆွမ်းသက်န်းစသည်ကို အခြားရဟန်းများအား ပေးလှူနေတာပါဘဲ၊ အဲဒီလို ကုသိုလ်အမှုမျိုးတွေကိုတော့ ပြုမြဲပြုလုပ်နေတာပါပဲ၊ ဒါပေမယ့် ကောင်းကျိုးပေးတတ်တဲ့ ကုသိုလ်တရားတော့မဖြစ်ဘူး၊ ကုသိုလ် အကုသိုလ်လဲမဟုတ် အကျိုးဝိပါက်လဲမဟုတ်တဲ့ ကြိယာတရားမျှသာ ဖြစ်တယ်၊ အကုသိုလ်အမှုကတော့ လုံးဝကင်းရှင်းနေတယ်၊ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်များမှာလိုပင် ကုသိုလ်ဖြစ်တတ်တဲ့ အမှုမျိုးကတော့ မကင်းပါဘူး၊ အခါအခွင့်အားလျော်စွာ ပြုနေတာပါပဲ၊ ဒါပေမယ့် အကျိုးပေးတတ်တဲ့ ကုသိုလ်တရားကတော့ မဖြစ်ဘူး၊ ကြိယာတရားမျှသာ ဖြစ်တယ်၊ ဒါကြောင့် အပြစ်ကင်းတဲ့ ကုသိုလ်ကံကိုလဲ ပယ်တယ်လို့ဆိုတာပါဘဲ၊ အဲဒါကို (ပြစ်ရှိ ပြစ်ကင်း၊ ကံနှစ်သင်း၊ ပယ်ခွင်းစွန့်ပြီးကာ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ပြစ်ရှိပြစ်ကင်း၊ ကံနှစ်သင်း၊ ပယ်ခွင်း စွန့်ပြီးကာ။

http://www.dhammadownload.com



သုဒ္ဓိ–ဆင်းရဲကင်းရှင်း စင်ကြယ်ခြင်းကိုလည်းကောင်း၊ အသုဒ္ဓိ–မကင်းရှင်း မစင်ကြယ်ခြင်းကိုလည်းကောင်း၊ ဣတိ–ဤနှစ်ပါးလုံးကို၊ အပစ္စယာနော–မတောင့်တမူ၍(နေရာ၏–ဦးစပ်)

သုဒ္ဓိ အသုဒ္ဓိအရကို နိဒ္ဒေသ၌ ဖွင့်ပြထားသည်မှာ အကုသိုလ်တရားကို အသုဒ္ဓိ+ကာမဂုဏ်ငါးပါးကို သုဒ္ဓိဟူ၍လည်းကောင်း၊ အကုသိုလ်နှင့် ကာမဂုဏ်ကို အသုဒ္ဓိ+ဒိဋ္ဌိ ၆၂–ပါးကို သုဒ္ဓိဟူ၍ လည်းကောင်း၊ အကုသိုလ်, ကာမဂုဏ်နှင့်ဒိဋ္ဌိကို အသုဒ္ဓိ+လောကီကုသိုလ်တရားကို သုဒ္ဓိဟူ၍ရင်း၊ အကုသိုလ်, ကာမဂုဏ်,ဒိဋ္ဌိနှင့် လောကီကုသိုလ်ကို အသုဒ္ဓိ+ သောတာပတ္တိမဂ်ကို သုဒ္ဓိဟူ၍ လည်းကောင်း ပြဆိုထားပါတယ်၊ သောတာပတ္တိမဂ်ကို–သုဒ္ဓိအဖြစ်ဖြင့် တောင့်တခြင်းသည် ကလျာဏပုထုဇဉ်တို့နှင့် ဆိုင်ပါတယ်၊ သေက္ခပုဂ္ဂိုလ် များကတော့ အရဟတ္တဖိုလ်ဆိုတဲ့ သုဒ္ဓိကိုတောင့်တကြပါတယ်၊ ရဟန္တာကတော့ အရဟတ္တဖိုလ်ဆိုတဲ့ အမြတ်ဆုံးသုဒ္ဓိကိုလဲရောက်ပြီး ဖြစ်သောကြောင့် မတောင့်တတော့ဘူး၊ အခြားသုဒ္ဓိနှင့် အသုဒ္ဓိတို့ကို မတောင့်တသည်မှာ ဆိုဖွယ်မရှိတော့ဘူး၊ ဒါကြောင့် သုဒ္ဓိနှင့် အသုဒ္ဓိကို မတောင့်တမူ၍ (နေကြောင်း) ပြဆိုတော်မူပါတယ်၊ အဲဒါကို (သန့်ရှင်း စင်ကြယ်၊ မစင်ကြယ်၊ လိုတယ်မရှိရာ–လို့) ဆောင်ပုဒ်စီထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

သန့်ရှင်းစင်ကြယ်၊ မစင်ကြယ်၊ လိုတယ်မရှိရာ။

ဝိရတော–စင်ကြယ် မစင်ကြယ်ကို (လိုလားခြင်းမှ) ကြဉ်ပယ် ကင်းရှင်းလျက်၊ သန္တိ–မိစ္ဆာအယူဟူသော သန္တိကို၊ အနုဂ္ဂဟာယ–မယူမစွဲမူ၍၊ စရေ–နေရာတော်မူသတည်းတဲ့၊ သန္တိဆိုတာ အမြတ်မီး ငြိမ်းအေးတဲ့ နိဗ္ဗာန်ဆိုတဲ့ အစ္စန္တ သန္တိ(စင်စစ် ငြိမ်းအေးတာ)က တစ်ပါး၊ နီဝရဏစသည်တို့မှ အခိုက်အတန့်မျှ ငြိမ်းအေးတဲ့ ဈာန်

http://www.dhammadownload.com



သမာပတ်(၈)ပါးဆိုတဲ့ တဒင်္ဂသန္တိကတစ်ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂–ပါးဆိုတဲ့ သမ္မုတိသန္တိကတစ်ပါး၊ ဒီလိုသုံးပါးရှိကြောင်း မဟာနိဒ္ဒေသ (နှာ–၅၇)မှာ ပြဆိုထားတယ်၊ အဲဒီသုံးပါးထဲက "မိစ္ဆာအယူရှိသူတို့က ငြိမ်းအေးတရားအဖြစ်ဖြင့် သမုတ်ထားတဲ့ "သမ္မုတိသန္တိကို မယူမစွဲဘဲရှိတဲ့ အကြောင်း ဒီဂါထာမှာလဲ မဟာနိဒ္ဒေသက ဖွင့်ပြထားပါတယ်၊ အဲဒီအဖွင့်နှင့်အညီ အနက်ပြဆိုချက်ပါပဲ၊ အဲဒါကို (သန္တိကိုလဲ၊ မယူဘဲ၊ နေမြဲ ကြည်ရှောင်ကာ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒီမှာ "နေမြဲကြည်ရှောင်ကာ" လို့ ဆိုတာက ကြည်ရှောင်ပြီး နေမြဲပင် နေရာသည်–လို့ ဆိုလိုတာပါပဲ၊ အဲဒါကို ဆိုကြရမယ်။

သန္တိကိုလဲ၊ မယူဘဲ၊ နေမြဲကြည်ရှောင်ကာ။

မိစ္ဆာဒိဋ္ဌိကို သမ္မုတိသန္တိခေါ်တယ်ဆိုတာ တယ်ပြီးမထင်ရှားလှပါဘူး၊ ဒါကြောင့် ဟိုတုန်းက တရားနာနေကြတဲ့ နတ်ဗြဟ္မာတွေလဲ အဲဒီ အနက်ကို သိနားလည်ရန် လွယ်လှမယ်မဟုတ်ပါဘူး၊ နောက်ပြီးတော့ မိစ္ဆာဒိဋ္ဌိဆိုတာက သောတာပန်ကတည်းက ကင်းလာခဲ့တာပဲ၊ ဒါကြောင့် ရဟန္တာ၏သီးခြား ဂုဏ်ထူးလဲမဟုတ်ပါဘူး၊ အဲဒီတော့ ရဟန္တာမှာ မိစ္ဆာအယူအစွဲကင်းတယ်ဆိုတာဟာ အလွန် ဂုဏ်မြောက်တဲ့ လက္ခဏာလဲမရှိပါဘူး၊ နောက်ပြီးတော့ နိဗ္ဗာန်ကိုသာ သန္တိဟုအသိများနေသောကြောင့် သန္တိကို (အနုဂ္ဂဟာဃ) မယူမှု၍– ဟူသောအနက်ဖြင့် ရဟန္တာဟာ နိဗ္ဗာန်ကိုမယူဘဲ နေရမှာလိုလို ထင်မှားစရာလဲ ရှိပါတယ်၊ ဒါကြောင့် ဘုန်းကြီးသဘောကျတဲ့ အနက်ကတော့ အနု–နဲ့ ဂဟ–မှ အနုဂ္ဂဟာဃ–လို့ ပုဒ်ပြီးတယ်၊ သန္တိဆိုတဲ့ နိဗ္ဗာန်ကို ချီးမြှောက်၍ ဟူသောအနက်ကိုယူရရင် ပိုပြီးကောင်းမယ်လို့ ထင်ပါတယ်၊ ဒါကြောင့် သန္တိ– စင်စစ်ငြိမ်းအေးသော နိဗ္ဗာန်ကို၊ အနုဂ္ဂဟာဃ–ချီးမြှောက်၍၊ စရေ–နေရာတော့ သတည်း–လို့

http://www.dhammadownload.com



အနက်ပြန်လိုပါတယ်၊ အဲဒီအနက်အရ ဆောင်ပုဒ်ကတော့ (သန္တိကိုသာ၊ ချီးမြှောက်ကာ၊ နေရာတော့သတည်း–တဲ့) အဲဒါကို ဆိုကြရမယ်။

သန္တိကိုသာ၊ ချီးမြှောက်ကာ၊ နေရာတော့သတည်း။

ရဟန္တာအရှင်မြတ်တွေဟာ အချိန်အားလျော်စွာ အရဟတ္တဖလ သမာပတ်ဝင်စားလျက် နိဗ္ဗာန်၏ အေးငြိမ်းခြင်းအရသာကို ခံစားနေလေ့ရှိကြပါတယ်၊ အဲဒီ ဖလသမာပတ်မှထတဲ့အခါ ကြားမှု ထိသိမှု မြင်မှု ဆင်ခြင်မှုစသော မငြိမ်းအေးတဲ့သင်္ခါရဆင်းရဲတွေကို တွေ့နေရတယ်၊ ဥပမာ အားဖြင့် အသံတိတ်ဆိတ်တဲ့နေရာမှ ဆူဆူညံညံနေရာ ရောက်သွားရင် မငြိမ်းအေးတာတွေကို တွေ့ရပြီးတော့ ဆိတ်ငြိမ်ရာမှာ နေရစဉ်က ငြိမ်းအေး တာကိုပြန်ပြီး သတိရလျက် ချီးမွမ်းလို စိတ်ရှိသလိုပင် ဖလသမာပတ်မှ ထတဲ့အခါ သင်္ခါရဆင်းရဲတွေကို တွေ့ရသောကြောင့် နိဗ္ဗာန်၏ငြိမ်းအေးတဲ့ အရသာကို ချီးကျူးလျက် ဥဒါန်းကျူးလေ့ရှိကြပါတယ်၊ ဥဒါန်းကျူးပုံကတော့ –

သုသုခံ ဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။

အသောကံ ဝိရဇံ ခေမံ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။

ယတ္ထ– အကြင်နိဗ္ဗာန်အရပ်၌၊ ဒုက္ခံ–ဆင်းရဲဟူသမျှသည်၊ နိရုဇ္ဈတိ– ချုပ်ငြိမ်းလျက် ကင်းလျက်ရှိ၏။ အသောကံ–စိုးရိမ်ခြင်းလဲ မရှိသော၊ ဝိရဇံ–ကိလေသာမြူလဲမရှိသော၊ ခေမံ– ဘေးရန်ခပ်သိမ်းတို့၏ အေးငြိမ်းရာ ဖြစ်သော၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ–မြတ်စွာဘုရားက ဟောကြားအပ်သော၊ တံ နိဗ္ဗာနံ–ထိုနိဗ္ဗာန်အရပ်သည်၊ သုသုခံ ဝတ– ဧကန်အလွန်ပင် ချမ်းသာပါပေစွတကားတဲ့၊ နိဗ္ဗာန်ကို ချီးမြှောက်လျက် နေရာသည်ဆိုတဲ့ အနက်ဟာ ယခုရွတ်ပြတဲ့ ရဟန္တာဥဒါန်းနဲ့လဲ ကိုက်ညီနေပါတယ်။

ရဟန္တာဖြစ်အောင် မကျင့်လျှင် ဘဝတဏှာမကင်းသေး၍

http://www.dhammadownload.com



ဆင်းရဲ မငြိမ်းသေးဘူးဆိုတာကိုလဲ ဒီလို ရှင်းလင်းမိန့်ကြားတော်မူပါတယ်။

## အဖြေဂါထာ (၇)

၇။ တမူပနိဿာယ ဇိဂုစ္ဆိတံ ဝါ၊
အထ ဝါပိ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ။
ဥဒ္ဓံသရာ သုဒ္ဓိ မနုတ္ထုနန္တိ၊
အဝီတတဏှာ သေ ဘဝါဘဝေသု။

ဥဒ္ဓံသရာ– သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ ရှိမြဲ ရှိနေသည်ဟု ယူသော သဿတဝါဒီပုဂ္ဂိုလ်တို့သည်၊ ဇိဂုစ္ဆိတံ– မကောင်းမှုကို စက်ဆုပ်သော၊ တံ ဝါ တပံ–ပင်ပန်းစွာကျင့်သော ထိုအကျင့်ကိုမူ လည်း၊ ဥပနိဿာယ–အမှီပြု၍ (စင်ကြယ်ခြင်းကို ဟောကုန်၏–ဆိုတာနှင့် စပ်ယူပါ၊ ကာမရာဂစသည်ကို စက်ဆုပ်၍ မစားဘဲနေခြင်းစသည်ဖြင့် ကိုယ်ပင်ပန်းအောင် ကျင့်ကြတယ်၊ ကိုယ်ပင်ပန်း နွမ်းနယ်နေတဲ့အခါ ကာမရာဂ အကြမ်းစားမျိုးမဖြစ်ဘူး၊ အလွန်မကျန်းမမာ ရောဂါနှိပ်စက်နေသောအခါ ကာမရာဂအကြမ်းစားမျိုးတွေ မဖြစ်တာမျိုးပါပဲ၊ အဲဒီလို ကာမရာဂ အကြမ်းစား တွေမဖြစ်တာကို စင်ကြယ်တယ်လို့ ယူဆပြောဆိုနေကြတာပါပဲ။) အထဝါပိ–ထိုမှတစ်ပါးလည်း၊ ဒိဋ္ဌံ ဝါ– ဒိဋ္ဌမင်္ဂလာကိုသော်လည်းကောင်း၊ သုတံ ဝါ–သုတမင်္ဂလာကိုသော်လည်းကောင်း၊ မုတံ ဝါ–မုတမင်္ဂလာကိုသော်လည်းကောင်း၊ ဥပနိဿာယ–အမှီပြု၍၊ သုဒ္ဓိံ–စင်ကြယ်ခြင်းဆင်းရဲမှ လွတ်မြောက်ခြင်းကို၊ အနုတ္ထုနန္တိ–အဖန်ဖန် ချီးကျူးပြောဟောကုန်၏၊ တေ–ထိုသူတို့သည်၊ ဘဝါ ဘဝေသု– ဘဝကြီးငယ်တို့၌၊ အဝီတ–တဏှာ–မကင်းသောတဏှာရှိကြကုန်၏။ ဝါ–တဏှာမကင်းကြ

http://www.dhammadownload.com



သည်ဖြစ်၍ ထိုသို့ ပြောဟောနေကြသည်တဲ့။

ကိုယ်ပင်ပန်းအောင်ကျင့်တဲ့ တပမည်သော အကျင့်ကြောင့် အကုသိုလ် ကံဟောင်းတွေရဲ့ အကျိုးပေးပြီးဖြစ်သွားတယ်၊ ယခုလဲ ကာမရာဂတွေ ကင်းစင်ပြီး စင်ကြယ်နေတယ်၊ ဒါကြောင့် နောက်ဘဝမှာ အိုနာ သေ စသောဆင်းရဲမှ လွတ်မြောက်စင်ကြယ်တယ်လို့ ဥဒ္ဓံသရ ခေါ်တဲ့ သဿတ အယူရှိသူတို့က ပြောဟောကြတယ်၊ နောက်ပြီးတော့ ဒိဋ္ဌမင်္ဂလာ သုတမင်္ဂလာ မုတမင်္ဂလာတို့ကို မှီပြီးတော့လဲ ထို့အတူပင် နောက်ဘဝမှာ ဆင်းရဲမှ လွတ်မြောက်စင်ကြယ်တယ်လို့ ပြောဟော နေကြတယ်၊ အဲဒီပုဂ္ဂိုလ်တွေမှာ နောက်ဘဝ၌ အမြဲတမ်းချမ်းသာ သွားမယ်လို့ အယူရှိကြတဲ့အတွက် ဘဝတဏှာမကင်းဘဲ ရှိနေကြတယ်၊ အဲဒီလို ဘဝတဏှာ မကင်းသောကြောင့် အဲဒီလိုဟောပြောနေ ကြတာပါပဲလို့ ဆိုလိုပါတယ်။ အဲဒါကို (စက်ဆုပ်သဖြင့်၊ ပင်ပန်းကျင့်၊ အသင့်မှီကာ ဟောကြသည်၊ ဒိဋ္ဌ သုတာ၊ မုတပါ၊ မှီကာ စင်ကြယ် ဟောကြသည်၊ ဥဒ္ဓံသရ၊ ယူဝါဒ၊ ရှိကြသူတို့ ဟောကြသည်၊ ဘဝဖြာဖြာ၊ သူတို့မှာ၊ တဏှာမကင်း ရှိနေသည်-လို့) ဂါထာတစ်ပိုဒ် တစ်ပိုဒ်စီအတွက် ဆောင်ပုဒ်တစ်ပုဒ်စီ စီထားတယ်၊ အဲဒါတွေကို ဆိုကြရမယ်။

၇။ စက်ဆုပ်သဖြင့်၊ ပင်ပန်းကျင့်၊ အသင့်မှီကာ ဟောကြသည်။

အကုသိုလ်ကို စက်ဆုပ်သဖြင့် ကိုယ်ပင်ပန်းအောင် ကျင့်ပြီး နောက်ဘဝ၌ ဆင်းရဲမှလွတ်မြောက်စင်ကြယ်တယ်လို့ ဟောကြတယ် တဲ့။

ဒိဋ္ဌ သုတာ၊ မုတပါ၊ မှီကာ စင်ကြယ်ဟောကြသည်။

ဒိဋ္ဌမင်္ဂလာစသည်ဖြင့်လဲ ထို့အတူပင် လွတ်မြောက်စင်ကြယ် တယ်လို့ ဟောကြပါတယ်တဲ့၊ အဲဒါကတော့ ထင်ရှားပါတယ်၊ ဒါပေမယ့်

http://www.dhammadownload.com



ယခုခေတ် မှာတော့ အဲဒီလို ဟောပြောတဲ့ ဘာသာရေးကို ထင်ရှား မတွေ့ ရဘူး၊ ဒိဋ္ဌမင်္ဂလာစသည်ကြောင့် ယခု လောလောဆယ် ကောင်းကျိုးဆိုးကျိုးရတယ်လို့ ယုံကြည်ယူဆတာကိုသာ တွေ့ရတယ်၊ အဲဒီ အယူထဲမှာ ရက်ရာဇာ ပြဿဒါးစသည် ယုံကြည်တာလဲ ပါဝင် ပါတယ်။

ဥဒ္ဒံသဉ္ဇ၊ ယူဝါဒ၊ ရှိကြသူတို့မှာ။

အဲဒီလို နောက်ဘဝ၌ မအို မနာ မသေ ဆင်းရဲကင်းတယ်လို့ ယူဆဟောပြောနေကြတဲ့ သူတွေဟာ သေပြီးတဲ့နောက်လဲ အတ္တကောင် ဟာ ဘယ်တော့မှမပျက်စီးဘူး၊ ရှိမြဲရှိနေတယ်လို့ ယုံကြည် ယူဆတဲ့ ဥဒ္ဒံသရခေါ် သဿတအယူရှိသူတွေပဲလို့ ဆိုလိုပါတယ်။

ဘဝဖြာဖြာ၊ သူတို့မှာ၊ တဏှာမကင်း ရှိနေသည်။

အဲဒီပုဂ္ဂိုလ်တွေမှာ နောက်ဘဝ၌ ဆင်းရဲကင်းတယ်လို့ ယုံကြည် ယူဆကြပေမယ့် ဘဝတဏှာ မကင်းသေးသောကြောင့် တောင့်တကြတွေး ပြီး ပူပန်လှုပ်ရှားနေကြရတယ်ဆိုတဲ့ အပြစ်ကို ဒီလိုပြဆိုတော်မူပါတယ်။

## အဖြေဂါထာ (၈–က)

၈။ (က) မတ္တွယမာနဿ ဟိ ဖန္ဒိတာနိ၊
အဝေဓိတာ ဝါပိ ပကပ္ပိတေသု။

ဟိ–အပြစ်ကို ဖော်ပြရလျှင်၊ မတ္တွယမာနဿ–ဘဝ တဏှာ မကင်းသေး၍ တောင့်တနေသူအား၊ ဖန္ဒိတာနိ–ယောင်ယမ်းတ,သခြင်း တို့သည်လည်း၊ ဟောန္တိ–ဖြစ်ကုန်၏၊ တဏှာမကင်းသေးတဲ့သူဟာ လိုရာ လိုရာကို တောင့်တနေတယ်၊ တောင့်တနေတော့ ယောင်ယမ်း

http://www.dhammadownload.com



တ,သမှု တမ်းတမှုတွေလဲဖြစ်နေတာပဲတဲ့၊ အဲဒါကို (တောင့်တလျက်သာ၊ နေသူမှာ၊ လိုရာမှန်းဆတမ်းတသည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၈။ (က) တောင့်တလျက်သာ၊ နေသူမှာ၊ လိုရာ မှန်းဆ တမ်းတသည်။

ပကပ္ပိတေသု–ကြံတွေးမိသောအရာတို့၌၊ ပဝေဓိတံ ဝါပိ–စိုးရိမ်ပူ ပန်လျက် လှုပ်ရှားခြင်းသည်လည်း၊ ဟောတိ–ဖြစ်သည်တဲ့၊ တဏှာမကင်း သေးတဲ့သူမှာ မင်းဘေးခိုးသူဘေးစသည်ကို အကြောင်း ပြုပြီး နောင်ရေး အကြောင်းအရာများကို ကြံတွေးပြီးတော့လဲ စိုးရိမ်ပူပန် လျက် စိတ်နှလုံး တုန်လှုပ်ဆင်းရဲခြင်းလဲ ဖြစ်တတ်ပါတယ်တဲ့၊ အဲဒါကို (ကြံတွေးမိခြား၊ အာရုံများ၊ လှုပ်ရှား စိုးရိမ်ပူပန်သည်–လို့) ဆောင်ပုဒ်စီ ထားတယ်၊ အဲဒါ ကိုဆိုကြရမယ်။

ကြံတွေးမိခြား၊ အာရုံများ၊ လှုပ်ရှားစိုးရိမ် ပူပန်သည်။

အဲဒီလို တမ်းတ လှုပ်ရှားနေတာဟာ ဘဝတဏှာမကင်း သေးလို့ ပဲ၊ ဘဝ၌ဖြစ်ခြင်း သေခြင်းလဲ မကင်းသေးလို့ဘဲ။ ဘဝ တဏှာကင်းတဲ့ ရဟန္တာမှာတော့ ဘဝ၌ဖြစ်ခြင်း သေခြင်းမရှိတော့ဘူး၊ ဖြစ်ခြင်း သေခြင်း မရှိတဲ့အတွက် နောက်ဘဝ နောက်ကာလနှင့်စပ်ပြီး တောင့်တခြင်းလဲမရှိဘူး၊ တမ်းတခြင်းလဲ မရှိဘူး၊ တုန်လှုပ်ခြင်းလဲ မရှိဘူးဆိုတာကိုလဲ ဒီလိုပြဆိုတော်မူပါတယ်။

**အဖြေဂါထာ (၈–ခ)**

၈။ (ခ) ယဿ နတ္ထိ စုတူပပါတော၊
ဝေဓယေ့ ကုဟိံ ဝ ဇပ္ပေ။ သ ကေန

http://www.dhammadownload.com



ဣဓ – ဤလောက၌၊ ယဿ– အကြင်ရဟန္တာပုဂ္ဂိုလ်အား၊ စုတူပပါတော– သေခြင်းဖြစ်ခြင်းသည်၊ ဝါ–ဖြစ်ခြင်း သေခြင်းသည်၊ (ပါဠိ၌ အက္ခရာနည်းသော စုတိ–ကို ရှေ့ထား၍ ဆိုသည်၊ ဆိုလိုရင်းမှာ ဖြစ်ပြီးနောက် သေခြင်းပင်ဖြစ်သည်။) နတ္ထိ–မရှိ၊ သ,သော– ထိုဖြစ်ခြင်း သေခြင်းမရှိသော ရဟန္တာပုဂ္ဂိုလ်သည်၊ ကေန– ဘယ်အကြောင်းကြောင့်၊ ဝေဓေယျ–တုန်လှုပ်ရာအံ့နည်းတဲ့၊ ယုတ်ညံ့သောဘဝ၌ ဖြစ်ရခြင်း၊ နောင်အခါ၌ ဆင်းရဲရမည်ဖြစ်ခြင်းစသော ဘယ်လို အကြောင်းကြောင့်မျှ မတုန်လှုပ် မစိုးရိမ်တော့ဘူးလို့ ဆိုလိုပါတယ်) ကုဟိံဝါ– အဘယ်၌မူလည်း၊ ဖဝွေ–ယောင်ယမ်းတမ်းတရာအံ့နည်း၊ (ဘယ်လို ဘဝဖြစ်ရပါစေ၊ မအို မနာ မသေဘဲရှိရပါစေ စသည်ဖြင့် ဘယ်အရာမှာမျှ ယောင်ယမ်းတမ်းတခြင်း မရှိတော့ဘူးလို့ ဆိုလိုပါတယ်၊ အဲဒါကို (ဖြစ်,သေ,ကင်းကွာ၊ ရဟန္တာ၊ ဘယ်မှာ တမ်းတရှိအံ့နည်း၊ ဘာကြောင့်ဖြစ်ဖြစ်၊ လှုပ်ရှားလစ်၊ စင်စစ် မရှိတော့သတည်း–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၈။ (ခ) ဖြစ်, သေကင်းကွာ၊ ရဟန္တာ၊
ဘယ်မှာ တမ်းတ ရှိအံ့နည်း။
ဘာကြောင့်ဖြစ်ဖြစ်၊ လှုပ်ရှားလစ်၊
စင်စစ် မရှိတော့သတည်း။

မိစ္ဆာအယူဝါဒတို့အရအားဖြင့် နောက်ဘဝ၌ ဆင်းရဲမှလွတ် မြောက်စင် ကြွယ်တယ်လို့ဆိုပေမယ်လို့ ဘဝတဏှာ မကင်းသေး၍ ဘဝ၌ဖြစ်နေလျှင် ဆင်းရဲကင်းဖို့ တောင့်တမှု၊ ဆင်းရဲရမှာကို ကြောက်ပြီး စိုးရိမ်ပူပန်မှုစသော ဆင်းရဲတွေဟာ မကင်းကြောင်း ထင်ရှားပါတယ်၊ ရဟန္တာမှာတော့ အဲဒီ တောင့်တမှု တမ်းတမှု စိုးရိမ်ပူပန်မှုစသော ဆင်းရဲတွေ အကုန်ကင်းတယ်၊ ဒါကြောင့် ဆင်းရဲခပ်သိမ်း အကုန်ငြိမ်း

ချင်ရင် ရဟန္တာဖြစ်အောင် ကျင့်ရမယ်လို့ ဆိုလိုတာပါဘဲ၊ ဒီက ယောဂီတွေကတော့ မြတ်စွာဘုရား၏ အဆုံးအမတော်နှင့်အညီ အရဟတ္တမဂ်ဖိုလ်အထိရောက်ပြီး ရဟန္တာအဖြစ်သို့ ရောက်စေနိုင်တဲ့ သတိပဋ္ဌာန် ဝိပဿနာအကျင့်ကို ကျင့်သုံးအားထုတ်နေကြတာပဲ၊ ဒါကြောင့် မိမိတို့ ရှုမှတ်ကျင့်သုံးမြဲ ရှုမှတ် ကျင့်သုံးသွားကြဖို့ပါပဲ။

အဲဒီလို ရဟန္တာအထိ ဖြစ်စေနိုင်သော သတိပဋ္ဌာန်ဝိပဿနာ အကျင့်လမ်းမှန်ကို တိုးတက်ကျင့်သုံး ရှုမှတ်နိုင်ကြသဖြင့် မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာဆိုက် ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

**သာဓု ..... သာဓု ..... သာဓု .....။**

http://www.dhammadownload.com

# (၃) မဟာဗျူဟသုတ်
## တတိယပိုင်း

### ၁၃၃၉–ခုနှစ်၊ နတ်တော်လဆုတ် (၈)ရက်နေ့ ဟောသည်

-----

### တရားအနုသန္ဓေ

မဟာဗျူဟသုတ်ကို ဟောလာတာ ၂–သီတင်းရှိပြီ၊ (၈)ဂါထာ ပြီးခဲ့ပြီ၊ နတ်တော်လဆန်း(၈)ရက်နေ့ကတော့ နှစ်ပတ်လည်ပူဇော်ပွဲ နေ့ဖြစ်၍ ဟောချိန်မရသောကြောင့် မဟောခဲ့ရဘူး၊ လပြည့်နေ့ကလဲ တိပိဋက ခရေစာပြန်ပွဲ ဖွင့်တဲ့နေ့ဖြစ်၍ အချိန်မရသောကြောင့် မဟောခဲ့ရဘူး၊ လဆုတ် (၈)ရက်၊ ဒီကနေ့တော့ အမှတ်(၉) ဂါထာ ကစပြီး ဟောရမယ်၊ မြတ်စွာဘုရား၏ အလိုတော်အရဖြင့် နိမ္မိတဘုရားက ဒီလိုမေးတော်မူပါတယ်။

### နိမ္မိတဘုရား၏ အမေးဂါထာ(၉)

၉။ ယမာဟု ဓမ္မံ ပရမန္တိ ဧကေ၊
တမေဝ ဟီနန္တိ ပနာဟု အညေ။
သစ္စော နု ဝါဒေါ ကတမော ဣမေသံ၊
သဗ္ဗေဝ ဟီမေ ကုသလာဝဒါနာ။

ဂေါတမ– ဂေါတမနွယ်ဖွား မြတ်စွာဘုရား၊ ဧကေ–အချို့ ဘာသာရေးဆရာတို့သည်၊ ယံ ဓမ္မံ–အကြင်ဘာသာရေးတရားကို၊ ပရမန္တိ–အမြတ်ဆုံးဟူ၍၊ ဝဒန္တိ–ပြောဆို ဟောကြားကုန်၏၊ ပန– သို့သော်လည်း၊ တမေဝ–ထိုဘာသာရေးတရားကိုပင်၊ အညေ– အခြားဘာသာရေးဆရာတို့က၊ ဟီနန္တိ–ယုတ်ညံ့သည်ဟူ၍၊ ဝဒန္တိ–

http://www.dhammadownload.com



ပြောဆို ဟောကြားကုန်၏တဲ့၊ အချို့ ဘာသာရေးဆရာတို့က အမြတ်လို့ ဆိုရတာကို အခြားဘာသာရေးဆရာတို့က အယုတ်လို့ ဆိုကြတယ်တဲ့၊ ကိုယ့်ဘာသာရေးကို အမြတ်လို့ဆိုကြရာမှာ အခြားဘာသာရေးဆရာတို့က အယုတ်အညံ့ အမှားလို့ဆိုကြတာကို ပြောတာပါပဲ၊ အဲဒါကို (အကြင်ဓမ္မ၊ အချို့က၊ မြတ်လှဆိုကြသည်၊ အခြားသူတွေက၊ ယင်းဓမ္မ၊ ဟီန အယုတ်ဆိုကြသည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုဆိုကြရမယ်။

၉။ အကြင်ဓမ္မ၊ အချို့က၊ မြတ်လှဆိုကြသည်။
အခြားသူတွေက၊ ယင်းဓမ္မ၊ ဟီနအယုတ်
ဆိုကြသည်။

ကွမေသံ–ဤသို့ ပြောဟောငြင်းခုံနေသော သူတို့၏၊ ဝါ–ဤသို့ဆိုသော ဝါဒတို့တွင်၊ ကတမော ဝါဒေါ–အဘယ်ဝါဒသည်၊ သစ္စော နု–အမှန်ဖြစ်ပါသနည်းတဲ့၊ ဒီလို ကိုယ့်ဟာကိုယ်သာ မြတ်တယ်၊ သူများဟာ ယုတ်ညံ့တယ်လို့ ပြောဆိုနေကြတဲ့ ဘာသာရေးဆရာတွေ၏ အယူဝါဒ အမျိုးမျိုးများစွာထဲမှာ အဘယ်ဝါဒမှန်ပါသလဲလို့ မေးတော်မူပါတယ်၊ အဲဒါကို (ဤသူတို့မှာ၊ မှန်ကန်စွာ၊ သစ္စာဝါဒ အဘယ်နည်း–လို့) ဆော ုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဤသူတို့မှာ၊ မှန်ကန်စွာ၊ သစ္စာဝါဒ အဘယ်နည်း။

ဘာကြောင့် ဒီလိုမေးရသလဲဆိုတော့ ဟိ–မေးရခြင်း၏ အကြောင်းကား၊ သဗ္ဗေဝ–အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ကွမေ–ငြင်းခုံ ပြောဆိုနေကြသော ဤသူတို့သည်၊ ကုသလာဝဒါနာ–ကျွမ်းကျင် တတ်သိပညာရှိဟု ဝန်ခံကြ ပါသည်၊ ဝါ–ဝန်ခံနေကြသောကြောင့် မေးရပါသည်တဲ့၊ အဲဒါကို (အားလုံး ပင်လျှင်၊တတ်ကျွမ်းကျင်၊

http://www.dhammadownload.com



ဉာဏ်ရှင်ဝန်ခံသောကြောင့်တည်း–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုဆိုကြရမယ်။

အားလုံးပင်လျှင်၊ တတ်ကျွမ်းကျင်၊
ဉာဏ်ရှင်ဝန်ခံသောကြောင့်တည်း။
အဲဒီအမေးကို မြတ်စွာဘုရားက ဒီလိုဖြေကြားတော်မူပါတယ်။

**မြတ်စွာဘုရား၏ အဖြေဂါထာ (၁၀)**

၁၀။ သကံ ဟိ ဓမ္မံ ပရိပုဏ္ဏ မာဟု၊
အညဿ ဓမ္မံ ပန ဟီန မာဟု။
ဧဝမ္ပိ ဝိဂ္ဂယှ ဝိဝါဒယန္တိ၊
သကံ သကံ သမ္မုတိ မာဟု သစ္စံ။

မုနိ–နိမ္မိတရုပ်ပွား မြတ်ဘုရား၊ သကံ ဟိ ဓမ္မံ–မိမိ၏ ဘာသာရေး တရားကိုသာလျှင်၊ ပရိပုဏ္ဏံ–ပြည့်စုံကောင်းမြတ်သည်ဟူ၍၊ ဧတေ–ငြင်းခုံနေသော ဤဘာသာရေးဆရာတို့သည်၊ အာဟု–ဖြေဆိုကုန်၏၊ အညဿ ဓမ္မံ ပန– အခြားသူ၏ ဘာသာရေး တရားကိုမူကား၊ ဟီနံ–အယုတ်အညံ့ဟူ၍၊ အာဟု–ဆိုကုန်၏တဲ့၊ အဲဒါကို (ကိုယ့် တရားကို၊ ပြည့်စုံဆို၊ အခြားကို ယုတ်ညံ့ဆိုကြသည်–လို့) ဆောင်ပုဒ်စီ ထားတယ်။ အဲဒါကို ဆိုကြရမယ်။

၁၀။ ကိုယ့်တရားကို၊ ပြည့်စုံဆို၊ အခြားကိုယုတ်ညံ့
ဆိုကြသည်။

ဧဝမ္ပိ–ဤပုံ ဤနည်းဖြင့်လည်း၊ ဝိဂ္ဂယှ–မြဲမြဲစွာ ယူကုန်၍၊ ဝိဝါဒ– ယန္တိ–ငြင်းခုံနေကြကုန်၏တဲ့၊ ကိုယ့်ဘာသာရေးတရားကိုသာ ပြည့်စုံ ကောင်းမြတ်တယ်ဆိုပြီး သူများတရားကို အယုတ်အညံ့အမှားလို့ ပြော ဆိုငြင်းခုံ နေကြတာဟာ ဘာသာရေးဆရာတို့၏ လမ်းစဉ်ပဲ၊

http://www.dhammadownload.com



ဒါကြောင့် "အပြင်ပ ဘာသာရေးဝါဒတွေဟာ ဘယ်သူ့ဟာမှ မမှန်ဘူး၊ အမှားချည်းပဲ"လို့ တည့်တည့်မပြောပဲ သွယ်ဝိုက်ပြီး ဖြေရှင်းတော်မူတာပါပဲ၊ အဲဒါကို (ဤသို့လဲပဲ၊ ခိုင်အမြဲ၊ ယူစွဲငြင်းခုံနေကြသည်-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဤသို့လဲပဲ၊ ခိုင်အမြဲ၊ ယူစွဲ ငြင်းခုံနေကြသည်။

အဲဒီလို ငြင်းခုံကြခြင်း၏ အကြောင်းကိုလဲ ဒီလိုဖော်ပြတော်မူပါတယ်၊ တေ-ဤငြင်းခုံနေသော ဘာသာရေးဆရာတို့သည်၊ သကံ သကံ-မိမိဟာ မိမိဟာဖြစ်သော၊ သမ္မုတိံ-အမှန်ဟု သမုတ်ထားသော ဘာသာရေးတရားကို၊ သစ္စံ-အမှန်ဟူ၍၊ အာဟု-ပြောဆိုကြ၏၊ ဝါ-ပြောဆိုနေကြသောကြောင့် ပေတည်း-တဲ့၊ အဲဒါကိုလဲ (ကိုယ့်ဟာ ကိုယ့်ဟာ၊ အယူသာ၊ မှန်တာရယ်လို့ ဆိုကြသည်-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ကိုယ့်ဟာ ကိုယ့်ဟာ၊ အယူသာ၊
မှန်တာရယ်လို့ ဆိုကြသည်။

ဘာသာရေး အယူသည်းသူတိုင်းက ကိုယ့်အယူသာ မှန်တယ်လို့ အသီးအသီး ပြောဆိုနေကြတယ်၊ အဲဒီလို ပြောဆိုနေကြတော့ အခြားဘာ သာရေးတွေကို အယုတ်အညံ့ အမှားလို့ဆိုရာရောက်နေတယ်၊ ဒါကြောင့် ငြင်းခုံနေကြတာပါပဲ၊ ဘယ်သူ့ဟာမှ တကယ်မှန်တာတော့ မရှိပါဘူးလို့ သွယ်ဝိုက်ပြီးတော့ သိနားလည်စေပါတယ်၊ ထို့အတူပင် အခြားနည်းဖြင့် လည်း ဖြေရှင်းပြတော်မူပြန်ပါတယ်။

**အဖြေဂါထာ (၁၁)**

၁၁။ ပရဿ စေ ဝမ္ဘယိတေန ဟီနော၊
န ကောစိ ဓမ္မေသု ဝိသေသိ အဿ။

http://www.dhammadownload.com



ပုထူ ဟိ အညဿ ဝဒန္တိ ဓမ္မံ၊
နိဟီနတော သမှိ ဒဠှံဝဒါနာ။

ပရဿ–သူတစ်ပါး၏၊ ဝမ္ဘယိတေန–ရှုတ်ချခြင်းကြောင့်၊ ဟီနော– ယုတ်ညံ့သည်၊ စေ အဿ–အကယ်၍ ဖြစ်ငြားအံ့၊ ကောစိ–တစ်စုံတစ် ယောက်မျှ၊ ဓမ္မေသု–ဘာသာရေးတို့၌၊ ဝါ–ဘာသာရေး တရားတို့ကြောင့်၊ ဝိသေသီ–ထူးသောဂုဏ်ရှိသည်၊ ဝါ–ထူးခြား မြင့်မြတ်သည်၊ န အဿ–မဖြစ်ရာတော့သည်သာတည်းတဲ့၊ သူတစ် ပါးက ရှုတ်ချခြင်းကြောင့် ယုတ်ညံ့ သည်ဖြစ်ပါမူ ဘာသာရေးတရား တိုင်း သူတစ်ပါး၏ အရှုတ်ချခံနေရတာချည်းပါပဲ၊ ဒါကြောင့် ဘယ် ဘာသာဝင် တစ်ဦးတစ်ယောက်မျှ မိမိဘာသာ ရေးကျင့်ဝတ်ကြောင့် ထူးခြားမြင့်မြတ်သူ မဖြစ်နိုင်သည်သာ၊ ဘာသာဝင်ဟူသမျှ အကုန်လုံး အယုတ်ညံ့ချည်း ဖြစ်ဖို့ရှိတော့တာပဲတဲ့၊ ဒီစကားဖြင့်လည်း ဘယ်ဝါဒမှ မမှန်ဘူးဆိုတာကို သွယ်ဝိုက်ပြီး သိနားလည်စေပါတယ်၊ အဲဒါကို (သူများရှုတ်ချ၊ ပြောရုံမျှ၊ ဓမ္မအယုတ်ဖြစ်ပါလျှင်၊ ဓမ္မအရ၊ တစ်ဦးမျှ၊ ထူးလှမရှိဖြစ်ဖွယ်ပင်–လို့) ဆောင်ပုဒ်စီထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၁။ သူများရှုတ်ချ၊ ပြောရုံမျှ၊ ဓမ္မအယုတ်ဖြစ်ပါလျှင်၊
ဓမ္မအရ၊ တစ်ဦးမျှ၊ထူးလှမရှိ ဖြစ်ဖွယ်ပင်။

အဲဒါ ဘာကြောင့်လဲဆိုတော့ ဟိ–ထူးခြားမြင့်မြတ်သူ မဖြစ်နိုင် ခြင်း၏ အကြောင်းကား၊ ပုထူ–ဘာသာရေးဆရာများစွာတို့သည် (ဘာသာရေး ဆရာတိုင်းပင်ဟု ဆိုလို၏၊) သမှိ–မိမိ၏ ဘာသာရေး တရား၌၊ ဒဠှံဝဒါနာ–အကောင်းအမြတ်အနေဖြင့် မြဲမြံစွာ ပြောဟော ကြကုန်လျက်၊ အညဿ ဓမ္မံ–အခြားသူ၏ ဘာသာရေးတရားကို၊ နိဟီနတော–အယုတ်အညံ့အနေ အားဖြင့်၊ ဝါ– အယုတ်အညံ့ဟူ၍၊

http://www.dhammadownload.com



ဝဒန္တိ–ပြောဟောကြကုန်၏၊ ဝါ–ပြောဟောကြသော ကြောင့်ပေ တည်းတဲ့၊ ကိုယ့်ဘာသာရေးကိုသာ အကောင်းအမြတ်အနေဖြင့် မြဲမြံစွာ ယုံကြည်စွဲယူကြလျက် အခြားဘာသာရေးဟူသမျှကို အယုတ်အညံ့ အမှားဟု အများကဟောပြောနေကြသောကြောင့် ဘာသာရေး တရားတိုင်း အရှုတ်ချခံကြရတာချည်းပဲ၊ အဲဒီလို အရှုတ်ချခံရရုံမျှဖြင့် တကယ်ယုတ်ညံ့ သွားရင် ဘာသာရေးတိုင်းမှာ မိမိ၏ဘာသာရေး အကျင့်ကြောင့် မြင့်မြတ်သူမဖြစ်နိုင်တော့ဘူး၊ အယုတ်အညံ့ချည်းသာ ဖြစ်ဖို့ရှိပါတယ်တဲ့၊ အဲဒါကိုလဲ (ကိုယ့်အယူဥ္စသာ၊ စွဲမြဲစွာ၊ ဟောကာနေ ကြသည့်အပြင်၊ အခြားသူ့ဓမ္မ၊ အများက၊ ရှုတ်ချပြောဆိုသော ကြောင့်ပင်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ကိုယ့်အယူဥ္စသာ၊ စွဲမြဲစွာ၊ ဟောကာနေကြသည့်အပြင်။
အခြားသူ့ဓမ္မ၊ အများက၊ ရှုတ်ချ ပြောဆိုသောကြောင့်ပင်။

## အဖြေဂါထာ (၁၂)

၁၂။ သဒ္ဓမ္မပူဇာပိ နေသံ တထေဝ၊
ယထာ ပသံသန္တိ သကာယနာနိ။
သဗ္ဗေဝ ဝါဒါ တထိယာ ဘဝေယျုံ၊
သုဒ္ဓိ ဟိ နေသံ ပစ္စတ္တမေဝ။

ယထာ–အကြင်အခြင်းအရာဖြင့်၊ သကာယနာနိ–မိမိ၏ တည်မှီရာ အယူဝါဒတို့ကို၊ ပသံသန္တိ–မှန်ကန်သည် မြင့်မြတ်သည်ဟု ချီးမွမ်းကြကုန်၏၊ တထာ–ထိုသို့ ချီးမွမ်းသော အခြင်းအရာဖြင့်၊ နေသံ–ထို ဘာသာရေး ပုဂ္ဂိုလ်တို့၏၊ သဒ္ဓမ္မပူဇာပိ–သဒ္ဓမ္မဟုဆိုအပ်သော မိမိတရားကိုပူဇော် ခြင်းသည် လည်း၊ တထေဝ–မှန်ကန်သည်သာလျှင်၊ စေ သိယာ–အကယ်၍ ဖြစ်ငြားအံ့၊ ဧဝံ–ဤသို့ဖြစ်ပါမူ၊ သဗ္ဗေဝ

http://www.dhammadownload.com



ဝါဒါ–ဘာသာရေးဝါဒဟူသမျှ အကုန်လုံးတို့ ပင်လျှင်၊ တထိယာ– အမှန်တို့ချည်းသာ၊ ဘဝေယျုံ–ဖြစ်ကုန်ရာသည်တဲ့၊ မိမိတို့၏ ဘာသာဝါဒကိုမှန်သည်ဟု ချီးမွမ်းကြသည့် အခြင်းအရာအားဖြင့် သူတော်တရားလို့ဆိုရတဲ့ မိမိတို့၏ ဘာသာရေးတရားကိုပူဇော်ခြင်း၊ ဘာသာရေး ဆရာ့ဆရာများကို ပူဇော်ခြင်းဟာလဲ အမှန်သာဖြစ်လို့ရှိရင် ဘာသာဝါဒဟူသမျှ အကုန်လုံးပင် အမှန်ချည်း ဖြစ်ရာပါတယ်တဲ့၊ အဲဒါကို (မိမိနေရာ၊ အယူသာ၊ ကောင်းစွာ ချီးကျူးကြသည့်သွင်၊ သူတော်တရား၊ ပူဇော်ငြား၊ မမှား အမှန်ဖြစ်ပါလျှင်၊ အားလုံးဝါဒ၊ ဟူသမျှ၊ မှန်ကြသည်ချည်း ဖြစ်လေရာ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၂။ မိမိနေရာ၊ အယူသာ၊ ကောင်းစွာ ချီးကျူးကြ
သည့်သွင်။
သူတော်တရား၊ ပူဇော်ငြား၊ မမှားအမှန်ဖြစ်ပါလျှင်။
အားလုံးဝါဒ၊ဟူသမျှ၊မှန်ကြသည်ချည်းဖြစ်လေရာ။

ဟိ–ထိုသို့ အမှန်ချည်းဖြစ်ခြင်း၏ အကြောင်းကား၊ နေသံ– ထိုဘာသာရေးပုဂ္ဂိုလ်တို့၏၊ သုဒ္ဓိ–စင်ကြယ်ခြင်း–ဆင်းရဲမှ လွတ်မြောက်ခြင်းသည်၊ ပစ္စတ္တမေဝ–အသီးအသီးသော မိမိ၏သန္တာန်၌ ဖြစ်ကြကုန်သည်ချည်း ပင်၊ ဝါ–အသီးသီးသော မိမိတို့သန္တာန်၌ဖြစ်သည်ဟု ယုံကြည်ကြသော ကြောင့်ပေတည်းတဲ့၊ ဘာသာရေး အယူဝါဒရှိသူ တိုင်းမှာ စင်ကြယ်ခြင်း၊ ဆင်းရဲမှလွတ်မြောက်ခြင်းဟာ မိမိတို့၏ ဘာသာရေးအလိုအားဖြင့် ရှိသည် ချည်းဟု ယုံကြည်ကြသောကြောင့် ပါပဲတဲ့၊ အဲဒါကို (ဘယ့်ကြောင့်ဆိုဘိ၊ သူတို့၏၊ သုဒ္ဓိစင်ကြယ် လွတ်မြောက်တာ၊ အသီးသီးပင်၊ သူတို့တွင်၊ သက်ဝင်ယုံကြည်သောကြောင့် ပါ–လို့) ဆောင်ပုဒ်စီထားပါတယ်၊ အဲဒါ ကိုဆိုကြရမယ်။

http://www.dhammadownload.com



ဘယ့်ကြောင့်ဆိုဘိ၊ သူတို့၏၊ သုဒ္ဓိ စင်ကြယ်လွတ်မြောက်တာ။

အသီးသီးပင်၊ သူတို့တွင်၊ သက်ဝင် ယုံကြည်သောကြောင့်ပါ။

ဗုဒ္ဓသာသနာတော်အပြင်ဘက်က ဘာသာရေးဆရာတွေက သူတို့ ဘာသာတရားသာ မှန်တယ်၊ အခြားဘာသာဝါဒတွေကို မှားတယ်လို့ ဒီလိုချည်းပြောဆိုငြင်းခုံနေကြပေမယ့် သူတို့ဘာသာဝါဒတွေ အကုန်လုံးဟာ အမှားချည်းပဲ၊ မှန်တာရယ်လို့ မရှိဘူးဆိုတာကို ဒဲ့ဒိုးအားဖြင့် မပြောဘဲ ပရိယာယ်အားဖြင့် သွယ်ဝိုက်ပြီး သိနားလည်အောင် ယဉ်ကျေးသိမ်မွေ့စွာ ဖြေရှင်းတော်မူပါတယ်၊ အဲဒီဖြေရှင်းချက်များကို ကြားနာရတဲ့အတွက် မိမိတို့မှာ ယခုဘဝ၌ ရှေးကပြုစုပွားများခဲ့တဲ့ ကုသိုလ်ကံ၏ အစွမ်းကြောင့် လူသူတော်ကောင်းဖြစ်ပြီး မြတ်စွာဘုရား၏ တရားမှန်ကို ကြားနာရကျင့်ရပါပေတယ်လို့ ဆင်ခြင်ပြီးဝမ်းမြောက်ကြဖို့ပါပဲ။

အဲဒီလို ဝမ်းမြောက်ပြီး အားထုတ်နေကြ ဗုဒ္ဓတရားမှန်ကို တိုးတက်၍ ကျင့်သုံးပွားများ အားထုတ်နိုင်သဖြင့် မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု ..... သာဓု ..... သာဓု .....။

http://www.dhammadownload.com

# (၃) မဟာဗျူဟသုတ်

## စတုတ္ထပိုင်း

၁၃၃၉–ခုနှစ်၊ ပြာသိုလဆုတ် (၈)ရက်နေ့ဟောသည်

-----

### တရားအနုသန္ဓေ

မဟာဗျူဟသုတ်ကို ဟောလာတာ ၃–သီတင်းရှိပြီ၊ ဂါထာအမှတ် (၁၂)အထိ ပြီးခဲ့ပြီ၊ နတ်တော်လဆုတ် ၁၂–ရက်နေ့မှစ၍ ဘားအံနှင့် မော်လမြိုင်သို့ သွားနေရသဖြင့် ဒီသုတ်ကို ဆက်မဟောရဘဲ ရှိနေခဲ့တယ်၊ ပြာသိုလဆုတ် ၅–ရက်နေ့ကမှ ရန်ကုန်သို့ ပြန်ရောက်ခဲ့တယ်၊ ပြာသိုလဆုတ်(၈)ရက်၊ ဒီကနေ့ ကတော့ အမှတ် ၁၃၊ ၁၄ – ဂါထာများကို ဟောရမယ်။

### အဖြေဂါထာ (၁၃)

၁၃။ န ဗြာဟ္မဏာဿ ပရနေယျ မတ္ထိ၊
ဓမ္မေသု နိစ္ဆေယျ သမုဂ္ဂဟီတံ။
တသ္မာ ဝိဝါဒါနိ ဥပါတိဝတ္တော၊
န ဟိ သေဋ္ဌတော ပဿတိ ဓမ္မမညံ။

ဗြာဟ္မဏာဿ–မကောင်းမှုအကုသိုလ်ဟူသမျှကို အပပြုပြီး ပယ်ပြီးသော ရဟန္တာအား၊ (ဗြာဟ္မဏာဆိုတာ အိန္ဒိယက ပုဏ္ဏားလူမျိုးကိုလဲ ဆိုတယ်၊ ဒါပေမယ့် ဒီမှာတော့ အဲဒီလို ပုဏ္ဏားလူမျိုးရိုးရိုးကို ဆိုလိုတာ မဟုတ်ပါဘူး၊ အကုသိုလ်ကိလေသာဟူသမျှကို ပယ်ပြီးဖြစ်တဲ့ ရဟန္တာကိုသာဆိုလိုပါတယ်၊ ဒါကြောင့် မဟာနိဒ္ဒေသမှာ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ရာဂ ဒေါသ မောဟ မာနစသော မကောင်းမှု အကုသိုလ်ဟူသမျှကို အပပြုပြီး ပယ်ပြီးဖြစ်သော ရဟန္တာ

http://www.dhammadownload.com



ပုဂ္ဂိုလ်ကို ဆိုကြောင်းဖွင့်ပြထားပါတယ်၊ ဒါကြောင့် ဗြာဟ္မဏာသ–ရဟန္တာပုဂ္ဂိုလ်အား၊ ပရနေယျံ–သူတစ်ပါးက သိစေအပ် ညွှန်ကြားအပ်သည်၏အဖြစ်သည်၊ ဝါ–ညွှန်ကြားဖွယ်သည်၊ နတ္ထိ–(သစ္စာလေးတန်တရားမှန်ကို သိပြီးဖြစ်သောကြောင့်) မရှိတော့သည်သာတည်း။

ရဟန္တာမှာ သစ္စာလေးတန် တရားမှန်ကို အပြည့်အစုံသိပြီးဖြစ်သောကြောင့် သူတစ်ပါးကသိစေဖို့ ညွှန်ကြားဖို့ မလိုဘူးတဲ့၊ အဲဒါကို (ရဟန္တာအား၊ သူတစ်ပါး၊ ညွှန်ကြားပေးဖွယ် မရှိပါ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ရဟန္တာအား၊ သူတစ်ပါး၊ ညွှန်ကြားပေးဖွယ် မရှိပါ။

ဓမ္မေသု –မိစ္ဆာအယူတရားတို့၌၊ နိစ္ဆေယျ–ကြံစည်ဆုံးဖြတ်၍၊ သမုဂ္ဂဟီတံ–စွဲယူခြင်းသည်လည်း၊ နတ္ထိ–မရှိတော့သည်သာတည်း၊ ၆၂–ပါးသော မိစ္ဆာအယူတရားတို့၌လဲ မည်သည့်အယူကိုမျှ ကြံဆတွေးတော ဆုံးဖြတ်ပြီး စွဲယူခြင်းမရှိတော့ပါဘူးတဲ့၊ အဲဒါကိုလဲ (အယူတွေမှာ၊ ဆုံး ဖြတ်ကာ၊ ယူတာလဲပဲ မရှိပါ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုလဲ ဆိုကြရမယ်။

အယူတွေမှာ၊ ဆုံးဖြတ်ကာ၊ ယူတာလဲပဲ မရှိပါ။

တသ္မာ–ထို့ကြောင့်၊ ဝိဝါဒါနိ–မိစ္ဆာအယူကို စွဲမှီ၍ ငြင်းခုံမှုတို့ကို၊ ဥပါတိဝတ္တော–လွန်မြောက် ကင်းရှင်းလျက် ရှိပေ၏၊ အဲဒါကိုလဲ (ထို့ကြောင့်ငြင်းခုံ၊ အလုံးစုံ၊ အကုန်လွန်မြောက်နေသည်သာ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ထို့ကြောင့်ငြင်းခုံ၊ အလုံးစုံ၊ အကုန်လွန်မြောက်နေသည်သာ။

ဟိ–လွန်မြောက်ခြင်း၏ အကြောင်းတစ်ပါးကား၊ အညံ–သတိပဋ္ဌာန်စသော ဗောဓိပက္ခိယ အကျင့်မှတစ်ပါးသော၊ ဝါ–အရိယမဂ်အကျင့်မှတစ်ပါးသော၊ ဓမ္မံ–အကျင့်တရားကို၊ သေဋ္ဌတော–မှန်ကန်

http://www.dhammadownload.com



မြင့်မြတ်သော တရားအနေအားဖြင့်၊ န ပဿတိ–မရှုမြင် မထင်မှတ် တော့ပေ၊ ဝါ–မရှုမြင် မထင်မှတ်သောကြောင့်ပေတည်းတဲ့၊ သတိပဋ္ဌာန် ဆိုရင်လဲ ဗောဓိပက္ခိယတရား ၃၇–ပါး ပါဝင်နေတယ်၊ မဂ္ဂင်ရှစ်ပါး ဆိုရင်လဲ အဲဒီ ၃၇–ပါးလုံး ပါဝင်နေတာပါပဲ၊ ဒါကြောင့် တိုတိုနဲ့ ပြောလိုက ပြောရအောင် (ဝါ–အရိယမဂ်အကျင့်မှ တစ်ပါးသော–လို့) တစ်နည်း အနက်ပြန်လိုက်တာပါပဲ၊ ဗောဓိပက္ခိယ ၃၇–ပါး မပါတဲ့တရား၊ သတိပဋ္ဌာန်မပါတဲ့တရား၊ အရိယမဂ္ဂင်မပါတဲ့တရားဆိုတာက ဗုဒ္ဓ သာသနာတွင်း တရားမဟုတ်ပါဘူး၊ သာသနာပ လမ်းမှားတရားတွေပဲ၊ အဲဒီလိုလမ်းမှား အယူမှားကို အကျင့်ကောင်း အကျင့်မြတ်အဖြစ်ဖြင့် မထင်မြင် မယူဆဘူး၊ အသိအမှတ်မပြုပါဘူးတဲ့၊ ဒါကြောင့်လဲ ငြင်းခုံမှု ကင်းပါတယ်တဲ့၊ အဲဒါကိုလဲ (အခြားတရား၊ အမြတ်ထား၊ မြင်သွား မရှိသောကြောင့်ပါ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

အခြားတရား၊ အမြတ်ထား၊ မြင်သွားမရှိသောကြောင့်ပါ။

ဒီနေရာမှာ မေးစရာရှိတယ်၊ ဘယ်လိုလဲဆိုတော့– ရဟန္တာ ဟာ သတိပဋ္ဌာန်ဆိုင်ရာ မဂ္ဂင်ရှစ်ပါးဆိုင်ရာ တရားတွေကို ဟောပြော နေတယ် မဟုတ်ပါလား၊ အဲဒီတော့ အခြားတရားကိုလဲ အမှားအဖြစ်ဖြင့် ပြောဟော နေရာရောက်ပါတယ်၊ ဒါကြောင့် သတိပဋ္ဌာန်မဂ္ဂင် ဗောဓိ ပက္ခိယမှ အခြားတရားတွေကို ပယ်ဖျက်ငြင်းခဲ့ရာ မရောက်ပေ ဘူးလားလို့ မေးစရာရှိပါတယ်၊ အဖြေကတော့ ရှေ့ပိုင်းများ၌လည်း ဖော်ပြခဲ့ပါပြီ၊ အမှန်တရားကိုသိပြီး အဲဒီအမှန်တရားကို ဟောပြော နေသော အခြား သူများအား အမှန်ကို သိစေရန် မေတ္တာကရုဏာဖြင့် ဟောပြခြင်း သာဖြစ်ပါတယ်၊ ငြင်းခုံတာ မဟုတ်ပါဘူး၊ ဥပမာအားဖြင့် ရောဂါရှိနေသူအား ဆေးမှားကိုမသုံးဘဲ ဆေးမှန်ဆေးကောင်းကိုသုံးဖို့ ညွှန်ကြားတာမျိုးပါပဲ၊ တစ်နည်းအားဖြင့် စီးပွားရေးလမ်းမှားလိုက်နေ

http://www.dhammadownload.com



သူအား စီးပွားရေးလမ်းမှန်ကို ညွှန်ကြား ထားတာနဲ့လဲတူပါတယ်။

## အဖြေဂါထာ (၁၄)

၁၄။ ဇာနာမိ ပဿာမိ တထေဝ ဧတံ၊
ဒိဋ္ဌိယာ ကေ ပစ္စေန္တိ သုဒ္ဓိံ။
အဒက္ခိ စေ ကိဉ္စိ တုမဿ တေန၊
အတိသိတွာ အညေန ဝဒန္တိ သုဒ္ဓိံ။

ကေ–အချို့ပုဂ္ဂိုလ်တို့သည်၊ ဇာနာမိ ပဿာမိ–ငါသိသည်၊ ငါမြင်သည်၊ ဧတံ–ဤအရာသည်၊ တထေဝ–ကိုယ်တိုင် အသိ အမြင် ဖြစ်သော ကြောင့်သိမြင်သည့်အတိုင်း မှန်သည်သာတည်း၊ ဣတိ–ဤသို့ထင်မြင်ယူဆသော၊ ဒိဋ္ဌိယာ–အယူဖြင့်၊ သုဒ္ဓိံ–ဝဋ်ဆင်းရဲမှ လွတ်မြောက်စင်ကြယ် ခြင်းကို၊ ပစ္စေန္တိ–ယုံကြည်ဆုံးဖြတ် သိမှတ်ကြ ကုန်၏တဲ့။

အဲဒီမှာ ငါသိသည်–ဆိုတာက အဘိညာဉ်ဉာဏ် သူတစ်ပါး စိတ်ကို သိတာနဲ့ ရှေးဘဝဟောင်းတွေကို ပြန်လည်ဆင်ခြင်ပြီးသိတာကို ဆိုလိုပါတယ်၊ ငါမြင်သည်ဆိုတာကတော့ ပကတိမျက်စိအမြင်ဖြင့် မြင်တာနဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်တာကို ဆိုလိုပါတယ်၊ အယူအစွဲ ဖြစ်ပုံကတော့ အဘိညာဉ်ဖြင့် သူတစ်ပါးစိတ်ကိုသိပြီးတော့ အဲဒီသိရတဲ့ စိတ်နဲ့ စိတ်၏တည်ရာပုဂ္ဂိုလ်ဟာ အမြဲတမ်းတည်ရှိနေတယ်လို့ ထင်မြင်တဲ့ သဿတဒိဋ္ဌိလဲဖြစ်နိုင်တယ်၊ အဲဒီ စိတ်၏တည်ရာပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက် ဘာမျှမရှိတော့ဘူးလို့ ဥစ္ဆေဒဒိဋ္ဌိလဲဖြစ်နိုင်တယ်၊ နောက်ပြီးတော့ အဘိညာဉ်ဖြင့် ရှေးဘဝဟောင်းတွေကို ပြန်လည် ဆင်ခြင်ပြီးတော့ ငါဟာ ရှေးဘဝတွေကလဲ ရှိလာခဲ့တယ်၊ ယခုလဲ ရှိမြဲတည်ရှိနေတယ်လို့ ထင်မြင်တဲ့ သဿတဒိဋ္ဌိ ဖြစ်နိုင်တယ်။

http://www.dhammadownload.com



ပကတိမျက်စိဖြင့် ရှေးကမြင်ခဲ့ဖူးတဲ့ လူစသည်ကို ထပ်ခါထပ်ခါ မြင်ရသောကြောင့် ရှေးကမြင်ခဲ့တာလဲ ဒီလူပဲ၊ ယခုမြင်တာလဲ ဒီလူပဲ၊ မပျက်စီးဘဲ အမြဲတည်ရှိနေတယ် စသည်ဖြင့်ထင်မှတ်ပြီး တစ်သက်လုံး တည်ရှိနေတဲ့ အတ္တကောင်အနေဖြင့် ထင်မှတ်တဲ့ အတ္တဒိဋ္ဌိလဲ ဖြစ်နိုင် တယ်၊ သေသွားတဲ့အခါကြတော့ မမြင်မတွေ့ရလို့ ပြတ်စဲသွားတယ်လို့ ထင်တဲ့ ဥစ္ဆေဒဒိဋ္ဌိလဲဖြစ်နိုင်တယ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လောကကို မြင်တဲ့အခါမှာ ဘဝအသစ်အသစ် ထပ်ဖြစ်ဖြစ်နေတာကို မြင်တွေ့ရတဲ့ အတွက် သတ္တဝါဟာ သေတဲ့အခါလဲ အသစ်အသစ်ဖြစ်ဖြစ်ပြီး တည်မြဲတည်ရှိနေတယ်လို့ ထင်တဲ့ သဿတဒိဋ္ဌိလဲဖြစ်နိုင်တယ်၊ တချို့သတ္တဝါတွေ ထပ်ဖြစ်တာကို မတွေ့ရတဲ့အတွက် သေပြီးပြတ်စဲ သွားတယ်ထင်တဲ့ ဥစ္ဆေဒဒိဋ္ဌိလဲဖြစ်နိုင်တယ်၊ နောက်ပြီးတော့ တချို့ပြဟ္မာတွေသေတာကို မတွေ့ရတဲ့အတွက် အဲဒီလိုဘဝမျိုးကို အို နာ သေ ဆင်းရဲမှ လွတ်မြောက်စင်ကြယ်တယ်လို့လဲ ထင်တတ်တယ်။

ဒါကြောင့် အဲဒီလို ကိုယ်တိုင်သိရမြင်ရတာကို အမှန်ပဲလို့ ဆုံးဖြတ်ပြီးတော့ မည်သို့ပြုကျင့်ပြီး မည်သို့ဖြစ်ရလျှင် အို နာ သေ ဆင်းရဲမှ လွတ်မြောက်စင်ကြယ်တယ်လို့ ယုံကြည်ယူဆကြပါတယ်တဲ့၊ အဲဒီလို ထင်မြင်ယုံကြည်ပုံကို ဆောင်ပုဒ်သုံးခုစီထားတယ်၊ လိုက်ဆိုကြ ရမယ်။

၁၄။ သူတစ်ပါးစိတ်ပါ၊ ရှေးကြောင်းရာ၊ သိတာအမှန်ပင်၊
အဘိညာဉ်နှင့်၊ မျက်စိဖြင့်၊ မြင်လင့်အမှန်ပင်၊ သို့သိ
မြင်လင့်၊ အယူဖြင့်၊ ဖြစ်သင့်စင်ကြယ်ယုံကြသည်။

ပရစိတ္တဝိဇာနန အဘိညာဉ်ဖြင့် သူတစ်ပါးစိတ်ကိုလဲ ကိုယ်တိုင် သိတယ်၊ ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့် ရှေးဘဝဟောင်းတွေလဲ ကိုယ်တိုင် သိတယ်၊ အဲဒါတွေ အမှန်ချည်းပဲ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လောက

http://www.dhammadownload.com



အကြောင်း အရာတွေကို ကိုယ်တိုင်မြင်တယ်၊ ဒါလဲ အမှန်ပဲလို့ ဆိုလိုပါတယ်၊ ဒီအသိအမြင် သုံးမျိုးကတော့ အဘိညာဉ်ရပုဂ္ဂိုလ်တွေနဲ့သာဆိုင်ပါတယ်၊ နောက်ပြီးတော့ ပကတိမျက်စိနဲ့ ကိုယ်တိုင်မြင်တာလဲ အမှန်ပဲလို့ ဆိုလိုပါတယ်၊ ဒါကတော့ အဘိညာဉ်မရတဲ့သူတွေနဲ့ ဆိုင်ပါတယ်။ အဲဒီလို ကိုယ်တိုင်သိမြင်တာကို အနိုင် အမာပြုပြီးတော့ သူတို့၏ ဘာသာရေးအသိအမြင်အရအားဖြင့် စင်ကြယ်တယ်၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်လို့ ယုံကြည်ယူဆကြပါတယ်တဲ့။

အဒက္ခိ စေ-ထိုသို့သိမြင်ပြီးဖြစ်ငြားအံ့၊ ဝါ-ထိုသို့ကိုယ်တိုင် သိမြင်ပြီး ဖြစ်ရုံမျှဖြင့် အကယ်၍စင်ကြယ်လွတ်မြောက်ငြားအံ့၊ တုမဿ-ထိုသို့ သိမြင်သောသူအား၊ တေန-ထိုသိမြင်ခြင်းဖြင့်၊ ကိဉ္စိ-အဘယ်ကိစ္စပြီးအံ့နည်း၊ ဝါ-အဘယ်ကိစ္စမျှ မပြီးပါဘူးတဲ့၊ အဘိညာဉ်ဖြင့် သိမြင်ရုံမျှဖြင့်ဖြစ်စေ၊ ပကတိမျက်စိဖြင့် မြင်ရုံမျှဖြင့်ဖြစ်စေ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွားစေခြင်းကိစ္စဆိုတဲ့ ဒီကိစ္စလေးပါးထဲက ဘယ်ကိစ္စကို ပြီးစေပါသလဲ၊ ဘယ်ကိစ္စကိုမှ မပြီးစေနိုင်ပါဘူး၊ ဒီကိစ္စလေးပါးကို မပြီးစေနိုင်လျှင် ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းဆိုတဲ့ စင်ကြယ်ခြင်းဟာ မဖြစ်နိုင်ပါဘူးလို့ ဆိုလိုပါတယ်၊ အဲဒါကိုလဲ (တကယ်မြင်ငြား၊ ထိုသူအား၊ ပြီးသွားကိစ္စ အဘယ်နည်း-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

တကယ်မြင်ငြား၊ ထိုသူအား၊ ပြီးသွားကိစ္စ အဘယ်နည်း။

အဲဒီလို ဘာကိစ္စကိုမှမပြီးစေဘဲ စင်ကြယ်တယ်လို့ ယုံကြည်ပြောဆိုကြတာကတော့ သတိပဋ္ဌာန်အကျင့် မဂ္ဂင်ရှစ်ပါးအကျင့် ဗောဓိပက္ခိယအကျင့်ဆိုတဲ့ အကျင့်လမ်းမှန်ကို ကျော်လွန်ပြီးတော့ လမ်းမှားဖြင့် ယုံကြည် ပြောဟောနေကြတာပဲလို့ ဆိုလိုပါတယ်၊ ဒါကြောင့် -

http://www.dhammadownload.com



အတိသိတွာ–အမှန်ကို ကျော်လွှားရှောင်ဖယ်၍၊ အညေန– အခြားသော နည်းလမ်းများဖြင့်၊ သုဒ္ဓိံ–စင်ကြယ်ခြင်းကို၊ ဝဒန္တိ– ပြောဆိုနေကြကုန် ၏–လို့ ဆက်ပြီးဖော်ပြတော်မူတာပါပဲ၊ အဲဒါကိုလဲ (အမှန်ကျော်လင့်၊ အခြားဖြင့်၊ ဖြစ်သင့်စင်ကြယ်ဆိုကြသည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

အမှန်ကျော်လင့်၊အခြားဖြင့်၊ ဖြစ်သင့်စင်ကြယ်၊ ဆိုကြသည်။

အဲဒီ အတိသိတွာ အညေန ဝဒန္တိ–ဆိုတဲ့အပိုဒ်ကို မဟာ- နိဒ္ဒေသမှာ တစ်နည်းအားဖြင့် ဒီလိုလဲ ဖွင့်ပြထားပါသေးတယ်၊ ဖွင့်ပုံ ကတော့–

ဗုဒ္ဓါဒယော–ဘုရားစသည်တို့သည် (ထည့်ပါ၌)၊ အတိသိတွာ– အယူမှားကို ကျော်လွှန်ဖယ်ရှား၍) အညေန–သတိပဋ္ဌာန်စသော အခြား အကျင့်လမ်းမှန်ဖြင့်၊ သုဒ္ဓိံ–စင်ကြယ်ခြင်းကို၊ ဝဒန္တိ–ဟောကြား တော်မူကြကုန်၏–တဲ့၊ အဲဒါကိုလဲ (ဒိဋ္ဌိကျော်လင့်၊ အခြားဖြင့် ဖြစ်သင့် စင်ကြယ် ဟောကြသည်–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုလဲ ဆိုကြရမယ်။

ဒိဋ္ဌိကျော်လင့်၊ အခြားဖြင့်၊ ဖြစ်သင့်စင်ကြယ်ဟောကြသည်။

ဒီလို ပါဠိတစ်ပိုဒ်တည်းကို ၂–နည်းဖြင့် ဖွင့်ပြတာကတော့ သဒ္ဒါနက်အားဖြင့် ဖြစ်သင့်တဲ့အတွက် သုတပွားရန်ရည်၍ ဖွင့်ပြခြင်း ဖြစ်ပါလိမ့်မယ်၊ ဘုရားအလိုတော်အရအားဖြင့်တော့ အနက်တစ်ပါး တည်း ဖြစ်ဖွယ်ရှိပါတယ်၊ ဟိုတုန်းက ကြားနာသူတွေဟာလည်း အဲဒီအနက်တစ်ပါးတည်းကိုသာ သိနားလည်ဖွယ်ရှိပါတယ်၊ အဲဒီ အနက် ၂–ပါးထဲမှာ ပထမအနက်ဟာ ရည်ရွယ်ရင်းဖြစ်သင့်တယ် လို့ ထင်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ အတိသိတွာ–ကျော်လွှန် တယ်ဆိုတာဟာ အမှန်ကို ကျော်လွှန်ရာမှာသာ သုံးလေ့ရှိသော

http://www.dhammadownload.com



ကြောင့်ပါပဲ။

ယခုဖော်ပြခဲ့တဲ့ ဂါထာ ၂-ပိုဒ်ထဲမှ ရဟန္တာပုဂ္ဂိုလ်၏ အသိမှန်ပြီးစီးပုံဟာ အတုယူစရာပဲ၊ နောက်ပြီးတော့ သတိပဋ္ဌာန်အကျင့် မဂ္ဂင်ရှစ်ပါးပွားစေတဲ့အကျင့် ဗောဓိပက္ခိယတရား ၃၇-ပါးအကျင့် ဆိုတာတွေဟာ ဗုဒ္ဓသာသနာတော်တွင်းက အကျင့်မှန်တွေပဲ၊ အဲဒီအကျင့်မှန်တွေကို ယခုကျင့်နေကြရတာဟာ အင်မတန် ဝမ်းသာစရာကောင်းပါတယ်၊ ဒါကြောင့် အဲဒီအကျင့်လမ်းမှန်ကို ကျင့်နေကြရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး တိုးတက်ကျင့်သုံး သွားကြဖို့ပါပဲ။

အဲဒီလိုတိုးတက်ကျင့်သုံးသောအားဖြင့် ဝိပဿနာတွေ ရင့်သန်ပြီး လျှင် မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုလျှင် မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု..... သာဓု ..... သာဓု .....။

http://www.dhammadownload.com

# (၃) မဟာဗျူဟသုတ်

## ပဉ္စမပိုင်း

၁၃၃၉–ခုနှစ်၊ ပြာသိုလကွယ်နေ့ ဟောသည်

-----

## တရားအနုသန္ဓေ

မဟာဗျူဟသုတ်ကို ဟောလာတာ ၄–သီတင်းရှိပြီ၊ ဂါထာအမှတ်(၁၄)အထိ ပြီးခဲ့ပြီ၊ ပြာသိုလကွယ် ဒီကနေ့တော့ အမှတ် ၁၅၊၁၆၊ ဂါထာများကို ဟောရမယ်။

## အဖြေဂါထာ (၁၅)

၁၅။ ပဿံ နရော ဒက္ခတိ နာမရူပံ၊
ဒိသွာန ဝါ ဉဿတိ တာနိမေဝ။
ကာမံ ဗဟုံ ပဿတု အပ္ပကံ ဝါ၊
န ဟိ တေန သုဒ္ဓိံ ကုသလာ ဝဒန္တိ။

ပဿံ–ပကတိမျက်စိ အဘိညာဉ်ဉာဏ်တို့ဖြင့်မြင်သော၊ နရော–လူသည်၊ နာမရူပံ–နာမ်ရုပ်ကို၊ ဒက္ခတိ–သာမန်မြင်ရိုးမြင်စဉ်ဖြင့်သာ မြင်လတ္တံ့၊ ပကတိမျက်စိဖြင့်ဖြစ်စေ၊ ဒိဗ္ဗစက္ခုအဘိညာဉ် ပရစိတ္တဝိဇာနန ပုဗ္ဗေနိဝါသ အဘိညာဉ်တို့ဖြင့်ဖြစ်စေ ကိုယ်တိုင်တွေ့မြင်ပါသည်ဆိုတဲ့လူဟာ နာမ်ရုပ်ကို သာမန်မြင်ရိုး မြင်စဉ်မျှဖြင့်မြင်မှာပဲ၊ ရှုမှတ်ပြီး မြင်သိတဲ့ဝိပဿနာဉာဏ်ဖြင့် နာမ်ရုပ်ကို ခွဲခြားသိတာမျိုးလဲမဟုတ်ဘူး၊ အကြောင်းအကျိုးခွဲခြားသိတာမျိုးလဲမဟုတ်ဘူး၊ အဖြစ်အပျက်ကို မြင်သိတာမျိုးလည်း မဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါအနေ မိန်းမယောကျာ်းအနေ တည်မြဲတည်ရှိနေတဲ့ အနေစသည်ဖြင့်သာ မြင်မှာပါပဲ၊ အဲဒါကို (မြင်သောသူဟာ၊ ရိုးရိုးသာ၊

http://www.dhammadownload.com



မြင်မှာ နာမ်ရုပ်ကို–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၅။ မြင်သောသူဟာ၊ ရိုးရိုးသာ၊ မြင်မှာ နာမ်ရုပ်ကို။

ဒိသွာန ဝါ–ကိုယ်တိုင်မြင်ပြီး၍လည်း၊ တာနိမေဝ–ရိုးရိုး မြင်ထားသော ထိုနာမ်ရုပ်တို့ကိုသာလျှင်၊ ဥဿတိ–ဆင်ခြင်ကြံစည်သောစိတ်ဖြင့် သိလတ္တံ့တဲ့၊ မြင်ပြီးနာမ်ရုပ်ကိုလည်း ရိုးရိုးမြင်ခဲ့တဲ့ အတိုင်းပင် ပုဂ္ဂိုလ်သတ္တဝါအနေစသည်ဖြင့် ကြံတွေးပြီးတော့လဲ သိမှာပါတဲ့၊ အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တအနေ အပြစ်တင်ဖွယ် အနေစသည်ဖြင့် မသိနိုင်ပါဘူးလို့ ဆိုလိုပါတယ်၊ အဲဒါကို (မြင်ပြီး သောအခါ၊ ထို့တူသာ၊ သိမှာနာမ်ရုပ်ကို–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

မြင်ပြီးသောအခါ၊ ထို့တူသာ၊ သိမှာ နာမ်ရုပ်ကို။

အပိုဒ် ၂–ခုက ပါဠိသက်သက်ကြည့်ရင် ရည်ရွယ်ချက်ကို သိနားလည်ဖို့ခက်ပါတယ်၊ မဟာနိဒ္ဒေသအဖွင့်ကိုမှီပြီးတော့ ယခု ပြောခဲ့တဲ့ ရည်ရွယ် ချက်ကို သိနားလည်ရပါတယ်၊ ဆိုလိုရင်းအတိုချုပ် ကတော့ ပကတိမျက်စိနှင့် လောကီအဘိညာဥ်တို့ဖြင့် ကိုယ်တိုင် မျက်မှောက်တွေ့ရတိုင်း အမှန်ချည်း မဟုတ်ဘူး၊ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုပြီးသိမှသာ အမှန်သဖြစ်တယ်လို့ ဆိုလိုတာပါပဲ။

ဗဟုံဝါ–များစွာကိုဖြစ်စေ၊ အပ္ပံ ဝါ–အနည်းငယ်ကိုဖြစ်စေ၊ ကာမံ ပဿတု–ပကတိမျက်စိနှင့် လောကီအဘိညာဥ်တို့ဖြင့် အကယ်၍ မြင်သိပါစေ၊ ဟိ–ထိုသို့ပင် ကိုယ်တိုင်မြင်သိသော်လည်း၊ တေန– ထိုသို့ မြင်သိခြင်းဖြင့်၊ သုဒ္ဓိ–ဝဋ်ဆင်းရဲမှ လွတ်မြောက်စင်ကြယ် ခြင်းကို၊ ကုသလာ–ခန္ဓာ အာယတန စသည်တို့၌ သိမြင်ကျွမ်းကျင် သော (ဘုရားစသော) ပုဂ္ဂိုလ်မြတ်တို့သည်၊ န ဝဒန္တိ–မဟောကြပါ ကုန်–တဲ့။

http://www.dhammadownload.com



ပကတိမျက်စိဖြင့်ဖြစ်စေ၊ ဒိဗ္ဗစက္ခုစသည်ဖြင့်ဖြစ်စေ၊ နည်းနည်းဖြစ်ဖြစ်၊ များများဖြစ်ဖြစ် ကိုယ်တိုင်တွေ့အားဖြင့် မြင်သော်လည်း ထိုသို့ မြင်ရုံသိရုံမျှဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်စင်ကြယ်တယ်လို့ မဟောကြပါဘူးတဲ့၊ ဘယ်သူတွေကလဲဆိုတော့ ကုသလာ- ခန္ဓာ အာယတန ဓာတ် သစ္စာ ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ်တွေမှာ ကျွမ်းကျင်သိမြင်တော်မူကြတဲ့ အရှင်မြတ်တွေ၊ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတွေ မဂ်ဖိုလ်နိဗ္ဗာန်တရားတွေမှာ ကျွမ်းကျင်သိမြင်တော်မူကြတဲ့ အရှင်မြတ်တွေက မဟောကြတာပါတဲ့၊ အဲဒီအရှင်မြတ်တွေဆိုတာကလဲ ဘုရားရဟန္တာအရှင်မြတ်တွေပါပဲ၊ အဲဒီ ၂-ပိုဒ်အတွက် (နည်းနည်းများများ၊ မြင်သော်ငြား၊ မြင်သွားရုံဖြင့်မူ၊ စင်ကြယ်ခြင်းအား၊ ဉာဏ်ရှင်များ၊ ဟောကြားမရှိပါ-လို့) ဆောင်ပုဒ်များ စီထားတယ်၊ အဲဒါတွေကို ဆိုကြရမယ်။

နည်းနည်း များများ၊ မြင်သော်ငြား၊ မြင်သွားရုံဖြင့်မူ။
စင်ကြယ်ခြင်းကား၊ ဉာဏ်ရှင်များ၊ ဟောကြားမရှိပါ။

## အဖြေဂါထာ (၁၆)

၁၆။ နိဝိဿဝါဒီ န ဟိ သုဗ္ဗိနာယော၊
ပကပ္ပိတာ ဒိဋ္ဌိပုရက္ခရာနော။
ယံ နိဿိတော တတ္ထ သုဘံ ဝဒါနော၊
သုဒ္ဓိံ ဝဒေါ တတ္ထ တထဒ္ဒသာ သော။

နိဝိဿဝါဒီ-အယူမှား၌ သက်ဝင်စွဲလမ်းလျက် ဟောပြောနေလေ့ရှိသူသည်၊ သုဗ္ဗိနာယော-ဆုံးမသွန်သင် ပြုပြင်ပေးရန် လွယ်ကူသည်၊ န ဟိ ဟောတိ-မဖြစ်တော့သည်သာတည်းတဲ့၊ အယူမှားကို ယုံကြည် စွဲလမ်းပြီးပြောဆိုနေတဲ့သူကို အမြင်မှန်ရအောင်

http://www.dhammadownload.com



ဆုံးမသွန်သင်ပြုပြင်ပေးဖို့ မလွယ်ဘူး၊ ခဲယဉ်းပါတယ်တဲ့၊ အဲဒါဟာ သာသနာပကအယူသာ မဟုတ်ဘူး၊ ဗုဒ္ဓတရားတော်ကို မှားယွင်းစွာ ယူဆပြီး ပြောဆိုနေတဲ့သူလဲ သွန်သင်ပြုပြင်ပေးဖို့ ခက်တာပဲ၊ ဘုရားလက်ထက်တော်က အရိဋ္ဌဆိုတဲ့ရဟန်း၊ သာတိဆိုတဲ့ ရဟန်းများ လိုပင် ဆုံးမသွန်သင်၍ မရတာတွေလဲ ရှိပါတယ်၊ အဲဒီ အရိဋ္ဌ,သာတိ တို့၏ အကြောင်းအရာများကို သိလိုလျှင် သလ္လေခသုတ်တရား တော်ကြီးစာအုပ် ဒုတိယတွဲ–နှာ ၂၆၈ စသည်မှာ ကြည့်ရှုနိုင်ပါတယ်၊ အဲဒီလိုအဆုံးအမခက်ပုံကို (သက်ဝင်ဟောပြ၊ နေပါက၊ ဆုံးမညွှန်ကြား မလွယ်ချေ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၆။ သက်ဝင်ဟောပြ၊ နေပါက၊ ဆုံးမညွှန်ကြား
မလွယ်ချေ။

အဲဒီလို အဆုံးအမခက်ခြင်း၏ အကြောင်းကိုလဲ ဒီလိုဆက်ပြီး ပြထားပါတယ်၊ ပကပ္ပိတာ ဒိဋ္ဌိပုရက္ခရာနော–ကြံဆမှတ်စွဲထားသော အယူများကို ရှေ့သွားပြုလျက်ရှိနေချေသည်၊ ဝါ–ကြံဆမှတ်စွဲထားသော အယူများကို ရှေ့သွားပြုလျက် ရှိနေသောကြောင့်တည်းတဲ့၊ အဲဒါကို (ကြံဆမှတ်ထား၊ 'ဒယူများ၊ ရှေ့သွားပြုလျက်နေတတ်ချေ–လို့) ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ကြံဆမှတ်ထား၊ အယူများ၊ ရှေ့သွားပြုလျက် နေတတ်ချေ။

ယံ–အကြင်အယူ အကြင်ဆရာကို၊ နိဿိတော–မှီခိုအားထား လျက်ရှိ၏၊ တတ္ထ–ထိုအယူ ထိုဆရာ၌၊ သုဘံ ဝဒါနော–တင့်တယ် သည် ကောင်းမြတ်သည်ဟု ဆိုလေ့ချီးကျူးလေ့ရှိ၏တဲ့၊ သူ့မှီရာအယူနဲ့ သူ့ဆရာ ကိုကောင်းမြတ်တင့်တယ်လို့လဲ ချီးကျူးပြောဆိုနေတတ်ပါ တယ်တဲ့။ အဲဒါကို (အယူမှီရာ၊ သူ့ဆရာ၊ ထိုမှာတင့်တယ် ဆိုတတ် ချေ–လို့) ဆောင်ပုဒ်စီ ထားတယ်၊ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com



အယူမှီရာ၊ သူ့ဆရာ၊ ထိုမှာတင့်တယ် ဆိုတတ်ချေ။

သော–ဆုံးမပြုပြင်ရန် မလွယ်ကူသော ထိုသူသည်၊ သုဒ္ဓိံဝဒေ– သူ့အယူဖြင့် စင်ကြယ်ခြင်းကို ဟောပြောနေလျက်၊ တတ္ထ– ထိုအယူ၌၊ တထံ–သူပြောနေသည့်အတိုင်းပင် မှန်သည်ကို၊ အဒ္ဒသ– ထင်မြင်နေလေတော့၏ တဲ့၊ အဲဒါကို (စင်ကြယ်ဟောပြ၊ သူ့ဝါဒ၊ မှန်လှထင်မြင်နေတတ်ချေ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

စင်ကြယ်ဟောပြ၊ သူ့ဝါဒ၊ မှန်လှထင်မြင်နေတတ်ချေ။

ယခုနေအခါလဲ ဘုရားတရားတော်နှင့်ဆန့်ကျင်ဘက် ဟောပြော နေတာရှိတာဘဲ၊ ဘယ်လိုလဲဆိုတော့ မြတ်စွာဘုရားက သီလကို ရိုရိုသေသေ စောင့်ထိန်းဖို့ ဟောကြားတော်မူခဲ့ပါတယ်၊ တချို့က အဲဒီသီလကို ဆောက်တည် ကျင့်သုံးရန်မလိုဘူးလို့ ဘုရားတရားတော်နဲ့ ဆန့်ကျင်ဘက်ပြောဟောနေကြတယ်၊ မြတ်စွာဘုရားက သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတွေကို မိမိတို့သန္တာန်မှာ ဖြစ်ပွားစေဖို့၊ သမာဓိဘာဝနာ ပညာဘာဝနာတို့ကို ဖြစ်ပွားစေဖို့၊ ဥပါဒါနက္ခန္ဓာဆိုတဲ့ ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ကိုယ်တိုင်သိမြင်အောင်ရှုလျက် ပုဗ္ဗဘာဂမဂ်ဆိုတဲ့ ဝိပဿနာမဂ္ဂင်ကို ဖြစ်ပွားစေဖို့ ဟောတော်မူခဲ့တယ်၊ တချို့က အဲဒီလိုဟောထားတဲ့ ဘုရားစကားတော်တွေကိုပယ်ပြီး တရားအားထုတ်ဖို့မလိုဘူးလို့ ဟောပြောနေကြတယ်၊ အဲဒီလို ဟောပြောချက်တွေဟာ ဘုရားတရားတော်နဲ့ ဆန့်ကျင်ကြောင်း အလွန်ပင် ထင်ရှားနေပါတယ်။

ဒါပေမယ့် အဲဒီလို ဟောပြောချက်တွေကို အမှန်ထင်ပြီး ယုံကြည် နေတဲ့သူတွေကလဲ ရှိနေတာပဲ၊ အဲဒီလို ယုံကြည်နေတဲ့သူတွေကို စပ်ဆိုင် ရာပညာရှိများက သွန်သင်ညွှန်ပြပေးသော်လည်း

http://www.dhammadownload.com



သူတို့က လက်မခံဘူး၊ သူတို့၏ မူလဆရာနဲ့ သူတို့ယုံကြည်ထားတဲ့ ဝါဒကိုသာ အမှန်လို့ထင် မှတ်စွဲလမ်းပြီး တစ်ဆင့်ဝါဒဖြန့် ဟောပြောနေကြတာပဲ၊ အဲဒါဟာ ယခု ဒီအမှတ် ၁၆-ဂါထာက အဆိုနဲ့အညီ ဖြစ်နေတာပါပဲ၊ သံဝေဂဖြစ်စရာ အလွန်ကောင်းပါတယ်။

ဘုန်းကြီး၏ အမြင်အရ ဖော်ပြရရင်တော့ ဗုဒ္ဓသာသနာဝင် အမည်ခံ ပုဂ္ဂိုလ်တိုင်းဟာ ဘုရားဟောတရားတော်ဆိုတဲ့ ဗုဒ္ဓသာသနာတော်နှင့်ညီ-မညီ အထူးသတိပြုပြီး ဆင်ခြင်စရာကောင်းတယ်လို့ ထင်ပါတယ်၊ မြတ်စွာဘုရားရှင်က "ဗုဒ္ဓသာသနာအပြင်ဘက်မှာ မဂ္ဂင်ရှစ်ပါးမရှိဘူး၊ မဂ္ဂင်ရှစ်ပါးမရှိရာမှာ ကိလေသာငြိမ်းတဲ့ သောတာပန်စသည်မရှိဘူး၊ ဗုဒ္ဓသာသနာတော်မှာသာ မဂ္ဂင်ရှစ်ပါးရှိတယ်၊ မဂ္ဂင်ရှစ်ပါးကို ဖြစ်ပွားစေပြီး ကိလေသာငြိမ်းတဲ့ သောတာပန်စသည်ဟာလဲ ဗုဒ္ဓသာသနာတော်မှာသာရှိတယ်လို့" အတိအလင်းဟောကြားထားပါတယ်၊ (ဒီသုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် ၁၂၄) အဲဒီ ဒေသနာတော်အရအားဖြင့် မဂ္ဂင်ရှစ်ပါး ပွားများအားထုတ်မှုကို ပယ်ရင် အဲဒီပယ်မြစ်သူ၏သန္တာန်မှာ ဗုဒ္ဓသာသနာတော် မတည်ဘူးလို့ ဆိုဖွယ်ရာရှိနေပါတယ်၊ နောက်ပြီးတော့ တစ်ချိန်က မဟာနာမ်မင်းက မြတ်စွာဘုရားအား ဒီလိုလျှောက်တယ် "အကြောင်းတစ်ခုခုကြောင့် မြတ်စွာဘုရားကတစ်ဖက်၊ ရဟန်းသံဃာစသည် တစ်လောကလုံးကတစ်ဖက် ကွဲနေမယ်ဆိုရင် တပည့်တော်က မြတ်စွာဘုရားဘက်ကသာ နေပါမည်ဘုရား"လို့ လျှောက်ပါတယ်။ (မဟာဝဂ္ဂသံယုတ်-နှာ-၃၂၆) အဲဒီစကားဟာ အလွန် သင့်မြတ်တဲ့စကားပါပဲ၊ ဗုဒ္ဓ သာသနာဝင်ဆိုရင် ဗုဒ္ဓတရားတော်ကိုသာ အလေး အမြတ်ပြု သင့်ပါတယ်၊ ဒါကြောင့် ဘုရားစကားတော်နဲ့ ဆန့်ကျင်တဲ့ အယူအဆမျိုးကို မကြံမိမပြောမိကြပါစေနဲ့လို့ ကရုဏာရှေ့ထားပြီး ဒီလိုသတိပေး

http://www.dhammadownload.com



စကားကိုလဲ ဖော်ပြရတာပဲ။

ဒီကနေ့အတွက်ဟောတဲ့ ဂါထာ ၂-ပုဒ်၏ အနက်အဓိပ္ပါယ်က တော့ပြည့်စုံ လုံလောက်ပါပြီ၊ အများလူထုအတွက်ဆိုရင်တော့ ဒီသုတ်မှာ ဟောပြောထားတဲ့အတိုင်း အယူမှားကို အမှန်ထင်ပြီး ဟောနေကြတာကို အထူးသတိပြုပြီး ရှောင်ကြဖို့ပါပဲ၊ ယခုဒီမှာ တရားနာနေကြတဲ့ပုဂ္ဂိုလ် တွေအတွက်ကတော့ အမှန်တရားကို ကြားနာပြီး သိပြီးဖြစ်တဲ့အပြင် ကိုယ်တိုင်လဲ အားထုတ်ပြီးတော့ အမှန်ကိုတွေ့ပြီးဖြစ်နေကြသောကြောင့် အဲဒီလို သတိပေးစရာတောင် မလိုပါဘူး၊ မိမိတို့မှာ ကံကောင်းထောက်မ၍ တရားမှန်တွေကိုသာ ကြားနာယုံကြည်ပြီး ကျင့်နေကြရပေတယ်၊ တရားအရသာအမှန်တွေ ကိုလဲ သိသင့်သမျှ သိကြရပေတယ်လို့ နှလုံးသွင်းဆင်ခြင်ပြီး ဝမ်းမြောက်ကြဖို့ သာရှိတာပါပဲ၊ အဲဒီလိုဝမ်းမြောက်ပြီးတော့ စွမ်းနိုင်သမျှ တိုးတက်ရှမှတ် အားထုတ်သွားကြရုံပါပဲ။

အဲဒီလို တိုးတက်အားထုတ်ကြသဖြင့် ဝိပဿနာဉာဏ် တိုးတက် ရင့်သန်ပြီးလျှင် မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန် ကိုလျှင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင် ကြပါစေ။

သာဓု ..... သာဓု ..... သာဓု .....။

http://www.dhammadownload.com

# (၃) မဟာဗျူဟသုတ်

## ဆဋ္ဌမပိုင်း

၁၃၃၉–ခုနှစ်၊ တပို့တွဲလဆန်း (၈)ရက်နေ့ ဟောသည်

------

## တရားအနုသန္ဓေ

မဟာဗျူဟသုတ်ကို ဟောလာတာ ၅–သီတင်းရှိပြီ၊ ဂါထာ အမှတ်(၁၆)အထိ ပြီးခဲ့ပြီ၊ တပို့တွဲလဆန်း(၈)ရက် ဒီကနေ့တော့ အမှတ် (၁၇၊၁၈) ဂါထာများကိုဟောရမယ်။

## အဖြေဂါထာ (၁၇)

၁၇။ န ဗြာဟ္မဏော ကပ္ပမုပေတိ သင်္ခါ၊
န ဒိဋ္ဌိသာရီ နပိ ဉာဏဗန္ဓု။
ဉတွာ စ သော သမ္မုတိယော ပုထုဇ္ဇာ၊
ဥပေက္ခတီ ဥဂ္ဂဟဏန္တိ မညေ။

ဗြာဟ္မဏော–မကောင်းမှု အကုသိုလ်ဟူသမျှကို အပပြုပြီးပယ် ပြီးသော ရဟန္တာသည်၊ သင်္ခါ–သင်္ခါယ–သိသင့်သမျှကို သိပြီး၍၊ ဝါ– သိပြီးဖြစ်သောကြောင့်၊ ကပ္ပံ–တဏှာဖြင့် ဒိဋ္ဌိဖြင့် တွေးတောကြံဆ ခြင်းသို့၊ န ဥပေတိ–မရောက်တော့သည်သာတည်း။

ဗြာဟ္မဏလို့ခေါ်တဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ သိသင့်သမျှကို မှန်စွာ သိပြီးဖြစ်သောကြောင့် တဏှာဖြင့် ကြံဆတွေးတောခြင်းမရှိတော့ဘူး၊ ဒိဋ္ဌိဖြင့် ကြံဆတွေးတောခြင်းလဲ မရှိတော့ဘူးတဲ့၊ အဲဒီမှာ သိသင့်သမျှ ဆိုတာက သစ္စာလေးပါးပါပဲ၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိရမယ်၊ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း တွေ့ထိတိုင်း ကြံသိတိုင်း ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တွေဟာ ဥပါဒါနက္ခန္ဓာဆိုတဲ့ ဒုက္ခသစ္စာ

http://www.dhammadownload.com



တရား ဆင်းရဲအစစ် တရားတွေချည်းပဲ၊ အဲဒါတွေကို ပေါ်လာတိုင်း ရှုမှတ်၍ အဖြစ်အပျက်ကိုသိပြီး အနိစ္စ ဒုက္ခ အနတ္တအနေဖြင့် ပိုင်းခြားပြီး သိရမယ်၊ အဲဒီလိုသိတာဟာ ပိုင်းခြား၍ သိသင့်တဲ့ ဒုက္ခသစ္စာကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြား၍သိခြင်းပဲ။

သမုဒယသစ္စာဆိုတဲ့ နှစ်သက်လိုချင်မှုတဏှာကို ပယ်သော အားဖြင့် သိရမယ်၊ မြင်မှု ကြားမှုစသည်ကို ရှုမှတ်ပြီး အနိစ္စ ဒုက္ခ အနတ္တလို့ သိတိုင်း သိတိုင်း အဲဒီမြင်မှု စသည်မှာ နှစ်သက်လိုချင်မှု မဖြစ်နိုင်တော့ဘူး၊ အဲဒါဟာ သမုဒယသစ္စာကို ပယ်သောအားဖြင့် မှန်စွာသိခြင်းပါပဲ။

ရှုတိုင်း ရှုတိုင်း ရှုသိရတဲ့အာရုံမှာ မသိမှု-အဝိဇ္ဇာကင်းကင်းသွား တယ်၊ အဝိဇ္ဇာကင်းတော့ တဏှာတို့ ဥပါဒါန်တို့ ကံတို့ ကံကြောင့်ဖြစ် မည့်ဘဝသစ် ရုပ်နာမ်ခန္ဓာတို့ဆိုတာတွေဟာလဲ တစ်ပါတည်းကင်းငြိမ်း သွားကြတယ်၊ အဲဒါဟာ တဒင်္ဂနိရောဓသစ္စာကို ပြီးစေသောအားဖြင့် သိသွားတာပဲ။

ရှုတိုင်း ရှုတိုင်း အနိစ္စစသည်ဖြင့် အမှန်အတိုင်း သိသိသွားတဲ့ သဘောတရားတွေက ဝိပဿနာမဂ္ဂင်ဆိုတဲ့ မဂ်တရား မဂ္ဂသစ္စာ တရားပဲ၊ အဲဒါကိုလဲ ပွားစေလျက် သိပြီးဖြစ်သွားတယ်၊ မြင်မှု ကြားမှု စသည်ပေါ်လာတိုင်း ရှုမှတ်ပြီး အဲဒီလို သိသိသွားတာဟာ ဝိပဿနာ မဂ္ဂင်ဖြင့် မှန်စွာသိသွားပုံပါပဲ၊ အဲဒီလို ရှုသိပြီး ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံတဲ့အခါမှာ ကိလေသာတွေနှင့် ရုပ်နာမ်တွေအကုန်လုံး ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို အရိယမဂ်ဖြင့် တွေ့သိသွားတယ်၊ အဲဒါက နိရောဓသစ္စာကို မျက်မှောက် ပြုသွားတာပဲ၊ အဲဒီလို အရိယမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုသွားရင် သစ္စာလေးပါးလုံးကို သိခြင်းကိစ္စ ပြီးသွားတယ်၊ အထူး အားဖြင့် နိဗ္ဗာန်ကို အရဟတ္တမဂ်ဖြင့် မျက်မှောက်ပြုသွားရင် သိသင့်သမျှ

http://www.dhammadownload.com



သိခြင်းကိစ္စ လုံးဝပြည့်စုံသွားတယ်၊ အဲဒီလို သိတာကိုရည်ပြီးတော့ "သဉ်ါယ–သိသင့်သမျှ သိပြီး၍၊ဝါ–သိပြီးဖြစ်သောကြောင့်–လို့" ဆိုထားတာပါပဲ။

ရဟန္တာပုဂ္ဂိုလ်ဟာ အဲဒီလို အမှန်တရားတွေကို သိပြီးဖြစ်သောကြောင့် တဏှာဖြင့် သာယာလျက် ကြံစည်တွေးတောခြင်းလည်း မရှိတော့ဘူး၊ ဒိဋ္ဌိဖြင့် အယူမှားလျက် ကြံစည်တွေးတောခြင်းလည်း မရှိတော့ပါဘူးတဲ့၊ အဲဒါကို (ရဟန္တာမှန်လျှင်၊ သိပြီးလျှင်၊ ဆင်ခြင် တွေးဆ မရှိပြီ–လို့) ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၇။ ရဟန္တာမှန်လျှင်၊ သိပြီးလျှင်၊
ဆင်ခြင် တွေးဆ မရှိပြီ။

န ဒိဋ္ဌိသာရီ–မိစ္ဆာဒိဋ္ဌိနောက်သို့လဲ မလိုက်တော့ပြီ၊ မူလက မိစ္ဆာ အယူရှိသူဖြစ်ပေမယ်လို့ အမှန်တရားကို သိပြီးသောအခါကျတော့ အဲဒီ မိစ္ဆာအယူနောက်သို့လည်း မလိုက်တော့ဘူးတဲ့၊ မိစ္ဆာအယူ အားလျော်စွာ ကြံစည်ယူစွဲခြင်း၊ ပြောဆိုပြုလုပ်ခြင်းမရှိတော့ဘူးလို့ ဆိုလိုပါတယ်၊ ဒါကတော့ သောတာပန်ဖြစ်ကတည်းက ပြီးစီးလာခဲ့တဲ့ ဂုဏ်ပါပဲ၊ ရဟန္တာဖြစ်တဲ့ အခါကျတော့ သာပြီးထင်ရှားလာပါတယ်။ နောက်ပြီးတော့ နပိ ဉာဏဗန္ဓု–ဉာဏ်ဖြင့် ဖွဲ့တွယ်အပ်သော မိတ်ဆွေ လည်းမရှိတော့ပေ၊ ဝါ–ဉာဏ်ဖြင့်တဏှာဒိဋ္ဌိကို မိတ်ဖွဲ့ခြင်းလဲ မရှိတော့ ပေတဲ့၊ အဲဒီမှာ ဉာဏဗန္ဓု– ဉာဏ်ဖြင့် မိတ်ဖွဲ့တယ်ဆိုတာ နက်နဲပါ တယ်၊ အသိခက်ပါတယ်၊ ဒီပုဒ်ကိုကြားရရုံ မြင်ရရုံနဲ့တော့ ဘယ်လို ဉာဏ်ဖြင့် မိတ်ဖွဲ့တယ်ဆိုတာကို သိနားလည်ဖို့ မလွယ်ပါဘူး၊ မြတ်စွာ ဘုရား ဟောစဉ်တုန်းက ရိုးရိုးစကား ဝါကျများဖြင့် အကျယ် ဟောပြီးမှ ဂါထာဖြင့် အကျဉ်းချုပ် ဟောခဲ့လေသလားလို့ စဉ်းစားဖွယ် ရှိပါတယ်။

ယခုတော့ မဟာနိဒ္ဒေသ အဖွင့်ကိုကြည့်ပြီးတော့ လောကီစျာန်

http://www.dhammadownload.com



သမာပတ်(၈)ပါး၌ ပါဝင်သောဉာဏ်၊ လောကီအဘိညာဉ်ဉာဏ်တို့ဖြင့် မိတ်ဖွဲ့ခြင်းမရှိတာဆိုလိုကြောင်း သိရပါတယ်၊ မိတ်ဖွဲ့ပုံကတော့ ဈာန်ရတဲ့ပုဂ္ဂိုလ်မှာ ဈာန်အဘိဉာဏ်ဖြင့် သာယာတပ်မက်ခြင်းလဲ ဖြစ်နိုင်တယ်၊ အယူမှားကို စွဲယူခြင်းလဲဖြစ်နိုင်တယ်၊ ထူးခြားစွာသိတဲ့ အဘိညာဉ်ဉာဏ်ကိုမှီ၍ သာယာတပ်မက်မှုလဲဖြစ်နိုင်တယ်၊ သဿတဒိဋ္ဌိစသော မိစ္ဆာအယူလဲဖြစ်နိုင်တယ်။ အဲဒါတွေဟာ ဉာဏ်ဖြင့် တဏှာဒိဋ္ဌိကိုမိတ်ဖွဲ့ခြင်းတွေပါပဲ၊ ရဟန္တာမှာတော့ အဲဒီလို ဉာဏ်ဖြင့် မိတ်ဖွဲ့ခြင်း လုံးဝမရှိတော့ပါဘူးတဲ့။ အဲဒါကို (ဒိဋ္ဌိနောက်လဲ၊ မလိုက်ဘဲ၊ ဉာဏ်စွဲမိတ်ဆွေမဖွဲ့ပြီ-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဒိဋ္ဌိနောက်လဲ၊ မလိုက်ဘဲ၊ ဉာဏ်စွဲမိတ်ဆွေမဖွဲ့ပြီ။

သော-ထိုရဟန္တာသည်၊ ဥတ္တာ-မှန်စွာသိပြီး၍၊ ဝါ-မှန်စွာသိပြီးဖြစ်သောကြောင့်၊ ပုထုဇ္ဇာ-များစွာသော မိစ္ဆာအယူရှိသူတို့ကြောင့် ဖြစ်ကုန်သော၊ သမ္မုတိယော စ- သမုတ်ပညတ်ထားသော မိစ္ဆာအယူတို့ကိုလည်း၊ ဥပေက္ခတိ-ဂရုမစိုက်ဘဲ လျစ်လျူရှုလျက်ရှိပေ၏-တဲ့၊ ရဟန္တာမဖြစ်မီက ပထမဆုံးအနေအားဖြင့်ဆိုလျှင်တော့ သောတာပန်မဖြစ်မီက မိစ္ဆာအယူတွေ ရှိရင်လဲ ရှိနိုင်တယ်၊ သောတာပန်ဖြစ်ကတည်းက အဲဒီ မိစ္ဆာအယူတွေဟာ ကင်းစင်ခဲ့တယ်၊ ရဟန္တာဖြစ်တဲ့အခါကြတော့ ကင်းရှင်းကြောင်း သာပြီးထင်ရှားတယ်၊ အဲဒါကို (တိတ္ထိအများ၊ သမုတ်ထား၊ များပြားအယူတွေ၊ သိပြီးမှန်စွာ၊ ရဟန္တာ၊ ရှုကာလျစ်လျူနေ-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

တိတ္ထိအများ၊ သမုတ်ထား၊များပြားအယူတွေ။
သိပြီးမှန်စွာ၊ ရဟန္တာ၊ ရှုကာ လျစ်လျူနေ။

အဲဒီမှာ "သိပြီး မှန်စွာ" ဆိုတာက မှန်စွာသိပြီးတော့ မှန်စွာ

http://www.dhammadownload.com



သိပြီးဖြစ်သောကြောင့်လို့ ဆိုလိုတာပါပဲ၊ အဲဒီ အယူအတွက် ရဟန္တာက ဂရုမစိုက် နှလုံးမသွင်းဘဲ လျစ်လျူရှုနေပေမယ်လို့ ရဟန္တာနှင့်ဆန့်ကျင် ကွဲပြားတဲ့ ပုထုဇဉ်တွေကတော့ အဲဒါတွေကို အလွန်ကောင်းမြတ် တဲ့အနေဖြင့် မြဲမြံစွာ ယူဆနေကြတယ်၊ ဒါကြောင့် အဋ္ဌေ–ရဟန္တာနှင့် ဆန့်ကျင်ကွဲပြား အခြားသောပုဂ္ဂိုလ်တို့သည်၊ ဥဂ္ဂဟဏန္တိ– မြဲမြံစွာ စွဲယူလျက် ရှိကြကုန်၏တဲ့၊ အဲဒါကို (အခြားသူတွေဟာ၊ ခိုင်မြဲစွာ၊ ယူကာနေကြချေ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

အခြားသူတွေဟာ၊ ခိုင်မြဲစွာ၊ ယူကာနေကြချေ။

အဲဒီမှာ ရဟန္တာမှ အခြားသူတွေလို့ အနက်ရပေမယ့် ရဟန္တာ နှင့် သဘောကွဲပြားဆန့်ကျင်တဲ့ ပုထုဇဉ်ကိုသာ ဆိုလိုပါတယ်၊ အခြား အရိယာတွေ ကိုတော့ မဆိုလိုပါဘူး၊ ဒါကြောင့် ရဟန္တာနှင့် ဆန့်ကျင် ကွဲပြား အခြားပုဂ္ဂိုလ် တို့သည်–လို့ အနက်အထူးဖော်ပြီးပြန်ခဲ့တာပါပဲ။

## အဖြေဂါထာ (၁၈)

၁၈။ ဝိသဇ္ဇ ဂန္ထာနိ မုနီဓ လောကေ၊
ဝိဝါဒဇာတေသု န ဝဂ္ဂသာရီ။
သန္တော အသန္တေသု ဥပေက္ခကော သော၊
အနုဂ္ဂဟော ဥဂ္ဂဟဏန္တိ မည္ဉေ။

ဣဓ လောကေ–ဤလောက၌၊ မုနိ–မုန်စွာသိပြီးသော ရဟန္တာရဟန်းသည်၊ ဂန္ထာနိ–သံသရာ၌ ဖွဲ့တွယ်တတ်သော ဂန္ထလေးပါး ကိလေသာ တရားတို့ကို၊ ဝိသဇ္ဇ–ပယ်စွန့်ပြီး၍၊ ဝါ–ပယ်စွန့်ပြီး ဖြစ်သောကြောင့်၊ ဝိဝါဒဇာတေသု–ဖြစ်သော ငြင်းခုံမှုရှိသော လူတို့၌၊ ဝါ–အယူအစွဲဖြင့် ကွဲလွဲငြင်းခုံနေကြသောသူတို့၌၊ န ဝဂ္ဂသာရီ– ကွဲလွဲသော အယူနောက်သို့ မလိုက်တော့ပေ၊ ဝါ–အယူကွဲသောအားဖြင့်

http://www.dhammadownload.com



သူတို့ထဲ၌ မပါဝင်တော့ပေတဲ့။

ရဟန္တာဟာ ဖွဲ့တွယ်တတ်သော ဂန္ထလေးပါးလုံးကို စွန့်ပယ်ပြီး ဖြစ်သောကြောင့် အယူအစွဲဖြင့် ကွဲလွဲငြင်းခုံနေကြသောသူတွေထဲမှာ ကွဲပြားကြောင်းဖြစ်တဲ့ အယူကို လက်ခံသောအားဖြင့် မပါဝင်တော့ဘူး၊ မည်သူနှင့်မျှ ဆန့်ကျင်ကွဲပြားခြင်း မရှိတော့ဘူး–လို့ ဆိုလိုပါတယ်၊ အဲဒီမှာ ဖွဲ့တွယ်တတ်သော ဂန္ထလေးပါးဆိုတာက (၁)အဘိဇ္ဈာကာယ ဂန္ထ၊ (၂)ဗျာပါဒ ကာယဂန္ထ၊ (၃) သီလဗ္ဗတပရာမာသကာယဂန္ထ၊ (၄) ဣဒံသစ္စာဘိနိဝေသကာယဂန္ထ ဆိုတဲ့ ဒီလေးပါးပါပဲ။

အတိုချုပ်ပြောရရင်တော့ အဘိဇ္ဈာဆိုတဲ့ လောဘရယ်၊ ဗျာပါဒဆိုတဲ့ ဒေါသရယ်၊ သီလဗ္ဗတပရာမာသဆိုတဲ့ အလေ့အကျင့် အမှားကို အမှန်လို့ ထင်မြင်ယူဆတဲ့ ဒိဋ္ဌိရယ်၊ မိမိအယူသာမှန်တယ်၊ အခြားအယူတွေဟာ အမှားချည်းပဲလို့ ထင်မြင်ယူဆတဲ့ (ဣဒံသစ္စာ–ဘိနိဝေသ–ခေါ်) ဒိဋ္ဌိရယ် ဒီလေးပါးပါပဲ၊ အဲဒီလေးပါးဟာ လက်ရှိ ရုပ်နာမ်အပေါင်းဆိုတဲ့ ကာယနဲ့ နောက်ဘဝ ရုပ်နမ်အပေါင်းဆိုတဲ့ ကာယကို ဆက်စပ်ပြီးဖြစ်စေတတ်သောကြောင့် အဲဒီလေးပါးကို ကာယဂန္ထလို့ခေါ်တယ်၊ ဘဝသစ်ရုပ်နာမ် အပေါင်းတွေ အဆက် မပြတ်ဖြစ်အောင် ဖွဲ့တွယ်စေတဲ့တရားလို့ ဆိုလိုတာပါပဲ၊ ဥပမာအားဖြင့် ကြိုးတစ်စနှင့်တစ်စ ဆက်စပ်ဖွဲ့တွယ်ပေးတာမျိုးပါပဲ၊ အဲဒီလေးပါးထဲမှာ လိုချင်နှစ်သက်ပြီး ရှေးရှုကြံစည်တတ်တဲ့ အဘိဇ္ဈာ–လောဘဆိုတာ ကတော့ ထင်ရှားပါတယ်၊ ပြစ်မှားသေပျက်စေလိုတဲ့ ဗျာပါဒဒေါသ ဆိုတာကလဲ ထင်ရှားပါတယ်၊ ဒါကြောင့် အဲဒီဂန္ထ ၂–ပါးကိုတော့ အထူးပြောနေစရာ မလိုပါဘူး။

ကျန်တဲ့ ၂–ပါးကတော့ မိစ္ဆာဒိဋ္ဌိချည်းပါးပဲ၊ ဒါပေမယ့် ထူးခြားပုံကတော့ ဣဒံသစ္စာဘိနိဝေသဆိုတဲ့အယူက မိမိအယူသာ

http://www.dhammadownload.com



မှန်တယ်၊ အခြား အယူဟူသမျှဟာ အမှားချည်းပဲလို့ ထင်မြင်ယူစွဲတဲ့ ဒိဋ္ဌိပဲ၊ အဲဒီ ဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိ ၆၂-ပါးလုံးနဲ့ဆိုင်တယ်။

အလေ့အကျင့်မျှဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်လို့ ထင်မြင်ယူစွဲတဲ့ သီလဗ္ဗတပရာမာသ အယူကတော့ ဗုဒ္ဓသာသနာအပြင်ဘက်က အကျင့်ဟူသမျှကို ယုံကြည်ယူစွဲတဲ့ အယူပါပဲ၊ ဗုဒ္ဓသာသနာတော်တွင်း အကျင့်မှန်က သစ္စာလေးပါးကိုသိအောင် မဂ္ဂင်ရှစ်ပါးဆိုတဲ့ သီလ သမာဓိ ပညာကို ဖြစ်ပွားစေရတယ်၊ သီလနှင့် သမာဓိကိုအခြေခံ မှီငြမ်းပြုပြီး ဝိပဿနာပညာကို ဖြစ်ပွားစေရတာပါပဲ၊ အဲဒါဟာ ဗုဒ္ဓသာသနာတော်က အကျင့်လမ်းမှန်အစစ်ပဲ၊ သတိပဋ္ဌာန်ကို ပွားစေတယ်၊ မဂ္ဂင်ကို ပွားစေတယ်၊ ဗောဇ္ဈင်ကို ပွားစေတယ်၊ ဗောဓိပက္ခိယတရားကို ပွားစေတယ်ဆိုတာတွေလဲ သဘောအားဖြင့် အတူတူပါပဲ၊ ဝိပဿနာရှုပြီး ပွားစေရတာချည်းပါပဲ။

ဗုဒ္ဓသာသနာတော်အပြင်ဘက်မှာတော့ သစ္စာလေးပါးကို သိအောင် မဂ္ဂင်ရှစ်ပါးကို ဖြစ်ပွားစေရတယ်ဆိုတာ မရှိဘူး။ တစ်စုံတစ်ခုသော အလေ့အကျင့်မျှဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်လို့ ထင်မြင်ယူဆ နေကြတယ်၊ ဘယ်လိုဟာတွေလဲဆိုတော့ နွား,ခွေး,စသည်တို့၏ အလေ့ အကျင့်မျိုး၊ နတ်သိကြား ဘုရားသခင်းကို ကိုးကွယ်ပူဇော်တဲ့အလေ့အကျင့်မျိုး၊ နေ,လ စသည်ကို ကိုးကွယ်ပူဇော်တဲ့ အလေ့အကျင့်မျိုး၊ ဒီလိုအလေ့ အကျင့်တွေပါပဲ၊ နွား,ခွေးတို့၏အလေ့အကျင့်ကိုတော့ မဇ္ဈိမပဏ္ဏာသ ကုက္ကုရဝတိကသုတ် သုတ်ပါထေယျ ပါထိကသုတ်များမှာ ပြဆိုထားပါတယ်၊ မြန်မာလို လွယ်လွယ်နဲ့သိချင်ရင်တော့ ဘုန်းကြီးဖွင့်ပြဟောကြားထားတဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး ဒုတိယတွဲ(နှာ-၁၀၅) စသည်မှာ ကြည့်နိုင်ပါတယ်၊ အဲဒီမှာတော့ အခြားအလေ့အကျင့်တွေလဲ ထုတ်ပြထားလျက်

http://www.dhammadownload.com



ရှိပါတယ်။

အဲဒီအလေ့အကျင့်တွေထဲမှာ သစ္စာလေးပါးသိအောင် ကျင့်တာလဲ မပါဘူး၊ မဂ္ဂင်ရှစ်ပါးကို ပွားစေတာလဲမပါဘူး၊ မဂ္ဂင်ရှစ်ပါးကို မပွားစေလို့ သစ္စာလေးပါးကို မသိရင် ကိလေသာမငြိမ်းဘူး၊ ကိလေသာမငြိမ်းရင် သံသရာဝဋ်ဆင်းရဲမှ မလွတ်ဘူး၊ အဲဒီလို သံသရာဝဋ်ဆင်းရဲမှ မလွတ်ပါဘဲ လွတ်တဲ့အနေဖြင့် ယုံကြည်ယူဆတာဟာ သီလဗ္ဗတ–ပရာမာသအယူပဲ၊ အဲဒါကို (သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ စွဲယုံကြည်၊ ခေါ်သည်သီလဗ္ဗတပရာမာသတည်း–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ချမ်းသာမြဲမည်၊
စွဲယုံကြည်၊ ခေါ်သည်သီလဗ္ဗတ ပရာမာသတည်း။

တချို့က သီလမျှဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်လို့ ယုံကြည်ယူစွဲနေကြတယ်၊ တချို့က ရှုပစျာန် အရှုပစျာန်မျှဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်လို့ ယုံကြည်ယူစွဲနေကြတယ်၊ အဲဒီလို ယုံကြည်ယူစွဲနေတာလဲ သီလဗ္ဗတပရာမာသချည်းပဲ၊ သီလလောက်ချာန် သမာဓိလောက်တောင် မဖြစ်စေဘဲ အလေ့အကျင့်မျှဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်လို့ ယုံကြည်ယူစွဲတာကို သီလဗ္ဗတပရာမာသမည်ကြောင်း အထူးပြောစရာမလိုပါဘူး၊ အဲဒီအကြောင်းအရာကို ဝိသုဒ္ဓိမဂ် မဟာဋီကာ ဒုတိယတွဲ (နှာ–၃၃၃) မှာ ပြဆိုထားပါတယ်။

ဒါကြောင့် ရုပ်နာမ် အဖြစ်အပျက် အနိစ္စ,ဒုက္ခ,အနတ္တဆိုတဲ့ ဒုက္ခ သစ္စာကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိအောင်ရှုခြင်း, အရိယမဂ်ဖိုလ်ကို ဖြစ်စေ ခြင်းမရှိပဲ ဆင်ခြင်ရုံမျှစသော အလွယ်နည်းဖြင့် ကိစ္စပြီးတယ်လို့ ယုံကြည် ယူဆပြော ဆိုတာလဲ သီလဗ္ဗတပရာမာသထဲ အတွင်းဝင်မဝင်

http://www.dhammadownload.com



ဆင်ခြင်ဆုံးဖြတ်ဖို့ လိုပါတယ်။

အရေးကြီးတာကတော့ မြတ်စွာဘုရား၏ သာသနာဝင်ဆိုရင် မြတ်စွာဘုရား၏ အလိုတော်နှင့်အညီ လိုက်နာကျင့်သုံးဖို့ဟာ အလွန် အရေးကြီးပါတယ်၊ မြတ်စွာဘုရားရှင်က–

"ပဉ္စသု ဥပါဒါနက္ခန္ဓေသု–ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ တို့၌၊ ဥဒယဗ္ဗယာနုပဿီနော–အဖြစ် အပျက်ကိုရှုလျက်၊ ဝိဟရတော– နေ့စဉ်၊ တဿ–ထိုငါ၏၊ စိတ္တံ–စိတ်သည်၊ န စိရဿေဝ–မကြာမီပင် လျှင်၊ အနုပါဒါယ–မစွဲလမ်းမူ၍၊ အာသဝေဟိ–အာသဝကိလေသာ တို့မှ၊ ဝိမုစ္စိ–လွတ်မြောက်ခဲ့လေပြီ၊ ဝါ–လွတ်မြောက်လျက် သမ္မာ– သမ္ဗုဒ္ဓ–ဘုရားအဖြစ်သို့ ရောက်ခဲ့လေပြီ" လို့ မိမိကိုယ်တော်တိုင် တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ၏ အဖြစ်အပျက်ကိုရှုလျက် ဝိပဿနာမဂ္ဂင်များကို ပွားစေပြီး အရဟတ္တမဂ်ဖိုလ်သို့ရောက်လျက် ဘုရားဖြစ်ခဲ့ပုံကို အထင်အရှား ဟောတော်မူထားပါတယ်၊ (ဒီဃနိကာယ မဟာဝဂ္ဂ မဟာပဒါနသုတ် နှာ–၃၀)။

ဓမ္မစက္ကပ္ပဝတ္တနသုတ်မှာလဲ အဲဒီလို ဝိပဿနာမဂ္ဂင် ပွားစေခဲ့ ပုံကို (မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ) စသည်ဖြင့် အထင် အရှား ဟောထားပါတယ်၊ နောက်ပြီးတော့ မဂ္ဂသစ္စာဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို မိမိသန္တာန် ဖြစ်ပွားစေရမယ်ဆိုတာကိုလဲ ဓမ္မစက္ကပ္ပဝတ္တနသုတ်စသည်မှာ အထင်အရှား ဟောထားပါတယ်။

ဥပါဒါနက္ခန္ဓာဆိုတာ မြင်ခိုက် ကြားခိုက်စသည်မှာ ထင်ရှား ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တရားတွေပဲ၊ အဲဒီတရားတွေကို ပေါ်တိုင်း ပေါ်တိုင်း မရှုမိရင် တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းတယ်၊ ရှုပြီး အဲဒီတရား တွေ၏ အဖြစ်အပျက် အနိစ္စစသည်ကိုသိရင် ပုဗ္ဗဘာဂမဂ်ဆိုတဲ့ ဝိပဿနာမဂ္ဂင်တွေ ဖြစ်ပွားတယ်၊ အဲဒီ ဝိပဿနာမဂ္ဂင်တွေ ရင့်သန်

http://www.dhammadownload.com



ပြည့်စုံတဲ့အခါကျမှ အရိယမဂ်လေးပါးဆိုတာ ဖြစ်တယ်၊ အဲဒါဟာ ဘုရားရဟန္တာ အရိယာလောင်းလျာတိုင်း၏ သန္တာန်မှာ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ အဲဒီ ဖြစ်ရိုးဖြစ်စဉ်အရ ဝိပဿနာမရှုလျှင် အနုလောမဆိုတဲ့ ဝိပဿနာဉာဏ်ဟာ မဖြစ်နိုင်ဘူး၊ အနုလောမဉာဏ်မဖြစ်ရင် ဂေါတြဘူဉာဏ်ဆိုတာလဲ မဖြစ်နိုင်ဘူး၊ ဂေါတြဘူဉာဏ်မဖြစ်ရင် မဂ်လေးပါးဆိုတာလဲ မဖြစ်နိုင်ဘူး၊ မဂ်လေးမဖြစ်ရင် ဖိုလ်လေးပါးဆိုတာလဲ မဖြစ်နိုင်ဘူး၊ အဲဒါဟာ အနုလောမဝိပဿနာက မိမိ၏အခြားမဲ့၌ ဂေါတြဘူကို ဖြစ်စေတယ်။ ဂေါတြဘူက မိမိ၏ အခြားမဲ့၌ အရိယမဂ်ကို ဖြစ်စေတယ်။ အရိယမဂ်က မိမိ၏အခြားမဲ့၌ အရိယဖိုလ်ကိုဖြစ်စေတယ်''လို့ ဟောထားတဲ့ ပဋ္ဌာန်းပါဠိတော်ဖြင့်အလွန်ထင်ရှားပါတယ်။

ဒါကြောင့် ''ဝိပဿနာမရှုဘဲ အခြားနည်းဖြင့် ကိစ္စပြီးတယ်'' လို့ ဟောပြောတဲ့ ဝါဒဟူသမျှဟာ ယခုပြဆိုခဲ့တဲ့ မဟာပဒါနသုတ် ဓမ္မစက္ကပ္ပဝတ္တနသုတ်စသည်တို့နှင့်လဲ ဆန့်ကျင်တယ်၊ ယခုပြောခဲ့တဲ့ ပဋ္ဌာန်း ပါဠိတော်နှင့်လဲ ဆန့်ကျင်တယ်၊ မဟာသတိပဋ္ဌာနသုတ်စသည်တို့နှင့်လဲ ဆန့်ကျင်တယ်၊ အဲဒီ ဘုရားဟောဗုဒ္ဓတရားတော်ဆိုတဲ့ ဗုဒ္ဓသာသနာတော်နှင့် မဆန့်ကျင်ဘဲ တစ်သားတည်း ညီညွတ်အောင် ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တိုင်း အထူးသတိ ပြုသင့်ပါတယ်။

ယခုဖော်ပြခဲ့တဲ့ ဂန္ထလေးပါးထဲက သီလဗ္ဗတပရာမာသနဲ့ ဣဒံသစ္စာဘိနိဝေသဆိုတဲ့ ဒိဋ္ဌိ ၂-ပါးကတော့ သောတာပန်ဖြစ်ကတည်းက ကင်းခဲ့ပါပြီ၊ ဗျာပါဒဆိုတဲ့ ဒေါသကလဲ အနာဂါမ်ဖြစ်ကတည်းက ကင်းခဲ့ပါပြီ၊ အဘိဇ္ဈာဆိုတဲ့ လောဘကတော့ ရဟန္တာဖြစ်တဲ့အခါ ဂန္ထလေးပါးလုံး ကိုစွန့်ပယ်ပြီးဖြစ်သောကြောင့် အယူဝါဒအစွဲ အလမ်းကို မှီ၍ တကယ်ငြင်းခုံ နေကြသူတွေ စိတ်ကူးသက်သက်ဖြင့် ငြင်းခုံနေကြသူတွေထဲမှာ တစ်ဖက်ဖက်က အယူကိုလက်ခံလျက် သူတို့၏

http://www.dhammadownload.com



အကွဲအပြားထဲပါဝင်ခြင်း မရှိတော့ပါဘူးတဲ့၊ အဲဒါကို (ဂန္ထလေးဖြာ၊ ရဟန္တာ၊ ပယ်ခွါစွန့်ပြီးပြီ။ ငြင်းခုံနေဆဲ၊ အများထဲ၊ ဂိုဏ်းကွဲပါဝင် မပြုပြီ-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုဆိုကြရမယ်။

၁၈။ ဂန္ထလေးဖြာ၊ ရဟန္တာ၊ ပယ်ခွါစွန့်ပြီးပြီ။
ငြင်းခုံနေဆဲ၊ အများထဲ၊ ဂိုဏ်းကွဲပါဝင် မပြုပြီ။

သော-ထိုရဟန္တာသည်၊ အသဗ္ဗေသု-အယူများကိုစွဲလျက် မငြိမ် မသက်သောသူတို့၌၊ သဗ္ဗော-အယူစွဲကင်းလျက် ငြိမ်သက်သည်ဖြစ်၍၊ ဥပေက္ခကော-အယူစွဲရှိသူများနှင့် ထိုအယူစွဲတို့ကို လျစ်လျူရှုလျက် ငြိမ်သက်နေပေ၏တဲ့၊ အဲဒါကို (မငြိမ်သက်စွာ၊ လူထဲမှာ၊ ငြိမ်ကာလျစ်လျူရှုနေ ပေသည်-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကိုဆိုကြရမယ်။

မငြိမ်သက်စွာ၊ လူထဲမှာ၊ ငြိမ်ကာလျစ်လျူရှုနေပေသည်။

အဲဒါဟာ "စက္ခုနာ ရူပံ ဒိသွာ-မျက်စိဖြင့် အဆင်းကို မြင်ပြီးလျှင်၊ နေဝ သုမနော ဟောတိ န ဒုမ္မနော-ဝမ်းသာသည်လည်း မဟုတ် နှလုံးမသာသည် လည်းမဟုတ်ပေ၊ သတော-အမှတ်ရလျက်၊ သမ္ပဇာနော-မှန်စွာသိသည်ဖြစ်၍၊ ဥပေက္ခကော ဝိဟရတိ-အညီအမျှ လျစ်လျူရှုလျက်နေပေ၏" စသည်ဖြင့် ဟောထားတဲ့ ဆဠင်္ဂုပေက္ခာ အရ အညီအမျှ လျစ်လျူရှုနေတာပါပဲ။

အညေ-ရဟန္တာနှင့် ဆန့်ကျင်ကွဲပြား အခြားသူတို့သည်၊ ဥဂ္ဂဟာဏန္တိ-မိစ္ဆာအယူကို မြဲမြံစွာယူလျက် ရှိကြကုန်၏၊ သော-ထိုရဟန္တာ သည်ကား၊ အနုဂ္ဂဟော-အယူဝါဒဟူသမျှကို မစွဲမယူ လျစ်လျူရှုလျက် သာရှိပေ၏တဲ့၊ အဲဒါကို (အခြားသူတွေက၊ စွဲယူကြ၊ သူကမယူ ကင်းပေသည်-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

အခြားသူတွေက၊ စွဲယူကြ၊ သူကမယူ ကင်းပေသည်။

http://www.dhammadownload.com



ဒီဂါထာ ၂-ပုဒ်ဖြင့်သိစေလိုရင်းကတော့ မိစ္ဆာအယူဝါဒတွေကို စွဲယူ ပြီးတော့ ငြင်းခုံနေကြတဲ့သူတွေက သူတို့ဟာဗြာဟ္မဏပါလို့ ဝန်ခံနေကြပေမယ့် ကိလေသာတွေကို အပပြုပြီး စွန့်ပယ်ပြီးဖြစ်တဲ့ ရဟန္တာဗြာဟ္မဏအစစ်မဟုတ် ကြောင်းကိုလည်းသိစေတယ်၊ "သစ္စာလေးပါးကို မှန်စွာသိပြီးတော့ ကြံစည်တွေးဆခြင်းလဲမရှိ၊ အယူဝါဒနောက်သို့လည်း မလိုက်၊ ဈာန်ဉာဏ် လောကီ အဘိညာဉ်ဉာဏ်တို့ဖြင့် တဏှာဒိဋ္ဌိကို ဖွဲ့တွယ်ခြင်းလည်းမရှိဘဲ အယူဝါဒဟူသမျှကို လျစ်လျူရှုနေနိုင်တဲ့ ရဟန္တာဗြာဟ္မဏအစစ်ဖြစ်အောင် ကျင့်ရမယ်" လို့လဲ သိစေပါတယ်၊ နောက်ပြီးတော့ "ဂန္ထလေးပါးကို ပယ်ပြီးဖြစ်လျက် ဝါဒအငြင်း အခုံအကွဲအပြားထဲမှာ ပါဝင်လိုစိတ်ကင်းတဲ့ မုနိအစစ်ဖြစ်အောင်လဲ အားထုတ်ရမယ်၊ အယူဝါဒဖြင့်ငြင်းခုံလျက် မငြိမ်သက်တဲ့ သူတွေထဲမှာ ငြိမ်သက်စွာ လျစ်လျူရှုနေနိုင်တဲ့ မုနိအစစ်ဖြစ်အောင်လဲ အားထုတ်ရမယ်" ဆိုတာကိုလဲ သိစေပါတယ်။

ယခုဒီမှာ သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ ရှုမှတ်အားထုတ်နေကြတာဟာ အဲဒီဗြာဟ္မဏအစစ် မုနိအစစ်ဆိုတဲ့ ရဟန္တာဖြစ်ပြီး ဆင်းရဲ ခပ်သိမ်းငြိမ်းရအောင် အားထုတ်နေကြတာပဲ၊ ဒါကြောင့်-ဒီတရားတော် ကိုကြားနာပြီးတော့ သတိသမာဓိဉာဏ်များပြည့်စုံသင့်သမျှ ပြည့်စုံရအောင် တိုးတက်ပြီး ရှုမှတ်အားထုတ်သွားကြရုံပါပဲ။

အဲဒီလို တိုးတက်ပြီး ရှုမှတ်အားထုတ်သောအားဖြင့် မိမိတို့အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု ..... သာဓု ..... သာဓု .....။

http://www.dhammadownload.com

# (၃) မဟာဗျူဟသုတ်

## သတ္တမပိုင်း

၁၃၃၉-ခုနှစ်၊ တပို့တွဲလဆုတ် (၈)ရက်နေ့ ဟောသည်

-----

### တရားအနုသန္ဓေ

မဟာဗျူဟသုတ်ကို ဟောလာတာ ၆-သီတင်းရှိပြီ၊ ဂါထာ အမှတ်(၁၈) အထိပြီးခဲ့ပြီ၊ တပို့တွဲလပြည့်နေ့ကတော့ ဖျာပုံ သာသနာ့ရိပ်သာ ၂၅-နှစ်မြောက် ငွေရတုပွဲကို သွားနေရလို့ ဒီသုတ်တရားကို ဟောခွင့်မရခဲ့ဘူး၊ တပို့တွဲလ ဆုတ်(၈)ရက် ဒီနေ့ ကတော့ အမှတ်(၁၉)နှင့် (၂၀) နောက်ဆုံးဂါထာကို ဟောရမယ်။

### အဖြေဂါထာ (၁၉)

၁၇။ ပုဗ္ဗာသဝေ ဟိတွာ နဝေ အကုဗ္ဗံ၊
န ဆန္ဒဂူ နောပိ နိဝိဿဝါဒီ။
သ ဝိပ္ပမုတ္တော ဒိဋ္ဌိဂတေဟိ ဓီရော၊
န လိမ္ပတိ လောကေ အနတ္တဂရဟီ။

သော-ထိုရဟန္တာပုဂ္ဂိုလ်သည်၊ ပုဗ္ဗာသဝေ-ရှေးအာသဝေါ တို့ကို၊ ဟိတွာ-ပယ်ပြီး၍၊ နဝေ-အသစ် အာသဝေါတို့ကိုလည်း၊ အကုဗ္ဗံ-မပြုသည်၊ ဟောတိ-ဖြစ်၏-တဲ့။

ရှေးအာသဝေါဆိုတာ ရှေးကာလက မြင်ကြားတွေ့သိခဲ့ရတဲ့ ရုပ်နာမ် အာရုံတွေကို ပြန်လည်ဆင်ခြင်ပြီး ဖြစ်နိုင်တဲ့ ကာမရာဂစသော အကုသိုလ် ကိလေသာတွေပဲ၊ ဝိပဿနာရှုနေတဲ့ယောဂီလဲ အဲဒီ အာသဝေါကိလေသာတွေ မဖြစ်နိုင်အောင် ပယ်နေရတာပဲ၊ ပယ်ပုံ ကတော့ ဖောင်းတယ်, ပိန်တယ်စသည်ဖြင့် ရှုမှတ်နေရင်း ရှေးဟောင်း နှောင်းဖြစ်တွေ ကြံစည်မိရင် အဲဒီ ကြံစည်တဲ့စိတ်ကို ရှုမှတ်ပြီး ပယ်ရ

http://www.dhammadownload.com



တယ်၊ ရဟန္တာမှာတော့ အရဟတ္တမဂ်ရောက်ကတည်းက ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်လည်ကြံတွေးပြီးဖြစ်မည့် အကုသိုလ်ကိလေသာဟူသမျှတွေကို အကြွင်းမဲ့ ပယ်ပြီးဖြစ် ပါတယ်၊ အဲဒီလို ပယ်ပြီးဖြစ်တာကို ရည်ပြီးတော့ "ရှေးအာသဝေါတို့ကို ပယ်ပြီး၍" လို့ဆိုတာပါပဲ၊ အသစ်အာသဝေါတို့ကိုလည်းမပြုဘူး–ဆိုတာကတော့ မြင်ဆဲကြားဆဲစသော ပစ္စုပ္ပန် အာရုံတွေနှင့်စပ်ပြီး ဖြစ်မည့်ကိလေသာတွေ ဖြစ်ခွင့်မရှိတော့ဘဲ ကင်းငြိမ်းနေတာကို ဆိုတာပါပဲ၊ အဲဒါကို (ရှေးအာသဝ၊ စွန့်ပယ်ချ၊ နောက်မှ အသစ်မပြုပြီ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၁၉။ ရှေးအာသဝ၊ စွန့်ပယ်ချ၊နောက်မှ အသစ်မပြုပြီ။

န ဆန္ဒဂူ–အလိုဆန္ဒနောက်သို့လည်း မလိုက်ပြီတဲ့၊ ဆန္ဒဂတိ ဒေါသာဂတိစသော အဂတိလေးပါးနောက်သို့ မလိုက်ကြောင်းလဲ မဟာနိဒ္ဒေသမှာ ဖွင့်ပြထားပါတယ်၊ တဏှာဆိုတဲ့အလိုနောက်သို့ မလိုက်ဘူးလို့ဆိုတာက ပိုပြီးရှင်းပါတယ်၊ ပုထုဇ္ဇဉ်တွေမှာ တဏှာအလိုနောက်လိုက်ပြီး ကြံနေကြပြောနေကြပြုနေကြရတယ်၊ သောတာပန် သကဒါဂါမ်တွေလဲ အပါယ်လားကြောင်းမဟုတ်တဲ့ တဏှာအလိုနောက်လိုက်နေကြရသေးတာပဲ၊ အနာဂါမ်လဲ ဘဝတဏှာဆိုတဲ့ အလိုနောက်လိုက်နေရသေးတာပဲ၊ ရဟန္တာမှာတော့ တဏှာဟူသမျှကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သောကြောင့် ဘယ်တဏှာအလိုနောက်မှ မလိုက်ရတော့ဘူး၊ အဲဒါ–အင်မတန်ကောင်းတာပဲ၊ နောက်ပြီးတော့ နောပိ နိဝိဿဝါဒီ–မိစ္ဆာအယူဟု ၊မျှ၌ သက်ဝင်စွဲယူ၍ ပြောဆိုနေခြင်းလည်း မရှိတော့ပြီတဲ့၊ ဒါကတော့ သောတာပန်ဖြစ်ကတည်းက မိစ္ဆာအယူအစွဲ ကင်းလာခဲ့တာမို့ ထင်ရှားပါတယ်၊ ရဟန္တာမှာ အယူအစွဲကင်းကြောင်း သာပြီးထင်ရှားတာပေါ့၊ အဲဒီ ၂–ပုဒ်အရ(ဆန္ဒနောက်လဲ၊ မလိုက်ဘဲ၊ ယူစွဲ

http://www.dhammadownload.com



သက်ဝင် မဟောပြီ–လို့)ဆောင်ပုဒ်စီထားတယ် အဲဒါကို ဆိုကြရမယ်။

ဆန္ဒနောက်လဲ၊ မလိုက်ဘဲ၊ ယူစွဲသက်ဝင် မဟောပြီ။

သော ဓီရော–ပညာရှိဖြစ်သော ထိုရဟန္တာသည်၊ ဒိဋ္ဌိ–ဂတေဟိ– အယူမှားဟူသမျှတို့မှ၊ ဝိပ္ပမုတ္တော–ကင်းရှင်းလွတ်မြောက်လေပြီတဲ့၊ အဲဒါကို (ဒိဋ္ဌိတို့မှ၊ ထိုဓီရ၊ လွတ်ရကင်းရှင်းစွာ–လို့) ဆောင်ပုဒ်စီထားတယ် အဲဒါကို ဆိုကြရမယ်။

ဒိဋ္ဌိတို့မှ၊ ထိုဓီရ၊ လွတ်ရ ကင်းရှင်းစွာ။

လောကေ–လောက၌၊ န လိမ္ပတိ–တဏှာဖြင့် မကပ်ငြိတော့ပြီတဲ့၊ သတ္တဝါဆိုတဲ့ သတ္တလောက၌လဲ မကပ်ငြိဘူး၊ မိမိသန္တာန်က ရုပ်နာမ်, သူတစ်ပါးသန္တာန်က ရုပ်နာမ်, မြေကြီး သစ်ပင်တောတောင် စတဲ့ အပြင်ပရုပ်ဆိုတဲ့ သင်္ခါရလောက၌လဲ မကပ်ငြိဘူး၊ လူ့ဘုံနတ်ဘုံ အစရှိတဲ့ ဩကာသ လောကရုပ်တွေ၌လဲ မကပ်ငြိဘူး၊ ဘယ်မှာမျှ မကပ်ငြိတော့ဘူးတဲ့၊ နောက်ပြီးတော့ အနတ္တဂရဟီ–မိမိကိုယ်ကိုလည်း မကဲ့ရဲ့မရှုတ်ချတော့ပြီတဲ့၊ ပုထုဇဉ် ပုဂ္ဂိုလ်တွေမှာ မပြုသင့် မပြောသင့်တာကို ပြုမိပြောမိတဲ့အတွက် မှားလေစွ မှားလေစွလို့ စိတ်ပူပန်ပြီး မိမိကိုယ်ကို ကဲ့ရဲ့ ရှုတ်ချရတာတွေလဲ ရှိတတ်တယ်၊ ဒါန သီလ ကုသိုလ်ကိုမပြုမိတဲ့အတွက် မိမိကိုယ်ကို ကဲ့ရဲ့ရှုတ်ချရတာလဲ ရှိတယ်၊ သမထဘာဝနာ ဝိပဿနာဘာဝနာကို အားမထုတ်မိတဲ့အတွက် မိမိကိုယ်ကို ကဲ့ရဲ့ရှုတ်ချရတာလည်းရှိတယ်၊ သတိပဋ္ဌာန်ကို မပွားစေခဲ့မိဘူး၊ မဂ္ဂင်ရှစ်ပါးကို မပွားစေခဲ့မိဘူးစသည်ဖြင့် မိမိကိုယ်ကို ကဲ့ရဲ့ရှုတ်ချရတာ လဲရှိတယ်၊ ရဟန္တာမှာတော့ မပြုသင့်မပြောသင့်တာကို ပြုခြင်း ပြောခြင်းလဲ မရှိတော့ဘူး၊ ပြုသင့်ကျင့်သင့်တဲ့သီလ သမာဓိ ပညာ အကျင့်တွေကိုလဲ လိုလေသေးမရှိ အပြည့်အစုံကျင့်ပြီးပြီ၊ ဒါကြောင့် "မပြုသင့် မပြောသင့်တာ ပြုမိလေခြင်း၊ ပြောမိလေခြင်းလို့ စိတ်ပူပန်

http://www.dhammadownload.com



စရာ ကဲ့ရဲ့စရာလဲမရှိတော့ဘူး၊ ပြုကျင့်သင့်တဲ့ သီလစသည်တွေကို မပြုကျင့်မိလေခြင်းလို့ စိတ်ပူစရာကဲ့ရဲ့စရာလည်း မရှိတော့ဘူး၊ အဲဒါကို (လောကဍ္ဍလည်း၊ မကပ်တဲ၊ ကိုယ်ထဲကဲ့ရဲ့ကင်းလေပြီ-လို့) ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

လောကဍ္ဍလဲ၊ မကပ်တဲ၊ ကိုယ်ထဲကဲ့ရဲ့ ကင်းလေပြီ။

မိမိကိုယ်ကို ကဲ့ရဲ့ကင်းတယ်လို့ ဆိုလိုတာပါပဲ၊ ဒါပေမယ့် ရှေးစကားနဲ့ ကာရန်ကိုက်ညီအောင် ကိုယ်ထဲ-လို့ဆိုထားပါတယ်။

**မြတ်စွာဘုရား၏ နောက်ဆုံးအဖြေဂါထာ (၂၀)**

၂၀။ သ သဗ္ဗဓမ္မေသု ဝိသေနိဘူတော၊
ယံ ကိဉ္စိ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ။
သ ပန္နဘာရော မုနိ ဝိပ္ပမုတ္တော၊
န ကပ္ပိယော နူပရတော န ပတ္ထိယော။

ယံ ကိဉ္စိ-အမှတ်မရှိ အလုံးစုံသော၊ ဒိဋ္ဌံ ဝါ-မြင်ရသော အရာသည် လည်းကောင်း၊ သုတံ ဝါ-ကြားရသောအရာသည် လည်းကောင်း၊ မုတံ ဝါ-နံလျက် စားသိလျက် ထိသိလျက် ရောက်ရ တွေ့ရသောအရာသည်လည်းကောင်း၊ (ဒိဋ္ဌမဂ်လာ သုတမဂ်လာ မုတမဂ်လာလို့လဲ ဖွင့်ပြချက်ရှိ၏၊ ယင်းအနက်ကား ပြည့်စုံသင့် သလောက် မပြည့်စုံပေ။) ဝိညာတံ ဝါ-ကြံသိရသောအရာသည် လည်းကောင်း၊ (ဝါ-သဒ္ဒါတို့၏အစွမ်းဖြင့် ထည့်သည်၊)အတ္ထိ-ရှိ၏၊ တေသု သဗ္ဗဓမ္မေသု-ထိုမြင်ရ ကြားရ တွေ့ရ သိရသောတရား အားလုံးတို့၌၊ (ဓမ္မအရ ဒိဋ္ဌိ ၆၂-ပါးဟု ဖွင့်ပြချက်ရှိ၏၊ ပြည့်စုံသင့် သလောက်မပြည့်စုံပေ)သ,သော-ထိုရဟန္တာသည်၊ ဝိသေနိဘူတော- သေမင်းစစ်သည် ကင်းလျက်ရှိပေသည်တဲ့။ သေမင်း၏စစ်သည် ဆိုတာ ကာမာ တေ ပဌမာ သေနာ-စသည်ဖြင့် ပြဆိုထားတဲ့ ကာမရာဂ

http://www.dhammadownload.com



စသည်တွေပါပဲ၊ မြင်ရတဲ့အာရုံ စသည်နှင့်စပ်ပြီးတော့ ကာမရာဂ စသည်တွေ ဖြစ်နေကြတဲ့သတ္တဝါတွေမှာ တစ်ဘဝတစ်ဘဝမှ သေသည် ၏အခြားမဲ့၌ အဲဒီ ကာမရာဂစသည်ကြောင့် ဘဝအသစ် ဖြစ်ဖြစ်နေ ကြရတယ်၊ ဖြစ်ရာရာဘဝတိုင်းမှာ သေသေနေကြရတယ်၊ ဒါကြောင့် ကာမရာဂစသည်တွေကို သေမင်း၏စစ်သည်တွေလို့ ဆိုကြရတယ်၊ ရဟန္တာမှာတော့ ဒွါရ ၆–ပါးကပေါ်လာတဲ့ ဘယ်တရားနှင့်မှုစပ်ပြီး ကာမရာဂ စစ်သည်တွေ မဖြစ်ရတော့ဘူး၊ ဒါကြောင့် ပရိနိဗ္ဗာန်စုတိ၏ အခြားမဲ့၌ ဘဝသစ်ရုပ်နာမ်ခန္ဓာတွေ မဖြစ်ရတော့ဘူး၊ မဖြစ်ရတော့ မသေရတော့ဘူး၊ အဲဒါဟာသေမင်း၏စစ်သည်ဖြစ်တဲ့ ကာမရာဂစသည် ကင်းနေလို့ပါဘဲ၊ အဲဒါကို (မြင်,ကြား,တွေ့ရ၊ ကြံသိရ၊ဓမ္မအားလုံးမှာ၊ သေမင်းစစ်သည်၊ ကင်းလေပြီ၊ မုနိရဟန္တာ–လို့) ဆောင်ပုဒ်စီထား တယ်၊ အဲဒါကိုဆိုကြရမယ်။

၂၀။ မြင်,ကြား,တွေ့ရ,၊ ကြံသိရ၊ ဓမ္မအားလုံးမှာ။
သေမင်းစစ်သည်၊ ကင်းလေပြီ၊ မုနိ ရဟန္တာ။

သ,သော မုနိ–ထိုရဟန္တာရဟန်းသည်၊ ပန္နဘာရော–ချအပ် ပြီးသော ဝန်ထုပ်ဝန်ပိုးရှိပေပြီ၊ ဝါ–ဝန်ထုပ်ဝန်ပိုးဟူသမျှကို ပယ်ချအပ် ပေပြီတဲ့။ ဝန်ထုပ်ဆိုတာ (၁)ကိလေသာဝန်ထုပ်က တစ်ခု၊ (၂) အဘိ– သင်္ခါရဆိုတဲ့အကုသိုလ်ကံ ကုသိုလ်ကံဝန်ထုပ်ကတစ်ခု၊ (၃)ခန္ဓာဝန်ထုပ် ကတစ်ခု၊ ဒီသုံးခုပါပဲ၊ ပုထုဇဉ်တွေမှာ လောဘ ဒေါသစသော ကိလေသာတွေကလဲ မပြတ်ဖြစ်လျက် ရှိနေသောကြောင့် အလွန်ပင် ဝန်လေးပါတယ်၊ အဲဒီ ကိလေသာတွေကြောင့် သာယာတပ်စွဲ ပြီးတော့ လဲ မပြတ်အားထုတ် လုပ်ကိုင်နေကြရတယ်၊ စိတ်ဆိုးပြီးတော့လဲ ပြုလုပ်အားထုတ်နေကြရတယ်၊ မမြဲတာကို မြဲတယ်လို့ ဆင်းရဲတွေကို ချမ်းသာလို့ ရုပ်နာမ်သဘောတရားတွေကို အတ္တကောင် ငါကောင်လို့

http://www.dhammadownload.com



ထင်မှတ်သိမှားတဲ့ အဝိဇ္ဇာမောဟကြောင့်လဲ မပြတ်ပြုလုပ် အားထုတ်နေကြရတယ်၊ ဒိဋ္ဌိမာနစသည်ကြောင့်လဲ မပြတ်ပြုလုပ်နေကြရတယ်၊ အဲဒီလိုပြုလုပ်ရခြင်းကြောင့်လဲ ဝန်လေးနေတာပဲ၊ အဲဒါဟာ ကိလေသာဝန်ထုပ်ကို ထမ်းဆောင်နေရလို့ ဝန်လေးနေတာပါပဲ။

ဒါကြောင့်တင်မကသေးဘူး၊ အဲဒီလိုပြုလုပ်တိုင်း ပြုလုပ်တိုင်း အကုသိုလ်ကံ ကုသိုလ်ကံတွေ ဖြစ်ပွားနေတယ်၊ အဲဒီကံဆိုတဲ့ အဘိသင်္ခါရကြောင့် အပါယ်လေးပါးရောက်ပြီးတော့လဲ ဆင်းရဲရတယ်၊ လူ့ဘဝ နတ်ဘဝတွေမှာဖြစ်ပြီးတော့လဲ အိုခြင်း၊ သေခြင်းစသော ဆင်းရဲတွေကို ခံစားနေကြရတယ်၊ ဒါဟာ အဘိသင်္ခါရဆိုတဲ့ကံကြောင့် ဝန်လေးနေတာဘဲ။

နောက်ပြီးတော့ ဘဝတိုင်း ဘဝတိုင်း ရုပ်နာမ်ခန္ဓာတွေရှိနေလို့ အဲဒီ ခန္ဓာဝန်ကို ထမ်းဆောင်နေကြရတယ်၊ ဒီခန္ဓာတွေကောင်းစားအောင်လို့ အမြဲမပြတ် ရှာကြံပြုပြင်ပေးနေရတယ်၊ ဒီလိုပြုပြင်ပေးနေပေမယ်လို့ တစ်နေ့ကျတော့ အိုရတယ်၊ နာရတယ်၊ သေရတယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေကိုလဲ တွေ့ကြုံခံစားနေကြရတယ်။ ငရဲဘုံမှာတော့ အဆင်းရဲဆုံးပါပဲ၊ အဲဒီလို ဆင်းရဲပင်ပမ်းပြီး ဝန်လေးနေတာဟာ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေရှိနေလို့ပါပဲ။

ရဟန္တာမှာတော့ ကိလေသာတွေလဲ မရှိသောကြောင့် ဝန်ပေါ့နေတယ်၊ ဘဝအကျိုးကို ဖြစ်စေမည့် ကံဟောင်းကံသစ် ဆိုတဲ့ အဘိသင်္ခါရ တွေမရှိသောကြောင့်လည်း ဝန်ပေါ့နေပါတယ်၊ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ဖြစ်မည့် ရုပ်ခန္ဓာမရှိသောကြောင့်လည်း ဝန်ပေါ့နေတယ်၊ ဒါကြောင့် ဝန်ထုပ်ဝန်ပိုးဟူသမျှကို ပယ်ချအပ်ပေပြီ–လို့ဆိုတာပါပဲ၊ အင်မတန် ကောင်းတာပါပဲ၊ နောက်ပြီးတော့–ဝိပ္ပမုတ္တော–ကိလေသာဟူသော အနှောင်အဖွဲ့မှလည်း ကင်းရှင်းလွတ်

http://www.dhammadownload.com



ဖြောက်ပေပြီတဲ့၊ ဒါကတော့ "ဝန်ထုပ်ကို ပယ်ချပြီးပြီ" ဆိုတာနဲ့ပင် ထင်ရှားနေပါပြီ၊ ဒါပေမယ့် "ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်တယ်"ဆိုတဲ့ ဒီဝေါဟာရစကားလုံးက ဗုဒ္ဓသာသနာတော်မှာ အလွန်အရေးကြီးတဲ့ စကားလုံးဖြစ်ပါတယ်။

သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီး သက္ကာယဒိဋ္ဌိစသော အပါယ်လားကြောင်း ကိလေသာအနှောင်အဖွဲ့က လွတ်မြောက်ပါမှ အပါယ်ဆင်းရဲဟူသမျှမှ လွတ်မြောက်တယ်၊ (၇)ဘဝထက်ပိုလွန်ပြီး ဖြစ်ရမည့် သုဂတိဘဝဆင်းရဲတွေမှလဲ လွတ်မြောက်တယ်၊ သကဒါဂါမိမဂ်ဖိုလ်ရောက်ပြီး အကြမ်းစားကာမရာဂဗျာပါဒဆိုတဲ့ ကိလေသာအနှောင်အဖွဲ့ကင်းမှ (၂)ဘဝထက် ပိုလွန်ပြီးဖြစ်ရမည့် သုဂတိဘဝဆင်းရဲတွေမှ လွတ်မြောက်တယ်၊ အနုစားဖြစ်တဲ့ ကာမရာဂဗျာပါဒဆိုတဲ့ ကိလေသာအနှောင်အဖွဲ့ကင်းမှ ကာမဘဝဆင်းရဲဟူသမျှမှ လွတ်မြောက်တယ်၊ ရူပရာဂ အရူပရာဂ အဝိဇ္ဇာစသော ကိလေသာအနှောင်အဖွဲ့တွေ အကုန်ကင်းမှ သံသရာဆင်းရဲဟူသမျှမှ လွတ်မြောက်တယ်၊ ကိလေသာအကြမ်းစားတွေ မဖြစ်ရအောင် ဆင်ခြင်နေရုံမျှဖြင့်ဖြစ်စေ၊ ဖြစ်ပေါ်လာတဲ့ကိလေသာ အသေးအဖွဲကလေးများကို ဆင်ခြင်ပြီးပယ်ဖျောက်ရုံမျှဖြင့်ဖြစ်စေ ယခုပြောခဲ့တဲ့ အပါယ်ဆင်းရဲစသည်မှ မလွတ်မြောက်နိုင်ဘူး။

ဒါကြောင့် မြတ်စွာဘုရားရှင်က ကိုယ်တော်တိုင်လဲ ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကိုရှုလျက် ဝိပဿနာမဂ္ဂင်များကို ပွားစေပြီးတော့ အဲဒီ အာသဝေါကိလေသာအနှောင်အဖွဲ့မှ လုံးဝလွတ်မြောက်တော်မူခဲ့ကြောင်းကို (အာသဝေဟိ စိတ္တံ ဝိမုစ္စိ) အာသဝေါတို့မှ စိတ်လွတ်မြောက်ခဲ့ပြီလို့ အထင်အရှား ဟောကြားတော်မူပါတယ်၊ (ကာမာသဝါပိ စိတ္တံ ဝိမုစ္စိတ္ထ) စသည်ဖြင့်လဲ မူလပဏ်၊ ဘယဘေရဝ

http://www.dhammadownload.com



သုတ်စသည့်မှာ ဟောကြားထားတော်မူပါတယ်၊ မိမိလိုပင် တပည့်သာဝက တွေအားလည်း ကိလေသာအနှောင်အဖွဲ့မှလွတ်မြောက်အောင် ကျင့်ဖို့ သုတ်ပေါင်းများစွာတို့၌ ဟောထားပါတယ်။

ဒါပေမယ့် ''ကိလေသာဆိုတာ အမြဲရှိနေတာ မဟုတ်ဘူး၊ ကိလေသာကင်းအောင် အားထုတ်ဖို့မလိုဘူး''လို့ ဘုရားတရားတော်နှင့်ဆန့်ကျင်ဘက် ဒီလိုဟောပြောနေကြတာလဲ ရှိနေတယ်၊ ''ကိလေသာ အနှောင်အဖွဲ့ဆိုတာ ကိုယ့်ဟာကိုယ် လုပ်လို့ဖြစ်တာပဲ၊ အဲဒီအနှောင်အဖွဲ့မှ လွတ်မြောက်အောင် အားထုတ်ဖို့မလိုဘူး'' လို့ ဘုရားတရားတော်နှင့် ဆန့်ကျင်ဘက် ဒီလိုပြောဟောနေကြတာလဲ ရှိနေတယ်၊ အဲဒီလို ပြောဟောတာကို အကောင်းအမြတ်အနေဖြင့် ယုံကြည်ပြီး အလေးအမြတ်ပြုနေတဲ့သူတွေလဲ ရှိတာပဲ၊ အဲဒီလို ပြောဟောချက်ဟာ ဘုရားအလိုတော်နှင့် ညီ–မညီ ဆင်ခြင်ဖို့ လိုပါတယ်၊ ဒါကြောင့် ဒီဂါထာမှာ ဝိပ္ပမုတ္တော–လို့ဟောထားတဲ့ ဘုရားစကားတော်နှင့်စပ်ပြီး သတိပေးစကားအနေဖြင့် ဖော်ပြလိုက်တာပါပဲ။

အထူးသတိပြုစရာကတော့ အရိယမဂ်ဖိုလ်၏အစွမ်းဖြင့် ကိလေသာအနှောင်အဖွဲ့မှ မလွတ်မြောက်သေးတဲ့သူတွေမှာ လိုချင်နှစ်သက်စရာတွေ့ရရင် မလိုချင်မနှစ်သက်ဘဲကင်းအောင် ဘယ်သူမှမတတ်နိုင်ဘူး၊ စိတ်ဆိုးစရာနဲ့တွေ့ရင်လဲ စိတ်မဆိုးပဲကင်းအောင် ဘယ်သူမှ မတတ်နိုင်ဘူး။ ဝမ်းသာစရာရှိရင်လဲ ဝမ်းမသာဘဲ ဘယ်သူမှမနေနိုင်ဘူး၊ စိတ်ညစ်စရာရှိရင်လဲ စိတ်မညစ်ပဲ ဘယ်သူမှမနေနိုင်ဘူး၊ နှစ်သက်မှု စိတ်ပျက်မှုဖြစ်လာတဲ့အခါ ဆင်ခြင်ရုံနဲ့ပျောက်တယ်လို့ ထင်ရတာကလဲ မကြီးကျယ်တဲ့ အသေးအဖွဲကလေးများမို့ပါပဲ။ တကယ်ကြီးကျယ်တဲ့ နှစ်သက်မှု စိတ်ပျက်မှုကြီးတွေကြတော့ ဆင်ခြင်ရုံမျှဖြင့် လုံးဝကင်းစေရန် မတတ်နိုင်ပါဘူး၊ အဲဒါ အင်မတန်ထင်ရှား

http://www.dhammadownload.com



ပါတယ်။

နောက်ပြီးတော့ အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာတဏှာကို အကြွင်းမဲ့ မပယ်ရ သေးရင် သေခါနီးကျတော့ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတာ ပေါ်လာတာချည်းပဲ၊ အဲဒီ ထင်ပေါ်လာတဲ့ အာရုံနိမိတ်ကိုမည်သူမှ မပယ်ဖျောက်နိုင်ဘူး၊ အဲဒီ အာရုံနိမိတ်ကို စွဲလမ်းပြီး သေသွားရမှာချည်းပဲ၊ အဲဒီလိုသေပြီးတဲ့ အခြားမဲ့မှာ အဲဒီအာရုံနိမိတ်ကို အာရုံပြုပြီး ဘဝသစ်ပဋိသန္ဓေစိတ်ဖြစ်မှာကလဲ ကိန်းသေပဲ၊ ဒီပုံဒီနည်းဖြင့် ပုထုဇဉ်ဆိုရင်တော့ အပါယ်ဘဝစသည်မှာလဲဖြစ်ပြီး ဆင်းရဲဖို့ရာဟာ ကိန်းသေပဲ၊ ဒါကြောင့် ကိလေသာအနှောင်အဖွဲ့မှ မလွတ်သေးရင် ဘဝဆင်းရဲတွေကို အကန့်အသတ်မရှိ ခံစားသွားရမှာပဲ၊ အဲဒါကို အထူးသတိပြုရမယ်။

အရဟတ္တမဂ်ဖိုလ်၏အစွမ်းဖြင့် ကိလေသာအနှောင်အဖွဲ့ဟူသမျှမှ လုံးဝကင်းပြီး လွတ်မြောက်နေတဲ့ ရဟန္တာမှာတော့ ဘယ်လောက်ကြီးကျယ်တဲ့ နှစ်သက်ဖွယ် စိတ်ပျက်ဖွယ်တွေနဲ့ တွေ့ရပေမယ့် နှစ်သက်မှုစိတ်ပျက်မှုစသော ကိလေသာတွေဟာ အသေး အဖွဲ့တစ်စွန်းတစ်စ ကလေးမျှတောင် မဖြစ်တော့ဘူး၊ အဲဒါဟာ အရဟတ္တမဂ်ဖိုလ်ဖြင့် ကိလေသာအနှောင်အဖွဲ့ဟူသမျှ ကင်းရှင်းစွာ လွတ်မြောက်နေလို့ပါပဲ၊ အဲဒီလို စင်စစ်လွတ်မြောက်အောင် ဥပါဒါနက္ခန္ဓာဆိုတဲ့ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုရှုပြီး ဝိပဿနာမဂ္ဂင်ကို ပွားစေရတဲ့ ဘာဝနာအလုပ်ကို အပြည့်အစုံအားထုတ်ဖို့လိုပါတယ်၊ ကိလေသာ ဖြစ်လာမှ ဆင်ခြင်ရုံမျှဖြင့်တော့ ကိလေသာအနှောင်အဖွဲ့မှ လုံးဝလွတ်မြောက် တယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ အဲဒီအနက်အဓိပ္ပါယ်ကို (ဝန်ထုပ်ကင်းပ၊ ကိလေမှ၊ လွတ်ရကင်းရှင်းစွာ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com



ဝန်ထုပ်ကင်းပ၊ ကိလေမှ၊ လွတ်ရ ကင်းရှင်းစွာ။

ပန္နဘာရော–ဝန်ထုပ်တွေကို ပစ်ချပြီးဖြစ်လို့ အဲဒီဝန်ထုပ်တွေလဲ ကင်းပြီးပေါ့ပါးနေပါပြီတဲ့၊ နောက်ပြီးတော့ ဝိပ္ပမုတ္တော–ကိလေသာ အနှောင်အဖွဲ့မှလဲ လွတ်မြောက်နေလို့ အစဉ်ထာဝရ လွတ်လပ်ချမ်းသာနေပါပြီတဲ့၊ အဲဒါဟာ ဘယ်လိုပုဂ္ဂိုလ်လဲဆိုတော့ ဝိပဿနာဆိုတဲ့ ပုဗ္ဗဘာဂမဂ္ဂင်တွေကို ဖြစ်ပွားစေပြီးတော့ အရိယမဂ်ဖိုလ်လေးပါးကို ရောက်ပြီးဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်ပါပဲ၊ အဲဒီကိလေသာ အနှောင်အဖွဲ့တွေ လုံးဝကင်းလွတ်နေပါမှ ပရိနိဗ္ဗာန်စုတိစိတ်ချုပ်ကင်းသွားတဲ့ နောက်ကာလမှာ ဘဝသစ်ရုပ်နာမ်ခန္ဓာတွေ မဖြစ်တော့ဘဲ ဆင်းရဲဒုက္ခဟူသမျှ လုံးဝအကုန်ကင်းငြိမ်းသွားတယ်။

သော–ထိုရဟန္တာသည်၊ န ကပ္ပိယော–တဏှာဒိဋ္ဌိဖြင့် ကြံတွေးစွဲယူခြင်းလဲ မရှိတော့ပြီ၊ န ဥပရတော–မည်သည့်ဘဝ–မည်သည့်ဌာနဒ္ဓမျှ ပျော်မွေ့ခြင်းလဲ မရှိတော့ပြီ (ဒီနေရာမှာ ကလျာဏပုထုဇဉ်နှင့်တကွ ကျင့်ဆဲ(သေက္ခ)ပုဂ္ဂိုလ်တွေက မရသေးတဲ့တရားထူးရဖို့ လိုလားတောင့်တတာကိုလဲ ဥပရတိ–ပျော်မွေ့မှုလို့ ဖွင့်ပြထားတာလဲရှိပါတယ်၊ အဲဒီလို တရားထူးရလိုတာကိုတော့ ရှုတ်ချရန်မသင့်ဘူးလို့ ထင်ပါတယ်၊ လောကထဲပျော်မွေ့တာကိုသာ ရှုတ်ချသင့်တယ်လို့ ထင်ပါတယ်။) န ပတ္ထိယော–မည်သို့ဖြစ်ရပါစေ စသည်ဖြင့် တောင့်တခြင်းလဲမရှိတော့ပြီတဲ့၊ အဲဒါကတော့ လောကီ လောကုတ္တရာ ဘယ်ဟာကိုမျှ တောင့်တခြင်းမရှိ တော့ကြောင်း ဖော်ပြတာပါပဲ၊ အဲဒါကို (ကြံစည် တောင့်တ၊ ပျော်မှုမှ၊ လုံးဝကင်းရှင်းပါ–လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ကြံစည် တောင့်တ၊ ပျော်မှုမှ၊ လုံးဝ ကင်းရှင်းပါ။

ကြံစည်မှုလဲကင်းတယ်၊ တောင့်တမှုလဲကင်းတယ်၊ ပျော်မွေ့

http://www.dhammadownload.com



မှုလည်း ကင်းတယ်ဆိုတာပါပဲ၊ ပါဠိဂါထာအစဉ်အရအားဖြင့်တော့ ပျော်မွေ့မှုမှကင်းတယ်၊ တောင့်တမှုမှကင်းတယ်လို့ ဆိုထားတာပါပဲ။ ဒါပေမယ့် မြန်မာလင်္ကာမှာတော့ ကာရန်ကိုက်အောင်လို့ "ကြဲစည် တောင့်တ၊ ပျော်မှုမှ"လို့ ရှေ့နောက် ပြန်ပြီးစီထားတယ်၊ ရဟန္တာမှာ တဏှာဖြင့်နှစ်သက်သာယာပြီး ကြဲတာမျိုး၊ ဒိဋ္ဌိဖြင့် အထင်လွဲပြီး ကြဲတာမျိုး လုံးဝမရှိတော့ဘူး၊ ဘာကိုမှလိုချင်တောင့်တမှုလဲ မရှိတော့ဘူး၊ ဘယ်မှာမှ ပျော်မွေ့မှုလဲမရှိတော့ဘူးတဲ့၊ အလွန်စင်ကြယ် အလွန်ချမ်းသာတဲ့ ဖြစ်ပုံပါပဲ၊ ဒါကြောင့် ရဟန္တာမှာ ပရိနိဗ္ဗာန် စုတိမှနောက်ကာလ၌ ဘယ်လိုဘဝရုပ်နာမ်မျှ မဖြစ်တော့ဘဲ အမြဲတမ်း အေးငြိမ်းသွားတာပဲ။

ယခုမြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းထင်ရှားပေါ်လာသမျှ ရုပ်နာမ်ကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့်သိရအောင် မပြတ်ရှုမှတ် အားထုတ်နေကြရတာဟာ အဲဒီလို ရဟန္တာဖြစ်ပြီးတော့ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းပြီး အစဉ်ထာဝရ ငြိမ်းအေးသွားကြဖို့ပါပဲ၊ ဒါကြောင့် အရဟတ္တမဂ်ဖိုလ်အထိ မြန်မြန်ရောက်အောင် တတ်နိုင်သမျှ တိုးတက်ပြီးအားထုတ်သွားကြဖို့ပါပဲ။

အဲဒီလိုတိုးတက်အားထုတ်နိုင်ကြ၍ ကိလေသာခပ်သိမ်း ဆင်းရဲခပ်သိမ်းအကုန်ငြိမ်းသည့် အရိယမဂ်ဖိုလ်နိဗ္ဗာန် တရားထူး တရားမြတ်များကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု ..... သာဓု ..... သာဓု ....။

မဟာဗျူဟသုတ်တရားတော် ပြီး၏။

မဟာသမယသုံးသုတ်တရားတော် ဤတွင်ပြီး၏။

တွဲဆုတ် (၈) ၃၉-ခုနှစ်၊ ၂-၃-၇၈

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

---

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ပဋိပတ္တိစွမ်းရည်များ ထင်ရှားထက်မြက်လှပါသည်။ မြတ်ဗုဒ္ဓဟောကြား တော်မူသော တရားဒေသနာနှင့်အညီ ကျမ်းစာအုပ်ပေါင်း ၈၀-ကျော် ရေးသားပြုစုခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့သည့် ကျမ်း စာအုပ်များသည် သာသနာတော်အတွက် အကျိုးကျေးဇူးများပြားလှပါ သည်။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကို ချီးကျူးထောက် ပံ့လျက်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က မဟာစည်ဆရာတော် ဘုရားကြီး၏ ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက် ရှိပါသည်။ ကျမ်း စာအုပ်များ ပုံနှိပ်ထုတ်ဝေရာ၌ အဆင့်အတန်းမြင့်မြင့်ဖြင့် ပိုမိုကောင်းမွန် သည်ထက် ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟု ဘုရားဟောပါဠိလာရှိသည့် အမြတ်ဆုံးအလှူဖြစ်သော "တရားစာအုပ်များ လှူဒါန်းလိုပါက"မဟာ စည်တရားတော် ဖြန့်ပွားရေး ထာဝရပဒေသာပင် တစ်ပင်လျှင် ကျပ် ၅၀၀၀ိ/-ဖြင့် စိုက်ထူလှူဒါန်းနိုင်ပါသည်။ သီးသန့်ငွေပဒေသာပင် စိုက် ထူ၍ မိမိနှစ်သက်ရာ ကျမ်းစာအုပ်ကို ရိုက်နှိပ်လှူဒါန်းလိုပါက (သို့မဟုတ်) အုပ်ရေ ၁၀၀-နှင့်အထက် လှူဒါန်းလိုပါက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နှင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
အမှတ် ၁၆- သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

Email-Mahasi-ygn@mptmail.net.mm
Website-www.mahasi.org.mm.
01.545918-01-541971